www.burmeseclassic.com

ဆုပြည့်စုံထွန်းစာပေ

ဆောင်းလှလင်

# စက်ရုပ်တစ္ဆေ

နှင့်

ဂန္ဓီရသိပ္ပံဆန်းကြယ်ဝတ္ထုများ




ROBOT GHOST

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၀၉၇၅၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၁၄၉၇၁၁၀၈

□□

## ပုံနှိပ်ခြင်း

ပထမအကြိမ် ▸ (၂၀၁၀၊ ဇွန်လ)

အုပ်ရေ ▸ (၅၀၀)

□□

မျက်နှာဖုံး ▸ အောင်စံမြင့်

Colouring ▸ ဇေယျာ

ကွန်ပျူတာစာစီ ▸ *Quality*

အတွင်းဖလင် ▸ *Quality*

□□

## ပုံနှိပ်သူ

နော်ဆဲနေမူး(ရှာလီပုံနှိပ်တိုက်)၊(၀၈၂၇၇)၊

အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

□□

## ထုတ်ဝေသူ

မခင်မာရွှေ(၀၃၉၀၅)(မြ)၊

အမှတ်၅၀၈/၅၁၂(ပထမထပ်)၊

ကုန်သည်လမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့်၊

ရန်ကုန်မြို့

□□

တန်ဖိုး ▸ ၁၅၀၀ - ကျပ်

ဆောင်းလှလင် ၈၉၅.၈၃

စက်ရုပ်တစ္ဆေနှင့်ဂမ္ဘီရသိပ္ပံဆန်းကြယ်ဝတ္ထုများ

ဆောင်းလှလင် - ရန်ကုန်၊

ရာပြည့်စုံထွန်းစာပေ၊ ၂၀၀၈၊

၁၇၆ - စာ၊ ၁၃ X ၂၀.၅စင်တီ

(၁) စက်ရုပ်တစ္ဆေနှင့်ဂမ္ဘီရသိပ္ပံဆန်းကြယ်ဝတ္ထုများ


www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ


| | | |
|---|---|---|
| ၁။ | ဝယ်သူ့အမှား | ၁ |
| ၂။ | ပွင့်ဦးကြွေမှဖြင့်ကွယ် | ၂၂ |
| ၃။ | ငြိုဟ်ပူ | ၅၀ |
| ၄။ | ဂဏန်းငြိုဟ် | ၆၅ |
| ၅။ | မိတ္တူကမ္ဘာ | ၉၁ |
| ၆။ | မနသိတိရစ္ဆာန် | ၁၀၇ |
| ၇။ | စက်ရုပ်တစ္ဆေ | ၁၃၁ |
| ၈။ | ခေတ်သစ်စုန်းမ | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com

# ဝယ်သူအများ



www.burmeseclassic.com

www.burmeseclassic.com

## ဝယ်သူ့အမှား

စကြဝဠာလုံးဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုကုမ္ပဏီကြီး တစ်ခုဖြစ်သည့် 'ခန့်ညားထည်ဝါ' ကုမ္ပဏီသို့ ပစ္စည်းမှာယူသော အမှာစာတစ်ခု ရောက်ရှိလာလေသည်။ သုံးရိုးသုံးစဉ်မို့သာ အမှာစာဟု သုံးနှုန်းလိုက်ရသော်လည်း တကယ်တော့ စာတစ်စောင်အဖြစ် အမှာရောက်လာခြင်း မဟုတ်ပါပေ။ နေစကြဝဠာတစ်ခွင်လုံးကို လွှင့်ထုတ်ဆက်သွယ်ထားသည့် အင်တာနက်မှ တစ်ဆင့် တစ်ဖက်မှ မှာယူသူကိုယ်တိုင်က သူ့ရုပ်ပုံဖြင့်ထုတ်လွှင့်ကာ စကားပြောဆို ဆက်သွယ်၍မှာကြားခြင်းပင်ဖြစ်ပါ၏။

အသက်ငါးဆယ်အရွယ်ရှိ ခန့်ညားထည်ဝါကုမ္ပဏီပိုင်ရှင် ဦးခန့်ညားထဘ်ဝါသည် အင်တာနက်ကိုဖွင့်ကြည့်ရာမှ ယနေ့ဝင်ရောက်လာသော အမှာကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

ဦးခန့်ညားထည်ဝါသည် အထည်စက်ရုံတစ်ခု တည်ထောင်ထားပြီး သူ၏စက်ရုံမှထုတ်လုပ်သော အထည်စများနှင့် ဒီဇိုင်းဆန်းသောအစများ၊ အသင့်ချုပ်ပြီးအဝတ်အထည်များကို နေစကြဝဠာအတွင်းရှိ ဂြိုဟ်များအထိ ဖြန့်ချိရောင်းချလျက် ရှိပေသည်။ သက်ရှိသတ္တဝါများ မှီတင်းနေထိုင်နိုင်သည့် နေစကြဝဠာအတွင်းရှိ ဂြိုဟ်များမှ သက်ရှိအတော်များများသည် ခန့်ညားထည်ဝါကုမ္ပဏီထုတ် အဝတ်အထည်များကို မှာယူဝတ်ဆင်လျက် ရှိပေသည်။ ခန့်ညားထည်ဝါကုမ္ပဏီသည် 'စကြဝဠာလုံးဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုကုမ္ပဏီကြီး' တစ်ခုအဖြစ် အောင်မြင်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယနေ့အမှာရောက်လာသော ဂြိုဟ်၏အမည်ကို ဦးခန့်ညွှားထည်ဝါသည် ယခင်က တစ်ကြိမ်မျှ မကြားခဲ့ဖူးသေးချေ။ ဂြိုဟ်အမည်က ဆန်းသည်။ ပစ္စည်းမှာယူသောသူ၏ အသံထွက်အရ "ယလုံးဃလုဂြိုဟ်"ဟု သိရသည်။ ယလုံးဃလုဂြိုဟ်သည် မည်သည့်နေရာတွင်ရှိ၍ ကမ္ဘာမှ မည်မျှ ဝေးကွာကြောင်း ဦးခန့်ညွှားထည်ဝါ မသိပေ။

ကွန်ပျူတာ၏ မော်နီတာမြင်ကွင်းပေါ်တွင် ယလုံးဃလုဂြိုဟ်ပေါ်မှ ပစ္စည်းမှာယူသော ပုဂ္ဂိုလ်ကြီး၏ပုံပေါ်နေကာ ထိုဂြိုဟ်သားကြီးက သူလိုချင်သော ပစ္စည်းကို စကားဖြင့်ပြောကာ မှာကြားလျက်ရှိပေ၏။

"မင်္ဂလာပါ ခင်ဗျာ။ ကျွန်တော်ကတော့ ယလုံးဃလုလို့အမည်ရတဲ့ ဂြိုဟ်တစ်ခုက သက်ရှိပုဂ္ဂိုလ်တစ်ယောက်ပါ ခင်ဗျာ။ ကျွန်တော်ဟာ အဖိုယောကျ်ားတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ယလုံးဃလုဂြိုဟ်ဟာ မိတ်ဆွေတို့ကမ္ဘာဂြိုဟ်လိုပဲ နေစကြဝဠာအတွင်းမှာ တည်ရှိပါတယ်။ ကျွန်တော့်နာမည်က ညညဒေါင်လို့ ခေါ်ပါတယ်ခင်ဗျ"

ဂြိုဟ်သားကြီးသည် သူ့ကိုယ်သူ ဦးစွာမိတ်ဆက်လျက်ရှိသည်။ ဦးခန့်ညွှားထည်ဝါက ယလုံးဃလုဂြိုဟ်သားကြီး၏ ပုံပန်းသဏ္ဍာန်ကို အကဲခတ်၍ ကြည့်လိုက်သည်။ ယလုံးဃလုဂြိုဟ်သားတို့ ပုံသဏ္ဍာန်မှာ ကမ္ဘာဂြိုဟ်မှ မိမိတို့လူသားများနှင့် နီးစပ်စွာတူလှပေ၏။

ဂြိုဟ်သားကြီးတွင် အမွေးအမျှင်ဟူ၍ လုံးဝမရှိပါ။ ဦးခေါင်းကြီးမှာ တုံးတိကြီး ပြောင်လက်၍နေပေသည်။ ကမ္ဘာ့လူသားများနှင့် ကွဲပြားသော အချက်မှာ ဂြိုဟ်သားကြီး၏ မျက်နှာဖြစ်သည်။ မျက်နှာပေါ်တွင် နဖူးအောက်ဘက် တည့်တည့် အပေါ်ဆုံးအပိုင်း၌ မျက်လုံးသည်တစ်လုံးတည်း မျက်နှာ၏ အလယ်ခေါင်တည့်တည့်တွင် ရှိနေ၏။ ထိုအရာသည် မျက်လုံးဖြစ်ကြောင်းကို မျက်ခွံအား ပုတ်ခတ်ပုတ်ခတ်လုပ်သည်ကို ကြည့်၍ အကဲဖြတ်နိုင်လေ၏။ တစ်လုံးတည်းသာ ရှိသော်လည်း မျက်လုံးမှာ လူသားတို့ မျက်လုံးပုံစံအတိုင်း ဖြစ်သည်။ မျက်ခုံးမွေးနှင့် မျက်တောင်မွေးမပါတာပဲ ရှိသည်။

ထိုမျက်လုံးအောက်တည့်တည့် လက်နှစ်လုံးလောက်အကွာတွင် အပေါက်တစ်ပေါက်ရှိနေပြန်သည်။ နှာခေါင်းဟု ယူဆစရာရှိပေ၏။ လူသားများ ကဲ့သို့ အပြင်သို့ထိုးထွက်နေသော နှာခေါင်းရိုးကိုမူ မတွေ့ရချေ။ အပေါက်ရှု ပေါက်အဖြစ် အလယ်တည့်တည့်တွင် တစ်ပေါက်တည်းတည်ရှိနေခြင်း ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအောက်မှတည့်တည့်တွင် တစ်ပေါက်တည်း ရှိနေပြန်သောအရာမှာ ပါးစပ်ပေါက်ဖြစ်ပေ၏။ ပါးစပ်ပေါက်ဖြစ်ကြောင်း ယုံမှားသံသယရှိစရာ မလိုချေ။ အဘယ်ကြောင့်ဆိုသော် သူစကားပြောလိုက်တိုင်း ထိုအပေါက်က ဟစိ ဟစိ ဖြစ်သွားသောကြောင့်ဖြစ်ပေ၏။

အချုပ်ဆိုရသော် ဃလုံးဃလုဂြိုလ်သား၏မျက်နှာသည် မျက်လုံးတစ်လုံး၊ နှာခေါင်းတစ်ပေါက်၊ ပါးစပ်တစ်ပေါက်ဖြင့် ဖွဲ့စည်းထားပြီး ယင်းပစ္စည်းများမှာလည်း မျက်နှာ၏အလယ်တည့်တည့်၌ ဒေါင်လိုက်တန်းလျက်ရှိပေသည်။ အမွေးအမျှင်မပါခြင်းနှင့် မျက်လုံးနှင့်နှာခေါင်းပေါက်များ တစ်ခုစီသာ ပါခြင်းတို့သာ ကွာခြားပြီး လူ၏မျက်နှာပုံစံမျိုးပင် ဖြစ်လေသည်။

ကိုယ်လုံးကိုယ်ထည်ကတော့ လူအတိုင်း တစ်သဝေမတိမ်းတူညီပါပေ၏။ ကားသောရင်အုပ်ရှိသည်။ ခြေနှစ်ဖက် လက်နှစ်ဖက်ပါသည်။ တစ်ခုပဲ ထူးခြား၏။ လက်တွင် လက်ချောင်းလေးများ ငါးချောင်းရှိရမည့်အစား လေးချောင်းသာ တွေ့မြင်ရခြင်းဖြစ်ပါ၏။ လက်မနှင့်တူသော လက်ချောင်း မပါချေ။ ခြေထောက်ကိုမူ ဖိနပ်ဖြင့်ဖုံးကွယ်ထား၍ မမြင်ရချေ။ မျက်နှာအနေအထား ကွဲပြားရုံမှအပ ဂြိုဟ်သားသည် ကမ္ဘာလူသားနှင့်မကွာခြားလှပါချေ။

ဦးခန့်ညားထည်ဝါသည် လူသားနှင့် အနီးစပ်ဆုံးသဏ္ဌာန်တူသော ဂြိုဟ်သားကို တွေ့လိုက်ရ၍ ဝမ်းသာသွားလေသည်။ သူသည် ယခင်က ဃလုံးဃလုဂြိုဟ်ရှိသည်ကို မသိခဲ့၊ မကြားဖူးခဲ့ချေ။ လူနှင့်သွင်ပြင်ချင်း မကွဲပြားသည့်အတွက် ထိုဂြိုဟ်ကို သူ့စက်ရုံမှထွက်ကုန်အဝတ်အစားများ ရောင်းချနိုင်ပေတော့မည်။ ဖောက်သည်သစ် တိုးပွားပေတော့မည်။ ဂြိုဟ်သားကြီးသည် အဝတ်အစားဝတ်ဆင်ထားသည်ကိုလည်း မော်နီတာမြင်ကွင်းမှ တစ်ဆင့် မြင်နေရပေသည်။ သူက လည်ပင်းမှအောက်ပိုင်းအထိ တစ်ဆက်တည်းချုပ်ထားသော အဝတ်တစ်ထည်ကို စွပ်ထားပေသည်။ စွပ်ကျယ်အင်္ကျီကြီးကို ခေါင်းမှခြေအဆုံး စွပ်ထားသည်နှင့်တူလှပေ၏။

ဃလုံးဃလုဂြိုဟ်သားကြီး ညညဒေါင်က စကားကို ဆက်၍ပြောနေပေသည်။

"ကျွန်တော်ဟာ ဒီနေ့ပဲ လူကြီးမင်း ထုတ်လွှင့်ထားတဲ့ ကြော်ငြာတစ်ပုဒ်ကိုကြည့်လိုက်ရပါတယ်။ ကြော်ငြာက မင်းသားဒွါးနဲ့ မင်းသမီး ထက်



www.burmeseclassic.com

www.burmeseclassic.com



အာကာမိုးဦးတို့နဲ့ ရိုက်ထားတဲ့ကြော်ငြာပါ။ လူကြီးမင်းစက်ရုံကထုတ်တဲ့ အဝတ်စကြော်ငြာပါခင်ဗျ။ အဲဒီကြော်ငြာထဲက မင်းသားနဲ့မင်းသမီး ဝတ်ထားတဲ့ အဝတ်စဒီဇိုင်းကိုကြိုက်လွန်းလို့ ကျွန်တော်တို့ဂြိုဟ်ရဲ့ နှစ်သစ်ကူးပွဲတော်အမီ ဝတ်ချင်လို့ မှာယူချင်ပါတယ်"

ဂြိုဟ်သားကြီးပြောကြားနေသည့် စကားအသံထွက်နှင့် ပါးစပ်လှုပ်ရှားမှုမှာ ကိုက်ညီမှုမရှိပေ။ ဤသို့ဖြစ်သည်မှာ မဆန်းပါ။ ဂြိုဟ်သားကြီးက သူတို့ဂြိုဟ်၏ ဘာသာစကားဖြင့် ပြောကြားနေခြင်း ဖြစ်ပေမည်။ အခြားဂြိုဟ်မှ အသံဖြင့်ဆက်သွယ်မှုများ ကမ္ဘာ၏ သံလိုက်စက်ကွင်းဆွဲငင်အားထဲသို့ ဝင်လာသည်နှင့် ကမ္ဘာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စကားသို့ အလိုအလျောက် ပြန်ဆိုပြီးဖြစ်သည်။ ဂြိုဟ်တစ်ခုနှင့်တစ်ခု ဆက်သွယ်ရာတွင် ဘာသာစကားအခက်အခဲကြောင့် အဟန့်အတားမဖြစ်ရလေအောင် ကမ္ဘာမြေပေါ်မှ သိပ္ပံပညာရှင်များက တီထွင်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူ့ဘာသာ စကားဖြင့် ပြောကြားနေပုံနှင့် ဘာသာပြန်ပြီး ထွက်လာသည့်အသံတို့ ကွဲပြားမှုကြောင့် ပါးစပ်လှုပ်ရှားမှုနှင့် အသံထွက်တို့မကိုက်ညီခြင်းပင် ဖြစ်လေ၏။

"ကျွန်တော့်အတွက် မင်းသားဒွါးဝတ်ထားတဲ့ ဒီဇိုင်းပုံအတိုင်း တစ်ဝတ်စာ အစတစ်စ ပို့ပေးစေလိုပါတယ်။ ကျွန်တော့်ဇနီးဖြူအတွက်လည်း မင်းသမီးထက်အာကာမိုးဦး ဝတ်ထားတဲ့အတိုင်း ချုပ်ချင်လို့ မင်းသမီးဒီဇိုင်းပုံအတိုင်း တစ်ဝတ်စာပို့ပေးပါ ခင်ဗျ။ ဟောဒါ ကျွန်တော့်ဇနီးဖြူရဲ့ ဓာတ်ပုံပါ"

ဂြိုဟ်သားကြီး ညညဒေါင်က ဓာတ်ပုံတစ်ပုံကို မော်နီတာ မြင်ကွင်းဘက်သို့ မြင်သာအောင်ထောင်ပြလေသည်။

ဖြူအမည်ရှိ ဂြိုဟ်သူမမှာ ဂြိုဟ်သားအထီးဖြစ်သော ညညဒေါင်နှင့် မကွာခြားလှပါ။ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့မှာ ညညဒေါင်အတိုင်း မျက်နှာအလယ်တည့်တည့်တွင် တစ်ပေါက်စီပါရှိသည်။ အမွေးအမျှင်မပါ။ မိန်းမဖြစ်ကြောင်း သိသာသည့်အချက်မှာ ကမ္ဘာ့လူသားမိန်းမများအတိုင်းပင် ရင်သားဖောင်းမို့နေခြင်း၊ တင်ပါးဆုံကားခြင်းတို့ ဖြစ်သည်။ ဓာတ်ပုံထဲတွင် သူမသည်လည်း အပေါ်အောက် တစ်ဆက်တည်းချုပ်ထားသည့် ဝတ်စုံကို ထည်ပင်းမှစွပ်ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးခန့်ညွှားထည်ဝါ ခင်ဗျာ၊ ကျွန်တော့်အနေနှင့် လူကြီးမင်းတို့ ကမ္ဘာဂြိုဟ်ကို ယခုပထမအကြိမ်ဆက်သွယ်ဖူးခြင်း ဖြစ်ပါတယ်။ ဦးခန့်ညွှားထည်ဝါ ထုတ်လွှင့်ထားတဲ့ကြော်ငြာကို မကြည့်ရခင်က နေစကြဝဠာထဲမှာ ကမ္ဘာဆိုတဲ့ ဂြိုဟ်တစ်ခုရှိမှန်းတောင် မသိခဲ့ပါဘူး ခင်ဗျ။ စိတ်မဆိုးပါနဲ့"

သူလည်း ကိုယ့်လိုပါပဲလား။ ဦးခန့်ညွှားထည်ဝါလည်း ဃလုံးဃလု ဂြိုဟ် ရှိသည်ကို မသိခဲ့ချေ။

"လူကြီးမင်းတို့ ကမ္ဘာဂြိုဟ်သားများရဲ့ ပုံပန်းသဏ္ဍာန်ဟာ ကျွန်တော်တို့ ဂြိုဟ်သားများနဲ့ သွင်ပြင်တူတာတွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ခင်မင်စိတ်လည်း ဖြစ်ပေါ်မိပါတယ်။ လူကြီးမင်းတို့ဟာ အဝတ်အစား ဝတ်ဆင်တဲ့နေရာမှာ ကျွန်တော်တို့ဂြိုဟ်သားများထက် သာလွန်တာတွေ့ရပါတယ်။ အဝတ်အစားကို ပုံဆန်းဆန်းချုပ်လုပ်ဝတ်ဆင်တတ်ပြီး အဝတ်ရဲ့ဒီဖိုင်းကို လည်း အမျိုးမျိုးရေးဆွဲကြမယ် ထင်ပါရဲ့။ ကျွန်တော်တို့ဆီမှာတော့ အထည်စ တစ်မျိုးတည်းကိုပဲ အထက်အောက် လုံအောင်ချုပ်ပြီး ဝတ်ကြပါတယ်။ ကျွန်တော့်ပုံကိုကြည့်ပါ။ လူကြီးမင်းတို့ရဲ့ မင်းသားနဲ့မင်းသမီး ဝတ်စားထားတာ တွေ့တော့ ကျွန်တော်တို့ဇနီးမောင်နှံ ဒီနှစ်နယူးယီးယားမှာ ကမ္ဘာပေါ်က ဝတ်စုံမျိုးဝတ်ပြီး ကျွန်တော်တို့ဂြိုဟ်သားတွေ အံ့သြသွားအောင်လုပ်ဖို့ အကြံ ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဇနီးမောင်နှံအတွက် အဝတ်စတစ်စုံစီ မှာရခြင်းဖြစ်ပါတယ်။ အဝတ်စကိုသာ မင်းသားမင်းသမီးတွေ ဝတ်ထားတဲ့ အဆင်အတိုင်း တစ်စုံစာစီပို့ပေးပါ။ ချုပ်တာတော့ ဒီကစက်ချုပ်ဆရာကိုပဲ ကြော်ငြာပြပြီး ချုပ်ခိုင်းပါ့မယ်။

"ဦးခန့်ညွှားထည်ဝါ ခင်ဗျာ၊ အဝတ်စအတွက် အဖိုးအခကိုတော့ ဦးခန့်ညွှားထည်ဝါနဲ့ ကျွန်တော်တို့ညှိနှိုင်းနေရင် ကြာမှာစိုးလို့ အဝတ်စတန်ဖိုးနဲ့ ကိုက်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ကျွန်တော်ပို့ပေးမယ့်ပစ္စည်းကိုသာ အဝတ်စဖိုးအဖြစ် လက်ခံဖို့တောင်းပန်ပါတယ်။ ကျွန်တော်ပို့ပေးမယ့်ပစ္စည်းက ဟောဒီ ဟာပါ။ ဒါဟာ အဖိုးတန် ကျောက်မျက်ရတနာတစ်ခုဖြစ်ပြီး အလွန် တရာမှ တန်ဖိုးကြီးလှပါတယ်။ လူကြီးမင်းရဲ့ အလွန်လှပတဲ့အဝတ်စဒီဖိုင်းကို ကျွန်တော်က ဟောဒီတန်ဖိုးကြီး ကျောက်မျက်ရတနာနဲ့ တန်ဖိုးဖြတ်ပါတယ်။ ဂြိုဟ်တစ်ခုနဲ့တစ်ခု အသုံးပြုတဲ့ပိုက်ဆံငွေကြေးချင်းက မတူတော့ ဒီကပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးလို့ အမိပ္ပာယ်မရှိဘူးမဟုတ်လား ခင်ဗျာ။ ပစ္စည်းချင်းလဲလှယ်တဲ့ စနစ်ကသာ အကောင်းဆုံးမို့ ဒီစနစ်ကိုပဲသုံးရတာပါ''

ညညဒေါင်က သူ့လက်ဝါးထဲတွင်ထည့်ထားသော ကြက်ဥအရွယ်ခန့် အဖြူရောင် ကျောက်မျက်ရတနာတစ်ခုကို ပြသလေသည်။ မော်နီတာမြင်ကွင်းထဲတွင်မို့ မည်သည့်ကျောက်မျက်ဖြစ်သည်ကို ဦးခန့်ညားထည်ဝါ မခန့်မှန်းတတ်ပါ။ တန်ဖိုးတော့ ရှိပေမည်။

''ဒီအမှာစာရရချင်းပဲ အဝတ်စကို ပို့ပေးပါခင်ဗျာ။ ကျွန်တော်ကလည်း ဟောဒီကျောက်မျက်ကို ဒီနေ့ပဲ ဦးခန့်ညားထည်ဝါရဲ့ ကမ္ဘာမြေလိပ်စာအတိုင်း ပို့ပေးလိုက်ပါမယ်။ လူကြီးမင်းထုတ်လုပ်တဲ့ အဆင့်မြင့်ဒီဇိုင်းလှလှ အဝတ်စလေးများကို ကျွန်တော်တို့ဇနီးမောင်နှံ စောင့်ကြိုနေပါ့မယ် ခင်ဗျာ။ အမြန်ချောပို့နဲ့ ပို့ပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်''

ညညဒေါင်၏ ပစ္စည်းမှာယူခြင်းကို အင်တာနက်မှ ဆက်သွယ်ထားသည့် ထုတ်လွှင့်ချက်မှာ ပြီးဆုံးသွားလေသည်။

☙

ဦးခန့်ညားထည်ဝါသည် သူမကြားဖူးသေးသည့် ဂြိုဟ်တစ်ခုမှ သူထုတ်လုပ်သောပစ္စည်းကို မှာကြားခြင်းခံရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသည်။

တကယ်တော့ ဦးခန့်ညားထည်ဝါ၏ကုမ္ပဏီမှ ထုတ်လုပ်သော အဝတ်အစားများသည် နေစကြဝဠာအတွင်းရှိ အခြားဂြိုဟ်များသို့ ပျံ့နှံ့ပြီး၊ နာမည်ကျော်ကြားပြီးဖြစ်သည်။ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်မှ ဂြိုဟ်သားများသည် ခန့်ညားထည်ဝါကုမ္ပဏီထုတ် အဝတ်အစားများကို အများဆုံး မှာယူကြပေ၏။

ဦးခန့်ညားထည်ဝါအဖို့ အဝတ်အစားကုမ္ပဏီထောင်ထားရာတွင် စကြဝဠာအတွင်းရှိ ဂြိုဟ်အားလုံးကို ဈေးကွက်အဖြစ် သတ်မှတ်လို့မရပေ။ လူနှင့်အလားသဏ္ဍာန်တူပြီး အဝတ်အစားဝတ်ဆင်ခြင်းရှိသည့် ဂြိုဟ်များကိုသာ ဈေးကွက်အဖြစ် သတ်မှတ်လို့ရပေသည်။ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ရှိ ဂြိုဟ်သားများမှာ ယဉ်ကျေးမှုရှိပြီး အချက်လုံအောင် ဝတ်စားဆင်ယင်



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်သာမက လူ့နှင့်သွင်ပြင် မကွာခြားသည့်အတွက် ရေးကွက်အဖြစ် အားကိုးနေရခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ်သားများတွင် လက်လေးဖက်ပါသည်သာ ကွာခြားပြီး ကမ္ဘာဂြိုဟ်သားများနှင့် အားလုံး တူညီပေသည်။ အဖိုအမကွဲပြားမှု ရှိသည်။ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသည်။ အဝတ်အစား ဝတ်ဆင်ကြသည်။

ကြာသပတေးဂြိုဟ်သည်လည်း ထိုနည်းတူပင်။ ဂြိုဟ်သားများသည် လူ၏အသွင်သဏ္ဌာန်အတိုင်း ရှိသည်။ ခြေနှစ်ဖက် လက်နှစ်ဖက်ပါသည်။ သူတို့တွင် မိုးပေါ်သို့ပျံသန်းနိုင်သော အတောင်ပံတစ်စုံပါသည်က လူသားတို့ထက် သာလွန်သောအချက် ဖြစ်ပါ၏။ အဝတ်အစား ဝတ်ဆင်ကြသည်။ အဖိုအမကွဲပြားမှု ရှိပါသည်။

အချို့သောဂြိုဟ်များမှာ သက်ရှိသတ္တဝါများ မှိတင်းနေထိုင်သော်ငြား အဖိုအမကွဲပြားမှုမရှိသည့်အတွက် အရှက်လုံအောင် ဝတ်စားဆင်ယင်စရာ မလိုပါပေ။ အချို့ဂြိုဟ်များမှာ အဖိုအမကွဲပြားသော်လည်း အဝတ်,ဝတ်ဆင်ခြင်း မရှိကြ။

ဥပမာအားဖြင့် အားနက်စ်အမည်ရှိဂြိုဟ်မှ ဂြိုဟ်သားများသည် ပင့်ကူသဏ္ဌာန်မျိုး ကိုယ်လုံး၏ပတ်ပတ်လည်တွင် ခြေချောင်း လက်ချောင်းများ ၁၂ ချောင်းတိတိ ရှိနေသည့်အတွက် အဝတ်,ဝတ်ဆင်လို့မရချေ။ ဂိုက်ဆင်းအမည်ရှိ ဂြိုဟ်မှဂြိုဟ်သားများသည်လည်း မြွေတို့၊ တီကောင်တို့ကဲ့သို့ လုံးဝန်းရှည်လျားသော သဏ္ဌာန်ရှိကာ မြေပေါ်တွင် တွား၍သွားကြပေ၏။ အဖိုအမကွဲပြားသော်လည်း လိင်အင်္ဂါက အတွင်းဘက်တွင် ရှိသည်မို့ အရှက်လုံအောင် ဖုံးဖိဖို့မလို။ မြေပေါ်တွားသွားသည့်အတွက်လည်း အဝတ်ဝတ်ဆင်လို့မရပါချေ။ ထိုသို့သောဂြိုဟ်များကတော့ ဦးခန့်ညွှားထည့်ဝါ၏ ဖောက်သည် မည်သည့်အခါမျှ ဖြစ်လာမည်မဟုတ်ပေ။

ညညဒေါင်၏ဆက်သွယ်မှုအရ လူနှင့်တူသော အဝတ်အစား ဝတ်ဆင်သည့် ဂြိုဟ်တစ်လုံးရှိနေသေးသည်ကို သိလိုက်ရသည့်အတွက် ဦးခန့်ညွှားထည့်ဝါက သူ၏ရေးကွက်ကို ယလုံးယလုဂြိုဟ်ပေါ်သို့ ချဲ့ထွင်ရန် စိတ်ကူးရတော့သည်။ ပထမဆုံးဖောက်သည်ဖြစ်သည့် ညညဒေါင်တို့လင်မယားကို ဖောက်သည်ကောင်းများအဖြစ် ကောင်းမွန်စွာဆက်ဆံရပေမည်။ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြု၍ ယလုံးယလုပ္ပြိုလ်သားများကို အဝတ်အစားများ ရောင်းချနိုင်ပေလိမ့်မည်။

သို့သော် •••

သို့သော် ••• တစ်ခုခက်သည်က ညညဒေါင် မှာကြားသော အဝတ်အစားဒီဇိုင်းမှာ ယခင်အနှစ် ၂၀ က ထုတ်လုပ်ခဲ့သော အဝတ်စဖြစ်နေသည်။ ဦးခန့်ညားထည်ဝါသည် လွန်ခဲ့သောနှစ် ၂၀ က ထိုဒီဇိုင်းကို ထုတ်လုပ်ခဲ့ပြီး နေစကြဝဠာတစ်ခုလုံးသို့ အင်တာနက်တွင်တင်၍ ကြော်ငြာထားခြင်း ဖြစ်သည်။

ညညဒေါင်သည် ယခုမှ အနှစ် ၂၀ ကျော်က အဝတ်စကို လာ၍ အမှာတော်ပါးနေလေသည်။ ကြည့်ရသည်မှာ ထိုကြော်ငြာကို ယခုမှ ညညဒေါင် တွေ့သွားပုံရသည်။ စကြဝဠာအတွင်း၌ အင်တာနက်ဖြင့် ကြည့်ရှုစရာတွေက တစ်ပုံတစ်ပင်ရှိပေရာ ကြော်ငြာတစ်ခုကို အလွယ်တကူတွေ့ဖို့က မလွယ်ပါပေ။

ညညဒေါင် မှာသောအထည်စသည် သူ့ကုမ္ပဏီ၌ လက်ကျန်မှ ရှိပါဦးမလား။ အနှစ် ၂၀ ဆိုတော့ အတော်ကြာပေပြီ။ ကြော်ငြာတွင် မော်ဒယ်အဖြစ်သရုပ်ဆောင်ပေးခဲ့သော မင်းသားဒွါးနှင့် မင်းသမီးထက်အာကာမိုးဦးတို့ပင် အသက်ကြီးကြပြီ။ ဒွါးမှာ ရုပ်ရှင်ပင် မရိုက်တော့ပေ။ ထက်အာကာမိုးဦးကတော့ အမေခန်းကပင် ဝင်၍သရုပ်ဆောင်နေရပြီ။

မည်သို့ပင်ဆိုစေ မိမိ ယခုမှသိရသော ဂြိုဟ်သစ်တစ်လုံးမှ ဖောက်သည်အသစ် တောင်းဆိုမှာကြားသော မှာကြားချက်ကို မဖြစ်မနေ ဖြည့်ဆည်းပေးရပေမည်။ ယုတ်စွအဆုံး ထိုအဆင်ဒီဇိုင်းအတိုင်း အစပြန်လည် ထုတ်လုပ်သင့်က ထုတ်လုပ်ရပေမည်။ ဖောက်သည်သစ်၊ ဈေးကွက်သစ်ကိုတော့ လက်လွှတ်ခံလို့မဖြစ်ပေ။ ပြီးတော့ ညညဒေါင်ကြီးက အဝတ်စဖိုးဆိုကာ အဖိုးတန်ကျောက်မျက်ရတနာတစ်ခုကို ပေးပို့လိုက်ပြီ မဟုတ်ပါလား။ ထိုရတနာပစ္စည်းသည် စကြဝဠာအတွင်းရှိ ဂြိုဟ်သွားလမ်းကြောင်း တစ်နေရာ၌ ကမ္ဘာမြေသို့ဦးတည်၍ လာရောက်လျက်ရှိပေမည်။

ညညဒေါင်မှာကြားသော အကျီစကို မဖြစ်မနေပို့ပေးရမည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ညားထည်ဝါက ညတွင်းချင်းပင် သူ၏စက်ရုံသို့ တယ်လီဖုန်းဆက်လိုက်သည်။ ၂၄ နာရီလည်ပတ်နေသောစက်ရုံမှ ညပိုင်းစက်ရုံမှူးက တယ်လီဖုန်းကို ပြန်၍ဖြေကြားလေသည်။

ဦးခန့်ညားထည်ဝါက ဒွါးနှင့် ထက်အာကာမိုးဦးတို့ လွန်ခဲ့သည့် နှစ် ၂၀ က ကြော်ငြာပေးခဲ့သည့်အစများ လက်ကျန်ရှိသေးခြင်း ရှိမရှိ ကြည့်ပေးရန်ပြောလိုက်သည်။

နောက်ငါးမိနစ်အကြာတွင် စက်ရုံမှူးက ဖုန်းဖြင့်ပြန်၍ဆက်သွယ်၏။ မှတ်တမ်းအဖြစ်ထားရှိသော ၂ ကိုက်စ နှစ်စရှိသေးကြောင်း ပြန်ကြား၏။

ဦးခန့်ညားထည်ဝါ ဝမ်းသာသွားလေသည်။ ၂ ကိုက်ဆိုလျှင် လူတစ်ယောက်စာအတွက် အဝတ်အစားချုပ်လုပ်ရန် လုံလောက်ပေ၏။

သို့ဖြင့် နောက်တစ်နေ့တွင် စက်ရုံမှလက်ကျန်အစနှစ်စကို ဝင်ယူကာ 'စကြဝဠာ အမြန်ချောပို့ဒုံးယာဉ်စခန်း'သို့ လာခဲ့သည်။ အမြန်ချောပို့ဒုံးယာဉ်စခန်းသည် တစ်စက္ကန့်လျှင် ကီလိုမီတာနှစ်သောင်းပြေးသော ဒုံးပျံများဖြင့် အခြားသောဂြိုဟ်များသို့ ပစ္စည်းများပို့ပေးနေသော ဌာနတစ်ခုဖြစ်ပေသည်။

ဦးခန့်ညားထည်ဝါက ညညဒေါင် ဖော်ပြသည့်လိပ်စာကို ချောထုပ်တွင်ရေး၍ စာတိုက်စာရေးမလေးကို ပေးလိုက်သည့်အခါ ...

"ဃလုံးဃလုဂြိုဟ်နဲ့ဆက်သွယ်တာ အန်ကယ်ပထမဆုံးပဲ အန်ကယ်။ ဃလုံးဃလုဂြိုဟ်ကို တစ်ခါမျှ ပစ္စည်းမပို့ဖူးသေးဘူး" ဟု ပြောလေသည်။

စာရေးမလေးက ချောပို့ခကျသင့်ငွေကို တွက်ချက်သည့်အခါ အတော်ဈေးကြီးသည်ကို တွေ့ရလေ၏။

"ဃလုံးဃလုကိုပစ္စည်းပို့တာ အန်ကယ်တစ်ယောက်ပဲရှိတာဆိုတော့ အန်ကယ့်ချောထုပ်ကို တခြားဂြိုဟ်ကိုသွားမယ့် ဒုံးယာဉ်နဲ့ အကြုံထည့်ပေးလိုက်ရမှာပါ အန်ကယ်။ ဃလုံးဃလုက အဝေးဆုံးဂြိုဟ်ဖြစ်နေလို့ သီးသန့်သွားပို့ရမှာပါ။ အဲဒါကြောင့်ချောပို့ခ ပိုကုန်ကျသွားတာပါရှင့်" စာရေးမလေးက ရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်တွင် စာရေးမလေးက ဂြိုဟ်များအကြောင်း သိကောင်းစရာ လက်စွဲစာအုပ်ငယ်လေးကို ဦးခန့်ညွှားထည်ဝါအား လက်ဆောင်ပေးလိုက်လေသည်။

ဦးခန့်ညွှားထည်ဝါသည် အိမ်ရောက်သည်နှင့် ချောပို့ဌာနမှ စာရေးမလေးပေးလိုက်သည့် ဂြိုဟ်များအကြောင်းသိကောင်းစရာ စာစောင်ငယ်လေးထဲမှ ဃလုံးဃလုဂြိုဟ်နှင့်ပတ်သက်သည့် အကြောင်းများကို ရှာ၍ဖတ်ကြည့်လိုက်လေသည်။

ထိုအခါမှပင် ဦးခန့်ညွှားထည်ဝါတစ်ယောက် မျက်လုံးပြူးသွားရလေ၏။

ဃလုံးဃလုဂြိုဟ်သည် မြေကမ္ဘာမှ ကီလိုမီတာ သိန်းပေါင်း ၉ ဒသမ ၄ သန်း (၉၄,၀၀၀,၀၀၀, ၀၀၀,၀၀၀) (၉၄ နောက်က သုည ၁၂ လုံး) ကွာဝေးသောအရပ်မှ ဂြိုဟ်တစ်ခုဖြစ်နေတာ သိလိုက်ရသည်။

ဦးခန့်ညွှားထည်ဝါက ဃလုံးဃလုဂြိုဟ်နှင့်ပတ်သက်သည့် အခြားအချက်များကို ဆက်၍ဖတ်ကြည့်လိုက်သည်။ ထိုအခါ ဗိုက်ရှဲပင် မျက်လုံးမျက်ဆံ ပြူးသွားရပါလေ၏။





www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ညညဒေါင် တစ်ယောက် လွန်ခဲ့သောနှစ် ၂၀ က ထုတ်လွှင့်ထားသည့် ကြော်ငြာထဲကပစ္စည်းကို ယခုမှ မှာယူရခြင်းအကြောင်းကို သဘောပေါက်လာလေ၏။

စကြဝဠာအတွင်း၌ အင်တာနက်ဖြင့် အချက်အလက်ပေါင်းများစွာကို ဂြိုဟ်ပေါင်းများစွာမှ ထုတ်လွှင့်ထားလျက်ရှိသည်။ နေစကြဝဠာအတွင်းရှိ ဂြိုဟ်များအနေဖြင့် အခြားသောဂြိုဟ်များထံမှ ထုတ်လွှင့်ချက်ကို ချက်ချင်းလက်ခံရယူနိုင်ခြင်း မရှိပေ။ နီးကပ်သည့်ဂြိုဟ်များမှ ထုတ်လွှင့်ချက်ကို အချိန်မကြာမီ ဖမ်းယူရရှိနိုင်သော်လည်း အလွန်ဝေးလံသည့်အရပ်ရှိ ဂြိုဟ်များမှ ထုတ်လွှင့်ချက်များကိုမူ မိမိဂြိုဟ်ဆီသို့ရောက်ရှိရန် အချိန်ကာလ စောင့်ဆိုင်းရပေသည်။

အင်တာနက်မှ ထုတ်လွှင့်ချက်များကို အလင်းဓာတ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိရာ ဦးခန့်ညားထည်ဝါ ထုတ်လွှင့်လိုက်သည့် ကြော်ငြာသည် ကီလိုမီတာ သိန်းပေါင်းသန်းကျော်ဝေးသော ဃလုံးဃလုဂြိုဟ်ကိုရောက်ဖို့ အချိန်အတော်ယူရပါ၏။ အလင်းဓာတ်သည် တစ်စက္ကန့်လျှင် ကီလိုသုံးသိန်းအလျင်ဖြင့် ပြေးလျက်ရှိပါ၏။ အလင်းအလျင်အတိုင်း သွားနေသည့် ဦးခန့်ညားထည်ဝါ ထုတ်လွှင့်ထားသောကြော်ငြာသည် ဃလုံးဃလုဂြိုဟ်ကို ရောက်ဖို့ ၁၀ နှစ်တိတိ ကြာမြင့်ပါ၏။

ညညဒေါင်ကြီးသည် ကြော်ငြာကို တွေ့တွေ့ချင်း သဘောကျကာ အဝတ်စကို အင်တာနက်မှတစ်ဆင့် လှမ်းမှာလိုက်ပုံရပါသည်။ သို့ရာတွင် ညညဒေါင်၏ မှာကြားချက်သည်လည်း ကီလိုသိန်းပေါင်းကိုးသန်းကျော်ကို အလင်းအလျင်နှုန်းဖြင့် ဖြတ်သန်းလာရပေရာ ကမ္ဘာကိုရောက်ဖို့ ၁၀ နှစ်တိတိ ထပ်ကြာပြန်၏။ ထို့ကြောင့် ကြော်ငြာကိုတွေ့တွေ့ချင်း မှာကြားလိုက်ခြင်းဖြစ်သော်လည်း ကြော်ငြာလွှင့်ထားပြီး အနှစ် ၂၀ ကြာမှ အမှာစာကို လက်ခံရရှိခြင်း ဖြစ်ပါသည်။

ဦးခန့်ညားထည်ဝါက ဃလုံးဃလုဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ ဝေးကွာလွန်းမှုကို သိလိုက်ရ၍ စိတ်မောသွားရသည်။

အင်တာနက်မှ ထုတ်လွှင့်ချက်ကပင် ဆယ်နှစ်ကြာပေရာ ဦးခန့်ညားထည်ဝါ ပေးပို့လိုက်သောချောထုပ်သည် ညညဒေါင်တို့ဆီရောက်ဖို့ ဆယ်နှစ်ထက်မက ပို၍ကြာပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ညားထည်ဝါက အဝတ်စများ ညညဒေါင်ဆီသို့ ရောက်မည့်အချိန်ကို တွက်ကြည့်လိုက်သည်။ အမြန်ချောပို့ဒုံးပျံယာဉ်သည် တစ်စက္ကန့်လျှင် ကီလိုမီတာ ၂ သိန်းနှုန်းဖြင့်ပြေးပါ၏။ အလွန်မြန်သောနှုန်း ဖြစ်သော်လည်း အလင်း၏အလျင်ကိုတော့ လိုက်မမီပေ။ တစ်စက္ကန့် ကီလို ၂ သိန်းနှုန်းဖြင့် သွားနေသောဒုံးယာဉ်သည် ဃလုံးဃလုကိုရောက်ဖို့ ၁၅ နှစ်ကြာမြင့်မည်ဖြစ်ပါ၏။ ညညဒေါင်ကြီးတစ်ယောက် နောက် ၁၅ နှစ်ကြာမှသာ သူပို့လိုက်သော အင်္ကျီစကို ဝတ်ခွင့်ရရှာတော့မည်။

ထိုနည်းတူ ညညဒေါင်ပို့လိုက်သည့် အဖိုးတန်ကျောက်မျက်သည်လည်း မိမိထံသို့နောက်ငါးနှစ်ကြာမှ ရောက်လာပေတော့မည်။ ညညဒေါင်က ပစ္စည်းမှာသည်နှင့်တစ်ပြိုင်တည်း အဝတ်စဖိုးအဖြစ် အဖိုးတန်ကျောက်မျက်ကြီးကို ပို့ပေးလိုက်သည်ဆိုပေရာ ချောပို့ဒုံးယာဉ်ဖြင့် ပါလာမည့် ထိုကျောက်မျက်သည် ကမ္ဘာကိုရောက်ဖို့ ၁၅ နှစ်ကြာမည်။ ညညဒေါင် ပေးပို့လိုက်သည်မှာ ယခုဆိုလျှင် ၁၀ နှစ်ရှိပေပြီ။ နောက်ငါးနှစ်ကြာမှသာ သူပို့သော ကျောက်မျက်သည် ဦးခန့်ညားထည်ဝါလက်ထဲ ရောက်တော့မည်ဖြစ်ပါ၏။

ဦးခန့်ညားထည်ဝါက ဃလုံးဃလုဂြိုဟ်နှင့်ပတ်သက်သည့် အခြားအချက်များကို ဆက်၍ဖတ်ကြည့်လိုက်သည်။ ထိုအခါ ပို၍ပင် မျက်လုံးမျက်ဆံပြူးသွားရပါလေ၏။

စာစောင်ငယ်တွင် ဂြိုဟ်များအကြောင်းကို ဖော်ပြရာ၌ ကမ္ဘာဂြိုဟ်နှင့် နှိုင်းယှဉ်၍ဖော်ပြထားပါ၏။ ဦးခန့်ညားထည်ဝါ ထိတ်လန့်သွားရသည်မှာ ဃလုံးဃလုဂြိုဟ်၏ အရွယ်အစားဖြစ်သည်။

ဃလုံးဃလုဂြိုဟ်သည် မိမိတို့ကမ္ဘာဂြိုဟ်ထက် အဆပေါင်း ၂၀၀၀ ပို၍ကြီးမားသည်ဟု ဆိုလေ၏။ ထိုဂြိုဟ်ကြီးသည် နေကို တစ်ပတ်,ပတ်မိရန် ကမ္ဘာ့စံချိန်နှင့်ဆိုလျှင် ၁၀ နှစ်ကြာလေ၏။ ထို့ကြောင့် သူတို့ဆီမှတစ်နှစ်သည် ကမ္ဘာ့ ၁၀ နှစ်နှင့် သွား၍တူညီနေပေသည်။ တစ်ခုတော့ တော်သေးသည်။ ဦးခန့်ညားထည်ဝါ ပို့လိုက်သောအဝတ်စသည် ကမ္ဘာ့တွက်ချက်မှုနှင့် ညညဒေါင်ဆီသို့ နောက် ၁၅ နှစ်ကြာမှရောက်မည် ဖြစ်သော်လည်း သူတို့ဆီက စံချိန်အတိုင်းဆိုလျှင် ၁ နှစ်ခွဲပဲစောင့်ရပေမည်။ ညညဒေါင်ဆိုလိုသည့် နှစ်သစ်ကူးပွဲကိုတော့ မီချင်မှမီတော့မည်။ နောက်တစ်နှစ် နှစ်သစ်ကူးပွဲမှပင် ဝတ်၍ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သို့သော် ...

ဃလုံးဃလုဂြိုဟ်အကြောင်းကို ဆက်လက်ဖတ်ရှုနေသော ဦးခန့်ညွှား ထည်ဝါသည် တစ်စထက်တစ်စ ပို၍ပို၍မျက်လုံးပြူးလာရလေ၏။

ဃလုံးဃလုဂြိုဟ်ပေါ်မှ သက်ရှိလူသားများအကြောင်းကို ဤသို့ ဆက်လက်ဖော်ပြထားသည့်အတွက်ကြောင့် ဖြစ်သည်။

*'ဃလုံးဃလုဂြိုဟ်သားများ၏ ပုံပန်းသဏ္ဍာန်သည် ကမ္ဘာလူသား များကဲ့သို့ပင် ရှိသည်။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ရှိသည်။ ခြေလက်များတွင် လက်ချောင်းလေးချောင်းနှင့် ခြေချောင်းလေးချောင်းစီရှိသည်။ ဦးခေါင်းပိုင်းရှိ မျက်နှာသွင်ပြင်တစ်ခုသာ လူသားများနှင့် ခြားနားသည်။ မျက်လုံးတစ်လုံး၊ နှာခေါင်းပေါက်တစ်ပေါက်နှင့် ပါးစပ်ပေါက်တစ်ပေါက်ပါသည်။ ထိုအရာများ သည် မျက်နှာ၏ အလယ်တည့်တည့်တွင် တန်းလျက်ရှိကြသည်။ နားနှစ်ခု ပါရှိကာ မျက်နှာ၏ဘေးဘက်တွင် အပေါက်အဖြစ်သာပါရှိသည်။ လူသားများ ကဲ့သို့နားရွက်မရှိ။ ၄င်းဂြိုဟ်သားများတွင် အမွေးအမျှင်ပေါက်ရောက်မှု မရှိပါ။ ဃလုံးဃလုဂြိုဟ်သားတို့၏ အရွယ်အစားသည် ကမ္ဘာလူသားတို့ထက် အဆ ၄၀၀ ပို၍ကြီးမားပါသည်'*

ဘုရားသခင်။ ဦးခန့်ညွှားထည်ဝါ ဘုရားတလိုက်မိသည်။ ညည ခေါင်တို့ ဂြိုဟ်သားများသည် မိမိတို့လူသားတွေထက် အဆ ၄၀၀ ပိုကြီးသည် ဆိုပါလား။

သည်အတိုင်းဆိုလျှင်ဖြင့် သူပေးပို့လိုက်သောအဝတ်စသည် ညည ခေါင်တို့ လင်မယားအတွက် မည်သို့မျှ အသုံးဝင်တော့မည် မဟုတ်ပေ။ ဃလုံးဃလုဂြိုဟ်အကြောင်းကို အရင်မစုံစမ်းဘဲ မိမိတို့ကဲ့သို့ လူအရွယ်အစား ပင် ထင်ကာ ၂ ကိုက်စနှစ်စ ပေးပို့လိုက်မိသည်မှာ မှားပေပြီ။

ညညခေါင်သည်လည်း ကမ္ဘာဂြိုဟ်အကြောင်း ဗဟုသုတမရှိဘဲ အဝတ်စ လှမ်းမှာသည်မှာ ထင်ရှားလေသည်။ ကမ္ဘာဂြိုဟ်ရှိ လူတို့အရွယ် အစားကို မသိ၍သာ သူတို့ဂြိုဟ်သားများ၏အရွယ်အစား မည်မျှရှိကြောင်း သီးခြားဖော်မပြခဲ့ခြင်း ဖြစ်လေမည်။ ညညခေါင်စိတ်ထဲ၌ ဒွါးနှင့် ထက် အာကာမိုးဦးတို့ပါဝင်သော ကြော်ငြာကိုကြည့်ပြီး ကမ္ဘာသားများကို သူတို့နှင့် ရွယ်တူဟု ထင်မှတ်ခဲ့ပုံရသည်။ ဦးခန့်ညွှားထည်ဝါကလည်း အင်တာနက်မှ တစ်ဆင့် မော်နီတာမြင်ကွင်းတွင်ပေါ်လာသည့် ညညခေါင်၏ပုံကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့နှင့် အသွင်သဏ္ဌာန်တူသည့်အတွက် အရှယ်အစားပါတူလိမ့်မည်ဟု ထင်ခဲ့မိလေသည်။

ဤပုံအတိုင်းဆိုပါက အားလုံးမှားယွင်းကုန်ပေပြီ။

စာစောင်က ဃလုံးဃလုဂြိုဟ်ပေါ်တွင် ဂြိုဟ်သားတစ်မျိုးတည်းသာ သက်ရှိအဖြစ် တည်ရှိကြောင်း၊ ကမ္ဘာမြေကဲ့သို့ အခြားတိရစ္ဆာန်များ၊ ပိုးမွှားများ မရှိကြောင်း၊ ရာသီဥတုမှာလည်း မိုးနှင့်ဆောင်း နှစ်မျိုးတည်း ဖြစ်ကြောင်း၊ သစ်ပင်ပန်းပင် ပေါက်ရောက်မှုမရှိကြောင်း၊ ဂြိုဟ်သားတို့သည် သူတို့ဂြိုဟ်၏ ကာလသတ်မှတ်ချက်အရ အသက် ၃၀၀ ရှည်ကြောင်း (ဃလုံးဃလုဂြိုဟ်၏ တစ်နှစ်သည် ကမ္ဘာ၏ ၁၀ နှစ်နှင့် တူညီသောကြောင့် အနှစ် ၃၀၀၀ အသက်ရှည်ကြသည်။) ဂြိုဟ်သားတို့သည် အစားအစာအဖြစ် မြေဆီမြေနှစ်ကို စားသုံးကြကြောင်း၊ ထို့ကြောင့် အစားအသောက်သည် လိုသလောက် အလျှံပယ်ရရှိနေပြီး စားစရာအတွက် ပူပန်သောကမရှိကြကြောင်း၊ အဝတ် အစားအတွက် မြေမှထွက်သော အငွေ့များကို ပေါင်းခံ၍ မြေသားနှင့် ရောပြီး အေးခဲစေကာ ပျော့ပျောင်းသောအဝတ်စများ ဖန်တီးကြ ကြောင်း၊ အဝတ်အစား အရောင်မှာ အဖြူတစ်မျိုးတည်းဖြစ်ပြီး အရောင် ဆိုးသည့် ပညာကို မတတ်ကျွမ်းကြ ကြောင်းဆက်လက်၍ဖော်ပြထား၏။

ညညဒေါင်ကြီးသည် ဒွါးနှင့်ထက်အာကာမိုးဦး ဝတ်ဆင်ပြထားသည့် အစတွင် ပန်းပွင့်ပုံများ ရောင်စုံရိုက်နှိပ်ထားသည့်အတွက် သူတို့ဂြိုဟ်ပေါ်က တစ်ရောင်တည်းသော အဝတ်အထည်နှင့် ကွာခြားလှ၍ အကြိုက်တွေ့သွားဟန် ရလေသည်။

ဦးခန့်ညားထည်ဝါသည် စာစောင်ကိုပစ်ချလိုက်ကာ သက်ပြင်းမော ကို ချလိုက်သည်။ ဤပုံအတိုင်းဆိုလျှင်ဖြင့် အားလုံးမှားကုန်ပေပြီ။ ဝယ်သူ ဖြစ်သော ညညဒေါင်မှ စဉ်းမှားလိုက်သည့်အမှားသည် သူတို့ခန္ဓာကိုယ်နှင့် စာလျှင် အဆမတန်သေးနေမည့်အင်္ကျီစကို မှား၍ပို့လိုက်မိသည်ထိ ဖြစ်သွား လေပြီ။

ဦးခန့်ညားထည်ဝါစိတ်ထဲတွင် ညညဒေါင်ကြီးကို အားနာနေမိ၏

ညညဒေါင်ကတော့ သူတို့တန်ဖိုးထားသော ကျောက်မျက်ရတနာ ကြီးကို အဝတ်စတန်ဖိုးအဖြစ် ပို့ပေးလိုက်ပေပြီ။ မိမိမှာ ထိုကျောက်မျက်



www.burmeseclassic.com

www.burmeseclassic.com



ရတနာတန်ဖိုးနှင့် ကိုက်ညီသောပစ္စည်းတစ်ခုခု ပြန်၍ပို့ပေးဖို့ တာဝန်ရှိသွားရပေပြီ။

၆

ဦးခန့်ညားထည်ဝါသည် ယလုံးယလုကြိုဟ်ကို မိမိအဝတ်အထည်များ ရောင်းချဖို့ ဖောက်သည်ကြိုဟ်အဖြစ် ဈေးကွက်ချဲ့ထွင်ရန် စိတ်ကူးယဉ်ခဲ့သော်လည်း ခရီးအဆမတန်ဝေးကွာခြင်း၊ ကြိုဟ်သားများမှာ များစွာအရွယ်အစားကြီးနေခြင်းတို့ကြောင့် စိတ်ကူးကို လက်လွှတ်လိုက်ရသည်။ ပို့လိုက်မိသောအဝတ်စများအတွက် မည်သို့တောင်းပန်ရမည်မသိဘဲ ထိုကိစ္စကို သည်အတိုင်းပစ်ထားလိုက်ရသည်။

မည်သို့ပင်ဆိုစေ အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာရာ နောက်ငါးနှစ်အကြာတွင် ညညဒေါင် ပို့ပေးလိုက်သော ရတနာပါဆယ်ထုပ်သည် ကမ္ဘာမြေပေါ်သို့ ရောက်လာလေသည်။ ချောပို့စခန်းက ပါဆယ်ထုပ်ကို လာရွေးရန် အကြောင်းကြားသောကြောင့် ဦးခန့်ညားထည်ဝါက ချောထုပ်ရွေးရန် ကားဖြင့်ထွက်ခဲ့လေသည်။

ဟိုရောက်တော့ ရောက်နေသည့်ချောထုပ်ကြီးက ထင်တာထက်ပိုကြီးနေလေသည်။ သူ့တစ်ဖက်စာလောက်ရှိသည့် ပုံးကြီးတစ်ပုံးဖြစ်နေ၏။

ဟုတ်ပေမည်။ ညညဒေါင်က သူ့လက်ထဲတွင်ရတနာကို ထည့်ပြစဉ်က ထိုရတနာကို ကြက်ဥအရွယ်အစားလောက်ဟု ဦးခန့်ညားထည်ဝါ မှတ်ယူခဲ့၏။ ညညဒေါင်မှာ လူသားများထက် အဆလေးရာပိုကြီးပေရာ သူပို့လိုက်သည့် ရတနာပစ္စည်းသည်လည်း ကြက်ဥထက် အဆလေးရာပိုကြီးနေပေမည်။ အလိုလေး အဖိုးတန်ရတနာ ပစ္စည်းလည်းဖြစ်သေး၊ ဒါလောက်လည်းကြီးသေးဆိုတော့ တော်တော်တော့ တန်ဖိုးကြီးပေမည်။ မိမိဘက်က သူတို့အသုံးမပြုနိုင်သည့် အရွယ်အစားလောက်အဝတ်စလေး ပို့ပေးရုံနှင့် ရလိုက်သောတန်ဖိုးမှာ ကွာခြားလွန်းလှသည်။ အားနာစရာကောင်းလှချည့်။

အိမ်ရောက်တော့ ပါဆယ်ထုပ်ကြီးကို ဖွင့်ကြည့်လိုက်သည်။

အလိုလေးဗျာ ...

ဦးခန့်ညားထည်ဝါ ပက်လက်လန်လဲကျမတတ် ဖြစ်သွားရသည်။

ပါဆယ်ထုပ်ထဲမှ ထွက်လာသောအရာမှာ ညညဒေါင် လက်ဝါးထဲ ထည့်ပြခဲ့သော ကျောက်မျက်အစစ်ပင် ဖြစ်ပါသည်။ ကျောက်သည် ဖြူဝင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ချောနေသည်။ အနာအဆာမရှိ။ ကြက်ဥပုံစံအတိုင်း ရှည်မျော့မျော့ ဖြစ်၏။ သို့သော် ...

သို့သော် အဖိုးတန်လှပါသည်ဆိုသော ထိုကျောက်မျက်ကြီးကား ကျောက်စရစ်ခဲကြီး ဖြစ်ပါသတည်း။

ကျောက်စရစ်ခဲကြီး ပို့ပေးသည့်အတွက် ညညဒေါင်ကို အပြစ်မဆိုချင်ပါ။ သည်လိုကျောက်စရစ်ခဲမျိုးသည် မိမိတို့ကမ္ဘာပေါ်တွင် နေရာတိုင်း၌ တင်းကျမ်းပြည့်ရှိနေသော်လည်း သူတို့ဂြိုဟ်ပေါ်၌ ရှားပါးပစ္စည်း ဖြစ်ပုံရသည်။ ကျောက်ဆိုသည်မှာ ရှားပါးလေ အဖိုးတန်လေမဟုတ်လား။ ညညဒေါင်တို့ ဃလုံးဃလုဂြိုဟ်သားများသည် သူတို့ဂြိုဟ်ပေါ်တွင် ရှားပါးလှသော ကျောက်စရစ်ခဲကို အဖိုးတန်ကျောက်မျက်ရတနာအဖြစ် အသုံးချနေကြခြင်းဖြစ်ပါ၏။

ဦးခန့်ညားထည်ဝါက ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။

နောက်ဆုံးတော့ သူသည် လူတစ်ဖက်စာရှိသော ကျောက်စရစ်တုံးကြီးပေါ်၌ 'ဃလုံးဃလုဂြိုဟ်ပေါ်မှ ကျောက်စရစ်ခဲကြီး' ဟု ကမ္ပည်းရေးထိုးကာ လှေကားရင်း၌ ချထားလိုက်လေတော့သည်။

၆

ဦးခန့်ညားထည်ဝါထံသို့ အဖိုးတန်ကျောက်မျက်ရတနာဆိုသည့် ကျောက်စရစ်ခဲကြီး ရောက်လာသည့်အချိန်အထိ သူပို့လိုက်သော အဝတ်စများသည် ညညဒေါင်တို့ ဃလုံးဃလုဂြိုဟ်ပေါ်သို့ ရောက်လိမ့်ဦးမည်မဟုတ်ပေ။ နောက်ဆယ်နှစ်ကြာမှ ရောက်ရှိပေလိမ့်မည်။

ဃလုံးဃလုဂြိုဟ်ပေါ်၌ကား ဂြိုဟ်သားကြီးညညဒေါင်သည် ပြဿနာ တက်လျက်ရှိ၏။ အချိန်ရှိသရွေ့ ဇနီးဖြစ်သူပြဲနှင့် ရန်ဖြစ်နေရလေသည်။

ညညဒေါင်သည် နှစ်သစ်ကူးပွဲတွင် ဇနီးဖြစ်သူကို လက်ဆောင်ပေးချင်ဇောနှင့် ကမ္ဘာမြေပေါ်မှအဝတ်စကို လှမ်းမှာလိုက်ခြင်းဖြစ်သည်။ ကမ္ဘာပေါ်မှ အဝတ်စကို ပြဲအတွက် လက်ဆောင်လည်းပေးမည်၊ နယူးယီးယားတွင် လင်မယားနှစ်ယောက်စလုံး ဆင်တူဝတ်ကြမည်၊ ကမ္ဘာဂြိုဟ်ဖက်ရှင်ကို ဝတ်ဆင်ထားမည့် သူတို့လင်မယားကို ဂြိုဟ်သူဂြိုဟ်သားအားလုံးက တအံ့တသြ ဝိုင်းဝန်းချီးကျူးကြမည်ဟူသော စိတ်ကူးများနှင့်။

အဝတ်စဖိုးအဖြစ် ကမ္ဘာဂြိုဟ်ပေါ်သို့ ပို့လိုက်သောကျောက်မျက်မှာ ပြဲအတွက်ဝယ်ထားသော ကျောက်မျက်ဖြစ်ပါသည်။ ပြဲက ထိုကျောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ပြောင်တလင်းခါနေသော ဦးခေါင်းထိပ်တည့်တည့်တွင် ကော်နှင့် ကပ်ထားရန် စီစဉ်ထား၏။

သူမအတွက်ရတနာကို အဝတ်စဖိုးအဖြစ် ပို့ပေးလိုက်ကတည်းက ဖြူ စိတ်ကောက်နေခြင်းဖြစ်သည်။ တခြားဟာပေးပါတော့လား၊ သူ အထွတ် အမြတ်ထားတဲ့ ရတနာကိုမှ ပေးရသလားဆိုကာ အချိန်ရှိသ၍ မြည်တွန် တောက်တီးနေလေသည်။

ညညဒေါင်က ကမ္ဘာပြိုဟ်မှရောက်လာမည့် အဝတ်စကို ပေးလိုက် လျှင် ဖြူတစ်ယောက် စိတ်ကောက်ပြေသွားမည်ဆိုသည့် မျှော်လင့်ချက်ဖြင့် ဦးခန့်ညားထည်ဝါပေးပို့မည့် အကျီစကို စောင့်မျှော်နေခြင်းဖြစ်သည်။

သို့သော် တစ်နှစ်သာကြာသွားသည်။ အကျီစက ရောက်မလာချေ။ နယူးယီးယားကိုပင် ကျော်လွန်သွားခဲ့ပါပြီ။

"ကိုင်း ... ဘယ့်နှယ်ရှိစ ကိုကိုည၊ ရှင်တော့ အလိမ်ခံလိုက်ရပြီ မဟုတ်လား။ ကြားထဲက ကျွန်မရတနာဆုံးတာပဲ အဖတ်တင်တယ်တော့"

ဖြူက သူမ၏ တစ်လုံးတည်းသောမျက်လုံးကြီးဖြင့် မျက်စောင်း ထိုးရင်း ခင်ပွန်းဖြစ်သူ ညညဒေါင်အား ရန်တွေ့လိုက်သည်။

"အဲဒီလိုတော့ မဟုတ်သေးပါဘူး ဖြူရယ်။ အလိမ်ခံရအောင် သူက ဖွတ်ရောင်းတာမှ မဟုတ်တာ။ ကိုကိုညက ကြိုက်လွန်းလို့ မှာလိုက်တာပဲ"

"ရှင်ပဲ ကမ္ဘာပြိုဟ်သားတွေကို ယုံယုံကြည်ကြည် လုပ်းမှာနေသေး တယ်။ မသကာ ပစ္စည်းရောက်လာမှ ပစ္စည်းဖိုးပို့ပေးတာ မဟုတ်ဘူး။ ခုတော့ ကျွန်မရတနာ ဆုံးပြီထင်ပါရဲ့"

"နယူးယီးယားအမိ အမြန်ပို့ပေးအောင်လို့ အဝတ်စဖိုးကို အရင် ရှင်းပေးလိုက်တာပါ မိန်းမရယ်"

"တော်ပါ ... ကြော်ငြာထဲက ကမ္ဘာသူမကို ရှင် ကြိုက်နေတာ မဟုတ်လား"

"မဟုတ်ရပါလား ဖြူရယ်။ ကိုကိုညစိတ်ထဲမှာ ဖြူထက်လှတဲ့သူ ဒီစကြဝဠာထဲမှာ မတွေ့သေးပါဘူးကွယ်"

"ဟင်း ... ပိုပြီ"

ဖြူက ညညဒေါင်မြှောက်ပြောလိုက်သည်ကို သိသိကြီးနှင့် မိန်းမပီပီ သဘောကျသွားကာ မျက်စောင်းလေးထိုးလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော် ကိုကိုည။ ကမ္ဘာ့သူမတွေကိုကြည့်ရတာ တစ်မျိုးကြီးပဲ။ မျက်လုံးကလည်း နှစ်လုံးတောင်။ ခေါင်းမှာလည်း အမွေးအမျှင်တွေနဲ့။ ဖြတ်တို့လို့ စင်းလုံးချောပြောင်တလင်းခါနေတဲ့ အလှမျိုးနဲ့တော့တခြားစီပဲ။ သူတို့ကို ကြည့်ရတာ ရွံစရာကြီး"

"ဒီနှစ်ကုန်လို့မှ အဝတ်စရောက်မလာရင် ဖြဲရဲ့ရတနာကို ကိုကိုည ပြန်တောင်းပေးပါ့မယ်ကွယ်"

"အို ... သူတို့က ပြန်ပေးပါ့မလား ကိုကိုညရဲ့"

"ပစ္စည်းပို့မပေးနိုင်ရင် ပြန်ပေးမှာပါ။ ကမ္ဘာသားတွေက ယဉ်ကျေးမှုထွန်းကားတဲ့ ဂြိုဟ်တစ်ခုဖြစ်ပုံရပါတယ် ဖြဲရယ်"

"ဟင်း ... ယုံနေ။ အဝတ်စရောက်ရင်ရောက်လာ၊ ရောက်မလာရင်တော့ ဖြဲရဲ့ရတနာကို ပြန်ရမှဖြစ်မယ်။ ဒါလောက်ကြာနေတာ ကုမ္ပဏီများဖျက်သိမ်းပစ်လိုက်ပြီလားမှ မသိတာ ကိုကိုညရဲ့"

ဘကယ်တော့ ညညဒေါင်တို့လင်မယားသည် ကမ္ဘာဂြိုဟ်အကြောင်း ဗဟုသုတ တစ်ခုမျှမရှိချေ။ ကမ္ဘာဂြိုဟ် ဘယ်နေရာမှာရှိပြီး သူတို့ဂြိုဟ်နဲ့ ဘယ်လောက်ဝေးတယ်ဆိုတာလည်း မသိ၊ သိအောင်လည်း မစုံစမ်း။ ရောက်လာမည့်အဝတ်စကိုသာ မျှော်နေမိကြသည်။ သည်ကြားထဲ ဖြဲက သူ့ရတနာကို သတိရတိုင်း ထေ့သည့်ငေါ့သည့် စကားများကို ပြော၍ရန်လုပ်တတ်ရာ ညည ဒေါင်တစ်ယောက် ချော့၍ချည်းနေရလေသည်။

သည်လိုနှင့် အချိန်များတရွေ့ရွေ့ကုန်လာရာ တစ်နေ့သ၌ စကြဝဠာအမြန်ချောပို့ဌာနမှ ဖုန်းဆက်အကြောင်းကြားလေသည်။ ကမ္ဘာဂြိုဟ်ပေါ်မှ ပို့လိုက်သော ပါဆယ်ထုပ်ရောက်ရှိနေ၍ လာရွေးရန် အကြောင်းကြားခြင်း ဖြစ်လေသည်။

လင်မယားနှစ်ယောက်စလုံး ပျော်သွားကြသည်။ ပစ္စည်းမှာထားပြီး တစ်နှစ်ခွဲကြာမှရောက်လာခြင်းဖြစ်၏။ သည်ပုံအတိုင်းဆို လာမယ့်နှစ် နှစ်သစ်ကူးပွဲအတွက် အချိန်မီသေးသည်။ ကမ္ဘာ၏ဝတ်စုံကို နယူးယီးယားတွင် ဝတ်ဆင်နိုင်တော့မည်။

လင်မယားနှစ်ယောက်သား ဝမ်းသာအားရပင် ကိုယ်ပိုင် မြေရှပ်လေယာဉ်ဖြင့် ချောပို့စခန်းသို့ ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောပို့ဌာနရောက်လို့ ပါဆယ်ထုပ်ကိုရွေးယူရာ ပါဆယ်ထုပ်မှာ လက်နှစ်လုံးလောက်ရှိသည့် ဘူးကလေးတစ်ဘူး ဖြစ်နေသည့်အတွက် အံ့ဩသွားရလေသည်။ လင်မယားနှစ်ယောက်၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပါဆယ်ဘူးလေးကို အိမ်သို့သယ်လာခဲ့လေသည်။

ညညဒေါင်ရင်ထဲမှာတော့ တထိတ်ထိတ် ခုန်လျက်ရှိသည်။ အမှား အယွင်းတစ်ခုခု ရှိလို့ကတော့ ဖြဲရဲ့ပါးစပ်နှင့် တွေ့တော့မည်။

အိမ်ရောက်သည်နှင့် ဘူးကလေးကို အလျှင်အမြန်ဖွင့်ကြည့်ကြ၏။

ထွက်လာသည့်ပစ္စည်းကို တွေ့လိုက်ရသည့်အခါ လင်မယား နှစ်ယောက်လုံး ကြက်သေ,သေသွားကြသည်။

ဘူးကလေးထဲက သူတို့မျှော်လင့်နေကြသည့် အင်္ကျီစများ ထွက်လာ မိသည်။

သို့သော် အစများက သူတို့၏လက်တစ်ဝါးစာပင် မရှိချေ။

"အမလေးတော့ ... နပ်ချေးသုတ်လို့တောင်မရဘူး။ အီး ... ဟီး ဟီး ..."

ဖြဲက အဝတ်စများကိုကိုင်ရင်း အော်ငိုချလိုက်သည်။

"ကဲ ... ဘာပြောချင်သေးလဲ ကိုကိုညို။ ရှင် အလိမ်ခံရပြီဆိုတာ တွေ့ပြီမဟုတ်လား။ အမလေး ... ကမ္ဘာသားတွေများ လိမ်ရက်လိုက်တာ တော်။ ငါ့ရတနာကြီးယူထားပြီး ပြန်ပေးတော့ အဝတ်စလက်တောက်လောက် ကလေး ပြန်ပေးတယ်။ တော်တော် ဉာဏ်နီဉာဏ်နက်များတဲ့ဟာတွေ။ ဒါကြောင့် သူတို့ခေါင်းပေါ်မှာ အမွေးတွေပေါက်နေတာနေမှာ"

"မဟုတ်သေးပါဘူး ဖြဲရယ်။ ကမ္ဘာသားတွေ ဒါလောက် အောက်တန်းကျပုံ မရပါဘူး။ ဦးခန့်ညားထည်ဝါကလည်း သူ့ကုမ္ပဏီသိက္ခာကျ အောင် ဒီလိုလုပ်မှာ မဟုတ်ပါဘူး။ တစ်နေရာရာမှာ တစ်ခုခုတော့ မှားနေပါ ပြီ"

"တော်က ခုထိယုံတုန်းပဲလားတော့။ အမလေး ကျုပ်ရတနာကြီး ဆုံးပါပြီတော်။ အီး ... ဟီး ... ဟီး"

"ကမ္ဘာဂြိုဟ်ဟာ ဘယ်လိုသဘောသဘာဝတွေ ရှိသလဲ ကိုယ်တို့မှ မသိကြသေးဘဲ။ နေစမ်းပါဦး။ ကမ္ဘာဂြိုဟ်အကြောင်း ကိုယ် လေ့လာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ညည‌ဒေါင်က ပြောပြောဆိုဆို ကွန်ပျူတာကိုဖွင့်လိုက်သည်။

ခစ်ရှင်နယ်ရီဖိုင်ထဲ၌ ကမ္ဘာဂြိုဟ်ဟုရိုက်ထည့်ကာ ကမ္ဘာ့အကြောင်းကို လေ့လာလိုက်သည်။

ကွန်ပျူတာမှဖော်ပြသော အချက်အလက်များအရ ကမ္ဘာဂြိုဟ်သည် သူတို့ဂြိုဟ်ထက် အဆနှစ်ရာသေးငယ်ပြီး လူသားများသည်လည်း သူတို့ထက် အဆ ၄၀၀ ပို၍သေးငယ်ကြောင်းကို သိလိုက်ရလေသည်။ အချိန်ကာလ သတ်မှတ်ချက်များမှာလည်း ကွာခြားကြောင်းတွေ့လိုက်ရ၏။

"ကဲ ... ဖြ၊ ကိုကို့ကိုပဲ အပြစ်ဆိုပေတော့။ ကိုကိုမလေ့လာမိဘဲ ပစ္စည်းမှာမိလို့ ဖြစ်ရတာပါ။ ဦးခန့်ညားထည်ဝါမှာ ဘာအပြစ်မျှ မရှိပါဘူး။ သူလည်း ကိုယ်တို့ဂြိုဟ်အကြောင်း သိပုံမရဘူး"

"အဟင့် ... အဟင့်၊ ဒီလိုဆိုရင် ဖြရဲ့ရတနာကြီးကို ပြန်တောင်းပေး။ ခု ပြန်တောင်းပေး။ အဆုံးမခံနိုင်ဘူး။ ပြန်တောင်းပေး"

"တောင်းပေးပါ့မယ်ကွယ်။ အကျိုးအကြောင်းရှင်းပြပြီး ပြန်တောင်းရင် ပို့ပေးမှာပါ"

ညည‌ဒေါင်က ချက်ချင်းပင် အင်တာနက်စက်ရှေ့တွင်ရပ်ကာ ဦးခန့်ညားထည်ဝါရှိရာ ကမ္ဘာဂြိုဟ်သို့ ဆက်သွယ်ပြောဆိုလိုက်လေသည်။

"ဦးခန့်ညားထည်ဝါ ခင်ဗျာ၊ လူကြီးမင်းပေးပို့လိုက်တဲ့ အင်္ကျီစများကို လက်ခံရရှိပါတယ်။ သို့သော် အစများဟာ ကျွန်တော်တို့အတွက် ဘယ်လိုမျှ အသုံးမဝင်ပါ ခင်ဗျာ။ အကြောင်းစုံသိချင်ရင်တော့ ကျွန်တော်တို့ ယလုံး ယလုဂြိုဟ်အကြောင်းကို အဘိဓာန်ကွန်ပျူတာထဲမှာ ရှာဖတ်ကြည့်ပါတော့။ မှားယွင်းပြီး အမှာစာပို့မိတဲ့ ကျွန်တော့်ကိုသာ ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး အဝတ်စဖိုးအဖြစ် ကျွန်တော်ပေးပို့ထားတဲ့ ရတနာကို ပြန်ပို့ပေးစေချင်ပါတယ် ခင်ဗျာ။ လူကြီးမင်းရဲ့အင်္ကျီစများကိုလည်း ပြန်ပို့ပေးပါ့မယ်"

ညည‌ဒေါင်၏ဆက်သွယ်မှုသည် နောက်ဆယ်နှစ်အကြာတွင် ကမ္ဘာဂြိုဟ်ပေါ်သို့ ရောက်ရှိသွားလေသည်။ သို့ရာတွင် ကမ္ဘာဂြိုဟ်ပေါ်မှ ပြန်လည်ဖြေကြားဆက်သွယ်မှုကိုမူ ညည‌ဒေါင်တို့ ပြန်လည်မရရှိခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် ...

လွန်ခဲ့သောငါးနှစ်ကပင် အသက် ၇၀ အရွယ်၌ ဦးခန့်ညားထည်ဝါ ကွယ်လွန်သွားခဲ့ပြီး ဖြစ်သောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com

# ပွင့်ဦးကြွေမှဖြင့်ကွယ်



www.burmeseclassic.com

www.burmeseclassic.com

# ပွင့်ဦးကြွေမှဖြင့်ကွယ်

***နေမင်းအနော်ရထာ***သည် သက္ကရာဇ် ၅၃၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်ဖြစ်သော သူ့မွေးနေ့တွင် အချစ်ကို စတင်တွေ့ရှိခဲ့လေသည်။

၅၃၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ သူ၏အသက် ၁၉ နှစ်ပြည့် မွေးနေ့ဖြစ်ပါ၏။

နေမင်းအနော်ရထာသည် သူ၏မွေးနေ့ညတွင် ကွန်ပျူတာကို အသုံးပြုကာ အင်တာနက်မှတစ်ဆင့် စကြဝဠာအတွင်း လွှင့်ထုတ်ထားသည့် အချက်အလက်များကို ခလုတ်တစ်ခုပြီးတစ်ခုနှိပ်ကာ လျှောက်ကြည့်နေမိသည်။ နေမင်းအနော်ရထာတို့ လူဖြစ်လာသောကာလတွင် နေစကြဝဠာအတွင်းရှိ ဂြိုဟ်များမှ သက်ရှိများနေထိုင်နိုင်သည့် ဂြိုဟ်များအားလုံး တစ်ခုနှင့်တစ်ခု ဆက်သွယ်မိကာ ကူးသန်းသွားလာမှုများ ရှိနေကြပေပြီ။ နေမင်းအနော်ရထာ၏ဖခင် ***ဦးသိန်းသန်းကုမြေချို*** ဆိုလျှင် ကြာသပတေးဂြိုဟ်နှင့် အသွားအပြန် ကုန်ကူးသန်းရောင်းဝယ်နေသူတစ်ဦး ဖြစ်သည်။ မိခင်ဖြစ်သူ ***ဒေါ်ရွှန်းတင့်ကျက်သရေ***မှာလည်း အင်္ဂါဂြိုဟ်ရှိ စကြဝဠာလုံးဆိုင်ရာ တက္ကသိုလ်ကျောင်းမှ စကြဝဠာဇီဝဗေဒပညာရပ်ဖြင့် ဘွဲ့ရထားသူတစ်ဦး ဖြစ်သည်။

နေမင်းအနော်ရထာ၏ ဖခင်ဘက်မှ ဘကြီးတစ်ယောက်မှာ ဂြိုဟ်ဆင်းအမည်ရှိသည့် ဂြိုဟ်ငယ်တစ်လုံးတွင် ကမ္ဘာဂြိုဟ်ဆိုင်ရာသံအမတ်ကြီးအဖြစ် သွားရောက်တာဝန်ထမ်းဆောင်နေပေသည်။ ဤခေတ်တွင် ဂြိုဟ်များ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနှင့်တစ်ခု ဆက်သွယ်ကူးသန်းခြင်းမှာ ဆန်းပြားသောကိစ္စ မဟုတ်တော့ပေ။

နေမင်းအနော်ရထာကတော့ စကြဝဠာအတွင်းရှိ ဂြိုဟ်များကို သိပ်စိတ်မဝင်စားလှပေ။ အကြောင်းမှာ အခြားသောကမ္ဘာမှ ဂြိုဟ်သူ ဂြိုဟ်သားများသည် သူတို့ရှိချင်သည့်ပုံစံအတိုင်း ရှိနေကြသည့်အတွက် ဖြစ်ပါ၏။ ဂြိုဟ်တိုင်းမှ ဂြိုဟ်သားများမှာ လူနှင့်မတူကြချေ။ လူနှင့် ပုံပန်းသဏ္ဍာန်တူသော ဂြိုဟ်သားမှာ ရှားပါးလှလေ၏။

ဥပမာအားဖြင့် ကြာသပတေးဂြိုဟ်နှင့် အင်္ဂါဂြိုဟ်ပေါ်မှ ဂြိုဟ်သားများမှာ ကမ္ဘာပေါ်ရှိလူသားများနှင့် အနီးစပ်ဆုံးတူညီကြပါသည်။ သို့ တူသည့်တိုင် ကွဲပြားချက်များတော့ ရှိပါသေး၏။

အင်္ဂါဂြိုဟ်သားများတွင် လက်လေးဖက်ပါသည်သာ ကွာခြားပြီး အားလုံးကမ္ဘာဂြိုဟ်သားများနှင့် တူညီပေသည်။ အဖိုအမကွဲပြားမှု ရှိသည်။ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသည်။ အဝတ်အစား ဝတ်ဆင်ကြသည်။

ကြာသပတေးဂြိုဟ်သည်လည်း ထိုနည်းတူပင်။ ဂြိုဟ်သားများသည် လူ၏ အသွင်သဏ္ဍာန်အတိုင်း ရှိသည်။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ပါသည်။ သူတို့တွင် မိုးပေါ်သို့ပျံသန်းနိုင်သော အတောင်ပံတစ်စုံပါသည်က လူသားတို့ထက် သာလွန်သော အချက်ဖြစ်ပါ၏။ အဝတ်အစား ဝတ်ဆင်ကြသည်။ အဖိုအမကွဲပြားမှု ရှိပါသည်။

ထိုသို့ လူနှင့် အနီးစပ်ဆုံးတူညီကြသည့်အတွက် ကြာသပတေးဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့မှာ လူသားများနှင့် အဆက်အသွယ်အများဆုံး ဂြိုဟ်များဖြစ်နေကြခြင်းပင်။

အချို့သောဂြိုဟ်များမှာ သက်ရှိသတ္တဝါများ မှီတင်းနေထိုင်သော်ငြား သွင်ပြင်ကတော့ လူသားနှင့် လုံးဝခြားနားပါပေသည်။

ဥပမာအားဖြင့် အားနက်စ်အမည်ရှိဂြိုဟ်မှ ဂြိုဟ်သားများသည် ပင့်ကူသဏ္ဍာန်မျိုး ကိုယ်လုံး၏ပတ်ပတ်လည်တွင် ခြေချောင်းလက်ချောင်းများ ၁၂ ချောင်းတိတိ ရှိနေသည်။ နေမင်းအနော်ရထာ၏ဘကြီး သံအမတ် သွားလုပ်နေသော ဗိုက်ဆင်းအမည်ရှိ ဂြိုဟ်မှဂြိုဟ်သားများသည် မြွေတို့၊ တီကောင်တို့ကဲ့သို့ လုံးဝန်းရှည်လျားသော သဏ္ဍာန်ရှိကာ မြေပေါ်တွင် တွား၍ သွားကြပေ၏။ ဘကြီးမှာ မြွေလိုလို တီကောင်လိုလို ဂြိုဟ်သားများကြားတွင်



www.burmeseclassic.com

www.burmeseclassic.com



သံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေရရှာပေ၏။ သဘောသဘာဝ လွန်စွာကွဲပြားသည့်အတွက် အစားအသောက်၊ အနေအထိုင်ကအစ မတူညီရာဘကြီးထံမှ ညည်းညူသံများကို မကြာခဏကြားရပေသည်။

ထို့အတွက်ကြောင့် နေမင်းအနော်ရထာသည် အခြားဂြိုဟ်များအား စိတ်မဝင်စားခြင်းဖြစ်ပေသည်။ သူ့အနေနှင့် အခြားဂြိုဟ်များပေါ်သို့ ပညာတော်သင်သွားရန် လည်းကောင်း၊ အလုပ်သွားရောက်လုပ်ကိုင်ရန် လည်းကောင်း စိတ်မကူးခဲ့ပေ။ ဖခင်ဖြစ်သူက သူနှင့်အတူ ကြာသပတေးဂြိုဟ်ကို အလည်အပတ်လိုက်ခဲ့ဖို့ ခေါ်သည်ကိုပင် တစ်ခေါက်မျှလိုက်မသွားခဲ့ချေ။

ဆိုလိုသည်မှာ နေမင်းအနော်ရထာသည် ကမ္ဘာဂြိုဟ်ပေါ်ရှိ မိမိကဲ့သို့သက်ရှိလူမှအပ အခြားဂြိုဟ်သားများကို စိတ်မဝင်စားဟု ဆိုလိုခြင်းဖြစ်ပါသည်။ သူကဲ့သို့ အခြားဂြိုဟ်ကမ္ဘာများကို စိတ်မဝင်စားမိသူကမှ ချစ်သူတွေ့မယ့်တွေ့တော့ ကမ္ဘာနှင့် အလှမ်းကွာဝေးလွန်းလှသော ဂြိုဟ်တစ်လုံးပေါ်မှ မိန်းကလေးကို သွားချွဲတွေ့ရလေသေးသည်။

ထိုနေ့က နေမင်းအနော်ရထာသည် သူ၏ ၁၉ နှစ်ပြည့်မွေးနေ့ပွဲအတွက် သူငယ်ချင်းများကို ဟိုတယ်တွင် သွားရောက်ကျွေးမွေးပြီး ပြန်လာခဲ့ခြင်း ဖြစ်သည်။ ရွယ်တူသူငယ်ချင်းများကိုချည်း ဧည့်ခံသည့်ပွဲမို့ ဘီယာအနည်းအကျဉ်းကို သောက်ခဲ့မိလေသည်။ နေမင်းအနော်ရထာသည် ဘွဲ့ရပြီးသည့် ယခုအသက်အရွယ်အထိ အရက်သေစာကို ရှောင်ကြဉ်ခဲ့သော လူငယ်လေးတစ်ယောက်ဖြစ်၏။ သည်ကနေ့တော့ အပေါင်းအသင်းလည်း စုံ၊ မိမိမွေးနေ့ပွဲလည်းဖြစ်နေ၍ အနည်းအကျဉ်း သောက်လာခဲ့ခြင်းဖြစ်ပါသည်။

သူ မူးတော့မမူးပါ။

အိမ်ပြန်ရောက်တော့ ချက်ချင်းအိပ်မရဖြစ်နေသည်နှင့် ကွန်ပျူတာကို ဖွင့်ကာ အင်တာနက်ထဲဝင်၍ ဟိုနှိပ်သည်နှိပ်နှင့် နှိပ်နေမိသည်။ သူသည် ဘယ်ခလုတ်ကို နှိပ်လိုက်မိသည်ပင်မသိ၊ သူ၏မော်နီတာမြင်ကွင်းထဲတွင် လှပချောမောသော မိန်းကလေးတစ်ယောက်ပုံ ပေါ်လာသည့်အခါမှ အသန့်တကြားဖြစ်ကာ မှင်တက်မိသွားသည်။ မိန်းကလေးက ချောမောလှပပါရုံကာနှင့် အလန့်တကြား ဖြစ်သွားရခြင်းမှာ ထိုမိန်းကလေး၏အလှသည် သူ၏နှလုံးသားကို ကိုင်လှုပ်လိုက်သည့်အတွက်ပင်ဖြစ်ပါ၏။ နေမင်းအနော်ရထာ၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝတွင် မိန်းကလေးတစ်ယောက်အတွက် ဤမျှရင်ခုန်လှိုက်မောရသော အဖြစ်ကို မကြုံခဲ့ဖူးပါသေးချေ။

ဖြစ်ချင်တော့ သူ မရည်ရွယ်ဘဲနှိပ်လိုက်သည့် ကုတ်နံပါတ်နှင့် အင်တာနက်လိပ်စာမှာ မိန်းကလေး၏ကိုယ်ပိုင် အင်တာနက်ကုတ်ဝါဒ်အတိုင်း ဖြစ်နေသည်။ ထိုအချိန်တွင် တစ်ဖက်မှမိန်းကလေးကလည်း သူမ၏ ကွန်ပျူတာ ရှေ့တွင်ထိုင်ကာ အင်တာနက်ထဲကိုဝင်ရောက်ဆဲ ကြုံကြိုက်သွားခြင်း ဖြစ်ပါ၏။

မိန်းကလေးသည်လည်း သူမကို အင်တာနက်ထဲမှ လှမ်းဆက်သွယ်လိုက်သည့် နေမင်းအနော်ရထာ၏ရုပ်ပုံကို မြင်လိုက်သည့်အခါ အံ့ဩသွားလေသည်။

" ... ... ... ... ..."

မိန်းကလေးစ၍ တစ်စုံတစ်ခု ပြောလိုက်သော်လည်း နေမင်းအနော်ရထာသည် ရုတ်တရက်နားမလည်လိုက်ချေ။ အမှန်မှာ မိန်းကလေးသည် သူတို့ဂြိုဟ်၏ ဘာသာစကားဖြင့် ပြောလိုက်ခြင်းဖြစ်ပါ၏။

နေမင်းအနော်ရထာက မိန်းကလေးကို ကမ္ဘာဂြိုဟ်ပေါ်မှ လူသားများ သွင်ပြင်အတိုင်း တွေ့လိုက်ရပါ၍ ကမ္ဘာပေါ်မှ တစ်နေရာရာရှိ အင်တာနက်လိပ်စာကို နှိပ်လိုက်မိသည်ဟုပင် ယူဆမိလေသည်။

မိန်းကလေးက မော်နီတာမြင်ကွင်းမှတစ်ဆင့် သူမ၏ကွန်ပျူတာမှ ဘာသာပြန်စက်ခလုတ်ကို လက်ညှိုးထိုးပြသည်။ ထိုအခါမှ နေမင်းအနော်ရထာလည်း သူ့ကွန်ပျူတာထဲတွင် ဘာသာပြန်ဖိုင်ခလုတ်ကို နှိပ်လိုက်ရလေသည်။

အခြားသောဂြိုဟ်များနှင့် ဆက်သွယ်သည့်အခါ ဘာသာစကားချင်း မတူသဖြင့် ဆက်ဆံရေးအခက်အခဲမရှိစေရန် တီထွင်ထားသည့်စနစ် ဖြစ်ပါသည်။ ဘာသာပြန်ခလုတ်ကို နှိပ်လိုက်ပါက မည်သည့်ဂြိုဟ်မှ ဆက်သွယ်ချက်ကိုမဆို ကမ္ဘာ့ဘာသာစကားဖြင့် ဘာသာပြန်ပြီးသားကို ကြားရနိုင်လေသည်။ ကမ္ဘာ့ဘာသာစကား ဆိုသည်မှာလည်း တစ်ကမ္ဘာလုံးအသုံးပြုကြသည့် အင်္ဂလိပ်ဘာသာဖြစ်ပါ၏။

"ဟဲလို၊ မင်္ဂလာပါ။ ရှင်က ကမ္ဘာဂြိုဟ်က ယောက်ျားလေး တစ်ယောက်ပေါ့နော်။ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်ခလုတ် နှိပ်လိုက်ပြီးဖြစ်သဖြင့် တစ်ဖက်မှ မိန်းကလေး ပြောစကားကို အင်္ဂလိပ်ဘာသာဖြင့် ပီပြင်ရှင်းလင်းစွာ ကြားလိုက်ရလေသည်။

"အိုး . . . ကိုယ်က ကမ္ဘာဂြိုဟ်ကဟုတ်ပါတယ်။ ဒါဖြင့် မင်းကတော့ ကမ္ဘာဂြိုဟ်ပေါ်က မဟုတ်ဘူးလား"

"အလို . . . ရှင်ပဲ ကျွန်မတို့ ဟတ္တဘိကဂြိုဟ်ရဲ့ ကုတ်ဝါဒ့်ကိုနှိပ်ပြီး ကျွန်မဆီ ဆက်သွယ်လိုက်တာ မဟုတ်လား"

"ဆောရီး။ ကျွန်တော် နှိပ်မိနှိပ်ရာ နှိပ်လိုက်မိတာဗျ။ ဘယ်ရောက်လို့ ရောက်သွားမှန်းတောင် မသိဘူး။ မင်းတို့ဂြိုဟ်နာမည်က ဘာ၊ ပြန်ပြောပါဦး"

"ဟတ္တဘိကတဲ့"

"ဟတ္တဘိက၊ ဟင် . . . ကျွန်တော် ဒီနာမည်တစ်ခါမှ မကြားဖူးဘူး"

"ကျွန်မကတော့ ရှင်တို့ကမ္ဘာဂြိုဟ်အကြောင်း သိပါတယ်။ ကျောင်းမှာ ရှင်တို့ဂြိုဟ်အကြောင်း သင်ရတယ်ရှင့်"

"ဒါဖြင့် မင်းက ကိုယ့်ထက်သာသွားပြီ။ ဒါထက် ကိုယ် ကမ္ဘာပေါ်က ဆက်သွယ်နေတာကို မင်းဘယ်လိုသိလဲ"

"ဟောတော့။ ကျွန်မကွန်ပျူတာထဲမှာ တစ်ဖက်က ဆက်သွယ်တဲ့ နေရာဒေသအမည် ပေါ်နေတယ်လေ။ ဒီကွန်ပျူတာက ရှင်တို့ကမ္ဘာပေါ်က ထုတ်လုပ်တဲ့ ကွန်ပျူတာရှင့်။ နည်းပညာအရာမှာ ရှင်တို့က ကျွန်မတို့ထက် သာလွန်လို့ သိပ္ပံပစ္စည်းအားလုံး ရှင်တို့ဆီက မှာသုံးနေရတာ"

"ဩော် . . . ဟုတ်လား"

မိန်းကလေးက သူ့ထက် ဗဟုသုတပိုသာနေပေသည်။

"ဒါနဲ့ မင်းက အဲဒီဂြိုဟ်ပေါ်မှာ ဘာသွားလုပ်နေတာလဲ"

"ရှင် ဘာမေးတာလဲ။ ကျွန်မက ဟတ္တဘိကဂြိုဟ်သူ စစ်စစ်ရှင့်"

နေမင်းအနော်ရထာ အံ့သြရပြန်ပြီ။

"အို . . . ဟုတ်လား။ ကိုယ်က မင်းကို ကိုယ်တို့ကမ္ဘာပေါ်က လူသားတွေ ပုံစံအတိုင်း မြင်လိုက်ရတော့ ကမ္ဘာပေါ်ကနေ အကြောင်းကိစ္စ တစ်ခုခုနဲ့ အဲဒီဂြိုဟ်ပေါ် အလည်ရောက်နေတယ် ထင်လိုက်တာ။ ကိုယ်သိ သမျှက ကိုယ်တို့လူတွေနဲ့ အားလုံးတူတဲ့ သက်ရှိလူသား တခြားဂြိုဟ်တွေ ပေါ်မှာ မရှိဘူးလို့ သိထားတာ။ ဒီအတိုင်းဆိုရင် မင်းတို့ဂြိုဟ်ပေါ်က လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ မင်းပုံစံအတိုင်းပဲပေါ့နော်။ ကိုယ်တို့လူတွေနဲ့ အတူတူပဲပေါ့၊ ဟုတ်လား''

မိန်းကလေးက သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။

''ဟုတ်ပါသတဲ့ ရှင်။ ရှင်တို့ကျောင်းတွေက ဒါတွေ သင်မပေးဘူးထင်တယ်။ ဒါဖြင့်မှတ်ထား၊ ပေဘာဒီနေစကြဝဠာကြီးထဲမှာ ရှင်တို့ ကျွန်မတို့လို ခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ပါပြီး လမ်းလျှောက်ရင် မတ်မတ်လျှောက်တဲ့ သက်ရှိသတ္တဝါမျိုးရှိတာ ဂြိုဟ်သုံးလုံးပဲရှိတယ်။ ရှင်တို့ကမ္ဘာ ဂြိုဟ်ရယ်၊ ကျွန်မတို့ ဟတ္တာတိကဂြိုဟ်ရယ်၊ အရိဒန္တဆိုတဲ့ ဂြိုဟ်ရယ်''

''အိုး . . . အဲဒီအရိဒန္တိဆိုတဲ့ ဂြိုဟ်ရှိမှန်းလည်း ကိုယ်မသိသေးဘူး။ ကျွန်တော် တော်တော်ညံ့သေးတာပဲ''

နေမင်းအနော်ရထာက တစ်ဖက်ကမိန်းကလေးလောက်ပင် ဗဟုသုတမရှိသည့် ကိုယ့်ကိုယ်ကို စိတ်ပျက်သွားမိသည်။ ဟတ္တာတိကဂြိုဟ်သည် နည်းပညာအရာတွင် ကမ္ဘာဂြိုဟ်လောက် မမြင့်မားသည့်အတွက် ကမ္ဘာပေါ်မှ ပစ္စည်းများကို မှာသုံးနေရသည်ဆိုသော်လည်း ဂြိုဟ်သားများကတော့ ဗဟုသုတ အပြည့်ရှိကြပါကလား။

''အရိဒန္တိဂြိုဟ်က အရမ်းဝေးတယ်ရှင့်။ နေကနေ ကီလိုမီတာ သန်းပေါင်း ၁၅ သိန်းဝေးတယ်။ အဲလောက်ကြီးဝေးတော့ သူတို့ဂြိုဟ်သားတွေနဲ့ တွေ့ဖို့ မလွယ်ဘူးလေ''

''အလိုလေးဗျာ၊ အဝေးကြီးပါလား။ ဒါဖြင့် မင်းတို့ဂြိုဟ်ကတော့ ကိုယ်တို့ကမ္ဘာနဲ့ သိပ်မဝေးဘူးပေါ့နော်''

''မဝေးလို့ ရှင် ဆက်သွယ်လိုက်တာနဲ့ ကျွန်မတို့ဆီ ချက်ချင်း ရောက်လာတာပေါ့။ ရှင်တို့ကမ္ဘာနဲ့ ကျွန်မတို့ဟတ္တာတိကဂြိုဟ်ဟာ ကီလိုမီတာ သန်းပေါင်းနှစ်သိန်းပဲဝေးပါတယ်''

''အမလေးဗျာ၊ နီးတယ်ဆိုတာတောင် ကီလိုမီတာ သန်းပေါင်း သိန်းဂဏန်းကျော်ပါသေးလား''

မိန်းကလေးက ရယ်နေပြန်သည်။

''ရှင်က ပထဝီဝင်ဘာသာကို စိတ်မဝင်စားဘူးဟုတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ပထဝီ၊ ဟုတ်တယ်။ ကိုယ် ကျောင်းမှာ သိပ္ပံဘာသာတွဲပဲယူခဲ့တာ။ ပထဝီနဲ့ကိုယ်နဲ့ စိမ်းတယ်။ အဲဒီတော့လည်း စကြဝဠာထဲက ဂြိုဟ်တွေ အကြောင်းကို မသိဘူးပေါ့ကွာ"

"အင်းလေ . . . ကိုယ်စိတ်ဝင်စားရာပေါ့။ ကျွန်မကတော့ နေစကြ ဝဠာထဲက ဂြိုဟ်နက္ခတ်တာရာတွေကို စိတ်ဝင်စားတယ်ရှင့်။ ကိုယ်နေ့နေတဲ့ စကြဝဠာအကြောင်းကို သက်ရှိတိုင်း သိထားသင့်တယ် မဟုတ်လား။ ကျွန်မ ၈ တန်းရောက်ရင်တော့ စကြဝဠာပထဝီဝင်ဘာသာရပ်ကို အထူးပြုယူမယ်လို့ စိတ်ကူးထားတယ်။ သိလား"

"ရှစ်တန်းရောက်ရင်၊ ဟုတ်လား။ နေပါဦး မင်းက အခုဘယ်နှစ် တန်းမို့လို့လဲ"

"ကျွန်မ သုံးတန်းရောက်နေပြီရှင့်"

သည်တစ်ခါတော့ နေမင်းအနော်ရထာ အအံ့သြဆုံး ဖြစ်သွားရပါ သည်။ သူ မြင်နေရသည့်မိန်းကလေးသည် သူနှင့် သက်တူရွယ်တူလောက် ရှိပါ၏။ ကွာလှ တစ်နှစ်အလွန်ဆုံးပဲ ဖြစ်လိမ့်မည်။ သည်အရွယ်ကြီးက အခုမှသုံးတန်းဆိုတော့ နေမင်းအနော်ရထာ မအံ့သြဘဲမနေနိုင်တော့ချေ။ စာမေးပွဲကျနေလို့လား။ မိန်းကလေး၏ပြောပုံဆိုပုံ ဗဟုသုတပြည့်ဝပုံများမှာ စာမေးပွဲတဖုံးဖုံးကျနေသည့် ခပ်ညံ့ညံ့ပုံစံမျိုး မဟုတ်ချေ။

"မင်း ခုမှ သုံးတန်းရောက်သေးတယ်၊ ဟုတ်လား။ မင်းတို့ဆီမှာ ဘယ်အရွယ်မှာ ကျောင်းစနေကြလို့လဲဟင်"

"ကျွန်မတို့ဆီမှာ အသက်ဆယ်နှစ်မှ ကျောင်းနေခွင့်ပြုတယ်ရှင့်။ သုံးနှစ်ကို တစ်တန်းတက်ရတယ်။ အခု ကျွန်မအသက်က ၁၈ နှစ်လေ။ သုံးတန်းနောက်ဆုံးနှစ်ပေါ့"

"ဟင် . . . မင်းတို့ဆီက တော်တော်ဆန်းတာပဲ။ တို့ဆီမှာတော့ အသက်ငါးနှစ်ဆို ကျောင်းနေလို့ရပြီ။ ဘွဲ့တစ်ခုရဖို့ ၁၄ နှစ် စာသင်ရတယ်။ တစ်နှစ်ကိုတစ်တန်း တက်ရတယ်လေ။ စာမေးပွဲ တစ်ခါမှမကျတဲ့သူ တစ် ယောက်ဟာ အသက် ၁၉ နှစ်ဆိုရင် ဘွဲ့ရပြီးပြီပဲ။ ကိုယ်လည်းဘွဲ့ရပြီးပြီ ကိုယ့်အသက်က ၁၉ နှစ်ရှော။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ပဲ ကိုယ့်အသက် ၁၉ နှစ်ပြည့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . တိုက်ဆိုင်လိုက်တာရှင်။ ကျွန်မမွေးနေ့ကလည်း ဒီနေ့ပဲရှင့်။ ဒီနေ့ဟာ ကျွန်မအသက် ၁၈ နှစ်ပြည့်တဲ့နေ့လေ"

"ဟာ . . . ဟုတ်လား"

"ကျွန်မနောက်ကျောဘက်ကို ကြည့်လိုက်ပါလား။ အိမ်မှာ မွေးနေ့ပါတီပွဲလုပ်လို့ ပြင်ဆင်ထားတာ။ အခုပဲ မွေးနေ့ပွဲလာတဲ့ ကျွန်မသူငယ်ချင်းတွေ ပြန်သွားကြတာ"

မိန်းကလေးက သူ့ကိုယ်ကို အနည်းငယ်တိမ်းကာ နောက်မှ အိမ်အပြင်အဆင်ကို မြင်အောင်ပြလိုက်သည်။ အိမ်ထဲတွင် ရောင်စုံစက္ကူများ ကပ်ထားပြီး ရောင်စုံပူဖောင်းများ ချိတ်ဆွဲအလှဆင်ထားသည်ကို တွေ့လိုက်ရလေ၏။ သူတို့ဂြိုဟ်ဟာ ကမ္ဘာဂြိုဟ်နဲ့ အစစအရာရာတူလှချည်လား။

"ဟက်ပီးဘတ်သ်ဒေးပါ။ ဒါနဲ့ ကိုယ်တို့တွေ နာမည်လည်း မသိကြသေးဘူး။ မင်းနာမည် ဘယ်လိုခေါ်လဲ ပြောပါဦး"

"ဟက်ပီးဘတ်ဒေးတူယူ။ ကျွန်မနာမည်က *ဟိန်ဒရီယာဒ္* လို့ ခေါ်ပါတယ် ရှင်"

"ဟိန်ဒရီယာဒ္၊ ဟုတ်လား။ မင်းနာမည်မှာ အဓိပ္ပာယ် သီးခြား ရှိသလားဟင်"

"ဟိန်ဒရီယာဒ္ဆိုတာ ကျွန်မတို့ဂြိုဟ်ပေါ်မှာပွင့်တဲ့ ပန်းတစ်မျိုးရဲ့ နာမည်ပါရှင်။ သိပ်လှပြီးသိပ်မွှေးတဲ့ပန်းပေါ့။ ကျွန်မအဖေက ဒီနာမည်ကို ပေးထားတာပါ"

"သိပ်ကောင်းတဲ့နာမည်ပဲ။ ကျွန်တော်တို့ ကမ္ဘာပေါ်မှာလည်း မိန်းကလေးတွေကို ပန်းနာမည်ပေးကြပါတယ်"

"ရှင့်နာမည်ကရော"

"ကျွန်တော့်နာမည်က နေမင်းအနော်ရထာလို့ ခေါ်ပါတယ်"

"သီးသန့်အဓိပ္ပာယ်ရှိသလားရှင့်"

"ရှိပါတယ်။ နေမင်းဆိုတာ ကျွန်တော်တို့စကြဝဠာတစ်ခုလုံးကို အလင်းဆောင်တဲ့နေရဲ့ အဓိပ္ပာယ်ပါ။ အနော်ရထာဆိုတာကတော့ ဟိုးရှေး နှစ်ပေါင်းလေးထောင်လောက်က ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ သူရဲကောင်းဘုရင်တစ်ပါး နာမည်ပါ။ သူရဲကောင်းနာမည်ကို အတုယူပြီး မှည့်ထား



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ခင်ဗျားလိုပဲ ကျွန်တော့်နာမည်ကို ကျွန်တော့်အဖေက မှည့်ပေးထားတာပါ ဟိန်ဒရီယာဒု"

"ဪ . . . နေမင်းအနော်ရထာ၊ ခေါ်လို့ကောင်းသားပဲ"

မိန်းကလေးက သူ့နာမည်ကို ရွတ်ကြည့်နေလေသည်။

"ကိုယ်တို့နှစ်ယောက်စလုံးရဲ့မွေးနေ့မှာ မင်းနဲ့တွေ့ရလို့ သိပ်ဝမ်းသာမိတယ် ဟိန်ဒရီယာဒုရယ်။ နောက်နေ့တွေလဲ ကိုယ် မင်းကို ဆက်သွယ်ပါရစေနော်"

"ရပါတယ် နေမင်းအနော်ရထာ။ ဟိန်ဒရီကလည်း နေမင်းအနော်ရထာတို့ရဲ့ ကမ္ဘာ့ဂြိုဟ်အကြောင်း သိချင်တာလေးတွေ မေးချင်ပါတယ်"

"ဒါဖြင့် ကိုယ်တို့နှစ်ယောက် မိတ်ဆွေတွေဖြစ်သွားကြပြီပေါ့"

"ဟုတ်တာပေါ့ နေမင်းအနော်ရထာ"

"နောက်နေ့တွေလည်း ကိုယ် ဟိန်ဒရီနဲ့ဆက်သွယ်ပါရစေ ဟိန်ဒရီ"

"ရပါတယ် နေမင်းအနော်ရထာ။ ဟိန်ဒရီတို့ သူငယ်ချင်း ဖြစ်သွားကြပြီပဲ။ ဟိန်ဒရီအားရင်လည်း ဟိန်ဒရီက အရင်ဆက်သွယ်လိုက်ပါ့မယ်"

ယင်းသို့ဖြင့် နေမင်းအနော်ရထာသည် ၁၉ နှစ်ပြည့် မွေးနေ့တွင် အသက် ၁၈ နှစ်ပြည့် မွေးနေ့ရှင်တစ်ဦးဖြစ်သော ဟတ္တာတိကဂြိုဟ်မှ ဂြိုဟ်သူမလေး ဟိန်ဒရီယာဒုကို စတင်တွေ့ရှိခဲ့လေသည်။ သူတို့နှစ်ယောက်၏ တွေ့ဆုံသည် ဂြိုဟ်ချင်းအံ့လှမ်းကွာခြားသော်လည်း တိုက်ဆိုင်စွာ နှစ်ယောက်စလုံးမွေးနေ့ရက်တွင် ဆုံဆည်းခဲ့ရသည်။

ထိုညက နေမင်းအနော်ရထာသည် တော်တော်နှင့်အိပ်မပျော်ခဲ့ချေ။ သူ့မျက်စိထဲဝယ် ဟတ္တာတိကဂြိုဟ်သူမလေး ဟိန်ဒရီယာဒုပုံက ဝဲလှည့်ထင်ပေါ်နေခဲ့သည်။ သိပ်လှတဲ့ ဟိန်ဒရီယာဒု။ ဟိန်ဒရီယာဒု၏အလှသည် လူသားကမ္ဘာသူမလေးများနှင့် မခြားပေ။ ဟိန်ဒရီယာဒု၏ အသားအရေက ပို၍ စိုပြည်ဝင်းလက်ကာ စွဲမက်ဖွယ် ပိုကောင်းနေသေးသည်ဟု ထင်မိသည်။ ဘွဲ့ရသည်ထိ ရည်းစားသနာပင် မထားခဲ့ဘူးသော နေမင်းအနော်ရထာသည် မော်နီတာမှန်သားပြင်မှတစ်ဆင့် မြင်ရသော ဝေးလံလှသည့်အရပ်က ဂြိုဟ်သူမလေးကျမှပင် တမ်းတမ်းစွဲ စွဲလမ်းသွားမိရတော့သည်။ ထိုညကဟိန်ဒရီယာဒုသည် သူ၏အိပ်မက်ထဲအထိပင် အလည်ရောက်လာခဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကစ၍ နေမင်းအနော်ရထာနှင့်ဟိန်ဒရီယာဒုတို့သည် နေ့စဉ်ဆိုသလို ဆက်သွယ်ခဲ့ကြလေသည်။ သူတို့သည် စကားတွေ ဖောင်လောက်အောင် ပြောကြသည်။ အချိန်ကုန်သည့်အခါ အင်တာနက်ထဲမှ မထွက်ချင်ထွက်ချင်နှင့် ထွက်လိုက်ကြရသည်။ စကားတွေက ပြောလို့မဝသေး။ နေမင်းအနော်ရထာအဖို့ ဘွဲ့ရပြီးနောက် အလုပ်ခွင်မဝင်ရသေးသည့်အချိန်မို့ အားချင်တိုင်း အားနေသည်။ အချိန်ရှိသရွေ့ ဟိန်ဒရီယာဒု မျက်နှာလေးကိုသာ မြင်ချင်နေမိသည်။ အားတိုင်း အင်တာနက်ထဲဝင်ကာ ဟိန်ဒရီယာဒုတို့ဂြိုဟ်၏ ကုတ်နံပါတ်ကိုနှိပ်ရင်း ဟိန်ဒရီယာဒုကို ဆက်သွယ်နေမိ၏။

သူက အားချင်တိုင်းအားနေသော်လည်း ဟိန်ဒရီယာဒုခမျာ မအားရှာပေ။ သူတို့ဆီက သုံးတန်းစာမေးပွဲသည် အတော်အရေးကြီးသည်ဟု ဆိုလေသည်။ စာမေးပွဲနီးနေ၍ ဟိန်ဒရီယာဒုလေးခမျာ စာကျက်နေရရှာသည်။ ကျောင်းလည်းတက်ရ၊ အိမ်ပြန်ရောက်တော့လည်း စာကျက်ရနှင့် ဟိန်ဒရီယာဒုလေးခမျာ မအားလပ်ရှာပေ။ သည်တော့လည်း နေမင်းအနော်ရထာသည် သူ့စိတ်သူချုပ်တည်းကာ တစ်နေ့တစ်ခေါက် တွေ့ခွင့်ပေးတာလေးနှင့်ပင် ကျေနပ်၍ နေရတော့သည်။

ဟိန်ဒရီယာဒု စာမေးပွဲပြီးသည့်အချိန်မှာတော့ နေမင်းအနော်ရထာသည် ဟိန်ဒရီယာကို ချစ်နေမိကြောင်း ဖွင့်ပြောလိုက်တော့သည်။ ဟိန်ဒရီယာဒုကလည်း နေမင်းအနော်ရထာ၏အချစ်ကို တုံ့ပြန်ခဲ့လေသည်။ သူတို့နှစ်ယောက်ဆက်သွယ်မိပြီး တစ်လအကြာမှာ ချစ်သူများဘဝသို့ ရောက်သွားကြခြင်းပင် ဖြစ်ပါ၏။ ချစ်သူတွေ ဖြစ်ကြပြီဆိုတော့လည်း စကားလက်ဆုံပြောမကုန်ကြ။ နေ့စဉ်လို ဆက်သွယ်နေမိကြတော့သည်။ နေမင်းအနော်ရထာတစ်ယောက် နေ့ရှိသ၍ ကွန်ပျူတာရှေ့ကမထဘဲ အင်တာနက်ထဲချည်း ဝင်နေတာကို မိခင်ဖြစ်သူက သတိထားမိသွားလေသည်။

နေမင်းအနော်ရထာလည်း ဂြိုဟ်သူမလေးတစ်ယောက်နှင့် ချစ်ကြိုက်နေကြောင်း ဝန်ခံလိုက်လေ၏။ မိခင်ဖြစ်သူဒေါ်ရွှန်းတင့်ကျက်သရေမှာ စကြဝဠာဇီဝဗေဒဘာသာရပ်ဖြင့် ဘွဲ့ရထားသူမို့ သားဖြစ်သူ အခြားဂြိုဟ်မှ မိန်းမတစ်ယောက်နှင့် ချစ်ကြိုက်နေကြောင်း သိလိုက်ရသည့်အခါ စိုးရိမ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား၊ ဒီခေတ်မှာ တစ်ကမ္ဘာစီခြားတဲ့လူချင်း လက်ထပ်ကြတာ မဆန်းပေမဲ့ သားကိုတော့ မေမေက တခြားဂြိုဟ်သူတစ်ယောက်နဲ့ သဘော မတူနိုင်ဘူးကွယ်။ သားသိတဲ့အတိုင်း ပျံ့ပွားလာမယ့် မျိုးဆက်ဟာ အမဘက် ကို လိုက်နေကြပဲကွယ့်။ သားကို တခြားဂြိုဟ်သူတစ်ယောက်နဲ့ လက်ထပ်ပြီး အဲဒီဂြိုဟ်သားလေးတွေကို မေမေ့မြေးတော်ရမှာတော့ မေမေလက်မခံချင် ဘူးကွယ်"

ဒေါ်ရွှန်းတင့်ကျက်သရေ၏ ခံယူချက်ကိုလည်း အပြစ်မဆိုသာပေ။ ယခုကာလတွင် ဂြိုဟ်ချင်းခြား၍ အသွင်သဏ္ဍာန်လည်းမတူ၊ ဓလေ့စရိုက် မတူသော်ငြား လက်ထပ်ပေါင်းသင်းကြသူများ ရှိနေကြပါ၏။ သူတို့မှ သားသမီး ပေါက်ဖွားလာသည့်အခါ မွေးလာသည့်ကလေးသည် အမဖြစ်သောဂြိုဟ်သူ၏ မျိုးရိုးအတိုင်း မွေးဖွားလာလေ့ရှိပါ၏။

ဥပမာ–ကမ္ဘာဂြိုဟ်သား ယောကျ်ားတစ်ယောက်နှင့် ကြာသပတေး ဂြိုဟ်သူမိန်းမတစ်ယောက်တို့ အိမ်ထောင်ကျသည်ဆိုပါစို့။ သူတို့မှ ပေါက်ပွား လာသောကလေးသည် ကြာသပတေးဂြိုဟ်မှ လူသားများ ပုံပန်းသဏ္ဍာန် အတိုင်း ခြေနှစ်ဖက်၊ လက်နှစ်ဖက်မှာ လူအတိုင်းဖြစ်သော်လည်း ကြာသ ပတေးဂြိုဟ်သားတို့၏ ထူးခြားချက်ဖြစ်သော မိုးပေါ်သို့ပျံသန်းနိုင်သည့် အတောင်ပံတစ်စုံပါ ပါ၍လာလေသည်။ ကြာသပတေးဂြိုဟ်သား ယောကျ်ား နှင့် ကမ္ဘာသူမိန်းကလေးတို့ အိမ်ထောင်ကျလျှင် ကမ္ဘာလူသားများပုံစံအတိုင်း ကလေးမွေးဖွားမည်ဖြစ်၏။ အမ၏မျိုးရိုးဗီဇအတိုင်း မျိုးဆက်ပျံ့ပွားခြင်းပင် ဖြစ်ပါသည်။ စကြဝဠာအတွင်း မည်သည့်နေရာမှာမဆို မျိုးမတူသောဂြိုဟ် သားချင်း ပေါင်းဖက်သည့်အခါတိုင်း ဖြစ်လေ့ရှိသည့် သဘာဝတစ်ခုပင် ဖြစ်ပါသည်။

ဒေါ်ရွှန်းတင့်ကျက်သရေက စကြဝဠာဇီဝဗေဒဘွဲ့ရ တစ်ဦးဖြစ်သည့် အားလျော်စွာ ထိုသဘာဝကို နားလည်နေပေ၏။ ထို့ကြောင့် သားဖြစ်သူ အခြားဂြိုဟ်သူတစ်ယောက်နှင့် ချစ်ကြိုက်နေကြောင်း သိလိုက်ရသည့်အခါ စိုးရိမ်ကြောင့်ကြမှု ဖြစ်သွားရခြင်းပင်။

နေမင်းအနော်ရထာက မိခင်ဖြစ်သူ၏စိုးရိမ်မှုကို သိလိုက်ရသည့် အခါ ရယ်မောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက်လေ ဘာ့ စိတ်မပူပါနဲ့ မေမေ။ သားချစ်သူက ဂြိုဟ်ချင်း ခြားပေမဲ့ အသွင်သဏ္ဌာန်ကွဲပြားတဲ့ ဂြိုဟ်သူတစ်ယောက် မဟုတ်ပါဘူး။ ဒီမှာကြည့်ပါဦး မေမေ"

နေမင်းအနော်ရထာက အင်တာနက်မှတစ်ဆင့် ကူးယူထားသော ဟိန္ဒရိယာ၏ပုံကို ပြလိုက်သည်။

"ဟတ္တတိကဂြိုဟ်ဆိုတာ မေမေကြားဖူးလား။ သားချစ်သူက အဲဒီ ဂြိုဟ်ပေါ်က မိန်းကလေးမေမေရဲ့။ သူတို့ဂြိုဟ်သားတွေက သားတို့လူသားတွေ အတိုင်း တစ်ပုံစံတည်းပဲ"

နေမင်းအနော်ရထာက ဟိန္ဒရိယာဒုနှင့် စကားပြောသည့်အချိန် တွင် မိခင်ဖြစ်သူကိုခေါ်ကာ မိတ်ဆက်ပေးလိုက်လေသည်။ တစ်ဖက်မှ ဂြိုဟ် သူမလေး၏ ကမ္ဘာ့လူသားနှင့်မကွာ ခြားသောအသွင်ကို မြင်လိုက်ရသည့် အခါ ဒေါ်ရွှန်းတင့်ကျက်သရေ ကျေနပ်သွားလေသည်။ မိန်းကလေး၏ ရည် မွန်သွက်လက်ပုံကိုလည်း သဘောကျသွားလေ၏။

ဒေါ်ရွှန်းတင့်ကျက်သရေကပင် သားအကြောင်းကို သူ့ခင်ပွန်း ဦးသိန်းသန်းကုဋေချီသိအောင် ပြောပြလိုက်လေသည်။ သည်လိုနှင့် နေမင်း အနော်ရထာနှင့် ဟိန္ဒရိယာဒုတို့၏ အချစ်ရေးမှာ အဆင်ပြေချောမွေ့ခဲ့လေ သည်။

❦

နေမင်းအနော်ရထာက ချစ်သူကို မော်နီတာမြင်ကွင်းထဲမှာ မြင်နေ ရရုံဖြင့် မကျေနပ်နိုင်တော့။ ဟိန္ဒရိယာဒု၏ အသားအရေများမှာ ဖန်သား ပြင်ပေါ်မှာပင် နူးညံ့ချောမွေ့နေပေရာ ချစ်သူကို သူ့လက်ဖြင့် လက်တွေ့ ထိတွေ့ကြည့်ချင်လှပေပြီ။ မျက်နှာချင်းဆိုင်၍ စကားပြောရုံမျှဖြင့် အားမရနိုင် တော့ပေ။

တစ်ဖက်မှ ဟိန္ဒရိယာဒုသဘောကလည်း သည်အတိုင်းပင် ရှိပေ ၏။ ကိုကိုနဲ့တွေ့ချင်လှပါပြီဟု အရေးဆိုလာလေသည်။ နေမင်းအနော်ရထာက ကမ္ဘာမြေပေါ်မှ မိန်းကလေးများသည် သူတို့ချစ်သူကို ကိုယ့်ထက် အသက် ပိုကြီးပါက ကိုကိုလို့ခေါ်ကြောင်းပြောတော့ ဟိန္ဒရိယာဒုကလည်း ကမ္ဘာသူ လေးများအတိုင်း ကိုကိုလို့ ခေါ်ရှာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူချင်းဆုံတွေ့ဖို့ဆိုသည်မှာ အလှမ်း ကွာဝေးသော ဂြိုဟ်များပေါ်မှာ နေကြသူတွေ အဖို့ အလွန်တရာ ခက်ခဲလှပါသည်။ မည်မျှ ခက်ခဲပါစေ နေမင်းအနော်ရထာနှင့် ဟိန်ဒရီယာဒုတို့ကတော့ ဆုံဆည်းမှုဖြစ်တော့မည်။ မျက်မြင် ကိုယ်တွေ့ ဆုံချင်စိတ်များက နှစ်ဦးစလုံးစိတ်တွင် တားမရဆီးမရ ပေါ်လာနေ ကြသည်။

သည်လိုနှင့် ဆုံဆည်းကြဖို့ကို စီစဉ်ရလေတော့၏။ သူတို့နှစ်ယောက် ဆက်သွယ်မိပြီး ၆ လကြာမြင့်သည့်အချိန်တွင် ဖြစ်သည်။

နေမင်းအနော်ရထာက တွေ့ဆုံကြပြီး တစ်ခါတည်းလက်ထပ်ကြဖို့ အရေးဆိုလိုက်လေသည်။

ဂြိုဟ်ချင်းအကွာအဝေးကြောင့် တစ်ခေါက် တစ်ခေါက် ဆုံဆည်းဖို့ ဆိုသည်မှာ မလွယ်ချေ။ သွားရလာရ မည့်အချိန်မှာလည်း အလွန်ကြာမြင့် မည်ဖြစ်ရာ တွေ့ပြီးမှ နောက်တစ်ကြိမ် မခွဲခွာလိုတော့။ တစ်ခါတည်း လက်ထပ်လိုက်ကြသည်က အဆင်ပြေ မည်မဟုတ်ပါလား။

သည်တော့ ဘယ်သူက ဘယ်သူဆီသွားမလဲဆိုတာ စဉ်းစားရ တော့သည်။

ကမ္ဘာမြေ၏ထုံးစံအရတော့ ယောကျာ်းလေးကသာ မိန်းကလေး ရှိရာသွားရရိုး ထုံးစံရှိပါသည်။

သို့သော် သည်နေရာတွင် ပထဝီဘာသာရပ်ကို ကျွမ်းကျင်သော ဟိန်ဒရီယာဒု၏အစီအစဉ်က ပို၍ ကောင်းမွန်သည်ကို တွေ့လိုက်ရလေ၏။

ကမ္ဘာနှင့်ဟတ္တာတိကဂြိုဟ်သည် ကီလိုမီတာသန်းပေါင်း နှစ်သိန်း ဝေးသည့်အတွက် ဂြိုဟ်တစ်ခုမှတစ်ခုထိ ခရီးသွားလျှင် အလွန်ကြာမည်။ နေမင်းအနော်ရထာနှင့် ဟိန်ဒရီယာဒုတို့ အမြန်ဆုံဆည်းရန် ဂြိုဟ်နှစ်ခုစလုံး၏ ကြားတွင်ရှိသော ဂြိုဟ်တစ်ခုခုကို ဆုံရပ်အဖြစ် သတ်မှတ်၍ဆုံဆည်းကြလျှင် ပို၍မကောင်းပါလား။ ဟိန်ဒရီယာဒု၏စိတ်ကူးမှာ အဖိုးတန်လှလေသည်။

"ကိုကို့ဟိန်လေးက သိပ်တော်တာပဲကွာ။ ဒီလိုဆိုရင်လည်း ဘယ်ဂြိုဟ်မှာ ဆုံကြမယ်ဆိုတာ ဟိန်လေးပဲရွေးလေ"

"ဟိန်လေးရွေးထားပြီးသားပါ ကိုကို။ ရှခင်းသာဂြိုဟ်ဆိုတာ ကိုကို ကြားဖူးသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှခင်းသာဂြိုဟ်တော့ ကိုကို သိတာပေါ့။ ဂြိုဟ်လေးက အချင်း ကီလိုမီတာ ၁၀၀၀ ပဲရှိတဲ့ ဂြိုဟ်သေးသေးလေးလေ။ ဂြိုဟ်ပေါ်မှာ သက်ရှိတွေ နေနိုင်ပေမဲ့ မှုရင်းနေတဲ့ ဂြိုဟ်သားရယ်လို့ မရှိဘူး။ ဒါကြောင့် ရှခင်းသာ ဂြိုဟ်ကို စကြဝဠာသားတွေအားလုံး ဘုံပိုင်ဆိုင်တဲ့ဂြိုဟ်အဖြစ် သတ်မှတ် ထားတယ်။ ရှခင်းသာဂြိုဟ်ပေါ်မှာ ဟိုတယ်တွေ၊ ပန်းဥယျာဉ်တွေ ဆောက် ထားပြီး အပန်းဖြေ အနားယူစခန်းအနေနဲ့ အသုံးပြုနေတဲ့ ဂြိုဟ်လေ။ ရောက်တော့မရောက်ဖူးဘူး။ ကိုကို စာထဲမှာဖတ်ဖူးပါတယ်"

"ဟုတ်တယ် ကိုကို။ ရှခင်းသာဂြိုဟ်ဟာ ကိုကိုတို့ ကမ္ဘာကနေ ကီလိုသန်းပေါင်းကိုးသောင်းသုံးထောင်ဝေးတယ်။ ဟိန်တို့ ဟတ္တာတိကနေ ကီလိုသန်းပေါင်း တစ်သိန်းတိတိဝေးတယ် ကိုကို။ ရှခင်းသာကို ဂြိုဟ်နှစ်ခုစလုံး ကနေ အကွာအဝေး သိပ်မခြားနားဘူး။ အမြန်နှုန်းတူတဲ့ယာဉ်ကို စီးလာ ကြမယ် ဆိုရင် ကိုကိုနဲ့ဟိန်လေး တစ်ချိန်တည်းမှာ ရှခင်းသာကို ရောက်နိုင် တယ်လေ"

"ကိုကိုတို့ ရှခင်းသာဂြိုဟ်မှာ ဆုံကြမယ်ပေါ့။ ဟုတ်လား ဟိန်လေး"

"ဟုတ်ပါသတဲ့ရှင်။ ဒီတော့ ရှခင်းသာကို အတူတူရောက်ရအောင် အင်္ဂါဂြိုဟ်သားတွေ တီထွင်ထားတဲ့ နောက် ဆုံးပေါ် ဂျက်ဒုံးယာဉ်ကို စီးခဲ့ပါ ကိုကို။ ဂျက်ဒုံးယာဉ်က တစက္ကန့်ကို ကီလိုတစ် သောင်းပြေးတယ်လေ။ လောလော ဆယ် စကြဝဠာထဲမှာ အမြန်ဆုံးယာဉ်ပဲ။ ဘယ်နေ့ စထွက်ကြမလဲ ဆိုတာသာကို ကိုနဲ့ ဟိန်လေး ညှိကြစို့။ ဂျက်ဒုံးယာဉ် ဟိန်လေး တို့ဂြိုဟ်က ထွက်မယ့်ရက်ကို ဟိန်လေး စုံစမ်းလိုက်ဦးမယ်။ ကိုကိုလည်း ကိုကိုတို့ ကမ္ဘာက ထွက်မယ့်ရက်ကိုစုံစမ်းပြီး လက်မှတ်ကြိုဝယ်ထားလိုက်နော်"

သို့ဖြင့် နေမင်းအနော်ရထာသည် ရှခင်းသာတွင် ချစ်သူနှင့် ဆုံဆည်းမည့်အစီအစဉ်ကို မိဘနှစ်ပါးအား ပြောပြ၍ခွင့်တောင်းလိုက်လေ သည်။

"သားတို့ ရှခင်းသာမှာဆုံကြပြီး ရှခင်းသာဂြိုဟ်ပေါ်မှာပဲ လက်ထပ် လိုက်ကြမယ်။ လက်ထပ်ပြီး ဘယ်ဂြိုဟ်မှာနေကြမယ်ဆိုတာတော့ နှစ်ယောက် ဆုံပြီးမှညှိတော့မယ်"

ရှခင်းသာသို့ထွက်မည့် ဂျက်ဒုံးယာဉ်ကိုစုံစမ်းရာ နောက်တစ်ပတ် အကြာတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ စကြဝဠာခရီးသွား အမြန်



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်စခန်းမှ ထွက်ခွာမည်ဟု သိလိုက်ရလေ၏။ နေမင်းအနော်ရထာက တစ်ယောက်စာလက်မှတ်ကို လှမ်း၍ဝယ်လိုက်သည်။ ကျသင့်ငွေကို အပြည်ပြည်ဆိုင်ရာဘဏ်မှတစ်ဆင့် ယူရှိငွေကြေးဖြင့် ပို့ပေးလိုက်လေသည်။

ရှုခင်းသာဂြိုဟ်ကို ရောက်သည်ထိ အချိန်မည်မျှကြာမည်ကိုလည်း မေးလိုက်သေးသည်။ ဒုံးယာဉ်စခန်းက တာဝန်ရှိသူက ကြာမြင့်မည့်အချိန်ကို တွက်ပြလေ၏။ ဂျက်ဒုံးယာဉ်သည် တစ်စက္ကန့်လျှင် ကီလိုတစ်သောင်းနှုန်းဖြင့် ပြေးရာ ကီလိုသန်းပေါင်းကိုးသောင်းသုံးထောင်ဝေးသော ရှုခင်းသာဂြိုဟ်ကို ရောက်သည်ထိ ၃ နှစ်တိတိ စီးနင်းလိုက်ပါရမည်ဟု ဆိုလေသည်။ သည်အတိုင်းဆိုလျှင် သူ့အသက် ၂၂ နှစ်ကျော်မှ ချစ်သူနှင့် တွေ့ခွင့်ရပေတော့မည်။

နေမင်းအနော်ရထာက လက်မှတ်ရပြီဖြစ်ကြောင်း ဟိန်ဒရီယာဒုထံ အကြောင်းကြားလိုက်၏။ ဟိန်ဒရီယာဒုတို့ ဟတ္တတိကဂြိုဟ်မှ ထွက်ခွာမည့် ဂျက်ဒုံးယာဉ်မှာလည်း ကမ္ဘာမှထွက်ခွာမည့်ရက်နှင့် အတူတူပင်ဖြစ်ကြောင်း သိရလေသည်။ ချစ်သူနှစ်ဦး ဆုံဆည်းကြမည့်ခရီးမှာ အစစအဆင်ပြေနေလေ၏။

"ကိုကိုတော့ ဟိန်လေးနဲ့ တွေ့ရမှာကိုတွေးပြီး ပျော်လိုက်တာ ဟိန်လေးရယ်။ ဟိုရောက်ရင် ကိုကိုတို့ တစ်ခါတည်း လက်ထပ်ကြမယ်နော်"

"လူချင်းတွေ့ရင်သာ ဟိန်လေးအပေါ် အချစ်ပေါ့သွားမှာ စိုးရိမ်မိပါတယ် ကိုကိုရယ်"

"ဘာလို့ အချစ်ပေါ့ရမှာလဲ ဟိန်လေးရယ်။ ကိုကိုတို့ကမ္ဘာပေါ်မှာ ဟိန်လေးလောက်လှတဲ့မိန်းမ မတွေ့ဖူးသေးဘူး။ စိတ်ချ ဟိန်လေး၊ ကိုကို့အချစ်က အဘိုးကြီးအဘွားကြီးဖြစ်တဲ့အထိ ဟိန်လေးအပေါ်မှာ မပြောင်းလဲဘူး"

"တကယ်နော် ကိုကို"

"တကယ်ပေါ့ ဟိန်လေးရယ်"

"ဒါပဲနော်...ကိုကို။ အဲဒီကျရင် အရမ်းမကဲရဘူး"

ဟိန်ဒရီယာဒုက မျက်စောင်းလေးထိုးရင်း ချစ်စဖွယ်ပြောလိုက်လေသည်။

သူတို့နှစ်ယောက်စတွေ့သည့်နေ့မှ ရှုခင်းသာတွင်ဆုံရေး ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်ထိ ၆ လကြာမြင့်ခဲ့လေပြီ။ ဟိန်လေးသည် ၆ လအတွင်းမှာပင် တစ်စတစ်စ ပို၍လှပလာသလို ပို၍လည်း ရင့်ကျက်တည်ငြိမ်လာသည်ဟု ထင်မိ၏။

သည်လိုနှင့် နေမင်းအနော်ရထာသည် ဂျက်ဒုံးယာဉ် မထွက်ခွာမီ နှစ်ရက်ကြို၍ အမေရိကန်နိုင်ငံသို့ ထွက်ခွာခဲ့လေသည်။

မသွားမီ မိဘနှစ်ပါးကို နှုတ်ဆက်ကန်တော့ခဲ့သည်။ မိခင်ဖြစ်သူ ဒေါ်ရွှန်းတင့်ကျက်သရေမှာ သားနှင့်ခွဲခွာရတော့မည့်အတွက် ငိုယိုနေရှာလေသည်။

"သားရယ်၊ သားတို့လက်ထပ်ပြီးရင် မင်းကောင်မလေးကို ကမ္ဘာပေါ်ကို ပါအောင်ခေါ်ခဲ့ပါကွယ်။ မင်း သူတို့ဂြိုဟ်ကို လိုက်သွားရင်တော့ မေမေတို့နဲ့ ဒီတစ်သက် ပြန်ဆုံဖို့မလွယ်တော့ဘူး။ သည်တော့ သူ့ကိုသာ ကမ္ဘာပေါ်လိုက်လာအောင် စည်းရုံးပေတော့ သား"

"စိတ်ချပါ မေမေ။ ဟိန်လေးကလည်း ကမ္ဘာဟာ သူတို့ဂြိုဟ်ထက် အစစအရာရာ သာလွန်တယ်လို့ ပြောထားတာပဲ။ သားက လိုက်ခဲ့ဖို့ဆွဲဆောင်ရင် သူပါလာမှာပါ"

ဖခင်ဖြစ်သူ ဦးသိန်းသန်းကုဋ္ဌေချီကတော့ ယောက်ျားသားပီပီ မျက်နှာမပျက်လှချေ။ သားကို ရယ်ရယ်မောမောပင် နှုတ်ဆက်နေပေ၏။

"ရှုခင်းသာနဲ့ကမ္ဘာခရီးက သုံးနှစ်တောင်ကြာမှာဆိုတော့ ငါ့သား မိန်းမယူပြီးပြန်လာရင် လမ်းခရီးမှာတင် ကလေးနှစ်ယောက်လောက် မွေးခဲ့မယ် ထင်ပါရဲ့ကွာ။ ဟား ... ဟား ... ဟား"

"ဂျက်လေယာဉ်ပေါ်မှာတော့ ကလေးမမွေးချင်ပါဘူး ဖေဖေရယ်။ ကမ္ဘာပေါ်ပြန်ရောက်မှ ကလေးယူပါတော့မယ်"

သို့ဖြင့် နေမင်းအနော်ရထာသည် ဂျက်ဒုံးယာဉ်ကိုစီးနင်းကာ သုံးနှစ်ခရီးကို ပျင်းရိငြီးငွေ့စွာ ထွက်ခွာခဲ့လေသည်။ ဂျက်ဒုံးယာဉ်ကို အလွန်တရာ မြန်အောင် တီထွင်ဆောက်လုပ်ထားရာ ယာဉ်ကို ခပ်သေးသေးသာ ဆောက်လုပ်နိုင်လေသည်။ ခရီးကလည်းကြန့်ကြာသည့်ပြင် ခရီးသည်များအတွက် အိပ်စက်ရန်နေရာပါ စီစဉ်ပေးထားရသည့်အတွက် ယာဉ်ပေါ်၌ ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com



ငါးဦးသာ တင်ဆောင်နိုင်ပေ၏။ ယာဉ်စီးနှင်းခမှာလည်း အလွန်တရာ ဈေးကြီးလှပေသည်။ အပန်းဖြေဂြိုဟ်သို့ ခရီးထွက်အပန်းဖြေနိုင်သူမှာ ရှားလှပါသည်။ ဟိုရောက်ဖို့သုံးနှစ်၊ ဟိုကပြန်လာချိန်သုံးနှစ်၊ ခြောက်နှစ်ကာလမှာ အာကာသထဲ၌ အလဟဿ အချိန်ကုန်လွန်ရမည်ဖြစ်ပါ၏။ ဟိုမှာ တစ်ပတ်၊ တစ်လ၊ အလွန်ဆုံးတစ်နှစ် အပန်းဖြေဖို့ ရင်းနှီးရသောအချိန်မှာ များလှသောကြောင့် ဤခရီးမျိုးကို အလုပ်အကိုင်မှ အနားယူပြီးဖြစ်သည့် ချမ်းသာကြွယ်ဝသော သက်ကြီးရွယ်အိုများသာ ထွက်လေ့ရှိပါသည်။ နေမင်းအနော်ရထာသည် ကမ္ဘာဂြိုဟ်ပေါ်မှ အဘိုးကြီး၊ အဘွားကြီးနှစ်စုံတွဲနှင့်အတူ ဒုံးယာဉ်ဖြင့် ရှုခင်းသာဂြိုဟ်သို့ လိုက်ပါခဲ့ရလေသည်။

ချစ်သူမျက်နှာကိုမမြင်ရ၊ ချစ်သူနှင့် စကားပြောခွင့်မရသော နေမင်းအနော်ရထာသည် ဂျက်ဒုံးယာဉ်ပေါ်၌ ပျင်းရိငြီးငွေ့လျက်ရှိပေ၏။ ဟိန်လေးသည်လည်း သူ့လိုပဲ ရှိပေလိမ့်မည်။ အပြင်ပမှ အာကာသရှုခင်းများကို ငေးကြည့်ရင်း၊ အဘိုးကြီး အဘွားကြီးများပြောသော ရှေးဟောင်းနှောင်းဖြစ်များကို နားထောင်ရင်း၊ တစ်ခါတစ်ရံ ဟိန်လေးနှင့်ဆက်သွယ်စဉ်က ရိုက်ကူးမှတ်တမ်းတင်ထားသော စီဒီကိုဖွင့်ကြည့်ရင်းနှင့် အပန်းဖြေရသည်။

ဒုံးယာဉ်ပေါ်မှ ကမ္ဘာဂြိုဟ်ပေါ်သို့ ဆက်သွယ်လို့ရသောကြောင့် တစ်ခါတစ်ရံ မိဘများနှင့်ဆက်သွယ်စကားပြောခွင့်ရသည်။ ခရီးသွားနေသော ယာဉ်အချင်းချင်း ဆက်သွယ်ရန်မှာ မဖြစ်နိုင်သည့်အတွက် သုံးနှစ်ကာလလုံးလုံး ဟိန်ဒရီယာဒုနှင့် ဆက်သွယ်ခွင့်မရခဲ့ပါချေ။ ခရီးစဉ်သုံးနှစ်တာကာလတွင် နေမင်းအနော်ရထာနှင့် ဟိန်ဒရီယာဒုတို့သည် တစ်ယောက်မျက်နှာတစ်ယောက် မြင်ခွင့်မရဘဲ အဆက်အသွယ် ဖြတ်တောက်ထားခဲ့ရ၏။

မည်သို့ဆိုစေ အချိန်ကာလဆိုသည်မှာ တရွေ့ရွေ့ကုန်ဆုံးနေပေရာ လျင်မြန်စွာပြေးနေသော ဒုံးယာဉ်သည် သုံးနှစ်ပြည့်သည့်အချိန်၌ ရှုခင်းသာဂြိုဟ်ပေါ်သို့ ချောမောစွာ ရောက်ရှိသွားလေသည်။

ရှုခင်းသာဂြိုဟ်ပေါ်သို့ ရောက်ရှိသည့်အချိန်မှာ သာယာလှပသော နံနက်ခင်းအချိန် ဖြစ်ပေသည်။

၆

ဒုံးယာဉ်စခန်း၌ သူ ကြိုတင်ဘွတ်ကင်လုပ်ထားသော ဟိုတယ်မှ ဝန်ထမ်းတစ်ဦးက လာရောက်ကြိုဆိုနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟတ္တတိက ဂြိုဟ်ကလာတဲ့ယာဉ် ဆိုက်ပြီလားခင်ဗျာ"

သူက ခရီးရောက်မဆိုက်ပင် လာကြိုသူအား မေးမြန်းလိုက်သည်။

"မဆိုက်သေးပါဘူး။ ညနေခင်းမှ ဆိုက်ရောက်ပါလိမ့်မယ်။ လမ်းကြုံတဲ့ ဂြိုဟ်တွေက လိုက်ပါမယ့်ခရီးသည်တွေကို ဝင်ခေါ်နေရလို့ နည်းနည်းနောက်ကျသွားတာပါ ခင်ဗျ"

ဝန်ထမ်းက ရှင်းပြသည်။

နေမင်းအနော်ရထာသည် ဟိုတယ်၌ခေတ္တအနားယူပြီး ရှခင်းသာဂြိုဟ်ပေါ်တွင် လှည့်လည်ကြည့်ရှုလိုက်သည်။ ဂြိုဟ်ကလေးမှာ ကမ္ဘာပေါ်ရှိ မြို့ကြီးတစ်မြို့စာလောက်သာရှိပြီး အပန်းဖြေဂြိုဟ်ဖြစ်သည့် အားလျော်စွာ ဟိုတယ်များ၊ ကစားကွင်းများ၊ အပန်းဖြေဥယျာဉ်များဖြင့် ပြည့်နှက်နေပေသည်။ နဂိုရာသီဥတုကလည်း ကောင်းမွန်သည်မို့ အပန်းဖြေစခန်းအဖြစ် ဤဂြိုဟ်ကို အသုံးပြုထားသည်မှာ သင့်လျော်လှပေ၏။

ဂြိုဟ်ပေါ်၌ သဘောသဘာဝချင်းတူသော ဂြိုဟ်သားများ သီးသန့်နေထိုင်နိုင်ရန် နေရာများကန့်သတ်ထားပေသည်။ စကြဝဠာအတွင်းရှိ ဂြိုဟ်များမှ ဂြိုဟ်သားတိုင်း လာရောက်အပန်းဖြေခွင့်ရှိပေရာ ထိုသို့နေရာ ကန့်သတ်မထားပါက အခက်အခဲများကြုံတွေ့နိုင်ပေသည်။ ဂြိုဟ်သားတို့သည် ပုံပန်းသဏ္ဌာန် ကွဲပြားကြသလို အရွယ်အစားချင်းလည်း မတူညီကြပါ။ အချို့ဂြိုဟ်သားတို့မှာ အလွန်တရာကြီးမား၍ အချို့မှာ အလွန်တရာ သေးငယ်ကြသည်။ ရောယှက်၍သွားလာနေပါက ကြီးသူများက ငယ်သူများကို တက်နင်း၍ ဒုက္ခရောက်ကုန်နိုင်ပေသည်။

ရှခင်းသာဂြိုဟ်ပေါ်တွင် အတောင်ပံပါ၍ ပျံသန်းနိုင်သောဂြိုဟ်သားများအတွက် နေရာသပ်သပ်၊ အရပ်တစ်ပေမှ သုံးပေထိရှိသော ဂြိုဟ်သားများအတွက် နေရာသပ်သပ်၊ အရပ် ၆ ပေ ဝန်းကျင်ရှိသော နေမင်းအနော်ရထာတို့လို ဂြိုဟ်သားများအတွက် နေရာသပ်သပ်၊ ၆ ပေမှပေ ၂၀ ထိရှည်သောဂြိုဟ်သားများအတွက် နေရာသပ်သပ် ဖန်တီးပေးထားပါ၏။ ဂြိုဟ်အနှံ့လည်ပတ်လိုပါက သီးသန့်ယာဉ်များဖြင့် လည်ပတ်နိုင်သော်လည်း တည်းခိုသည့် ဟိုတယ်ကိုမူ သီးခြားစီခွဲပေးထားပါသည်။

ဟိန်ဒရီယာဒုတို့ ဂြိုဟ်သားများမှာ ကမ္ဘာသားများနှင့် အသွင်အရုပ်ရော၊ အသွင်အပြင်ပါ တူညီကြသည့်အတွက် ဟိုတယ်တစ်ခုတည်း၌ တည်းခို



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခွင့်ရပါသည်။ နေမင်းအနော်ရထာတည်းသော ဟိုတယ်၌ပင် အတူ တည်းရန် စာရင်းသွင်းထားပြီးဖြစ်သည်။

ညနေပိုင်းတွင် ရေမိုးချိုးပြီး နေမင်းအနော်ရထာသည် လေယာဉ်ကွင်းသို့သွားကာ ဟတ္တတိကဂြိုဟ်မှ ဆိုက်ရောက်လာမည့် ဒုံးယာဉ်ကို သွားရောက် ကြိုဆိုနေလိုက်သည်။

လေယာဉ်ကွင်း၌ ဂြိုဟ်အသီးသီးမှ လာရောက်သော ယာဉ်များ ဥဒဟို ဝင်ထွက်ပျံသန်းနေကြ၏။ ကမ္ဘာဂြိုဟ်သို့ ထွက်ခွာမည့် ဒုံးယာဉ်တစ်စီးသည် ခရီးသည်မပြည့်သေးသည့်အတွက် အသံချဲ့စက်မှ ကြေညာ၍ ခေါ်ယူနေလေသည်။

"ကမ္ဘာဂြိုဟ်ပေါ်သို့ ထွက်ခွာမည့်ဒုံးယာဉ်ဟာ နောက်နာရီဝက်အကြာမှာ ထွက်ခွာတော့မှာဖြစ်ပါတယ်ရှင်။ ခရီးသည်တစ်ဦး လိုက်ပါရန် နေရာကျန်ရှိပါသေးတဲ့အတွက် လိုက်ပါလိုသူရှိပါက လာရောက်စာရင်း ပေးသွင်းနိုင်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်"



ထိန်အရိယာဒုတ ဘာမည်ခံထားသော အသက် ၆၀ ခန့်အရွယ် အဘွားအိုသည် ဘာသာ ဖြန့်စက်တလေးကို သူတို့နှစ်ယောက်ကြားတွင် ချထားလိုက်သည်။ ထို့နောက် အဘွားကြီးက အိတ်ထဲမှဆေးတစ်လုံးကိုထုတ်ကာ ပါးစပ်ထဲ ဝစ်သွင်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းအဆောက်အအုံအတွင်း၌ ပုံစံအမျိုးမျိုးကွဲပြားသော ဖြိုဟ်သူဖြိုဟ်သားများသည် သွားလာလှုပ်ရှားလျက် ရှိပေ၏။ အမျိုးမတူသော ဖြိုဟ်သားအချင်းချင်း ပြောဆိုဆက်သွယ်ရာ၌ ကြားထဲတွင် ဘာသာပြန်စက် ကိုထားကာ ပြောဆိုနေကြပါသည်။ ဘာသာပြန်စက်မှာ ခြောက်လက်မပတ် လည်ခန့်ရှိ စတုရန်းပုံသေတ္တာငယ်လေးဖြစ်သည်။ သေတ္တာငယ်လေး၌ တစ်ဖက်စီတွင် ခလုတ်ပေါင်းများစွာပါရှိကာ မျိုးမတူသူချင်း စကားပြောမည် ဆိုပါက ဘာသာပြန်စက်ကို အလယ်မှာချ၍ စကားပြောမည့်သူနှစ်ဦးက မျက်နှာချင်းဆိုင်၍ ထိုင်ရသည်။ တစ်ဖက်မှပြောသည့်သူက မိမိသိစေလိုသည့် မျက်နှာချင်းဆိုင်မှ ဖြိုဟ်သား၏အမှတ်အသားခလုတ်ကို နှိပ်ထားရသည်။ ထိုအခါ သူပြောလိုက်သောစကားသည် တစ်ဖက်ဖြိုဟ်သား၏ဘာသာဖြင့် ဘာသာပြန် ပြီးသားအသံ ထွက်ပေါ်လာလေသည်။ တစ်ဖက်မှ ဖြိုဟ်သားက လည်း ဘာသာပြန်စက်၏ တစ်ဖက်မျက်နှာမှ မိမိစကားပြောလိုသည့် ဖြိုဟ်သား၏ အမှတ်အသားကိုနှိပ်၍ ပြန်ပြောရပါသည်။ ထိုနည်းဖြင့် ဘာသာပြန်စက်သည် မျိုးမတူ၊ ဘာသာစကားမတူသော ဖြိုဟ်သားများကြား တွင် အထောက်အကူ ပြုလျက် ရှိပေသည်။

နေမင်းအနော်ရထာတွင်လည်း ဘာသာပြန်စက် အဆင်သင့်ပါလာ ပြီးဖြစ်သည်။ ဟိန်ဒရီယာဒုနှင့် တွေ့သည့်အခါ ဘာသာပြန်စက်ကလေးကို အလယ်မှာချ၍ စကားပြောကြရပေမည်။

နေမင်းအနော်ရထာက မကြာမီ ဆိုက်ရောက်လာမည့် ယာဉ်များ၏ မှတ်တမ်းကို ဖော်ပြထားသော ကွန်ပျူတာဘုတ်ရှေ့တွင် သွားရပ်ပြီး ဖတ် ကြည့်လိုက်သည်။ ဟတ္တတိကဖြိုဟ်မှယာဉ်သည် ညနေ ၆ နာရီတိတိ အချိန် တွင် ဆိုက်ရောက်မည်ဟု ဖော်ပြထား၏။ ယာဉ်ပေါ်တွင် ဟတ္တတိကဖြိုဟ်မှ ဖြိုဟ်သားနှစ်ဦးနှင့် ဖြိုဟ်သူတစ်ဦးပါလာမည်။ ကျန်ခရီးသည်နှစ်ဦးမှာ လမ်းကြုံတင်လာသော ဖြိုဟ်ပေါ်မှ ဖြိုဟ်သားများဖြစ်ပြီး နှစ်ဦးစလုံး ယောကျ်ားများ ဖြစ်လေသည်။ ဒုံးယာဉ်ပေါ်တွင် ပါလာသည့်ခရီးသည် ငါးယောက်တွင် ဟိန်ဒရီယာဒုတစ်ယောက်သာ မိန်းမသားပါလေသည်။

နေမင်းအနော်ရထာသည် မကြာခင်တွေ့ရတော့မည့် ချစ်သူ့မျက်နှာ ကို မြင်ယောင်ရင်း ရင်များခုန်နေပေသည်။။



www.burmeseclassic.com

www.burmeseclassic.com



"ဟတ္တတိကဗြိုဟ်မှထွက်ခွာလာတဲ့ ဒုံးယာဉ်ဟာ ရှခင်းသာဂြိုဟ်ရဲ့ ဂြိုဟ်ပတ်လမ်းကြောင်းထဲကို ရောက်ရှိနေပါပြီရှင်။ မကြာခင် ဆိုက်ရောက်တော့မှာမို့ လာရောက်ကြိုဆိုသူများ အသင့်ပြင်ဆင်ထားကြဖို့ အသိပေးပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်"

အသံချဲ့စက်မှ ကြေညာသံထွက်ပေါ်လာ၏။

နေမင်းအနော်ရထာက ကြိုဆိုရန်အတွက် ယာဉ်ဆင်းသက်မည့် ကွင်းထဲသို့ ထွက်ခဲ့လိုက်လေသည်။

ဟတ္တတိကဗြိုဟ်၏ အမှတ်အသားရုပ်ပုံပါသော ယာဉ်တစ်စီးသည် ကောင်းကင်မှ ညင်သာစွာဆင်းသက်လာနေ၏။ ချစ်သူပါလာသောယာဉ်ကို ကြည့်ကာ နေမင်းအနော်ရထာ ရင်ခုန်နေမိသည်။ နှစ်ရှည်လများ စောင့်စားခဲ့ရသောဆန္ဒများ ပြည့်ဝပေတော့မည်။

ယာဉ်သည်ကွင်းပြင်၌ သက်ဆင်းရပ်နားလိုက်၏။

ယာဉ်တံခါးပွင့်လာသည်။

ယာဉ်ပေါ်မှ ဂြိုဟ်သားများ တစ်ယောက်ပြီးတစ်ယောက် ဆင်းလာကြသည်။

ပထမဆင်းလာသည့် ယောကျ်ားနှစ်ယောက်က လမ်းကြုံလိုက်လာသော ဂြိုဟ်မှလူများ ဖြစ်ပုံရသည်။ ဟတ္တတိကဂြိုဟ်သား များနှင့် ပုံစံမတူ။ အရပ်က ၂ ပေ လောက်ပဲရှိကာ ဦးခေါင်းတွင် ဦးချို နှစ်ချောင်း ပေါက်နေကြသည်။ မည်သည့် ဂြိုဟ်သားများလည်း တော့ မသိ။

နောက်ထပ်၌ ယောကျ်ားနှစ်ယောက် ဆင်းလာကြ၏။ ထိုဂြိုဟ်သားများကတော့ ဟတ္တတိကမှ ဖြစ်ပေမည်။ အရပ်အမောင်းရော၊ ရုပ်ရည်သွင်ပြင်မှာ ကမ္ဘာသားများ၏ပုံစံအတိုင်းပင် ဖြစ်သည်။ ယာဉ်ပေါ်မှဆင်းသက်ရန် ကျန်သူဆို၍ ဟိန်ဒရီယာဒုတစ်ယောက်တည်း ရှိတော့သည်။ နေမင်းအနော်ရထာသည် သူ့ချစ်သူဆင်းသက်လာမည့် ဒုံးယာဉ်၏အပေါက်ကို မျက်တောင်မခတ်စိုက်ကြည့်နေမိ၏။

အပေါက်ဝမှ မိန်းမသားတစ်ယောက်၏ သွင်ပြင်ထွက်ပေါ်လာခဲ့သို့သော် ထိုမိန်းမမှာ အဘွားအိုကြီးတစ်ယောက် ဖြစ်နေသည်။ ဟိန်ဒရီယာ ဆင်းမလာသေးပါလား။ အဘွားအိုကြီးက တုတ်ကောက်ကိုထောက်ကာ ယာလှေကားပေါ်မှ ခက်ခက်ခဲခဲဆင်းလာနေ၏။ နေမင်းအနော်ရထာက ယာဉ်ဧ



www.burmeseclassic.com

www.burmeseclassic.com



မှ ဆင်းလာမည့် ဟိန်းရှိယာဒုကိုမျှော်ကာ လေယာဉ်အပေါက်ဝကိုပဲ မျှော်ကြည့်နေမိသည်။

လေယာဉ်ပေါ်မှ မည်သူမျှဆင်းမလာပါတော့။

သည်တော့မှ သူစဉ်းစားမိသည်။ ဒုံးယာဉ်နှင့်ပါလာသည့် ခရီးသည်မှာ ငါးယောက်တည်းပဲ။ ကွန်ပျူတာဘုတ်တွင်လည်း ယောကျ်ားလေးယောက်နှင့် မိန်းမတစ်ယောက်ဟု ဖော်ပြထားသည်။

အလို သည်လိုဆိုလျှင် ယာဉ်ပေါ်မှနောက်ဆုံးဆင်းလာသည့် အဘွားအိုကြီးမှာ ...

နေမင်းအနော်ရထာက အဘွားကြီးကို ရှာကြည့်လိုက်သည့်အချိန်တွင် အဘွားအိုမှာ သူ့ရှေ့သို့ ရောက်လာပြီဖြစ်၏။

"ကိုကို"

အဘွားအိုကြီးက တုန်ယင်သောအသံဖြင့် သူ့ကိုခေါ်လိုက်သည်။

"ဟိုက် ..."

"ကိုကို၊ ဟိန်းလေးလေ ကိုကိုရဲ့၊ မမှတ်မိဘူးလား။ ကြည့်စမ်း ကိုကိုကတော့နုလိုက်တာ၊ အရင်ပုံစံနဲ့ သိပ်မကွာဘူး"

အဘွားအိုက သူ့တွင်ပါလာသော ဘာသာပြန်စက်ကလေးကို ကြားတွင်ခံကာ စကားပြောနေခြင်းဖြစ်ပါ၏။ စကားပြောရင်းမှ မောဟိုက်လာဟန်ဖြင့် သက်ပြင်းကိုချလိုက်သည်။ အသက်ကို ခက်ခဲစွာရှူနေလေသည်။

"ခင်ဗျား ... ခင်ဗျား၊ အဲလေ ... အဘွားဟာ"

"အို ... ကိုကိုကလဲ၊ ဟိန်းလေးကို ဘာလို့ အဘွားလို့ခေါ်နေတာလဲ။ ဟိန်းလေးက ကိုကို့ထက် ငယ်တာကို"

"အမလေးဗျာ။ ဘာတွေဖြစ်ကုန်ပြီလဲ လုပ်ကြပါဦး"

နေမင်းအနော်ရထာသည် လွှတ်ခနဲအော်လိုက်ရာ အသံကျယ်လောင်စွာ ထွက်သွားလေ၏။

ဘေးမှလူများကပင် သူတို့နှစ်ယောက်ကို လှည့်ကြည့်သွားကြသည်။ မသိသူများက သူတို့ကို မြေးအဘွားဟု ထင်ကြပေမည်။

"အေးအေးဆေးဆေးထိုင်ပါဦး ကိုကို။ ဟိန်းလေး မောလိုက်တာ"

အဘွားအိုကြီးက သူ့လက်ကိုဆွဲကာ နီးရာခုံတစ်ခုတွင် ထိုင်စေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိန်ဒရီယာဒုဟု အမည်ခံထားသော အသက် ၆၀ ခန့်အရွယ် အဘွားအိုသည် ဘာသာပြန်စက်ကလေးကို သူတို့နှစ်ယောက်ကြားတွင် ချထားလိုက်သည်။ ထို့နောက် အဘွားကြီးက အိတ်ထဲမှဆေးတစ်လုံးကိုထုတ်ကာ ပါးစပ်ထဲ ပစ်သွင်းလိုက်လေသည်။

"အင်း ... ချစ်လွန်းလို့သာ စွန့်စားလာရတာ။ လာရတဲ့ခရီးက မနီးဘူးနော် ကိုကို။ အချိန်ကလည်း ကုန်သလားမမေးနဲ့။ ၃၆ နှစ်ဆိုတာ နည်းတဲ့အချိန်မှ မဟုတ်ဘဲ။ **နော် ... ကိုကို ...**"

အဘွားကြီးက အသက်အရွယ်နှင့်မလိုက်အောင် ခပ်ညှုညှုလေး ပြောလိုက်ရာ သွားကျိုးထဲမှ လေထွက်သွားသံကိုပင် ကြားလိုက်ရလေ၏။

"ဘာ ... ၃၆ နှစ်၊ ဟုတ်လား"

"ဟုတ်တယ်လေ ကိုကို။ ဟိန်လေးတို့ဟတ္တတိက,ကနေ ဒီရှုခင်းသာ ဂြိုဟ်ကိုရောက်ဖို့ ၃၆ နှစ်တောင်ကြာတယ်လေ။ အဲဒါကြောင့် လမ်းခရီးမှာတင် ဒါလောက်အိုမင်းသွားတာပေါ့ ကိုကိုရယ်။ ရောဂါဘယတွေကလည်း နှိပ်စက်သလားမမေးနဲ့။ အမလေး ... စကားပြောရတာ မောလိုက်တာနော်"

"၃၆ နှစ်မကြာပါဘူးဗျာ။ ခင်ဗျားနဲ့ကျွန်တော်နဲ့ တစ်နေ့တည်း အတူတူထွက်လာကြတာပဲ။ ဒီကိုရောက်ဖို့ ၃ နှစ်ပဲကြာတာလေ"

အဘွားအိုမျက်နှာက အံ့ဩဟန်ပေါ်သွားလေသည်။

"အို ... ဒီလိုဆိုရင် ဒီလိုဖြစ်နိုင်တယ် ကိုကိုရဲ့"

"ဘယ်လိုဖြစ်နိုင်တာလဲ။ ဆိုပါဦး"

နေမင်းအနော်ရထာ၏လေသံက စိတ်မရှည်သည့် လေသံများ ပေါ်လာလေသည်။ သူသည် သူ့ရှေ့က အရေခွံများရှုံ့တွ တွဲကျနေသည့် အဘွားအိုကိုကြည့်ရင်း ထိတ်လန့်မိသလို စိတ်လည်းပျက်နေမိသည်။

"ကိုကိုတို့ဆီမှာ ကိုကိုတို့ဂြိုဟ်က နေကိုတစ်ပတ်ပတ်မိဖို့ ဘယ်လောက် ကြာသလဲဟင်"

"၁၂ လကြာတယ်လေ။ ရက်ပေါင်း ၃၆၅ ရက်ကြာတယ်"

"အို ... အဲဒီမှာ ကွာခြားသွားတာကိုး။ ဟိန်လေးတို့ဆီမှာတော့ ဟတ္တာတိကဂြိုဟ်ဟာ နေကို *တစ်ပတ်,ပတ်မိဖို့* ရက်ပေါင်း ၃၀ ပဲကြာတယ် ကိုကို"

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဂြိုဟ်ဝပ်င်းဟာ နေကိုတစ်ပတ်ပတ်မိတဲ့အချိန်ကို တစ်နှစ်လို့ သတ်မှတ်ကြတာ မဟုတ်လား။ ဗောဓိရွှင်းသာကိုရောက်ဖို့ ရက်ပေါင်း ၁၁၀၀ ကြာတာဆိုတော့ ဟိန်လေးတို့ဂြိုဟ်ရဲ့ ပြက္ခဒိန်နဲ့တွက်မယ်ဆိုရင် ၃၆ နှစ် ကြာတယ်လေ"

နေမင်းအနော်ရထာက ဟိန်ဒရီယာဒုပြောသည့်အတိုင်း စိတ်ဖြင့် တွက်ကြည့်လိုက်သည်။ သူတို့ဂြိုဟ်သည် နေကို တစ်ပတ်ယပတ်မိဖို့ ရက် ၃၀ ပဲကြာသည်ဆိုရာ သူတို့၏တစ်နှစ်သည် ကမ္ဘာဂြိုဟ်၏တစ်လနှင့် သွား၍ ညီနေပါ၏။ နေမင်းအနော်ရထာတို့ တစ်နှစ်အချိန်သည် သူတို့ဂြိုဟ်တွင် ၁၂ နှစ်နှင့် သွား၍တူနေလေ၏။ ထို့ကြောင့် နေမင်းအနော်ရထာက ကမ္ဘာ သတ်မှတ်ချက်အတိုင်း ၃ နှစ်လာရသည့်ခရီးကို ဟိန်ဒရီယာဒုက ၃၆ နှစ် ကြာသည်ဟု ဆိုခဲ့ခြင်းဖြစ်၏။ အချိန်ကာလ ကုန်ဆုံးမှုချင်းကတော့ အတူတူပင် ဖြစ်သည်။ သူ့သတ်မှတ်ချက်နှင့်သူ ကွဲပြားသွားခြင်းဖြစ်သည်။

"အဲဒါနဲ့ပဲ ခင်ဗျားက ဘာလို့ ဒါလောက်အိုသွားရတာလဲဗျာ"

နေမင်းအနော်ရထာသည် ဤမျှအိုမင်းနေသော မိန်းမကြီးကို ဟိန်လေးဟု တယုတယခေါ်ချင်စိတ် မရှိတော့ပေ။ သူ့မျက်စိထဲ စွဲနေသော နုပျိုလှပသည့် ဟိန်ဒရီယာဒုပုံစံ ပျောက်ကွယ်နေသော အဘွားအိုကို တခြား တစ်ယောက်လို့ပဲ စိတ်ထဲကထင်မိ၏။ ချစ်သည့်စိတ်များလည်း မရှိတော့ပေ။ သူ့ချစ်သူသည် သူ့ရှေ့က ဤရှုတ်တွနေသော အဘွားကြီးမဟုတ်။ နုပျိုသော ဟိန်ဒရီယာဒုသာဖြစ်၏။

"ဩော် ...ကိုကိုရယ်၊ ဟိန်လေးက ဟတ္တတိကဂြိုဟ်သူလေ။ ဟတ္တတိကဂြိုဟ်သူဟာ ဘယ်နေရာရောက်ရောက် ဟတ္တတိကရဲ့ အချိန်သတ် မှတ်ချက်အတိုင်း အိုမင်းရင့်ရော်တာပေါ့ ကိုကိုရဲ့။ ဟိန်လေးဖြင့် ကိုကိုတို့ကမ္ဘာ နဲ့ ဟိန်လေးတို့ ဟတ္တတိကတို့ အချိန်ကာလသတ်မှတ်ချက်ချင်း တူတယ် ထင်နေတာ။ တခြားအချက်အလက်တွေကိုသာ ဟိန်လေးလေ့လာမိတယ်။ အချိန်ကာလကို မေ့နေမိတယ် ကိုကို။ ကိုကိုလည်း ဒါကို သတိမရဘူး မဟုတ်လား"

ဟိန်ဒရီယာဒု ပြောသည့်စကားများကို နေမင်းအနော်ရထာ မကြား တော့ပါ။

သူ့စိတ်ထဲမှာ သူနှင့်ဟိန်ဒရီယာဒုတို့ အင်တာနက်ထဲမှာ စတင် တွေ့ဆုံစဉ်မှ ယခုအထိ ဖြစ်ကြောင်းကုန်စင်ကို ပြန်တွေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ဟိန်ဒရီယာဒု စတွေ့သည့်နေ့သည် သူ့အသက် ၁၉ နှစ်ပြည့်သည့်နေ့ ဟိန်ဒရီယာဒု အသက် ၁၈ နှစ်ပြည့်သည့်နေ့ ဖြစ်သည်။ သူ့ ၁၉ နှစ်ပြည့်မွေးနေ့နှင့် ဟိန်ဒရီယာဒု ၁၈ နှစ်မွေးနေ့တို့ တစ်နေ့တည်းထပ်၍ တိုက်ဆိုင်နေခြင်းဖြစ်သည်။ အဲသည့်နောက်ပိုင်းမှာတော့ သူတို့အသက်သည် ကိုယ့်ဂြိုဟ်နှင့်ကိုယ် သတ်မှတ်ချက်များအတိုင်း ကွဲပြားသွားခဲ့ကြသည်။ ဒါကို နှစ်ယောက်စလုံးက သတိမထားမိခဲ့ခြင်းဖြစ်၏။

သူတို့ဆီမှာ အတန်းတစ်တန်းကို သုံးနှစ်တက်ရောက်ရခြင်းမှာလည်း စာသင်ချိန်နည်းပါး၍ ဖြစ်လိမ့်မည်။ သုံးနှစ်သင်မှ သင်ရိုးတစ်ခု ကုန်သည်မို့ သုံးနှစ်တစ်တန်း တက်ရောက်ရခြင်း ဖြစ်ပေမည်။

သူတို့ ရှခင်းသာဂြိုဟ်ကိုလာဖို့ ချိန်း၍ထွက်ခွာလာချိန်တွင် နေမင်းအနော်ရထာအသက်က ၁၉ နှစ်ပြည့်ပြီးလို့ ၆ လပဲ စွန်းသေးသည်။ ထို ၆ လသည် ဟတ္တတိကဂြိုဟ်အတွက် ၆ နှစ်နှင့် သွား၍ညီနေပေရာ ဟိန်ဒရီယာဒု၏အသက်သည် *(သူတို့ တွေ့စက ၁၈ နှစ်တွင် ၆ နှစ်ထည့်ပေါင်းတော့)* ၂၄ နှစ်ရှိနေပြီဖြစ်၏။ ၁၈ နှစ်နှင့် ၂၄ နှစ် အသက်ကွာခြားမှုသည် မိန်းမသား တစ်ယောက်အတွက် သိပ်မသိသာသေးသည့်အတွက် နေမင်းအနော်ရထာ ထိုစဉ်က မရိပ်မိခဲ့ခြင်းဖြစ်၏။ သူက ဟိန်ဒရီယာဒု၏အလှသည် တဖြည်းဖြည်း ရင့်ကျက်လာသည်ဟုပင် ထင်ခဲ့မိသေး၏။ တကယ်က သူတို့နှစ်ယောက် ဆက်သွယ်ရင်းမှ ဟိန်ဒရီယာဒု၏အသက်သည် တစ်လလျှင် တစ်နှစ်စာ အသက်ကြီးလာနေခြင်း ဖြစ်ပါသည်။

ယခု သူ့အသက်က ရှခင်းသာဂြိုဟ်ကို လာရောက်သည့်ခရီးတာ ကာလ ၃ နှစ်ကို ထည့်ပေါင်းမှ ၂၂ နှစ်နှင့် ၆ လပဲရှိသေးသည်။

ဟတ္တတိကဂြိုဟ်မှထွက်ခွာလာစဉ်က အသက် ၂၄ နှစ်ရှိပြီဖြစ်သော ဟိန်ဒရီယာဒုသည် သူတို့ ပြက္ခဒိန်သတ်မှတ်ချက်အရ ၃၆ နှစ် အသက်ပိုကြီးလာပြီဖြစ်ရာ (၂၄+၃၆)အသက် ၆၀ ရှိနေပေပြီ။

"အောင်မယ်လေးဗျာ"

သူတို့ဖြစ်အင်ကို စိတ်တွက်ဖြင့်တွက်ကြည့်ရင်း နေမင်းအနော်ရထာ အလန့်တကြား အော်လိုက်မိလေသည်။

"ဘာဖြစ်လို့လဲ ကိုကို။ ဟိန်လေးနဲ့တွေ့ရတာ ကိုကို ဝမ်းသာသွားလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟိန်ဒရိယာဒုဆိုသော အဘွားအိုကြီးက သူ့အနားသို့ တိုးကပ်လာရင်း မေးလိုက်သည်။

နေမင်းအနော်ရထာက ကိုယ်ကိုရွှေ့၍ထိုင်လိုက်၏။

"ဟင် ဟတ္တကိုကို၊ ဟိန်လေးကို အဘိုးကြီး၊ အဘွားကြီးဘဝရောက်တဲ့အထိ ချစ်နေမှာပါဆို။ ကိုကို ဟိန်လေးကို ချစ်တယ်မဟုတ်လားဟင်"

နေမင်းအနော်ရထာ ဘာမျှ ပြန်မပြောမိ။

ထိုစဉ် လေယာဉ်ကွင်းထဲမှ ကြေငြာသံက ထပ်၍ထွက်ပေါ်လာသည်။

"ကမ္ဘာဂြိုဟ်ပေါ်သို့ ထွက်ခွာမည့်ဒုံးယာဉ်ဟာ မိနစ်ပိုင်းအတွင်းမှာ ထွက်ခွာတော့မှာ ဖြစ်ပါတယ်ရှင်။ ခရီးသည်တစ်ဦး လိုက်ပါရန် နေရာကျန်ရှိပါသေးတဲ့အတွက် လိုက်ပါလိုသူရှိပါက ယာဉ်ပေါ်သို့ချက်ချင်းတက်ရောက်ပြီး လိုက်ပါနိုင်ပါတယ်။ နောက်တစ်မိနစ်ကြာချိန်မှာ ဒုံးယာဉ်ထွက်ခွာတော့မှာ ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်"

"ကိုကို၊ ဟိန်လေးတို့မနက်ဖြန်ပဲ လက်ထပ်ကြရအောင်နော်။ ဟိန်လေးလေ၊ ကိုကို့အတွက် သားသားမီးမီးလေးတွေ အများကြီး မွေးပေးချင်ပါတယ် ကိုကို။ ဒါပေမဲ့ ဒီကိုလာတဲ့ လမ်းခရီးမှာတင် ဟိန်လေး သွေးဆုံးသွားပြီ ကိုကိုရဲ့"

"အောင်မယ်လေးဗျာ"

နေမင်းအနော်ရထာက ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"ကိုကို"

သူသည် အိုမင်းရှုံ့တွနေသော သူ့အဘွားအရွယ်ရှိသည့် ဟတ္တတိက ဂြိုဟ်သူမကြီးကို နောက်ဆုံးအနေဖြင့် ကြည့်လိုက်သည်။ ဤအိုကြီးအိုမကြီးအပေါ် ချစ်ခင်စိတ် မည်သည့်အခါမျှ ဖြစ်ပေါ်လာတော့မည်မဟုတ်ပါ။ သူ့ကိုကမ္ဘာဂြိုဟ်ပေါ် ခေါ်သွားလျှင်လည်း လမ်းခရီး၌ကြာချိန်သည် သူတို့ဂြိုဟ်အရ ၃၆ နှစ်ဆိုတော့ ဟိုရောက်ရင် အသက် ၉၆ နှစ်ရှိနေပေလိမ့်မည်။ လမ်းခရီးမှာတင် သေချင်သေသွားနိုင်သေးသည်။ ဘယ်လိုမျှ ပေါင်းသင်းလို့မဖြစ်အောင် ခြားနားသည့်ဘဝများပါတကား။

သူက သူ့စိတ်ကို ရုတ်ခြည်းဆုံးဖြတ်ချက်ချလိုက်ကာ လေယာဉ်ကွင်းထဲသို့ ပြေးထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... ကိုကို၊ ဘယ်သွားမလို့လဲ"

သူသည် ထွက်လုဆဲ လူခေါ်နေသော ကမ္ဘာပြိုဟ်သို့သွားမည့် ဒုံးယာဉ်ဆီသို့ တစ်ဟုန်ထိုး ပြေးခဲ့လေသည်။

"ကိုကို ... ကိုကို၊ ဟိန်လေးလဲ လိုက်မယ်လေ"

အဘွားအိုသည် တုတ်ကောက်ကိုထောက်ကာ ယိုင်တိုင်ယိုင်နဲ့ဖြင့် ထလိုက်လာလေ၏။

နေမင်းအနော်ရထာက ထွက်လုဆဲဒုံးယာဉ်ပေါ်သို့ ပြေးတက်လိုက်လေသည်။

ယာဉ်ပေါ်သို့ သူရောက်သည်နှင့် ယာဉ်တံခါးက ပိတ်သွားလေသည်။

အာကာသယာဉ်မှူးသည် သူ့အနားသို့လျှောက်လာကာ နှုတ်ဆက်လိုက်သည်။

"ခင်ဗျား သိပ်ကံကောင်းတာပဲ။ နောက်ယာဉ်တစ်စီးက နောက်ရက်တစ်ရာကြာမှ ထွက်မှာဗျ။ ကျွန်တော်တို့အတွက်လည်း ခရီးသည်အပြည့်ရမှ ကိုက်တာဗျ"

"အို ... စကားမရှည်စမ်းပါနဲ့ဗျာ။ ထွက်မှာသာမြန်မြန်ထွက်စမ်းပါ"

အာကာသယာဉ်မှူးက စကားဖြတ်ကာ စက်ခန်းထဲ ဝင်သွားပြီး ဒုံးယာဉ်ကို မောင်းထွက်လိုက်လေသည်။

"ကိုကို ... ကိုကို၊ ဟိန်လေးလည်း လိုက်မယ်လေ။ ဟိန်လေးကို ခေါ်ပါဦး"

အဘွားကြီးက သနားစဖွယ်အော်ဟစ်ရင်း ဒုံးယာဉ်ရှိရာသို့ ပြေးလာဆဲ ဖြစ်သည်။

"ကိုကို၊ ဟိန်လေးကို ချစ်တယ်ဆို။ အဘွားကြီးဖြစ်နေလည်း ချစ်နေမှာပါဆို။ ဟိန်လေးကိုခေါ်ပါဦး ကိုကိုရယ်"

ဒုံးယာဉ်က မြေပြင်မှကြွတက်လိုက်ရာ တစ်စက္ကန့်လျှင် ကီလိုမီတာ တစ်သောင်းပြေးသည့်ယာဉ်မို့ အာကာသထဲသို့ ရှတ်ခနဲရောက်သွားလေသည်။

အောက်မှ ရှခင်းသာဂြိုဟ်၏မြင်ကွင်းမှာလည်း မျက်စိတစ်မှိတ် အတွင်းမှာပင် ပျောက်ကွယ်သွားလေ၏။

နေမင်းအနော်ရထာက သက်ပြင်းကိုချလိုက်လေသည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း။ ဩဂုတ်လ ၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com



# ပြုပျော်မှု

[illegible]



[illegible]

www.burmeseclassic.com

# ဂြိုဟ်ပူ

ကျွန်ုပ်တို့မှီတင်းနေထိုင်ရာ ဂြိုဟ်ကမ္ဘာမှာ အလွန်တရာသာယာလှပ၍ နေချင်စဖွယ်အတိပြီးသော လောကတစ်ခုဖြစ်ပေသည်။ ကျွန်ုပ်တို့ဂြိုဟ်သည် မေတ္တာတရားထွန်းကားသည့် ဂြိုဟ်တစ်လုံးဖြစ်သည်နှင့်အမျှ ကျွန်ုပ်တို့ဂြိုဟ်တွင် မှီတင်းနေထိုင်ကြသည့် သက်ရှိအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးစွာ နေထိုင်ကြပေ၏။ ကျွန်ုပ်တို့သည် တရားဓမ္မပျော်မွေ့သူများဖြစ်ပြီး သက်ရှိအားလုံးတို့မှာ တရားသဘောကို နားလည်လက်ခံသူများလည်း ဖြစ်ပေသည်။

ကျွန်ုပ်တို့ဂြိုဟ်၌ လောဘ၊ ဒေါသ၊ မောဟဆိုသော အဘိဓမ္မာများ မရှိပါချေ။ တစ်ဦးနှင့်တစ်ဦး မနာလိုမုန်းတီးမှု၊ တုပြိုင်မှုများလည်း ကင်းရှင်းကာ ဂြိုဟ်သားအားလုံးတို့သည် အေးချမ်းငြိမ်သက်စွာ နေထိုင်ကြပေ၏။

လောဘ၊ ဒေါသ၊ မောဟတရားများလည်း ပေါက်ပွားရန် မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့ဂြိုဟ်၌ စားသောက်စရာများကို မြေပဒေသာပင်မှ သီးပွင့်သည့်အတွက် အလျှံပယ် စားသုံးနိုင်ပေ၏။ မည်သူမျှ အစားအသောက်အတွက် သောကဗျာပါဒ ဖြစ်စရာမလိုချေ။ အစားအစာကို ရှာကန်လှုပ်ရှား ရှာဖွေရန်လည်းမလို၊ သူ့ထက်ငါဦး လုယက်ယှဉ်ရန်လည်း မလိုအပ်ပါချေ။ အချုပ်အားဖြင့်ဆိုသော် ကျွန်ုပ်တို့ဂြိုဟ်သည် ကိစ္စများမြောင်ခြင်းမရှိဘဲ စားချိန်တန်စား၍ အိပ်ချိန်တန်အိပ်ကာ တရားဓမ္မဖြင့်ထုံမွမ်းသည့် အေးချမ်းငြိမ်သက်သော ဂြိုဟ်တစ်ခုဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လောဘ၊ ဒေါသ၊ မောဟများ။ ဂုဏ်တုဂုဏ်ပြိုင်များ ကျွန်ုပ်တို့ ဂြိုဟ်တွင် မရှိပါ။

စင်စစ် လောဘ၊ ဒေါသ၊ မောဟဆိုသည့် စကားလုံးများပင် ကျွန်ုပ်တို့ဂြိုဟ်၌ ယခင်ကမကြားဖူးခဲ့ပါပေ။

ကျွန်ုပ်တို့ဂြိုဟ်ပေါ်သို့ ထိုလူတစ်သိုက် ရောက်ရှိလာသည့်အခါမှပင် သက်ရှိလောက၌ မကောင်းမှုဒုစရိုက်များ၊ သောကဗျာပါဒများ၊ လောဘ၊ ဒေါသ၊ မောဟများ၊ လိမ်ညာလှည့်ဖျားမှု၊ ဖောက်လွဲဖောက်ပြန်ပြုမှုဆိုသည့် ကြောက်မက်ဖွယ်အရာများ ရှိနေသည်ကို သံဝေဂရစွာ သိရှိလာရခြင်းဖြစ်ပါ၏။

ကျွန်ုပ်တို့ဂြိုဟ်သည် ဤစကြဝဠာအနန္တထဲ၌ သာယာလှပဆုံးနှင့် အေးချမ်းငြိမ်သက်ဆုံး ဂြိုဟ်တစ်ခုဖြစ်ကြောင်းကို ကျွန်ုပ်တို့ကိုယ်တိုင်ပင် ယခင်က မသိရှိခဲ့ချေ။ ကျွန်ုပ်တို့ဂြိုဟ်သားများသည်လည်း လောဘ၊ ဒေါသ၊ မောဟကင်းရှင်းသည့် သူတော်စင်များဖြစ်ကြောင်း ယခင်ကမသိရှိခဲ့။

ကောင်းခြင်း၊ ဆိုးခြင်း၊ ပို၍သာလွန်ခြင်းဆိုသည့် တရားများမှာ နှိုင်းယှဉ်စရာရှိမှသာ ပေါ်လွင်သောအဖြစ်များဖြစ်ရာ ကျွန်ုပ်တို့ချည်း အေးချမ်းငြိမ်သက်စွာနေခဲ့စဉ်က ထိုအဖြစ်များကို မသိရှိခဲ့ပါပေ။

ထိုလူတစ်သိုက် ရောက်ရှိလာခြင်းကား ကျွန်ုပ်တို့၏ဘဝကို ကောင်းမွန် မြင့်မြတ်သောဘဝတစ်ခုဖြစ်ကြောင်း နှိုင်းယှဉ်ခွင့်ရအောင် ပြုလုပ်လိုက်သကဲ့သို့ပင်ဖြစ်ခဲ့လေ၏။

☙

တစ်နေ့သ၌ ကျွန်ုပ်တို့၏ဂြိုဟ်ပေါ်သို့ အခြားအရပ်မှ ယာဉ်ပျံတစ်စီး ပျက်ကျကာ ဆိုက်ရောက်လာခဲ့လေသည်။ ယာဉ်ပျံပေါ်၌ သက်ရှိသတ္တဝါများ ပါလာခဲ့ကာ ထိုသတ္တဝါများသည် ပျက်ကျပြီး မီးဟုန်းဟုန်းတောက်လောင်နေသောယာဉ်ပျံပေါ်မှ သူ့ထက်ငါဦး အလုအယက် တိုးဝှေ့ဆင်းသက်လာကြလေ၏။

ယာဉ်ပျံပေါ်မှဆင်းသက်လာသူများသည် 'ကယ်ပါ ယူပါ' တစာစာ အော်ဟစ်ကာ ငိုယိုမြည်တမ်းလျက်ရှိပေ၏။ ကျွန်ုပ်တို့ဂြိုဟ်သားများသည် ထိုသူများကိုကြည့်ကာ အံ့သြထိတ်လန့်ခြင်းဖြစ်ခဲ့ရလေ၏။ ကျွန်ုပ်တို့သည် သက်ရှိတစ်ဦးတစ်ယောက်အား ထိုသို့ဆင်းရဲဒုက္ခရောက်ပြီး ငိုကြွေးမြည်တမ်းနေသည့် အဖြစ်မျိုးကို မည်သည့်အခါကမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုသော်ကား ယာဉ်ပျံပေါ်မှ ဆင်းသက်လာသူအားလုံးတို့သည် ပူလောင်ပြင်းပြစွာ ဆင်းရဲဒုက္ခရောက်သည့်အသွင်ကိုဆောင်လျက် သူတို့အား ကယ်ဆယ်ပါရန် ကျွန်ုပ်တို့ကို တောင်းဆိုနေကြပေသည်။

ကျွန်ုပ်သည် ဤဂြိုဟ်၏ အကြီးအကဲဖြစ်သည့်အားလျော်စွာ မိမိဂြိုဟ်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသူများကို ကူညီသင့်သည်ဟု ရိုးသားစွာတွေးခေါ်ကာ ဒုက္ခသည်သတ္တဝါတစ်သိုက်အား ကျွန်ုပ်ရှိရာသို့ အခေါ်ခိုင်းလိုက်ရလေ၏။

ထိုသူတစ်သိုက်မှာ ဦးရေ ၁၅ ဦးတိတိရှိပေသည်။ အဝတ်အစားများ ဝတ်ဆင်ထားပုံကိုထောက်၍ သူတို့သည် ယဉ်ကျေးမှုအဆင့်အတန်းရှိသော ဂြိုဟ်တစ်ခုမှ လာရောက်သူများဖြစ်ပုံရပေ၏။ နောက်မှ ကျွန်ုပ်သိရသည်မှာ သူတို့တွင် အဖို၊ အမဟူ၍ လိင်ကွဲပြားမှုရှိပြီး အဖိုနှင့်အမတို့ ပေါင်းစည်း၍ စပ်ယှက်ကာ မျိုးတူသတ္တဝါများပွားများသည့် သတ္တဝါအမျိုးအစားဖြစ်ကြောင်း သိရလေ၏။ ကျွန်ုပ်တို့ဂြိုဟ်ကမ္ဘာတွင်ကား ထိုသို့ လိင်ကွဲပြားမှုမရှိပါချေ။ လိင်ကွဲပြားမှုမရှိသည့်အတွက် ယရာဝါသကိစ္စများမြောင်သော ကာမတဏှာများလည်း ကင်းရှင်းပါပေ၏။

ရောက်လာသောလူစုတွင် အရွယ်ရောက်ပြီး အသက်အရွယ်ကြီးသူ ၆ ဦးပါဝင်၍ အဖိုသတ္တဝါ ၃ ဦးနှင့် အမသတ္တဝါ ၃ ဦးဖြစ်ကြပေသည်။ ထိုထိုသော ယောကျ်ား ၃ ဦးနှင့် မိန်းမ ၃ ဦးမှာ တစ်စုံတွဲစီပေါင်းသင်းနေကြသော ဇွိုယ်စုံတွဲ ၃ တွဲဖြစ်ကြောင်းသိရလေ၏။ ကျန်သောငယ်ရွယ်သူများမှာ ၎င်းတို့သုံးစုံတွဲမှ ပေါက်ပွားလာကြသော ကလေးသူငယ်များဖြစ်ကြောင်း သိရလေသည်။

၎င်းတို့ပြောပြချက်အရ ၎င်းတို့သည် ယဉ်ကျေးမှု ဘာသာစကားနှင့် စာပေထွန်းကားသော ဂြိုဟ်တစ်ခုမှ အသိဉာဏ်မြင့်မားသော ဂြိုဟ်သားများဖြစ်ကြောင်း၊ ၎င်းတို့ဂြိုဟ်ပေါ်တွင် မျိုးမတူသောတိုင်းနိုင်ငံ များစွာရှိကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်မြေလုစစ်ဖြစ်ပွားကြရာတွင် သေစေသော လက်နက်များကို သူ့ထက်ငါဦး အသုံးပြု၍တိုက်ခိုက်ကြရင်းမှ နောက်ဆုံးတွင် ဂြိုဟ်ကြီးတစ်ခုလုံး ပေါက်ကွဲပျက်စီးသွားခဲ့ရကြောင်း သိရပေသည်။

ယာဉ်ပျံသုံးစီးသည် ဂြိုဟ်ပေါ်မှ ထွက်ပြေးလွတ်မြောက်ခဲ့ရာ လမ်းခရီး၌ တစ်စီးသည် လောင်စာကုန်ခန်းကာပျက်စီးသွားပြီး တစ်စီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာပျံ တစ်လုံးနှင့် ဝင်တိုက်ပြီး မီးလောင်သွားခဲ့ကြောင်း၊ ၎င်းတို့မိသား ၃ စု ပါဝင်သော ယာဉ်ပျံတစ်စီးသာလျှင် ခရီးဆက်လက်နှင်ခဲ့ကြောင်း၊ ကျွန်ုပ်တို့ ဂြိုဟ်အနီးတွင် စက်လည်းချွတ်ယွင်း၊ လောင်စာလည်းကုန်ခန်းကာ ပျက်စီး ယိုယွင်းသွားကြောင်း၊ ကံကောင်းထောက်မစွာ ကျွန်ုပ်တို့ဂြိုဟ်ပေါ်သို့ ယာဉ်ပျက်ကျ၍ အသက်ချမ်းသာရာရကြောင်း၊ သူတို့အား ဆက်လက် အသက်ရှင် သန်နိုင်ရန်အတွက် ကာကွယ်ပါရန် တောင်းပန်ပြောဆိုကြလေသည်။

ကျွန်ုပ်လည်း သနားကရုဏာသက်သည်နှင့် ဒုက္ခသည်တစ်သိုက်အား ကျွန်ုပ်တို့ဂြိုဟ်ပေါ်တွင် နေထိုင်စရာဖန်တီးပေးကာ နေစေခဲ့ပေသည်။

ထိုသူများသည် ကျွန်ုပ်တို့နှင့်သွင်ပြင်တူသော်လည်း မျိုးမတူကြောင်းကို ကျွန်ုပ်သည် မဆွကတည်းကပင် သိရှိခဲ့ပေ၏။

ထိုသူများကား ကျွန်ုပ်တို့ကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါမရှိ။ ထိုသူတို့၏ ကိုယ်မှ အနံ့အသက်မကောင်းသော ချွေးဆိုသည့်အရာများ ထွက်လေ့ရှိကာ ကိုယ်နံ့သည် ဆိုးဝါးလှပေ၏။ ထိုသူတို့သည် တစ်နေရာမှ တစ်နေရာသို့ သွားလာလိုပါက မြေပေါ်တွင် ခြေဖြင့်လျှောက်လှမ်း၍သာ သွားလာနိုင်သော အမျိုးအစားဖြစ်ပေသည်။

ကျွန်ုပ်တို့ကား တစ်နေရာမှတစ်နေရာသို့ သွားလာလိုသည့်အခါ ခြေဖြင့်လျှောက်လှမ်း၍ သွားလိုကသွားနိုင်သည်၊ လေတွင် ကိုယ်ကိုဖော့၍ သွားလိုက သွားနိုင်သောအမျိုးအစား ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် မိမိသိလို သောအရာကို သွားရောက်မကြည့်ရှုဘဲ စိတ်စေတသိက်ကိုနှင်၍ သိရှိအောင် ကြံဆောင်နိုင်သူများလည်း ဖြစ်ပေသည်။

ဒုက္ခသည်တစ်သိုက်သည်ကား စက်ဆုပ်ဖွယ်ကောင်းသော ကာမ စပ်ယှက်မှုကို နေ့စဉ်ပြုကျင့်ကာ တဏှာရမ္မက်တွင် ပျော်မွေ့တတ်သော သတ္တဝါများဖြစ်ကြောင်း ကျွန်ုပ်တို့ တစ်စတစ်စတွေ့ရှိလာရလေသည်။

ယင်းသို့ဖြင့် ကျွန်ုပ်သည် ၎င်းတို့၏ဓလေ့စရိုက်အမှန်ကို သိရှိ၍ ၎င်းတို့လာခဲ့ရာဂြိုဟ်မှ ဖြစ်အင်များအား စိတ်စေတသိက်ကိုနှင်ရင်း ရှား သမာပတ်ဝင်စားကာ လေ့လာကြည့်ရှုလိုက်လေသည်။

ထိုအခါ ၎င်းတို့အား အလွန်ပင်အဆင့်နိမ့်ကာ အသိဉာဏ်မြင့်မား သည့် ထူးဆန်းသောသတ္တဝါတစ်မျိုးဖြစ်ကြောင်း သိရှိလာရလေ၏။ လောသ



www.burmeseclassic.com

www.burmeseclassic.com



ရမ္မက်၊ တဏှာတို့ ထုံမွမ်းထားသည့်အတွက် အဆင့်နိမ့်လှသော်လည်း ၎င်းတို့၏ အသိဉာဏ်မှာမူ မြင့်မားကြလေသည်။

၎င်းတို့သည် အသုံးအဆောင်ပစ္စည်းကိရိယာများ၊ ယာဉ်ရထားများ၊ စက်ကိရိယာများကို တီထွင်ထုတ်လုပ်နိုင်စွမ်း ရှိကြပေသည်။ သို့ရာတွင် ၎င်းတို့၏ လောဘ၊ ဒေါသမကင်းပေရာ တစ်ဦးနှင့်တစ်ဦး ပြုစုစောင်းမြှောင်းခြင်း၊ ငြင်းခုံခြင်း၊ ခိုက်ရန်ပွားခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးဝှက်ယူငင်ခြင်း၊ အချင်းချင်း ကျူးကျော်စော်ကားခြင်းများကို ပြုကြပေသည်။ ယင်းသို့သော အဘိဇ္ဈာများကြောင့်ပင် သေကြေတတ်စေသော လက်နက်များကို ထုတ်လုပ်ကာ အနိုင်အထက်ကျင့်ကြရင်းမှ ၎င်းတို့၏ဂြိုဟ်ကြီးမှာ ပျက်စီးခြင်းသို့ တိုင်ခဲ့ရပေသည်။

❧

ဒုက္ခသည်သတ္တဝါများကား ၎င်းတို့၏ကမ္ဘာကြီး ပျက်စီးခြင်းတိုင်သည်ထိ ဒုက္ခအဖုံဖုံ ကြုံခဲ့ရသော်လည်း သံဝေဂမရကြပါပေ။ ကျွန်ုပ်တို့၏ဂြိုဟ်ပေါ်တွင် မတောင့်မတစားသောက်၍ မကြောင့်မကြနေရသည့်ကြားမှပင် ၎င်းတို့၏ ဗီဇဆိုးများအတိုင်း ဆက်လက်ရှင်သန်မြဲဖြစ်ပေ၏။

၎င်းတို့၏သက်တမ်းမှာလည်း အလွန်တိုတောင်းလှသည်ကို တွေ့ကြရပေသည်။ ကျွန်ုပ်တို့၏ဂြိုဟ်ပေါ်တွင် မဖွယ်ရာသော ကာမစပ်ယှက်မှုများ ပြုကြပြီး ထိုသုံးစုံတွဲမှ နောက်ထပ်၍ မျိုးဆက်များပွားကြပေသည်။ သို့သော် ၎င်းတို့၏သက်တမ်းမှာ အလွန်တိုတောင်းလှလေရာ ကျွန်ုပ်တို့မျက်စိရှေ့မှာပင် ထိုသူများသည် အလွန်လျင်မြန်စွာအိုစာလာကြပြီး မကြာမီ ကွယ်လွန်သေဆုံးကုန်ကြလေသည်။ ကွယ်လွန်ခြင်း၊ သေဆုံးခြင်းဆိုသည့်အရာများ ကျွန်ုပ်တို့ဂြိုဟ်၌ မရှိချေ။ ကွယ်လွန်သေဆုံးခြင်းကို ကျွန်ုပ်တို့ဂြိုဟ်သားများအဖို့ ယခင်က မမြင်ဖူး၊ မတွေ့ဖူး၊ မကြားဖူးလေရာ သူတို့သေဆုံးသွားကြသည်ကို ကြည့်၍ လွန်စွာထိတ်လန့်မိလေသည်။

အကြီးဆုံးသောပုဂ္ဂိုလ်များ ကွယ်လွန်တိမ်းပါးသွားသည့်အခါ ကလေးသူငယ်များသည် လျင်မြန်စွာလူလားမြောက်လာကြပြီး သူတို့ အချင်းချင်း အိမ်ရာထူထောင်မှုကို ပြုကြပြန်သည်။ မျိုးဆက်များလည်း ပွားများကြပြန်သည်။ မကြာခင်မှာပင် သူတို့သည်လည်း အိုမင်းရင့်ရော်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန် တိမ်းပါးကြပြန် ၏။ ကျန်မျိုးဆက်များလည်း အရွယ်ရောက်ကာ အချင်းချင်း သင့်တော်ရ အိမ်ရာထူထောင်ကြပြန်လေသည်။

ကျွန်ုပ်၏မျက်စိရှေ့မှာပင် လျှပ်တစ်ပြက်အတွင်း၌ မျိုးဆက်သုံးဆက် တိုင်သည်ထိ ပွားများလာကြလေရာ သူတို့၏ဦးရေသည် ၅၅ ဦးအထိ ရှိလာကြလေ၏။

ကျွန်ုပ်တို့နှင့် သဘောသဘာဝမတူသော်ငြား ၎င်းတို့၏ဓလေ့စရိုက် အတိုင်း အေးဆေးစွာနေထိုင်သွားပါလျှင် ကျွန်ုပ်အနေဖြင့် မည်သို့မျှ အရေး ယူရန်မရှိပါချေ။ သို့ရာတွင် တဏှာမစင်သော ထိုသူတို့သည် ကျွန်ုပ်တို့ဂြိုဟ် ပေါ်၌ အေးချမ်းစွာနေထိုင်ခြင်း မရှိခဲ့ကြပါချေ။

စတင်၍ ပြဿနာဖြစ်ပွားသည်မှာ တစ်ဦးအိမ်ရာကို တစ်ဦးက ပြစ်မှားကြခြင်းပင်ဖြစ်လေ၏။ သီးခြားစီဖြစ်သော အိမ်ထောင်နှစ်ခုမှ အဖိုအမ တို့သည် မိမိတို့ကြင်ဖော်ကွယ်ရာတွင် ဖောက်လွဲဖောက်ပြန်ပြုမူကြသည်ဟူ၏။ နောက်ထပ်တိုးပွားလာသော ကလေးသူငယ်သည် သူနှင့်ရသော ကလေး မဟုတ်၊ အခြားသူတစ်ယောက်နှင့် ဖောက်ပြန်၍မွေးဖွားလာကြောင်း ပြစ်တင် ခိုက်ရန် ဖြစ်ပွားကြကာ ထိုသတင်းသည် ကျွန်ုပ်ထံသို့ ရောက်လာခဲ့လေ၏။ ကျွန်ုပ်က စိတ်ဖြင့်စေစားအကဲခတ်ကြည့်ရာ အမှန်ပင် ဖောက်လွဲဖောက်ပြန် မှုများ ရှိနေသည်ကို ထိတ်လန့်ဖွယ်တွေ့လိုက်ရပေ၏။ ထိုအဖြစ်သည်ကား ၎င်းတို့အသိုင်းအဝိုင်းအဲတွက် အကျည်းတန်စေသည်သာမက ကျွန်ုပ်တို့ ဂြိုဟ်ကမ္ဘာကိုလည်း စော်ကားမော်ကားပြုမူရာကျပေသည်။

ယင်းသို့ဖြင့် ၎င်းတို့ချင်း ဆက်ဆံရေးမပြေပြစ်မှုများကြောင့် အုပ်စု နှစ်စု ကွဲသွားကြလေသည်။

၎င်းတို့သည် အချင်းချင်းမသင့်မြတ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများ ဖြစ်ကြရုံမက ကျွန်ုပ်တို့ဂြိုဟ်သားများကိုပင် ဖျက်လိုဖျက်ဆီး ပြုလုပ်လာကြ သည့်အခါ ကျွန်ုပ်အနေဖြင့် ၎င်းတို့အား ဤဂြိုဟ်ပေါ်တွင် ဆက်လက်၍ လက်ခံထားရမည့်ကိစ္စကိုပါ စဉ်းစားလာရလေတော့သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ဂြိုဟ်သားနှစ်ဦးဖြစ်သော သိဒ္ဓါနှင့်ဟန္ဒီတို့အား ၎င်းလူသိုက်ကို စောင့်ကြပ်ကြည့်ရှုရန် တာဝန်ပေးအပ်ထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com





"သူတို့တား လောဘ၊ ဒေါသ၊ မောဟစ တင်းစင်သေးသည့် သာဝန် အဆင့်နိမ့် သတ္တဝါအဆင့်မှာဝင် ရှိကြသေးကြောင်းပါ။ သို့သော် ဉာဏ်ရည် ထက်မြက်သော ဗုဒ္ဓိုလ် များလည်းပေါ်ထွန်းလျက် ရှိ ကြောင်းပါ။ သူတို့သည် များဖွာတိုးတက်ထွန်းတား အောင်လည်း ကြံဆောင်နိုင်ကြောင်းပါ။

မကြာခင်မှာပင် သိဒ္ဓါနှင့်ဟန္တီတို့၏ အမူအရာများမှာ ပြောင်းလဲလာသည်ကို တွေ့ရပေ၏။ သိဒ္ဓါနှင့်ဟန္တီသည် အိပ်စက်လိုသောဟန်ဖြင့် မျက်ကြောများစင်းကာ အစဉ်ထိုင်းမှိုင်းနေသည်ကို ကျွန်ုပ် သတိထားမိလာခဲ့၏။ သူတို့ ပြောသောစကားများမှာလည်း ဗလုံးဗထွေးနှင့် မသဲမကွဲဖြစ်နေသည်ကို သိလိုက်ရလေသည်။ ကျွန်ုပ်သည် သိဒ္ဓါနှင့်ဟန္တီတို့ ထိုလူတစ်သိုက်၏ ဖမ်းစားခြင်းကို ခံယူလိုက်ရပြီဖြစ်ကြောင်း ဆင်ခြင်မိလေသည်။ မည်သို့မည်ပုံ ဖမ်းစားခံရသည်ကိုမူ ကျွန်ုပ်မသိသေး။

ကျွန်ုပ် လှေ့လာအကဲခတ်ရန်ကြံစည်ဆဲမှာပင် သိဒ္ဓါနှင့်ဟန္တီတို့ နှစ်ဦးစလုံး ကိုယ်ရောင်ကိုယ်ဝါများ ကွယ်ပျောက်သွားသည်ကို တွေ့ရပေသည်။ ထို့အပြင် သွားလာလှုပ်ရှားရာ၌ မြေတွင် လမ်းလျှောက်၍သာ သွားလာနေကြသည်ကိုလည်း သတိပြုမိလိုက်လေသည်။ ကျွန်ုပ်သည် ၎င်းတို့နှစ်ဦးအား ခေါ်ယူကာ မည်သည့်အတွက်ကြောင့်ဟု မေးမြန်းရာ မည်သို့မျှပြန်မဖြေဘဲ တုံးတိုဘာဝေ လုပ်နေကြပေ၏။ ကျွန်ုပ်က ကျွန်ုပ်ရှေ့တွင် ပျံဝဲပြရန် အမိန့်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ၄င်းတို့နှစ်ဦးစလုံး မပျံနိုင်တော့သည့်အဖြစ်ကို တွေ့ရလေတော့သည်။ နှစ်ဦးစလုံး၌ ပါးစပ်တွင်းမှလည်း အလွန်တရာနံစော်သော အနံ့အသက်များကို စက်ဆုပ်စွာရှူရှိုက်လိုက်ရပေသည်။

"သင်တို့ အသို့ဖြစ်သနည်း။ သင်တို့သည် ဒုက္ခသည် အဆင့်နိမ့်သတ္တဝါများနှင့်ပူးပေါင်းပြီး သူတို့၏အကျင့်အကြံများကို ကျင့်ကြံကြသည်မဟုတ်လော"

ကျွန်ုပ်က စစ်ဆေးသည့်အခါ သိဒ္ဓါနှင့်ဟန္တီတို့က ဟုတ်မှန်ကြောင်းဝန်ခံကြလေသည်။ သူတို့ မှားယွင်းမိပါကြောင်းဝန်ခံကာ ငိုယိုကြပေသည်။

"မိုက်မဲလိုက်ပါဘိတော့။ သက်တမ်းတိုသောသတ္တဝါတို့၏ ဓလေ့စရိုက်ကို ပြုကျင့်လျှင် သင်တို့လည်း သူတို့ကဲ့သို့ အဆင့်နိမ့်သတ္တဝါဘဝသို့လားရပေအံ့။ သင်တို့ မကြောက်သလော။ သင်တို့အား ထိုသတ္တဝါများက မည်သို့ ပြောဆိုစည်းရုံး၍ ဤသို့ဖြစ်ရသနည်း။ ကျွန်ုပ်အား ရှင်းလင်းစွာပြောကြားပေလော့"

❧

ဒုက္ခသည်သတ္တဝါများက သိဒ္ဓါနှင့်ဟန္တီအား "သင်တို့ဂြိုဟ်သည် စားသောက်စရာကို အလျှံပယ်ရ၍ အစားအသောက်အတွက် စိတ်ပူပန်စရာမလိုသော်ငြား အလွန်ပျင်းရိစရာကောင်းကြောင်း၊ သူတို့လာခဲ့ရာဂြိုဟ်၌ ပျော်ရွှင်ချမ်းမြေ့စရာ, စည်းစိမ်ခံစရာအဖြစ်များ လွန်စွာပေါကြောင်း၊ အစားအသောက်မှာလည်း ဤဂြိုဟ်တွင် စားရသကဲ့သို့ အသင့်သီးပွင့်နေသည့်အစားအစာများကဲ့သို့မဟုတ်ကြောင်း။ ဤဂြိုဟ်၌ အသားငါး စသည်တို့မရှိ၍စားသောက်ဖွယ်အရသာတွင် ပြီးပြည့်စုံမှုရှိသည်ဟု မဆိုနိုင်ကြောင်း။ ဤဂြိုဟ်တွင် အခြားသောတိရစ္ဆာန်များ မရှိပါသလော" ဟုမေးမြန်းကာစတင် စည်းရုံးကြသည်ဟု ဆိုလေသည်။

သိဒ္ဓါနှင့်ဟန္တီက ကမ္ဘာဂြိုဟ်ပေါ်၌ တိရစ္ဆာန်များ ပေါက်ဖွားရှင်သန်နိုင်မှု မရှိကြောင်းဖြေကြားသည့်အခါ တိရစ္ဆာန်တို့၏အသားမှာ လွန်စွာစားသောက်၍ကောင်းကြောင်း၊ သင်တို့ဂြိုဟ်မှာ အသားငါးလည်းမရှိ၊ စည်းစိမ်ခံစရာ ပျော်ရွှင်စရာများလည်း မရှိ၍ အလွန်ပျင်းစရာကောင်းကြောင်း၊ သင်တို့ ဂြိုဟ်သည် အလွန်တရာအေးလွန်းသည့် "*ဂြိုဟ်အေး*" တစ်ခု ဖြစ်သည်ဟု ပြောကြသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒုက္ခသည်များက သူတို့ချက်လုပ်ထားသည့် အထူးကောင်းမွန်သော ယမကာရှိကြောင်း၊ သောက်သုံးကြည့်ရန် တိုက်တွန်းကြရာ သိဒ္ဓါတို့နှစ်ဦးသည် အမြည်းသဘော သောက်သုံးခဲ့ကြလေ၏။ သတ္တဝါများက ထိုယမကာရရှိရန် ငြိုဟ်ပေါ်၌ ပေါက်ရောက်သောသစ်ပင်များမှ သစ်ဥသစ်ဖု သစ်ခေါက်များကို မီးဖြင့်ပေါင်းတင်၊ မီးဖြင့်ချက်လုပ်ထားခြင်း ဖြစ်သည်ဟု ပြောပြလေသည်။ ထိုယမကာသည် သောက်သုံးပြီးတစ်ခဏမှာပင် မူးယစ်သလိုလိုဖြစ်လာကာ လွန်စွာပျော်ရွှင်မှုကို ခံစားရသည်ဆို၏။ ယမကာများစွာ သောက်သုံးမိသည့်အခါ စကားလွန်စွာပြောကောင်းပြီး အရှက်အကြောက်များလည်း ပျောက်ကွယ်သွားကြောင်း၊ ဒုက္ခသည်များနှင့်အတူ ရောနှောကခုန်မိသည်ထိ သတိလက်လွတ်ဖြစ်ကုန်ကြောင်း၊ သို့ရာတွင် နောက်များ၌လည်း ထိုယမကာကို ထပ်၍သောက်သုံးချင်စိတ်ပေါ်မိကြောင်း၊ သို့ဖြင့် အကြိမ်ကြိမ်သောက်သုံးခဲ့ရာ မိမိတို့၏ကိုယ်ရောင်ကိုယ်ဝါများ ပျောက်ကွယ်၍ မပျံနိုင်တော့သည့်အဖြစ်ကို သိရမှသာ နောင်တရမိပါကြောင်း ကျွန်ုပ်အား ဝန်ခံပြောကြားလေသည်။

ကျွန်ုပ်တို့သည် အပင်မှသီးပွင့်သောအသီး၊ အရွက်တို့ကိုသာ လတ်ဆတ်စွာ စားသုံးကြပေသည်။ ကျွန်ုပ်တို့သည် အစားအစာကို မီးဖြင့်ချက်ပြုတ်ခြင်း မပြုကြချေ။ ပူလောင်သောမီးဓာတ်သည် ကျွန်ုပ်တို့၏ ကိုယ်ရည်ကိုယ်သွေးကို ကျဆင်းစေပါသည်။ သိဒ္ဓါတို့နှစ်ဦးမှာ မီးဖြင့်ချက်လုပ်သော မူးယစ်စေတတ်သည့် သေရည်ကြောင့် ကိုယ်ရောင်ကိုယ်ဝါပျောက်ဆုံးရုံမက မပျံနိုင်တော့သည့်အဖြစ်သို့ ရောက်ရခြင်းပင်။

"မိုက်မဲပါဘိတော့။ သင်တို့ကို အပြစ်ပေးရမည်။ ယခုအချိန်မှစ၍ ထိုအဆင့်နိမ့်သတ္တဝါများထံ သွားလာမှုမပြုရ။ ငါ၏ဗိမာန်တော်တွင် အကျဉ်းချခံရမည်။ သင်တို့သောက်သုံးထားသည့် အရက်သေစာအရှိန်ကုန်၍ ကိုယ်ရောင်ကိုယ်ဝါ ပြန်လည်ရရှိပြီး ပျံနိုင်သည်ထိကျင့်ကြံပြီးမှသာ သင်တို့အား လွှတ်လပ်ခွင့်ပေးမည်။ ဒုက္ခသည်များသည်လည်း ငါတို့ငြိုဟ်ကို ဖျက်ဆီးမည့် မိစ္ဆာများဖြစ်ပေသည်။ သူတို့ကိုလည်း ဤငြိုဟ်ပေါ်မှ ဖယ်ရှားပစ်ပေအံ့"

ကျွန်ုပ်သည် သနား၍ကယ်တင်ထားမိသော သတ္တဝါများအား ကျွန်ုပ်တို့ငြိုဟ်ပေါ်၌ ဆက်လက်ထားရှိ၍ မဖြစ်နိုင်တော့ကြောင်း ဆင်ခြင်မိသည်။ သူတို့အား ဤငြိုဟ်ပေါ်မှ ဖယ်ရှားစေမှ ဖြစ်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျွန်ုပ်သည် သူတို့အား ရက်စက်စွာနှင်ထုတ်မည် မဟုတ်ပါ။ သူတို့ နေထိုင်အသက်ရှင်ရန် သင့်တော်သောနေရာ ဒေသတစ်ခုအား ရှာဖွေ၍ ဘေးရန်ကင်းအောင် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

သို့ဖြင့် ကျွန်ုပ်သည် ဒုက္ခသည်သတ္တဝါများနှင့် သင့်တော်သော ဂြိုဟ်တစ်ခုကို စိတ်ဖြင့်ဆင်ခြင်၍ စကြဝဠာတံတိုင်းအတွင်း၌ ရှာဖွေကြည့်လေသည်။ ထိုအခါ ကျွန်ုပ်တို့ဂြိုဟ်နှင့် များစွာဝေးလံသောအရပ်မှ အပြာရောင်ဂြိုဟ်သိမ်ဂြိုဟ်မွှားလေးတစ်ခုကို တွေ့မြင်မိပေသည်။ ၎င်းဂြိုဟ်ကလေး၌ သစ်ပင်ပန်းပင်များ ပေါက်ရောက်မှုရှိကာ ရေမြေတောတောင်များ အပြည့်ရှိ၍ သက်ရှိသတ္တဝါများ ရှင်သန်နေထိုင်နိုင်ကြောင်း ဆင်ခြင်မိလေသည်။ လက်ရှိအခြေအနေတွင် ၎င်းဂြိုဟ်ငယ်ပေါ်၌ နေထိုင်သော သက်ရှိသတ္တဝါလည်း မရှိသေးချေ။

အဆိုပါဂြိုဟ်ပြာကလေးမှာ ဒုက္ခသည်သတ္တဝါများ၏ အဆင့်အတန်းနှင့် ကိုက်ညီသော ဂြိုဟ်တစ်ခုဖြစ်ပေ၏။ ၎င်းတို့သည် ရေမြေဒေသကောင်းမွန်သော ဂြိုဟ်ပြာလေးပေါ်၌ သူတို့ဘာသာရန်းကန်ရင်း အသက်ဆက်လက် ရှင်သန်နိုင်ကြပေလိမ့်မည်။

ကျွန်ုပ်သည် ကျွန်ုပ်တို့ဂြိုဟ်ပေါ်၌ ရောက်ရှိနေသောသတ္တဝါများကို ထိုဂြိုဟ်ပြာပေါ်သို့ ပို့ဆောင်ရန်ဆုံးဖြတ်လိုက်ပေ၏။

သို့သော် ...

ဒုက္ခသည်များနေထိုင်ရာအရပ်မှ အလွန်ဆူညံသောအသံများသည် ကျွန်ုပ်ရှိရာအရပ်ထိ ပျံ့လွင့်လာပြီး မီးစွယ်မီးညွန့်များသည် ကောင်းကင်အထိ ထိုးတက်လာသည်ကိုပါ မြင်တွေ့လိုက်ရလေသည်။

ကျွန်ုပ်က အကြောင်းစုံကိုသိရရန် ကျွန်ုပ်၏တပည့်များဖြစ်သော ရတ္တိနှင့်စပ္ပါအား စုံစမ်းရန် စေလွှတ်လိုက်လေသည်။

ရတ္တိနှင့်စပ္ပါတို့ မကြာခင် ပြန်လည်ရောက်ရှိလာကာ အကြောင်းစုံကို ကျွန်ုပ်အား ပြောပြပေ၏။

အုပ်စုနှစ်စုကွဲနေသော ဒုက္ခသည်နှစ်စုသည် အရက်သေစာ သောက်စား၍ မူးယစ်ရမ်းကားကာ ခိုက်ရန်ဖြစ်ပွားကြသည်ဆို၏။ တစ်ဖက်နှင့်တစ်ဖက် တုတ်လက်နက်များ၊ ခဲများဖြင့် ရိုက်နှက်ပစ်ပေါက်ကြသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မီးများဖြင့်ပစ်ပေါက်ကာ နေထိုင်ရာများကို မီးဖြင့်တင်ရှို့ကြသည်ဆိုပေ၏။ နှစ်ဖက်စလုံးအထိနာကြကာ ရက္ခိနှင့်စပ္ပါ ရောက်သွားပြီး ဖျန်ဖြေချိန်တွင် လေးဦးတည်းသာ အသက်ရှင်လျက် ကျန်ရစ်တော့သည်ဆိုပေ၏။ မိုက်မဲလှသောသူများပါတကား။

☙

ကျွန်ုပ်သည် အသက်ရှင်လျက် ကျန်ရစ်သူလေးဦးအား ကျွန်ုပ်ရှေ့တော်မှောက်သို့ ခေါ်ဆောင်စေလိုက်သည်။

ကျန်ရစ်သူ ၄ ဦးကား အဖိုသတ္တဝါ ၂ ဦးနှင့် အမသတ္တဝါ ၂ ဦးတို့ ဖြစ်ကြလေ၏။

"သင်တို့ကား မိုက်မဲသူများဖြစ်သည်။ သင်တို့သည် ကျွန်ုပ်တို့ဂြိုဟ်နှင့် မတန်၊ ကျွန်ုပ်တို့ဂြိုဟ်တွင် သင်တို့ ဆက်လက်နေထိုင်ရန် မသင့်တော်တော့။ သင်တို့အား သင်တို့နှင့်သင့်တော်ရာနေရာသို့ ပို့ဆောင်ပေးတော့မည်။ ထိုနေရာ၌ သင်တို့သည် သင်တို့ကိုယ်တိုင် ရုန်းကန်ရှာဖွေစားသောက်၍ သင်တို့အသက်ကိုရှည်အောင် ပြုမူကြလော့၊ သင်တို့မျိုးဆက်ကို တည်တံ့အောင် တည်ထောင်ကြလော့၊ သင်တို့ကား အဆင်သင့်ရရှိနေသော အသီးအပွင့်များကို အေးချမ်းစွာစားသုံးနေရသည်ကိုပင် အေးဆေးစွာမနေဘဲ မိုက်မဲသူများဖြစ်ပေ၏။ သင်တို့ကား မအားလပ်အောင်ရုန်းကန် လှုပ်ရှားနေမှသာ သင့်သောသူများဖြစ်ပေသည်။ သင်တို့ရောက်ရှိမည့်အရပ်သည် သင်တို့နှင့်သင့်တော်သောအရပ်ဖြစ်ပေအံ့။ ထိုအရပ်၌ သင်တို့သည် မရပ်မနား ရုန်းကန်ရှာဖွေစားသောက်မှသာ အသက်ရှင်သန်ခွင့်ရပေအံ့။ ဤသို့ဖြစ်သည်မှာ သင်တို့ထံ၌ အရိုးစွဲနေပြီးဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတ,တရားများနှင့် မရိုးဖြောင့်သော သင်တို့စိတ်ထားများကြောင့် သင့်တော်ရာအရပ်သို့ ရောက်ရှိခြင်းဟုပင် မှတ်ယူကြပေလော့။ ကျွန်ုပ် သင်တို့အတွက် ယာဉ်ပျံတစ်စီး စီစဉ်ပေးမည်။ ထိုယာဉ်ပျံသည် သင်တို့နှင့် သင့်တော်သောဂြိုဟ်ပြာအထက်သို့အရောက်တွင် အလိုအလျောက် ပျက်စီးသွားပေအံ့။ သင်တို့သည် ကိုယ်ချည်းသက်သက် ဂြိုဟ်ပြာပေါ်သို့ အန္တရာယ်ကင်းစွာ ကျရောက်ပေအံ့။ ဂြိုဟ်ပြာပေါ်၌ သင်တို့သည် သင်တို့ဘဝကို အစမှပြန်၍ အစပြုကြလော့၊ ရုန်းကန်ကြလော့။ ဤသည်ကား သင်တို့အတွက် ကျွန်ုပ် ကရုဏာအထား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဆုံး လုပ်ရပ်ပင်တည်း။ မိုက်သားများ။ ယာဉ်ပျံပေါ်သို့တက်ကာ ကျွန်ုပ်တို့ဂြိုဟ်မှ ယခုပင်ခွာပေတော့”

ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။

ဒုက္ခသည်များ ထွက်ခွာသွားပြီးနောက် ကျွန်ုပ်သည် ၎င်းတို့ဂြိုဟ်ပေါ်တွင် နေထိုင်သွားခဲ့သည့် သဲလွန်စများကို ဖျောက်ဖျက်ပစ်ခဲ့လေသည်။ မကောင်းမှုဒုစရိုက်၏ အစအနများကို ပျောက်ပျက်စေကာ ကျွန်ုပ်တို့ဂြိုဟ်ပေါ်၌ ဆိုသွမ်းသူများ တဒင်္ဂနေထိုင်သွားခဲ့ဖူးသည်ကို ဂြိုဟ်သားများ မေ့ပျောက်သွားစေရန် ကြိုးပမ်းခဲ့ရလေသည်။

၎င်းတို့နေထိုင်သွားသည်မှာ ကျွန်ုပ်တို့အတွက် တဒင်္ဂမျှသာကြာသော်လည်း ၎င်းတို့ကား ကျွန်ုပ်တို့ဂြိုဟ်ပေါ်တွင် မျိုးဆက်ငါးဆက်အထိ ပွားများသွားသည် မဟုတ်ပါလော။ ၎င်းတို့သည် သက်တမ်းတိုသောသတ္တဝါများဖြစ်ကြ၍ တိုတောင်းသောအချိန်အတွင်း ဤမျှမျိုးဆက်ပွံ့ပွားနိုင်ခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့ဂြိုဟ်ပေါ်သို့ ယာဉ်ပျံပျက်ကျကာ ရောက်လာစဉ်က ၁၅ ဦးမျှသာဖြစ်သော်လည်း နောက်ဆုံးတွင် ဦးရေတစ်ရာကျော်အထိ ပြိုင်တူအသက်ရှင် နေထိုင်သွားကြပေသည်။ တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်ပွားရင်း တိုက်ခိုက်ကြ၍သာ ၄ ဦးတည်း အသက်ရှင်သန်ကျန်ရစ်ခြင်း ဖြစ်ပေ၏။

ထို ၄ ဦးသည် အဖိုနှစ်ဦးနှင့် အမနှစ်ဦးဖြစ်သည်မို့ ကျွန်ုပ် ပို့ဆောင်လိုက်သော ဂြိုဟ်ပြာပေါ်၌ ၎င်းတို့အချင်းချင်း ပေါင်းသင်းစပ်ယှက်ကာ မျိုးဆက်များ ထပ်မံပွားများနေကြပေလိမ့်မည်။

ကျွန်ုပ်သည် ရံဖန်ရံခါတွင် ဧည့်သည်အဖြစ် ရောက်လာခဲ့သော ထိုသူများအား သတိရမိပေ၏။ သူတို့အား စက်ဆုပ်မိသလို သနားကရုဏာလည်း သက်မိသည်။ သူတို့ကား အကျွတ်တရားရရန် ဝေးသေးသည့် သတ္တဝါများ ဖြစ်ပေသည်။ အကျွတ်တရားရရန် ဘဝပေါင်းများစွာ နှစ်ပေါင်းများစွာ စောင့်စားရဦးမည့် သနားစရာသတ္တဝါများ ဖြစ်ပေသည်။

ကျွန်ုပ်သည် ၎င်းတို့၏ လက်ရှိအခြေအနေကို သိချင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်ုပ်ပို့ဆောင်လိုက်သော ဝေးလံလှသောဂြိုဟ်ပြာပေါ်သို့ ကျွန်ုပ်၏တပည့်နှစ်ဦးဖြစ်သော ဒတ္တနှင့်ကိတ္တာတို့အား စေလွှတ်၍ စုံစမ်းခိုင်းလိုက်လေသည်။

ကျွန်ုပ် စေတမန်အဖြစ် စေလွှတ်လိုက်သော ဒတ္တနှင့်ကိတ္တာတို့သည် မကြာခင် ပြန်လည်ရောက်ရှိလာကာ ကျွန်ုပ်အား အစီရင်ခံတင်ပြခဲ့ပေသည်။

"မှန်ပါ၊ ဒုက္ခသည်လူသား ၄ ဦးမှပေါက်ပွားလာသော မျိုးဆက်လူသားများသည် ယခုတိုင် ဂြိုဟ်ပြာပေါ်၌ အသက်ရှင်နေထိုင်လျက် ရှိပါသည်။ သူတို့သည် ဦးရေ သန်းနှင့်ချီ၍ ပေါက်ပွားပြီးဖြစ်ပါသည်"

"အလို များပြားလှပါဘိတော့။ တိုတောင်းသောကာလအတွင်း ဤမျှများပြားစွာ ပွားများပေသကိုး။ အိမ်း ဤသက်တမ်းတိုသောသတ္တဝါများဆိုတော့လည်း အချိန်တိုတိုအတွင်း မျိုးပွားမှုမြန်ဆန်ပေမပေါ့။ ဤဂြိုဟ်တွင် နေထိုင်သည့်တစ်ခဏမှာတောင် မျိုးဆက်ငါးဆက် ပွားခဲ့ပေသေးသတိုး"

"မှန်ပါ။ ဤဂြိုဟ်ပေါ်မှပို့ဆောင်လိုက်သော ပုဂ္ဂိုလ်များ ကွယ်လွန်အိပ်ပါးခဲ့သည်မှာ သူတို့ဆီ၌ များစွာကြာမြင့်ခဲ့ပါပြီ။ နောင်လာနောက်သားများသည် ထိုပုဂ္ဂိုလ် ၄ ဦးအား ၎င်းတို့အား မျိုးစေ့ချပေးရန် ကောင်းကင်မှ ဆင်းရောက်လာသည့် ဖြဗဟ္မာကြီးလေးဦးအဖြစ် သတ်မှတ်ယုံကြည်လျက်ရှိကြကြောင်းပါ"

"အလို. . . ရယ်စရာကောင်းပေစွ။ အနို . . . လက်ရှိလူသားများ၏ အခြေအနေကကော မည်သို့ရှိသနည်း"

"သူတို့ကား လောဘ၊ ဒေါသ၊ မောဟမကင်းစင်သေးသည့် သာမန်အဆင့်နိမ့်သတ္တဝါအဆင့်မှာပင် ရှိကြသေးကြောင်းပါ။ သို့သော် ဉာဏ်ရည်ထက်မြက်သော ပုဂ္ဂိုလ်များလည်း ပေါ်ထွန်းလျက်ရှိကြောင်းပါ။ သူတို့သည် များစွာတိုးတက်ထွန်းကားအောင်လည်း ကြိုးဆောင်နိုင်ကြောင်းပါ။ ကျွန်ုပ်တို့ကဲ့သို့ လူကိုယ်ချည်း မပျံနိုင်သော်ငြား လေထဲတွင်ဝဲပျံနိုင်သော ယာဉ်ပျံများ တီထွင်နိုင်ပါသည်။ မြေပေါ်၌သွားလာသော ယာဉ်ရထားအမျိုးမျိုး၊ ရေထဲ၌ သွားလာနိုင်သော ယာဉ်အမျိုးမျိုးသာမက ရေအောက်သို့ ငုပ်လျှိုးသွားရောက်နိုင်သည့် ယာဉ်များကိုလည်း တွေ့ရှိခဲ့ကြောင်းပါ။ ထို့ပြင် တစ်နေရာမှတစ်နေရာသို့ စိတ်စေတသိက်ဖြင့် မဟုတ်ဘဲ စက်ကိရိယာဖြင့် ပို့လွှတ်ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့် စက်ကိရိယာများလည်း ပေါ်ထွန်းလျက်ရှိပြီး အရုပ်များ အသံများကို ဝေးလံသည့်အရပ်ရောက်အောင် ပို့ဆောင်နိုင်ကြောင်းပါ”

“သို့ တိုးတက်ထွန်းကားမှုကြောင့် သူတို့၏ဘဝများသည် ပျော်ရွှင်သာယာဝပြောနေပြီဟု ဆိုနိုင်ပြီလော”

“မဆိုနိုင်ပါ။ တိုးတက်ထွန်းကားမှုများသည်ပင် ၎င်းတို့အား ပြန်လည်၍ ဒုက္ခပေးလျက်ရှိပါသည်။ တစ်ဦးနှင့်တစ်ဦး တုပြိုင်ပလွှားမှုများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်စော်ကားမှုများ၊ နိုင့်ထက်စီးနင်းဖြစ်ရပ်များ အာဏာလုသည့်အဖြစ်များ နေရာအနှံ့၌ ဖြစ်ပွားနေကြောင်းပါ။ လက်ရှိမှာပင် စစ်ပွဲကြီးများ များစွာဖြစ်ပေါ်လျက် လူသတ်လက်နက်များကို အသုံးပြုကြသော ကြောင့် သေကြေသူ၊ ဒုက္ခရောက်သူများ မရေတွက်နိုင်အောင် ရှိနေကြ ကြောင်းပါ”

“မိုက်မဲသော သတ္တဝါများပင်တကား။ ယခင်က သူတို့၏ ဘိုးဘေး ဘီဘင်များသည်လည်း လောဘ၊ ဒေါသ၊ မောဟများကြောင့် သူတို့နေထိုင်ရာ ဂြိုဟ်ကြီးတစ်ခုလုံး ပျက်စီးကြေမွကာ ဒုက္ခရောက်ခဲ့ရပြီးပေပြီ။ သူတို့ကား ထိုအဖြစ်များကို သိမည်မဟုတ်။ ယခုလည်း ဤအတိုင်းပင် ဆက်၍ စခန်း သွားနေကြပါက သူတို့၏ကမ္ဘာသည်လည်း မကြာမီပျက်စီးပေအံ့။ အင်း သံဝေဂရလောက်ပါပေတယ်”

ကျွန်ုပ်ကား ကမ္ဘာဂြိုဟ်ပေါ်မှ လူသားဆိုသည့်သတ္တဝါများ၏ ဖြစ်အင်ကိုကြည့်ကာ ကရုဏာသက်မိသည်နှင့်တကွ သံဝေဂများလည်း ပွားများမိပေသည်။

ထိုလူသားများသည် ကျွန်ုပ်တို့ဂြိုဟ်အား ပျင်းရိစရာကောင်းလှသော **“ဂြိုဟ်အေး”** ကြီးဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ပေသည်။

ကျွန်ုပ်ကလည်း လူသားများ၏ကမ္ဘာကြီးအား ဒုက္ခသုက္ခပေါင်း ရောပြွမ်းနေသော **“ဂြိုဟ်ပူ”** ကြီးဟူ၍ ခေါ်ဝေါ်သမုတ်လိုက်ချင်ပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဂဏန်းပြုပ်




www.burmeseclassic.com

www.burmeseclassic.com

## ဂဏန်းဂြိုဟ်

ကမ္ဘာပေါ်မှ မြန်မာနိုင်ငံသား ဦးနေလရတနာသည် ဂဏန်းမြို့တွင် သံအမတ်ကြီးအဖြစ် သွားရောက် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံခဲ့ လေ၏။

ဦးနေလရတနာသည် အာကာသ ဆက်ဆံရေးဘာသာရပ်ဖြ ဘွဲ့ရထားသူတစ်ဦးဖြစ်ပေသည်။ သူသည် နိုင်ငံခြားရေးရာဌာနတွင် အလု ဝင်လုပ်ခဲ့ရာ မိခင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံက သံအမတ်အဖြစ်ဖြင့် ဥရော နိုင်ငံနှစ်ခုသို့ စေလွှတ်ခြင်းခံခဲ့ရလေသည်။

ဦးနေလရတနာ၏ သံတမန်ပညာရပ်များကို အကဲခတ်မိသော ကုလသမဂ္ဂအဖွဲ့ကြီးသည် စကြဝဠာလုံးဆိုင်ရာ သံတမန်ရေးရာဌာနသို့ ခေါ ခဲ့ပေသည်။ ကမ္ဘာကြီးသည် ယခုကာလတွင် နေစကြဝဠာအတွင်းရှိ သတ များနေထိုင်သော ဂြိုဟ်များနှင့် ဆက်သွယ်ဆက်ဆံမှုများရှိနေပြီဖြစ်ရာ ထုံ အတိုင်း ကမ္ဘာနှင့်ဆက်သွယ်သော ဂြိုဟ်များသို့ သံတမန်များ စေလွှတ်လျ ရှိပေသည်။ ကမ္ဘာပေါ်၌လည်း ဂြိုဟ်အသီးသီးမှ ၎င်းတို့ဂြိုဟ်ဆိုင်ရာ သံအ များ လာရောက်တာဝန်ထမ်းဆောင်လျက် ရှိကြပေသည်။

ဦးနေလရတနာသည် အသက် ၄၀ အရွယ်တွင် ကမ္ဘာ သူကောင်းပြုခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အခြားသောဂြိုဟ်တစ်ခုတွင် နှစ်ရှည်လများ သွားရောက် တာဝန်ထမ်းဆောင်ရမည့်အတွက်တော့ အနည်းငယ် စိတ်လှုပ်ရှားမိပေသည်။ သူသည် ကမ္ဘာမှအပဖြစ်သောဂြိုဟ်များသို့ လေ့လာရေးခရီးအဖြစ်သာ ခေတ္တခဏ သွားရောက်ဖူးပေသည်။

သူ သွားရောက် တာဝန်ထမ်းဆောင်ရမည့် ဂဏန်းဂြိုဟ်နှင့် ပတ်သက်၍ လေ့လာကြည့်ရာ ဂဏန်းဂြိုဟ်တွင် နေထိုင်ကြသော သက်ရှိများမှာ ကမ္ဘာ့လူသားများအတိုင်း ခြေနှစ်ဖက်၊ လက်နှစ်ဖက်ရှိသော လူသားများဖြစ်ကြောင်း သိလိုက်ရသည့်အတွက် စိတ်သက်သာရာရသွားလေ၏။

စကြဝဠာအတွင်းရှိ ဂြိုဟ်များမှ သက်ရှိများမှာ အားလုံးလူ၏ အသွင်သဏ္ဌာန်မျိုး ရှိကြသည်မဟုတ်ပေ။ လက်လေးဖက်ရှိသော လူများ၊ အတောင်ပံပါသောလူများ၊ ဦးချိုပါသော လူများ၊ တိရစ္ဆာန်ကဲ့သို့ အမြီးပါသည့် လူများ စသည်ဖြင့် သူ့ရေမြေဒေသအတိုင်း ပုံစံအသွယ်သွယ် ရှိကြပေသည်။ အရွယ်အစားတွင်လည်း အရပ်တစ်ပေလောက်ရှိသည့် ဂြိုဟ်သားမျိုးရှိသလို၊ ပေနှစ်ဆယ်ကျော်မြင့်သည့် ဂြိုဟ်သားများလည်း ရှိကြပေ၏။ သူ တာဝန်ထမ်းဆောင်ရမည့် ဂဏန်းဂြိုဟ်မှ လူသားများကတော့ လူနှင့်ပုံစံ တစ်သဝေမတိမ်း တူညီရုံမက အရပ်အမောင်းမှာလည်း ကမ္ဘာသားများကဲ့သို့ ငါးပေနှင့် ခြောက်ပေဝန်းကျင် ရှိသည်ဆို၍ တော်ပေသေး၏။

ဦးနေလရတနာသည် စာအုပ်စာတမ်းများတွင် ရှာဖွေဖတ်ရှု၍ လည်းကောင်း၊ ဂဏန်းဂြိုဟ်ကိုရောက်ဖူးသည့် လူများကို ဆက်သွယ်မေးမြန်း၍ လည်းကောင်း ဂဏန်းဂြိုဟ်အကြောင်း ဗဟုသုတများကို ရှာဖွေဆည်းပူးထားရလေသည်။

အမှန်တော့ ဂဏန်းဂြိုဟ်ဆိုသည်မှာ အခြားသောဂြိုဟ်များမှ ၎င်းဂြိုဟ်ကို ခေါ်ဝေါ်သမုတ်ကြသောနာမည်ပင် ဖြစ်သည်။ ဂဏန်းဂြိုဟ်တွင် နေထိုင်ကြသော လူသားများသည် သူတို့ဂြိုဟ်ကို နာမည်မှည့်ခေါ်ထားခြင်း မရှိကြချေ။

ထိုသို့ဖြစ်ရသည်မှာ ဂဏန်းဂြိုဟ်ပေါ်ရှိ လူများသည် စကားလုံး အသုံးပြုမှု နည်းပါးသည့်အတွက် ဖြစ်ပေ၏။ သူတို့ ပြောဆိုသုံးနှုန်းသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးများမှာ အလွန်နည်းပါးလှသည့်အတွက် စကားတစ်ခွန်းပြောလျှင် စကားလုံးများ ထပ်၍နေတတ်လေသည်။ သူတို့၏စာပေတွင်လည်း ဗျည်းဆယ်လုံးတည်းသာရှိကာ သရမပါချေ။ အချုပ်ဆိုရသော် ဂဏန်းဂြိုဟ်သည် ဘာသာစကား ဖွံ့ဖြိုးမှုနောက်ကျသော ဂြိုဟ်တစ်ခု ဖြစ်ပေ၏။

ထိုကဲ့သို့ဖြစ်ရခြင်းမှာ ဂြိုဟ်သားများ၏ လည်ချောင်းနှင့် အသံပြွန်ဖွဲ့စည်းမှုသည် အခြားဂြိုဟ်သားများနှင့်ယှဉ်ပါက စံမမီသောကြောင့်ဟု ဆိုရပေမည်။ သူတို့သည် အသံအမျိုးအစား အနည်းငယ်သာ ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ကြပေ၏။

ဘာသာစကားအနေဖြင့် ချို့တဲ့မှု ရှိသော်လည်း ဂြိုဟ်သားများမှာ ဉာဏ်ရည်မြင့်မားကြသူများ ဖြစ်သည်။ သူတို့သည် စကားနည်းနည်းပြော၍ အလုပ်များများလုပ်ကြသော သူများဟု ဆိုနိုင်ပေ၏။

ဂဏန်းဂြိုဟ်သားများသည် အခြားသောဂြိုဟ်သားများနည်းတူ သိပ္ပံပညာကို တတ်ကျွမ်းကြပေ၏။ ထို့ကြောင့် သူတို့သည် မြေပေါ်တွင်ရော၊ လေထဲတွင်ရော၊ ရေပြင်၌ပါ သွားလာနိုင်သော ယာဉ်များကိုပင် တီထွင်နိုင်ကြလေသည်။ လူသုံးစက်ကိရိယာများ၊ ပစ္စည်းဂစ္စယများကိုလည်း အခြားဂြိုဟ်များ နည်းတူ သုံးစွဲကြလေသည်။

တိုးတက်ထွန်းကားမှုရှိသည့် အားလျော်စွာ ပစ္စည်းကိရိယာ ယာဉ်ရထားများကို ခေါ်ဆိုသည့် အမည်နာမ အခေါ်အဝေါ်များလည်း ရှိသင့်ပေသည်။ သို့ရာတွင် ကိုယ့်ဂြိုဟ်ကိုပင် နာမည်မမှည့်တတ်သော ဂဏန်းဂြိုဟ်သားများသည် သူတို့ဂြိုဟ်ပေါ်ရှိ ပစ္စည်းများကိုလည်း နာမည် မှည့်မထားကြချေ။

ထိုအခါ သူတို့သည် တစ်စုံတစ်ခု ပြောဆိုဆက်သွယ်ရန် လိုအပ်ပါက မည်သို့ပြောဆိုဆက်သွယ်ကြပါသနည်း။

သူတို့သည် ရှိသမျှအရာတိုင်းကို နံပါတ်များ၊ ဂဏန်းများတပ်ကာ ပြောဆိုကြလေ၏။

ဂဏန်းဂြိုဟ်ပေါ်၌ အခြားဂြိုဟ်များနည်းတူ သစ်ပင်ပန်းမန်များ ပေါက်ရောက်ပေသည်။ သူတို့သည် ပန်းများကို နာမည်တပ်၍ မခေါ်ဝေါ်ကြချေ။ နံပါတ်တပ်၍သာ သတ်မှတ်ထားကြပေ၏။ ဥပမာ- စံပယ်ပန်းကို



www.burmeseclassic.com

www.burmeseclassic.com



ပန်းအမှတ် ၁၊ နှင်းဆီပန်းကို ပန်းအမှတ် ၂၊ ခတ္တာပန်းကို ပန်းအမှတ် ၃၊ သော်ကပန်းကို ပန်းအမှတ် ၄၊ ဒေါနပန်းကို ပန်းအမှတ် ၅၊ ခရေပန်းကို ပန်းအမှတ် ၆၊ သဇင်ပန်းကို ပန်းအမှတ် ၇၊ ကြက်ရုန်းပန်းကို ပန်းအမှတ် ၈၊ သော်ကပန်းကို ပန်းအမှတ် ၉၊ ဂမုန်းပန်းကို ပန်းအမှတ် ၁၀ စသဖြင့် သတ်မှတ်ထားကြလေသည်။ ပန်းအမျိုးပေါင်းများစွာ ရှိသော်လည်း သူတို့ဟာ သူတို့တော့ ဘယ်ပန်းကို ဘယ်နံပါတ်ဖြင့်ခေါ်သည်ကို မှတ်မိကြပေသည်။

အကယ်၍ မြေကမ္ဘာပေါ်မှ ထင်ရှားသော မင်းသုဝဏ်၏ 'လယ်တောကအပြန်' သီချင်းကို ဂဏန်းဂြိုဟ်ဘာသာစကားဖြင့် ဘာသာပြန်ဆိုမည်ဆိုပါက အောက်ပါအတိုင်း ဖြစ်နိုင်လေသည်။

"လယ်တောအပြန် ... ပန်ချင်တယ် ပန်းအမှတ် ၆ ဆိုလို့ မောင်ခူးကာပေး ... မနက်တုန်းဆီက ကြော့ဆုံးကို မောင်မြင်တော့ ... သူ့ဆံပင် ပန်းအမှတ် ၂ တွေနဲ့ ဂုဏ်တင့်တယ်လေး ..."

အကယ်၍ ရွှေခေတ်ဟောင်းက တွံတေးသိန်းတန်၏ 'ဘယ်ပန်းသာ [illegible]' သီချင်းကို ဘာသာပြန်ပါက ဤအတိုင်း ဖြစ်နိုင်ပြန်သည်။

(မူရင်းသီချင်း)

"စံပယ် ... ကြက်ရုန်း ... ဂမုန်း ... ခတ္တာတွေ ... နှင်းဆီ ဒေါနဲ ... သော်က ... သဇင်ပန်း ဆင်မြန်းနိုင်ပေ အထွေထွေပွင့်နေ ချစ်တဲ့သူရေ ..."

(ဘာသာပြန်သီချင်း)

"ပန်းအမှတ် ၁၊ ပန်းအမှတ် ၈၊ ပန်းအမှတ် ၁၀၊ ပန်းအမှတ် ၃ တွေ၊ ပန်းအမှတ် ၂၊ ပန်းအမှတ် ၅၊ ပန်းအမှတ် ၄၊ ပန်းအမှတ် ၇ ဆင်မြန်းနိုင်ပေ အထွေထွေပွင့်နေ ချစ်တဲ့သူရေ"

အမှန်တော့ ဂဏန်းဂြိုဟ်၌ သီချင်းဟူ၍မရှိပေ။ စာပေ၌လည်း အလှရောချိုတဲ့မှုကြောင့် ကဗျာ၊ ဝတ္ထုများ သီကုံးရေးဖွဲ့မှု မရှိကြချေ။ ဂဏန်းဂြိုဟ်သားများသည် အနုပညာကို ခံစားတတ်သောစိတ်မရှိဘဲ အလုပ်ကိုသာ ကြိုးစားလုပ်ကြသည့် ဂြိုဟ်တစ်ခု ဖြစ်ပေ၏။

သူတို့သည် နေ့စဉ်သုံးပစ္စည်းများကိုလည်း အမျိုးအစားခွဲခြားသော နံပါတ်တပ်၍ ပြောဆိုကြပေသည်။ ဥပမာအားဖြင့် ရေ၊ အရည်၊ စားစရာ အစရှိသည်ကို ထည့်၍ရသည့် ပစ္စည်းများကို ပြောဆိုရာတွင် ပန်းကန်ပြားအား



www.burmeseclassic.com

www.burmeseclassic.com



ခွက် ၁၊ ပန်းကန်လုံးကို ခွက် ၂၊ ရေခွက်ကို ခွက် ၃၊ ဇလုံကို ခွက် ၄၊ လင်ပန်းကို ခွက် ၅၊ ဒယ်အိုးကို ခွက် ၆၊ ဒန်အိုးကို ခွက် ၇ စသဖြင့် မှတ်သားထားကြလေသည်။ (အိမ်သာသုံးခွက်ကိုတော့ နံပါတ်သီးခြား ပေးမထား၊ ခွက်သုညဟုသုံးသည်။)

ခရီးသွားလာသည့် ယာဉ်များကိုလည်း အနေးစီးယာဉ်မှစ၍ လေယာဉ်ပျံအထိ နံပါတ်ဖြင့် ခွဲခြားထားပြန်သေးသည်။ စက်ဘီးကို ယာဉ် ၁၊ ဆိုက်ကားကို ယာဉ် ၂၊ မော်တော်ဆိုင်ကယ် ယာဉ် ၃၊ ကားကို ယာဉ် ၄၊ လေယာဉ်ပျံကို ယာဉ် ၅ ဟူသတည်း။ ထိုအထဲကမှ ကားတွင် မော်ဒယ်အမျိုးအစားကွဲပြားပါက ကား၏မူရင်းနံပါတ် ယာဉ် ၄ ကိုမူတည်ထား၍ ယာဉ် ၄– မော်ဒယ် ၁၊ ယာဉ် ၄ မျိုး ၃ စသဖြင့် ခေါ်ဝေါ်ကြပြန်သည်။

အရောင်ကိုလည်း အနီကို အရောင် ၁၊ အစိမ်းကို အရောင် ၂၊ အဝါကို အရောင် ၃၊ အဖြူကို အရောင် ၄၊ အနက်ကို အရောင် ၅ ဟု မှည့်ခေါ်ထားသည်။

အခြားဂြိုဟ်သားများအဖို့ ဂဏန်းဂြိုဟ်သားများ သတ်မှတ်ထားသည့် နာမည်အမှတ်စဉ်ကို မှတ်သားဖို့ ခဲယဉ်းမည်ဖြစ်သော်လည်း မွေးကတည်းက ဂဏန်းအခေါ်အဝေါ်များကြားတွင် ကြီးပြင်းလာသော သူတို့ ဂြိုဟ်သားများကတော့ အားလုံးကို မှတ်မိသိရှိပေသည်။

ပစ္စည်းပစ္စယနှင့် သဘာဝတရားကိုပင် နံပါတ်ဖြင့် သတ်မှတ်ခေါ်ဝေါ်ကြလေရာ ၎င်းတို့ဂြိုဟ်ရှိ သက်ရှိလူသားများ၏ အမည်နာမကိုရော မည်သို့ သတ်မှတ်ခေါ်ဝေါ်ကြလေသလဲ။ စိတ်ဝင်စားဖွယ် ကောင်းလှလေသည်။

ဂဏန်းဂြိုဟ်သားတို့သည် လူတို့ကို နာမည်မှည့်ခေါ်သည့် အလေ့လည်း မရှိပါ။ ဂြိုဟ်ဦးအစ ယဉ်ကျေးမှု ပေါ်ထွန်းစကာလကတည်းကပင် လူတို့ကိုလည်း နံပါတ်များသတ်မှတ်ကာ ခေါ်ဝေါ်ပြောဆိုကြပေ၏။ ယခု အချိန်တွင် သူတို့ဂြိုဟ်သားများအတွက် သတ်မှတ်ထားသော အကြီးဆုံး နံပါတ်မှာ ဂဏန်း ၉ လုံး ပါဝင်လေသည်။ လူ တစ်ယောက်သည် မွေးလာကတည်းက နံပါတ်သတ်မှတ်ပေးခြင်း ခံရ၏။ ဂဏန်းဂြိုဟ်ပေါ်တွင် လူဦးရေ သန်းပေါင်းတစ်ရာကျော် ရှိပေ၏။ ထို့ကြောင့် လူများကို သတ်မှတ်ပေးထားသော ဂဏန်းအရေအတွက်သည်လည်း သန်းတစ်ရာကျော်(ဂဏန်း ၉ လုံး) အထိ ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ယောက် မွေးဖွားလာသည်နှင့် နံပါတ် သတ်မှတ်ပေးလိုက်သည်။ မိဘများက သတ်မှတ်ပေးရခြင်း မဟုတ်ပါ။ ကလေးတစ်ယောက် မွေးဖွားသည့်သတင်းကို ကြားသည်နှင့် (သို့မဟုတ်) မိဘများက ကလေးမွေးဖွားကြောင်း အကြောင်းကြားသည်နှင့် သက်ဆိုင်ရာတာဝန်ရှိသည့်ဌာနမှ ရောက်လာကာ ကလေးအတွက် နံပါတ်ကို သတ်မှတ်ပေးလိုက်လေသည်။ ထိုဂဏန်းသည် ထိုလူသား သေဆုံးသည့်အထိ မူပိုင် ပိုင်ဆိုင်ခွင့်ရှိသော နံပါတ်ဖြစ်ပေသည်။ မိဘဆွေမျိုးသားချင်းများနှင့်တကွ အားလုံးသောလူများက သူ့ကို မူပိုင်နံပါတ်အတိုင်း ခေါ်ဆိုကြပေသည်။

ဥပမာ– "ဟေ့ ၇–၆–၄–၄–၃–၁–၅–၂၊ ဘယ်သွားမလို့လဲ"

"၅–၄–၃–၆–၁–၁–၇–၉ ပါလား၊ ဟိုတစ်လောက ပျက်တယ်ဆိုတဲ့ မင်းရဲ့ယာဉ်အမှတ် ၃ ကို ပြင်ပြီးပလား" (မော်တော်ဆိုင်ကယ် ပြင်ပြီးပလားဟု မေးခြင်းဖြစ်သည်။)

"၁–၂–၄–၆–၉–၉–၈နဲ့ ၃–၁–၃–၅–၈–၆–၄–၇ တို့ မင်္ဂလာဆောင် ဖိတ်စာလာပို့တာပါ။ ကျွန်တော့်အဖေက မှာလိုက်တယ်၊ ၅–၇–၉–၈–၆–၃–၁ တို့ကိုလည်း ဖိတ်စာ လူကြုံပို့ပေးပါတဲ့။ မင်္ဂလာဆောင် အခါရင် ၇–၇–၈–၃–၆–၅–၄ ကြီးကိုလည်းပါအောင် ဝင်ခေါ်ခဲ့ပါတဲ့"

"မနေ့က ၁–၉–၆–၈–၅–၇–၄–၈ နဲ့ ၃–၉–၆–၅–၈–၇–၅–၄ တို့ ရန်ဖြစ်လိုက်ကြတာဟယ်၊ သူတို့ ကြိုက်နေတဲ့ ၂–၉–၈–၅–၄–၆–၃–၇ ဆိုတဲ့ကောင်မလေးကိစ္စနဲ့ ပတ်သက်လို့လေ။ ၁–၉–၆–၈–၅–၇–၄–၈က ၃–၉–၆–၅–၈–၇–၅–၄ ကို နံပါတ် ၃ လက်နက်ကြီးနဲ့ ထိုးမလို့၊ ၃–၉–၆–၅–၈–၇–၅–၄ ရဲ့ လက်ထဲမှာလဲ နံပါတ် ၉ လက်နက် ပါသေးတယ်။ ရပ်ကွက်လူကြီး ၆–၉–၈–၃–၂–၄–၈–၇ ဝင်ဖျန်ဖြေမှပဲ ရန်ပွဲပြီးသွားတော့တယ်။ ဒဏ်ရာ အနာတရဖြစ်လို့ကတော့ ပုဒ်မ ၃၆၉၈၅ နဲ့ အရေးယူခံရမှာသေချာတယ်။ ရန်ပွဲကိုကြည့်ပြီး ငါတို့မှာ အမှတ် ၈ ခံစားချက်တွေ ဖြစ်လာရတယ်"

(ရှင်းလင်းချက်။ ။ နံပါတ် ၃ လက်နက်= ဓား၊ နံပါတ် ၉ လက်နက်= သံတုတ်၊ အမှတ် ၈ ခံစားချက်= ထိတ်လန့်တုန်လှုပ်မှု၊ ပုဒ်မ ၃၆၉၈၅= ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေမှု)

လူကို ဂဏန်းသတ်မှတ်သည့်ရာဇ္ဇ ယောကျ်ားမိန်းမ လိင်ခွဲခြားမှုမရှိပေ။ အရင်မွေးသည့်လူက စောသည့်နံပါတ်ကိုရကာ နောက်မွေးသည့်



www.burmeseclassic.com

www.burmeseclassic.com



လူက နောက်ကျသည့်နံပါတ်ကို ရမည်ဖြစ်၏။ နံပါတ်စဉ်ကိုလည်း ရွေးချယ်ပိုင်ခွင့် မရှိ။ ကျရာယူရလေသည်။

ထိုသို့သတ်မှတ်သည့်အတွက် နံပါတ်များ ဖောင်းပွနေမည်ဟု ထင်စရာ ရှိပေသည်။ နံပါတ်မဖောင်းပွပါ။ လူတစ်ယောက် သေဆုံးသွားလျှင် ထိုသူ၏နံပါတ်အား မှတ်သားထားလိုက်သည်။ သိမ်းယူလိုက်သည်။ နောက်မွေးလာသည့် ကလေးအား သေဆုံးသူ၏နံပါတ်ကို အစားထည့်ပေးလိုက်သည်။ ထို့ကြောင့် နံပါတ်အကြီးအသေးကိုကြည့်ပြီး အသက်ကြီးငယ် ခွဲလို့မရနိုင်ပေ။ ထိုစနစ်သည် နံပါတ်များဖောင်းပွမှုကို ထိန်းချုပ်ရာလည်း ရောက်၍ ဂြိုဟ်ပေါ်တွင် လူဦးရေ မည်မျှရှိနေပြီကိုလည်း အလွယ်တကူ သိနိုင်သည့်စနစ်ဖြစ်ပေသည်။ ထိုကိစ္စကို လူဝင်မှုကြီးကြပ်ရေးကဲ့သို့သော ဌာနက တာဝန်ယူဆောင်ရွက်ပေးရ၏။

ယောကျ်ားမိန်းမ,မရွေး နံပါတ်သတ်မှတ်ပေးထားပြီး ဖြစ်သည့်အတွက် ရှေ့မှ ဦး–ဒေါ်၊ ကို–မ၊ မစ္စတာ–မစ္စစ်၊ မွန်စီယာ–မဒမ် စသည့် လိင်နှင့် အသက်အရွယ်ကွဲပြားစေမည့် အမှတ်အသားများ ထည့်ရန်လည်း မလိုတော့ချေ။

လူကို ကိုယ်ပိုင်နံပါတ် သတ်မှတ်ရာ၌ မိမိကိုယ်ပိုင်အမှတ်ကို ကိုယ်တိုင်သိနေရုံဖြင့် မလုံလောက်၊ အများသိစေရန် အကျႌရင်ဘတ်နှင့် နောက်ကျောများတွင် နံပါတ်များကို ရိုက်နှိပ်ထားရသည်။ ထို့ကြောင့် ဂြိုဟ်သားတို့သည် အဝတ်အစားမှန်သမျှ၌ ကိုယ်ပိုင်နံပါတ် အသေရေးထားပြီးဖြစ်၍ တစ်ယောက်အကျႌ တစ်ယောက် ယူဝတ်လို့မရကြချေ။

ဂဏန်းဂြိုဟ်သားများ၏ နေ့စဉ်လူနေမှုဘဝကို နမူနာအဖြစ် တစေ့တစောင်းလေ့လာကြည့်ကြပါစို့။

ဂဏန်းဂြိုဟ်သူအိမ်ရှင် ၈–၉–၇–၅–၆–၃–၃–၆ သည် ဈေးသွားရန် ပြင်ဆင်နေ၏။ သူမသည် ဈေးမသွားမီ သမီးဖြစ်သူ ၂–၃–၆–၄–၅–၇–၈–၅ အား မှာကြားလျက်ရှိသည်။

"သမီးရေ၊ သမီးမောင်လေး ၃–၆–၂–၅–၈–၇–၄ နိုးလာရင် နို့ဘူးဖျော်တိုက်လိုက်နော်။ ညီမလေး ၆–၆–၉–၈–၅–၄–၄–၇ ကျောင်းက



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာရင်လည်း ထမင်းခူးကျွေးလိုက်ဦး။ ဟင်းအမှတ် ၆ နဲ့ ၄၅ ကို မေမေ အုပ်ဆောင်းနဲ့အုပ်ထားခဲ့တယ်။ သမီးလည်း စာကျက်စရာရှိတာ ကျက်ဦး။ ၆ တန်း ဘာသာခွဲ ၁၂ မှာ သမီး အားနည်းတယ်လို့ သမီးဆရာမ ၃–၆–၇–၈–၅–၄ က ပြောသွားတယ်။ မေမေ ဈေးသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့မေမေ၊ သမီးဖို့ အမှတ် ၁၂ သီးနှံနဲ့လုပ်ထားတဲ့ အမှတ် ၅၆ မုန့်တစ်ခု ဝယ်ခဲ့ပါ မေမေ"

"အဲဒီမုန့်က ချောင်းဆိုးတယ်ကွယ့်။ ချောင်းသိပ်ဆိုးရင် သမီးရဲ့ ရောဂါအမှတ် ၄၂ ပြန်ထလာလိမ့်မယ်။ မုန့်နံပါတ် ၃၆ ကိုပဲ စားပါသမီးရယ်"

အိမ်ရှင်မ ၈–၉–၇–၅–၆–၃–၃–၆ ဈေးသို့ထွက်ခဲ့ရာ တစ်ဖက်အိမ်မှ အိမ်ရှင်မ ၂–၅–၈–၇–၉–၆–၅–၄ က မြင်တွေ့သွားလေသည်။

"အလို ••• ၈–၉–၇–၅–၆–၃–၃–၆ ပါလား။ ဈေးကိုသွားမလို့ လားရှင့်။ ကျွန်မ ဈေးမသွားအားလို့ နည်းနည်းပါးပါး လူကြုံမှာလိုက်ချင် လို့ပါ။ ကလေးတွေအဖေ ၅–၉–၈–၇–၆–၃ ကြီး နေမကောင်းလို့ ပြုစုနေ ရတယ်လေ။ ထုံးစံအတိုင်း ခရီးထွက်ရာကပြန်လာတော့ အဖျားနံပါတ် ၁၆ ငင်လာတာပဲရှင့်"

"ဪ ••• မှာစရာရှိတာ မှာပါရှင်။ အိမ်နီးချင်းတွေပဲ ကူညီရမှာ ပေါ့"

"ဟင်းချက်ဖို့အတွက် အသားနံပါတ် ၆ ကလေးက ငါးဆယ်သား ရယ်၊ အသီးနံပါတ် ၉ ကလေး အစိတ်သားရယ်၊ ကြော်စားဖို့တော့ အရွက် နံပါတ် ၄၁ ဆိုရင် ကောင်းမယ်ထင်တယ်။ သင့်သလိုသာ ဝယ်ခဲ့ပါတော့ ရှင်"

"အရွက်နံပါတ် ၂၈ ကို ကြော်စားပါလားရှင့်။ ရာသီဥတုနဲ့လည်း ကိုက်တယ်။ အခုရာသီက ၂ နှစ်ပိုင်း တစ်ပိုင်းရာသီဆိုတော့ အအေးစာတွေ ရှောင်သင့်တယ်လေ။ အရွက်နံပါတ် ၂၈ ကို၊ နံပါတ် ၃ အမှုန့်လေးဖြူး နံပါတ် ၈ အရည်လေးနဲ့နယ်ပြီး ကြော်စားရင် သိပ်ကောင်းတာပေါ့။ ယောက်မှာ အတွက်လည်း ဓာတ်စာဖြစ်တယ်။ ကျွန်မတို့မိန်းမတွေ ဖြစ်လေ့ရှိတဲ့ မိန်းမ ရောဂါနံပါတ် ၃ ကိုလည်း တားဆီးပေးတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှင် ကောင်းမယ်ထင်သလိုသာ ကြည့်ကျက်ဝယ်ခဲ့ပါတော့လေ"

"ကိုယ့်ကို ချစ်အဖြေပေးပါတော့ ၂-၉-၅-၁-၆-၇-၈-၅ ရယ်"

"အချစ်ဆိုတာ ဘဝတစ်ခုလုံးအတွက် အရေးကြီးပါတယ် ၂-၉-၈-၇-၅-၂-၄-၆။ ကျွန်မ စဉ်းစားပါရစေဦးရှင်"

"ဒီမယ် ၂-၉-၅-၁-၆-၇-၈-၅၊ မင်း ကိုယ့်ကို ဒီလိုနဲ့ အချိန်ဆွဲထားခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲဟင်။ ကိုယ်သိပါတယ်။ မင်းမိဘတွေက မင်းကို ၃-၆-၅-၇ နဲ့ သဘောတူနေကြတယ် မဟုတ်လား"

"ဒါ ရှင်ထင်လို့ပါ ၂-၉-၈-၇-၅-၂-၄-၆၊ ကျွန်မအနေနဲ့ကတော့ မိဘတွေ စိတ်ချမ်းသာအောင် ၃-၆-၅-၇ ကို အလိုက်သင့် ဆက်ဆံရတာပေါ့"

"သူက ယာဉ် ၄ တွေလည်း အများကြီးပိုင်တယ်။ အလုပ်အကိုင်ကလည်း နံပါတ် ၃ ရာထူးကို ရထားတာဆိုတော့ ကိုယ့်ထက်သာနေတာပေါ့လေ။ ဒီမယ် ၂-၉-၁-၆-၇-၈-၅ ကိုယ်လည်း ယောက်ျားပါကွာ။ ကြိုးစားရင် တစ်နေ့ သူ့လိုဖြစ်လာမှာပါ"

"ဒါတော့ ရှင် သက်သက်သဝန်ကြောင်နေတာပဲ။ ကျွန်မဟာ ရှင့်ဘက်ကို အလေးသာတယ်ဆိုတာ ဟောဒီ ပန်းနံပါတ် ၂ ကိုကြည့်ရင် သိသာပါတယ်ရှေ့"

၂-၉-၅-၁-၆-၇-၈-၅ က သူမခေါင်းတွင် ပန်ဆင်ထားသော နှင်းဆီပန်းလေးကိုပြ၍ ပြောလိုက်သည်။

"ဟင် ... ဘာကိုဆိုလိုတာလဲ။ ၂-၉-၅-၁-၆-၇-၈-၅"

"ရှင်ပေးထားတဲ့ ပန်းအမှတ် ၂ ပျိုးပင်လေးကို ကျွန်မ တယုတယ စိုက်ပျိုးထားတာလေ။ ဒီပန်းအမှတ် ၂ ကလေးဟာ ရှင်ပေးတဲ့အပင်ကပွင့်တဲ့ပန်းကလေးပေါ့ရှင်"

"ဟင် ... ဒါဆို၊ မင်း ကိုယ့်ကို ချစ်တယ်လို့ဆိုလိုတာလားဟင် ၂-၉-၅-၁-၆-၇-၈-၅"

"သွား ... လည်မလိုလိုနဲ့ အ,တဲ့ လူကြီး"



www.burmeseclassic.com

www.burmeseclassic.com



၂-၉-၅-၁-၆-၇-၈-၅က ၂-၉-၈-၇-၅-၂-၄-၆ ကို မျက်စောင်းလေးထိုး၍ ပြောလိုက်လေသည်။

"ယမကာနံပါတ် ၃၆ က ခုထိ မရောက်သေးဘူးလားဗျ"

"အရက်သယ်တဲ့ယာဉ် ၄ က လမ်းမှာပျက်နေလို့တဲ့။ ဒီနေ့တော့ ယမကာနံပါတ် ၉၃ ကိုပဲ သောက်ပေတော့ ၆-၉-၈-၇-၅-၄-၂-၅"

"ခင်ဗျားတို့ကလည်းဗျာ၊ ကျုပ်က ယမကာနံပါတ် ၃၆ ကိုပဲ သောက်နေကျဆိုတော့ ဒါကိုပဲ စွဲနေပြီဗျ"

"အမလေးရှင်၊ ဟောဒီယမကာ နံပါတ် ၉၃ လေးကိုလည်း မြည်းကြည့်စမ်းပါဦး။ အသီးနံပါတ် ၁၆ နဲ့ လုပ်ထားတဲ့အရက်ပါ။ ကျွန်မ ရှင့်ကို အမြှက်နံပါတ် ၁၃ လေး ကြော်ပြီး၊ အသား နံပါတ် ၅၂ ကို ကင်ပေးမယ်။ မကောင်းရင် ငွေမရှင်းနဲ့။ ကျေနပ်ပြီလား"

"ကဲ ... ဒါဖြင့်လုပ်ဗျာ"

ဂဏန်းပြုံးဟ်မှ သတ်မှတ်ချက်များကို ထူးပေဆန်းပေသည်၊ ရှုးပေနှမ်းပေသည်ဟု စွပ်စွဲရန်လည်း မသင့်တော်လှချေ။ ပြုံးဟ်တည်စကတည်းက ဖြစ်နေသော သူတို့ဓလေ့နှင့် သူတို့တော့ ဟုတ်နေကြပေ၏။

အခြားသောပြုံးဟ်သားများက ပစ္စည်းပစ္စယ အသုံးအဆောင်များအား သီးခြားနာမည်ပေးရန်၊ သို့မဟုတ်ပါက အခြားပြုံးဟ်များပေါ်မှ အခေါ်အဝေါ်ကို ယူသုံးရန် အကြံပေးကြသည်များ ရှိပေ၏။ ဂဏန်းပြုံးဟ်တွင် အသုံးပြုရန် စာပေနှင့်အက္ခရာကို တီထွင်ပေးလို၍ အကြံပြုသည်များလည်း ရှိပေ၏။ ဂဏန်းပြုံးဟ်သား အကြီးအကဲများက လက်မခံခဲ့ချေ။

"နံပါတ်နဲ့သတ်မှတ်ပြီး ခေါ်ဝေါ်တာဟာ အသင့်တော်ဆုံးပါပဲ။ မှတ်သားရတာလဲ လွယ်ကူပါတယ်။ ဥပမာ ပန်းဆိုရင် ပန်းအမျိုးအယ်လောက် ကွဲပြား ကွဲပြား ကျုပ်တို့က နံပါတ်ပေးပြီး သတ်မှတ်ထားတော့ နံပါတ်ကို သာမှတ်ဖို့လိုတယ်။ နောက်ထပ် ပန်းမျိုးတစ်ခုပေါ်လာရင်လည်း နံပါတ်တစ်ခု တိုးပေးရုံပဲ။ ခင်ဗျားတို့လို ပန်းကို နှင်းဆီတို့၊ စံပယ်တို့ ခေါက်ပေါက်ရှာရှာ အသံထွက်တွေ သတ်မှတ်ပြီး ခေါ်တာကမှ မှတ်ရသားရ ခက်သေးတယ် မဟုတ်လား"ဂဏန်းပြုံးဟ်သားများပေးသည့် လင်ခြေမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တုတ်တုတ်ပင်။

မည်သို့ဆိုစေ အရှီးစွဲနေသော ဓလေ့စရိုက်တစ်ခုကို ပြင်ဆင်ရန်ကား ခဲယဉ်းလှသောလုပ်ရပ်တစ်ခုပင် ဖြစ်ပါ၏။

ထိုသို့သော ထူးဆန်းလှသည့် ဂဏန်းဂြိုဟ်သို့ ကမ္ဘာဂြိုဟ်သား ဦးနေလရတနာတစ်ယောက် ကမ္ဘာဂြိုဟ်ဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရလေသည်။

☗

ဦးနေလရတနာသည် ဂဏန်းဂြိုဟ်သို့ သံအမတ်အဖြစ် သွားရောက်ရမည်ဆိုကတည်းက ဂဏန်းဂြိုဟ် အဘိဓာန်စာအုပ်ကြီးကို ရှာဖွေကာ လေ့ကျင့်ကျက်မှတ်ထားရသည်။ အဘိဓာန်စာအုပ်ကြီးမှာ ဂဏန်းများဖြင့် ပြည့်နှက်နေပေ၏။

သူသည် ဂဏန်းဂြိုဟ်ပေါ်မှ အခေါ်အဝေါ်များကို အလွတ်နီးပါးရအောင် ကျက်မှတ်နေရ၏။ သို့သော် ဂဏန်းများနှင့် ရှုပ်ထွေးပွေလီနေသည့်အတွက် အလွတ်ရသည်ထိ မှတ်မိနိုင်ခြင်း မရှိချေ။

သူသည် ဂဏန်းဂြိုဟ်ရောက်လျှင် အဆင်ပြေစေရန်အတွက် ဂဏန်းဂြိုဟ်သို့ မသွားမီကတည်းကပင် အိမ်၌ သူ့မိန်းမနှင့် စကားပြောရာတွင် ဂဏန်းဂြိုဟ်အသုံးအနှုန်းများနှင့် ပြောဆိုလေ့ကျင့်ကြည့်နေခဲ့၏။

"မိန်းမရေ့ ကိုယ်ဂဏန်းဂြိုဟ်ကို ရောက်တဲ့အခါ မင်းကို စက်နံပါတ် ၃၅ နဲ့ နေ့တိုင်း ဆက်သွယ်မယ်နော်။ စက် နံပါတ် ၃၅ ရှေ့မှာ ည ၈ နာရီတိုင်း မင်း အမြဲရှိနေပါစေကွာ"

"ဘာစက်နံပါတ် ၃၅ တုံးရှင့်"

ဦးနေလရတနာ၏ဇနီး ဒေါ်လမင်းဝင်းဝင်းပပသာသည် ဂဏန်းဂြိုဟ်၏ ရှုပ်ထွေးပွေလီသော စနစ်ကိုသိထား၍ ဦးနေလရတနာနှင့်အတူ ဂဏန်းဂြိုဟ်ပေါ်သို့ ချက်ချင်းမလိုက်လိုသေးကြောင်း ငြင်းဆန်ထားပေသည်။ ဦးနေလရတနာက အင်တာနက်ဖြင့် ညစဉ်ဆက်သွယ်မည့်အကြောင်းကို ဂဏန်းဂြိုဟ်အသုံးအနှုန်းဖြင့် ပြောလိုက်ရာ ဒေါ်လမင်းဝင်းဝင်းပပသာက နားမလည်၍ ပြန်မေးလိုက်ခြင်း ဖြစ်သည်။

"အင်တာနက်ကို ပြောတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အင်တာနက်ဆို အင်တာနက်ပေါ့ရှင့်။ ရှင်တော့ ဂဏန်းပြုပ် မရောက်ခင်ကတည်းက ရူးနေပြီထင်တယ်"

"ဟော့ ... ဟိုကို မရောက်ခင် ခုကတည်းက လေ့ကျင့်နေတာကွ။ မင်းဟာ ကိုယ့်ယောက်ျားအပေါ် ခံစားချက် ၁၆ မရှိတဲ့ မိန်းမပဲ"

"ဘာရှင့်"

ခံစားချက် ၁၆ မှာ ကိုယ်ချင်းစာတရားဟူ၍ အဘိဓာန်၌ ဖော်ပြထားပေသည်။ ဦးနေလရတနာက သူ ပြောလိုက်သည့်စကားလုံးကို အကွရာစဉ် အတိုင်းရှာကာ စာအုပ်ကြီးကို လှန်ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်လေသည်။

"ခံစားချက် ၁၆ ဆိုတာ ကိုယ်ချင်းစာတရားတဲ့ကွ။ မင်း ငါ့ကို ကိုယ်ချင်းမစာဘူးလို့ ပြောတာ။ မင်းလည်း ဒီအဘိဓာန်မျိုးတစ်အုပ်ဝယ်ပြီး

"ခံစားချက်အမှတ် ၁၀ ပါခင်ဗျာ။ ကျွန်တော့်စကား အသုံးအနှုန်း မှားသွားတဲ့ အတွက် ခံစားချက်အမှတ် ၁၀ တွေ ဖြစ်ပေါ်မိ ပါတယ်။ ကျွန်တော် ဆိုလိုချင်တာက ခံစား ချက် အမှတ် ၁၂ ပါ။ အမှတ် ၁ ခေါင်းဆောင် ကြီးခင်ဗျာ ကျွန်တော် တောင်းပန်ပါတယ်။ အဲ ..."






www.burmeseclassic.com

www.burmeseclassic.com



လေ့လာထားဦး မိန်းမရေ။ ဒါမှ ဂဏန်းဗြိုဟ်ပေါ်ကို မင်းလိုက်လာတဲ့အခါ စကားအပြောအဆို အဆင်ပြေအောင်"

"တော်ပြီရှင်၊ တော်ပြီ။ ရှင် လေ့ကျင့်တဲ့စကား နားထောင်ရတာနဲ့တင် ကျွန်မ ရူးချင်ပြီ။ ဂဏန်းဗြိုဟ်ပေါ်ကို အလည်အပတ်တောင် မလာတော့ဘူး"

"မင်း ကိုယ့်ကို တစ်ယောက်တည်း ပစ်ထားတော့မှာလား။ မင်းကိုယ့်ကို ခံစားချက် ၈ မရှိတော့ဘူးလားဟင်"

"ခံစားချက် ၈ ကကော ဘာတဲ့ တုံးရှင်"

"ချစ်တာကို ပြောတာလေ။ အဘိဓာန်ထဲမှာ ခံစားချက် ၈ ညီမျှခြင်း တဏှာပေမဖြင့်ချစ်ခင်ခြင်း၊ ယောကျ်ားနှင့်မိန်းမ လင်မယားချစ်ခင်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ထားတယ်ကွ။ ညီအစ်ကို မောင်နှမလို ချစ်တာက ခံစားချက် ၁၁ တဲ့။ သားသမီးကိုချစ်တာက ခံစားချက် ၁၂ တဲ့။ သူငယ်ချင်း မိတ်ဆွေလို ခင်မင်တာက ခံစားချက် ၁၃ တဲ့"

ဦးနေလရတနာက ခေါင်းကိုင်၍ စာအုပ်ကိုဖတ်လိုက် ခေါင်းပြန်မော့၍ စကားပြောလိုက်ဖြင့် ရှင်းပြနေရှာပေသည်။

"ပေါက်ပေါက်ရှာရှာတော်၊ ချစ်တာခင်တာကိုများ နံပါတ်မှတ်နေသေးတယ်။ ကဲ … ဒါဖြင့် စိတ်ကုန်တာကို နံပါတ်ဘယ်လောက်တဲ့လဲရှင် ရှာကြည့်လိုက်ပါဦး"

"နေဦး … နေဦး၊ ကိုယ် ရှာလိုက်ဦးမယ်"

ဦးနေလရတနာက အက္ခရာစဉ် အတိုင်း အဘိဓာန်စာအုပ်ကို လှန် လှော့ရှာဖွေနေ၏။

"တွေ့ပြီ … တွေ့ပြီ၊ ခံစားချက် ၄၄ ညီမျှခြင်း စိတ်ကုန်ခန်းခြင်း တဲ့"

"ကဲ … ဒါဖြင့် ကျွန်မ ရှင့်ကို ခံစားချက် ၄၄ တွေ ဖြစ်နေပြီရှင် သိရဲ့လား"

"မိန်းမကလည်းကွာ"

☙

ယင်းသို့ဖြင့် ဦးနေလရတနာသည် ဂဏန်းဗြိုဟ်ပေါ်သို့ သံအမတ်တာဝန်ထမ်းဆောင်ရန် တစ်ယောက်တည်း အထီးကျန်စွာ ရောက်လာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေလရတနာအား အစစအဆင်ပြေစေရန်အတွက် ဂဏန်းဂြိုဟ်သား အကြီးအကဲများက စကားပြန်မိန်းကလေးတစ်ဦးအား တာဝန်ပေးထားလေသည်။ စကားပြန်မလေးမှာ ဂဏန်းဂြိုဟ်သူ မိန်းကလေးပင်ဖြစ်ပြီး ကမ္ဘာဂြိုဟ်ပေါ်သို့ ပညာတော်သင် လာရောက်ဖူးသူတစ်ဦးဖြစ်သည်။ မိန်းကလေး၏အမည်မှာ ၂-၉-၆-၈-၅-၇-၄-၆ ဖြစ်၏။

၂-၉-၆-၈-၅-၇-၄-၆ က ဦးနေလရတနာအား အာကာသ ဒုံးယာဉ်စခန်း၌ လာရောက်ကြိုဆိုနေပေသည်။

ဦးနေလရတနာသည် ကမ္ဘာဂြိုဟ်နှင့် ဂဏန်းဂြိုဟ် ၂ ဘာသာ အဘိဓာန်စာအုပ်ကြီးကို ချိုင်းကြားတွင်ညှပ်ကာ ဒုံးယာဉ်ပေါ်မှ ဆင်းသက်လာလေသည်။

"မင်္ဂလာပါရှင်"

၂-၉-၆-၈-၅-၇-၄-၆ မိန်းကလေးက ကမ္ဘာဂြိုဟ်ဘာသာစကားဖြင့် နှုတ်ခွန်းဆက်လိုက်သည်။ သူမသည် ထိုစကားလုံးကို အသံထွက်ပီသစွာ ထွက်နိုင်စေရန် သုံးရက်တိုင်တိုင် ကျက်မှတ်ထားရခြင်း ဖြစ်ပါ၏။ သူမသည် ကမ္ဘာဂြိုဟ်ပေါ်သို့ ပညာတော်သင် လာရောက်ဖူးသည် ဆိုသော်လည်း ကမ္ဘာပေါ်မှ အသံထွက်များကို ပီပီသသမထွက်တတ်၍ စာမေးပွဲကျကာ ဘွဲ့မရဘဲ ဂဏန်းဂြိုဟ်ပေါ်သို့ ပြန်လာရသူလေး ဖြစ်ပေ၏။ သို့ရာတွင် ကမ္ဘာဂြိုဟ်ပေါ်သို့ ရောက်ဖူးပြီး ကမ္ဘာဂြိုလ်နှင့်ပတ်သက်၍ လူရည်အလည်ဆုံးဖြစ်သည့်အတွက် သူမကိုပင် အကြီးအကဲများက စကားပြန်အဖြစ် တာဝန်ပေးထားခြင်း ဖြစ်ပါသည်။

ဦးနေလရတနာသည် ကမ္ဘာသုံး ဘာသာစကားဖြင့် နှုတ်ဆက်ခံလိုက်ရ၍ ကျေနပ်သွားလေသည်။ ဤမိန်းကလေးသည် သူနှင့် ဂဏန်းဂြိုဟ်သားများကြားတွင် အခက်အခဲများကို ဖြေရှင်းပေးလိမ့်မည်ဟု မျှော်လင့်မိပေ၏။

"၁-၂-၃-၄-၅"

ဦးနေလရတနာကလည်း ဂဏန်းဂြိုဟ် ဘာသာစကားဖြင့် ပြန်၍ နှုတ်ခွန်းဆက်လိုက်၏။ ၁-၂-၃-၄-၅ ဆိုသည်မှာ မင်္ဂလာပါဆိုသည့် စကားနှင့် ထပ်တူညီသည့် ဂဏန်းဂြိုဟ်၏ နှုတ်ခွန်းဆက်စကားဖြစ်ပေသည်။

"ကျွန်မတို့ဂြိုဟ်ကိုလာရတဲ့ လမ်းခရီးမှာ ရှင် သက်သာသာသာ ဆောင်ပါရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏စကားကြောင့် ဦးနေလရတနာ ကြောင်သွားလေသည်။

"ဒုံးယာဉ်ပေါ်မှာ ရှင်သက်သက် သာသာတောင်ရဲ့လား"

"ဩော် ... မင်းဆိုလိုတာက သက်သောင့်သက်သာရှိရဲ့လားလို့ ဆိုချင်ပုံရတယ်"

ဦးနေလရတနာက စကားပြန်မလေး၏ ကမ္ဘာသုံးစကား မကျွမ်းကျင်မှုကို ပြုပြင်ပေးလိုက်သည်

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကျွန်မက အဲဒီလိုမေးချင်တာပါ။ ကျွန်မ ကောင်းကောင်းမပြောတတ်တာကို ခွင့်လွှတ်ပါရှင့်။ ကမ္ဘာပေါ်ကနေ ကျွန်မ ပြန်လာတာလဲကြာပြီ။ ရှင်တို့စကားတွေက သိပ်ရှုပ်ထွေးတော့ ကျွန်မလည်း မေ့ကုန်ပြီရှင့်"

ဦးနေလရတနာက ချိုင်းကြားထဲမှ အဘိဓာန်စာအုပ်ကြီးကို ဆွဲထုတ်ကာ သူသိလိုသည့် စာမျက်နှာကို ရှာ၍ လှန်လိုက်၏။ တွေ့ပါပြီ။ ငြိမ့်ငြိမ့်ညောင်းညောင်းဖြစ်ခြင်း၊ သက်သောင့်သက်သာရှိခြင်းကို အမှတ် ၆၈ ခံစားမှုဟု ဖော်ပြထား၏။

"ဒီကိုလာတဲ့ခရီးမှာ အမှတ် ၆၈ ခံစားမှုနဲ့ ပြည့်စုံပါတယ် မိန်းကလေး။ ကျုပ်နဲ့စကားပြောရတာ သိပ်အခက်အခဲရှိရင် မင်းတို့ဂဏန်းဘာသာစကားနဲ့ပဲ ပြောပါ။ ကျုပ်ဟာကျုပ် အဘိဓာန်ကို လှန်ရှာပါ့မယ်။ သိပ်ခက်ခဲတဲ့ ဥစ္စာတွေမှသာ မင်းနဲ့ကျုပ်နဲ့ ညှိနှိုင်းကြတာပေါ့"

ဦးနေလရတနာနှင့် စကားပြန်မလေးလို့ နားလည်မှုယူလို့ ရသွားကြသည်။

"၅-၄-၃-၂-၁"

စကားပြန်မလေးက ကျေးဇူးတင်ပါတယ်ဆိုသည့် စကားကို ဂဏန်းကြိုးဟ်အသုံးအနှုန်းဖြင့် ပြန်ပြောလိုက်သည်။ တကယ်တော့ ကမ္ဘာ့ဘာသာစကားကို တတ်ကျွမ်းခဲ့သူမဟုတ်။ ဦးနေလရတနာက နားလည်မှုပေးလိုက်၍ ၂-၉-၆-၈-၅-၇-၄-၆ လည်း စိတ်သက်သာရာ ရသွားလေသည်။

စကားပြန်မလေးက ဦးနေလရတနာအား လေယာဉ်ကွင်းထဲမှ ခေါ်ဆောင်ခဲ့ကာ လာရောက်ကြိုဆိုသည့် အမှတ် ၉ မော်ဒယ် အမှတ် ၂၆ အမျိုးအစားယာဉ် ၄ ပေါ်သို့ တက်စေကာ အမှတ် ၁၈ လမ်းမကြီးအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းနှင်ရင်း နေထိုင်ရန် စီစဉ်ထားသည့် အမှတ် ၃၃၃၆၈ ရပ်ကွက်၊ ၉၉၆၅ လမ်းမကြီး၊ လမ်းသွယ် ၆ ရှိ အိမ်နံပါတ် ၆၅၂ အရောက် ပို့ဆောင်ပေးလိုက်လေသည်။

☗

နောက်တစ်နေ့သည် ဦးနေလရတနာ၏ သံအမတ်ခန့်အပ်လွှာကို ဂဏန်းဂြိုဟ်အကြီးအကဲထံသို့ ပေးအပ်သည့် အခမ်းအနားကျင်းပသည့်နေ့ ဖြစ်ပေသည်။

မနက်စောစောတွင် ဦးနေလရတနာကို စကားပြန်မလေးက ယာဉ် ၄ ဖြင့် လာရောက်ကြိုဆိုပေ၏။

"၁-၂-၃-၄-၅ ပါ ၂-၉-၆-၈-၅-၇-၄-၆ မိန်းကလေး"

ဦးနေလရတနာက ဂဏန်းဂြိုဟ် ဘာသာစကားဖြင့် မင်္ဂလာပါဟု နှုတ်ဆက်လိုက်သည်။

"သံအမတ်ကြီး၊ ညက သက်သက်သာသာတောင် အဲလေ၊ သက်တောင်သာတောင်၊ မဟုတ်သေးပါဘူးလေ။ သာသာတောင်တောင်"

"သက်သောင့်သက်သာ အိပ်ရရဲ့လားလို့ မေးချင်တာလား မိန်းကလေး။ ကျုပ် ညက ခံစားချက်အမှတ် ၆၈ နဲ့ ပြည့်စုံပါတယ်ကွယ်"

"အို ...ဝမ်းသာပါတယ်ရှင်။ ကမ္ဘာဂြိုဟ်စကားကို ကျွန်မ မကျွမ်းကျင်တဲ့အတွက် ခွင့်လွှတ်ပါ"

"ရပါတယ်။ ဒီအတွက် မစိုးရိမ်ပါနဲ့။ အဲ ...ခံစားချက်အမှတ် ၉ တွေ သိပ်မထားပါနဲ့။ ကျုပ်တို့ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် စခန်းသွားကြတာပေါ့"

"ဒါနဲ့ နံနက်ခင်းစာ ဘရိတ်ဖတ်စ်များရော သုံးဆောင်ပြီးပါပြီလား ရှင့်၊ ကျွန်မပြောတာ မှန်ပါတယ်နော်"

"မှန်ပါတယ်။ ဘရိတ်ဖတ်စ်ကို အိမ်ဝန်ထမ်း ၁-၂-၈-၉ က ကျွေးလို့ စားပြီးပါပြီ။ မင်းတို့ဂြိုဟ်က ဖျော်ရည် ၁၁ ရယ်၊ အမှတ် ၁၂ သီးနှံနဲ့ လုပ်ထားတဲ့ မုန့်နံပါတ် ၂၆ ဟာ သိပ်လိုက်တာပဲကွယ်။ သိပ်စားလို့ ကောင်းပါတယ်"

"ဒါဖြင့် ကျွန်မတို့ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲကို သွားကြစို့ လား သံအမတ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



သံအမတ်ခန်း ာပ်လွှာပေးအပ်ပွဲကို ဂြိုဟ်လုံးဆိုင်ရာ အခမ်းအနားများ ကျင်းပသည့် အမှ ် ၁ ရပ်ကွက်၊ ၁၂၅၆ လမ်းမပေါ်ရှိ အဆောက်အအုံ အမှတ် ၁ ၌ ကျင်းပရန်စီစဉ်ထားလေသည်။

ဦးနေလရတနာနှင့် စကားပြန်မလေးတို့ အဆောက်အအုံအမှတ် ၁ သို့ ရောက်ရှိသွားချိန်တွင် ဂဏန်းဂြိုဟ်ဆိုင်ရာ အာဏာပိုင်အကြီးအကဲများ ရောက်ရှိနေပြီဖြစ်သည်။

ဦးနေလရတနာသည် လိုအပ်လျှင် ပြန်ကြည့်နိုင်ရန် အဘိဓာန်စာအုပ်ကြီးကို ချိုင်းကြား၌ညှပ်၍ ယူဆောင်လာခဲ့လေ၏။ လက်တစ်ဖက်ကလည်း သူ၏ သံအမတ်ခန့်အပ်လွှာကို အလိပ်ကလေးလိပ်၍ ကိုင်လာလေသည်။

ဦးနေလရတနာ ခန်းမထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဂဏန်းဂြိုဟ်ဆိုင်ရာ အကြီးအကဲများက မတ်တတ်ရပ်၍ ခရီးဦးကြိုပြုလိုက်သည်။ ထိပ်ဆုံးတွင် ထိုင်နေသူမှာ ဂဏန်းဂြိုဟ်၏ အမှတ် ၁ ခေါင်းဆောင်ကြီးပင်ဖြစ်၏။ အမှတ် ၁ ဖြစ်သည့်အားလျော်စွာ ဂဏန်းဂြိုဟ်၌ အာဏာအရှိဆုံးနှင့် ရာထူးအကြီးဆုံးပုဂ္ဂိုလ် ဖြစ်ပါ၏။

"၁-၂-၃-၄-၅"

အမှတ် ၁ ခေါင်းဆောင်ကြီးက ဦးနေလရတနာကို လက်ကမ်းပေးရင်း နှုတ်ဆက်လိုက်သည်။

ဦးနေလရတနာက လက်ဆွဲနှုတ်ဆက်ရင်း ...

"၁-၂-၃-၄-၅"

ဟု ပြန်ပြောလိုက်၏။

"ကျွန်ုပ်တို့ဂြိုဟ်သို့ လာရောက်နေထိုင်ရတာ ခံစားချက်အမှတ် ၆၈ နဲ့ ပြည့်စုံပါရဲ့လား"

"ဟုတ်ကဲ့ ... ပြည့်စုံပါတယ်။ အရာရာ လိုလေသေးမရှိပါ"

"သံအမတ်ကြီး ဘာပြောသလဲ။ ၂-၉-၆-၈-၅-၇-၄-၆ ဘာသာပြန်ပေးပါဦး"

"လိုလေသေးမရှိပါဆိုတာ ၃-၂-၁ အချက်ကို ဆိုလိုခြင်း ဖြစ်တယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဝမ်းသာပါတယ်။ စကားပြန်အဖြစ် တာဝန်ပေးထားတဲ့ ၂-၉-၆-၈-၅-၇-၄-၆ မိန်းကလေးနဲ့ရော အဆင်ပြေပါသလား"

"ဟုတ်ကဲ့ ... သိပ်အဆင်ပြေပါတယ် ခင်ဗျ"

တကယ်တမ်းတွင် စကားပြန်မိန်းကလေး၏ မကျွမ်းကျင်မှုကြောင့် ညှိနှိုင်းဖြေရှင်းနေရသည်များ ရှိသော်လည်း မိန်းကလေးအပေါ် သူမ၏ အကြီးအကဲများ ကျေနပ်မှုရှိစေရန် သံတမန်နည်းဖြင့် မြှောက်ပင့်ပြောကြား လိုက်ခြင်းဖြစ်သည်။

"သူမဟာ သိပ်တော်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ။ အရည် အချင်းအမှတ် ၉ နဲ့ ပြည့်စုံပါပေတယ်"

ဦးနေလရတနာက ချိုင်းကြားမှ အဘိဓာန်စာအုပ်ကြီးကိုထုတ်ကာ အရည်အချင်းအမှတ် ၉ သည် ဘာကိုဆိုလိုကြောင်း သိနိုင်ရန် လှန်ကြည့် လိုက်၏။

အရည်အချင်းအမှတ် ၉= ပညာရည် ပြည့်ဝထက်မြက်ခြင်း။

"မှန်ပါတယ်။ ဒါကြောင့် ဒီမိန်းကလေးကို ကျွန်တော်က ခံစားချက် ၂၁ တွေ ဖြစ်ပေါ်မိပါတယ်"

ဦးနေလရတနာက စကားပြန်မိန်းကလေးကို မိမိသမီးလေး တစ်ယောက်လို ချစ်ခင်မိကြောင်း ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။

သို့သော် သူ၏စကားဆုံးသည်နှင့် အမှတ် ၁ ခေါင်းဆောင်ကြီးမှာ မျက်နှာပျက်သွားလေသည်။ သူ၏စကားကို ကြားလိုက်ရသော အနီးမှ အကြီး အကဲများကလည်း 'ဟယ်'ခနဲ သံပြိုင်အော်လိုက်ကြလေသည်။ စကားပြန် မိန်းကလေးကလည်း မျက်နှာနီမြန်းကာ ခေါင်းကိုငုံ့သွားလေ၏။

ဦးနေလရတနာသည် သူ့စကား မှားသွားကြောင်း သိလိုက်ကာ အဘိဓာန်စာအုပ်ကြီးကို နောင်တစ်ခေါက် လှန်ရပြန်သည်။

ခံစားချက်အမှတ် ၂၁ ကို လှန်ကြည့်လိုက်တော့ ...

ခံစားချက်အမှတ် ၂၁ = လိင် ဆက်ဆံလိုခြင်းတဲ့။

"ဟိုက် ..."

ဦးနေလရတနာ မျက်စိတွေ ပျာဝေသွားသည်ထိ မိုက်ခနဲဖြစ်ကာ အားလုံးကို အားနာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေကို အလွတ်ကျက်ထားသည့်ကြားက အမှတ်မှားပါပြီ ကော။ သူဆိုလိုချင်သည့် သားသမီးကဲ့သို့ ချစ်ခင်ခြင်းကို အဘိဓာန်ထဲတွင် ရှာကြည့်လိုက်တော့ ခံစားချက်အမှတ် ၁၂ ဖြစ်နေသည်။ နံပါတ်ကို ပြောင်းပြန် မှား၍ ပြောလိုက်မိခြင်းပင်။

"ဆောရီး၊ ဆောရီး၊ စိတ်မရှိပါနဲ့ ခင်ဗျာ။ အဲ ... အဲ ... ဆောရီး ဆိုတာ ခံစားချက် ဟိုနံပါတ်ကို ပြောတာပါ အဲ ..."

သူဆိုလိုချင်သည့် စိတ်မကောင်းပါဘူး၊ ဝမ်းနည်းပါတယ်ဆိုသည့် အဓိပ္ပာယ်ကို အဘိဓာန်ကို နောက်တစ်ခါ လှန်၍ရှာရပြန်သည်။ တွေ့ပါပြီ ခံစားချက်အမှတ် ၁၈ တဲ့။

"ခံစားချက်အမှတ် ၁၈ ပါခင်ဗျာ။ ကျွန်တော့်စကား အသုံးအနှုန်း မှားသွားတဲ့အတွက် ခံစားချက်အမှတ် ၁၈ တွေ ဖြစ်ပေါ်မိပါတယ်။ ကျွန်တော် ဆိုလိုချင်တာက ခံစားချက် အမှတ် ၁၂ ပါ။ အမှတ် ၁ ခေါင်းဆောင်ကြီးခင်ဗျာ ကျွန်တော် တောင်းပန်ပါတယ်။ အဲ ..."

တောင်းပန်ပါတယ်ဆိုသည့်စကား အသုံးအနှုန်း၏ ခံစားချက်နံပါတ် ကို အဘိဓာန်ကို လှန်၍ရှာရပြန်၏။ တောင်းပန်စကားဆိုခြင်း = ခံစားချက် နံပါတ် ၁၉။

"ကျွန်တော့်စကား မှားသွားတဲ့ အမှတ်က ခံစားချက်နံပါတ် ၁၉ ပါ ခင်ဗျာ"

"ရပါတယ် ... ရပါတယ်၊ သံအမတ်ကြီး ထိုင်ပါခင်ဗျာ"

နှုတ်ခွန်းဆက်စကားဆိုနေရသည်နှင့် အားလုံး မထိုင်ကြရသေးချေ။

ဦးနေလရတနာသည် ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက် ရင်း ဖောချွေးတွေ ပြန်လာ၏။ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲပင် မစရသေး ချေ။ စကားအသုံးအနှုန်းအမှားများကြောင့် ထွက်ပြေးချင်စိတ်ပေါက်နေရ၏။ သံအမတ်ပီပီ မျက်နှာကို ပြုံးချိုစွာထားကာ ဣန္ဒြေကြီးနှင့်ထိုင်နေလိုက်၏။

အခမ်းအနားမစမီ ပဋိသန္ဓာရ စကားများပြောကာ ဧည့်ဝတ်ပြုလေ သည်။

"ကမ္ဘာသူကမ္ဘာသားများ ခံစားချက် အမှတ် ၁ နှင့် ပြည့်စုံပါရဲ့ လော"



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်အမှတ် ၁ကိုသိရန် အဘိဓာန်ကိုလှန်မည်ပြင်ဆဲ စကားပြန် မိန်းကလေးက ဝင်ပြောပေးလိုက်သည်။

"ကမ္ဘာသူကမ္ဘာသားတွေ ပျော်ရွှင်ချမ်းမြေ့ပါရဲ့လားလို့ မေးတာပါ သံအမတ်ကြီးရှင့်"

"ဟုတ်ကဲ့၊ ကမ္ဘာကြီးဟာ စစ်ပွဲတွေကင်းစင်ပြီး၊ လူလူချင်း မုဒိတာ တရားတွေ ပွားများကြလို့ ကမ္ဘာတည်စက ယခုအချိန်ထိ မကြုံစဖူးထူးကဲတဲ့ ငြိမ်းချမ်းမှုတွေ ရရှိနေကြောင်းပါ"

စကားပြန်မလေး ၂-၉-၆-၈-၇-၄-၆ တစ်ယောက် အလုပ်ရှုပ် သွားလေသည်။ သူမသည် ဦးနေလရတနာ ပြောလိုက်သော စကားအားလုံးကို ဘာသာမပြန်တတ်ချေ။

"သံအမတ်ကြီးက ပြန်လည်ဖြေကြားပါတယ် အမှတ် ၁ ခေါင်း ဆောင်ကြီးရှင်။ ကမ္ဘာပေါ်မှာ အနိဋ္ဌာရုံ အမှတ် ၄ ကိစ္စတွေ မရှိတော့ပါဘူးတဲ့။ ပြီးတော့ ကမ္ဘာသူကမ္ဘာသားအချင်းချင်းလည်း အဲ ... အဲ ... မုဒိတာဆိုတာ ဘာလဲဟင် သံအမတ်ကြီး"

ဂဏန်းပြိုဟ်သာသာဖြင့် မုဒိတာကို အနက်အဓိပ္ပာယ် ဖွင့်ဆိုထား ခြင်း မရှိချေ။

ဦးနေလရတနာရော စကားပြန် မိန်းကလေးပါ အဘိဓာန်၌ မုဒိတာ စာလုံးပါမပါ လှန်လှောရှာဖွေကြလေသည်။ ခေါင်းဆောင်များသည် စကား ပြန် မိန်းကလေးပြန်ပြောမည့်စကားကို စောင့်၍ နားထောင်နေရရှာ၏။

မုဒိတာဆိုသောစကားရပ်၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်၌ ရှာမတွေ့ချေ။

"လူလူချင်းမေတ္တာထားတယ်လို့ သာ လွယ်လွယ်ပြင်ပြောလိုက်ပါ တော့ မိန်းကလေးရယ်"

ဦးနေလရတနာက သူ့စကားကိုပြင်ကာ အကြံပေးလိုက်သည်။

"မေတ္တာထားတယ်ဆိုတာန်ပါတ် ဘယ်လောက်ဖြစ်မှာပါလိမ့်၊ မှန်း"

ဦးနေလရတနာက အဘိဓာန်စာအုပ်ကို လှန်ပြန်၏။

"နေ ... နေ ... သံအမတ်ကြီး၊ အဲဒါတော့ ကျွန်မ အလွတ်ရ တယ်၊ အမှတ် ၁ ခေါင်းဆောင်ကြီးရှင့်၊ ကမ္ဘာသူကမ္ဘာသားများဟာ တစ်ယောက်နဲ့တစ်ယောက် ခံစားချက်အမှတ် ၆ တွေ ပွားများကြပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ... အဲဒါကြောင့် သံအမတ်ကြီး၊ သံအမတ်ကြီး ဆက်ပြောတဲ့ စကားက ဘာ ... ကျွန်မမေ့သွားလို့"

"အဲဒါကြောင့် ကမ္ဘာတည်စက ယခုအချိန်ထိ မကြုံစဖူးထူးကဲတဲ့ ငြိမ်းချမ်းမှုတွေကို ရရှိနေပါတယ်လေ"

"အဲ ... ဟုတ်ပြီ။ မကြုံစဖူး ထူးကဲတယ်ဆိုတာတော့ ကျွန်မ ချန်ထားလိုက်တော့မယ်နော်။ ကျွန်မတို့ဆီမှာ အဲဒီစကားလုံးမရှိဘူးရှင့်။ ငြိမ်းချမ်းမှု၊ အဲ ... ငြိမ်းချမ်းမှုက နံပါတ် ဘယ်လောက်ပါလိမ့်"

နှစ်ယောက်စလုံး အဘိဓာန်ကို လှန်ပြန်သည်။

"ဟော ... တွေ့ပြီ။ တွေ့ပြီ။ ကဗ္ဗာရုံအမှတ် ၃ တဲ့။ အမှတ် ၁ ခေါင်းဆောင်ကြီးရှင့်၊ ခုနက ပြောခဲ့တဲ့ အချက်အလက်တွေကြောင့် ကမ္ဘာကြီး ဟာ ကဗ္ဗာရုံအမှတ် ၃ နဲ့ ပြည့်စုံပါတယ်တဲ့။ ဟီး ... ဟီး ..."

စကားပြန်မလေးက ဦးနေလရတနာပြောသည့် စကားတစ်ခွန်းကို အပြီးအစီး ဘာသာပြန်ပြောနိုင်လိုက်၍ အမှတ် ၁ ခေါင်းဆောင်ကြီးအား ရယ်ပြလိုက်သည်။

"ကောင်းပါလေ့၊ ကောင်းပါလေ့"

အမှတ် ၁ ခေါင်းဆောင်ကြီးက ကောင်းပါလေ့ဆိုသော်လည်း ဦးနေလရတနာအဖို့ မကောင်းပါလေ။ သူသည် အခမ်းအနားထိပ်တွင်ထိုင်ရင်း ခေါင်းတွေမူးနောက်လာသည်။ ရင်တွေ တုန်ဟိုက်၍မောလာသည်။ ပထမဆုံး သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားပင် ပီပီပြင်ပြင် မစရသေး ရှေ့ဆက်၍ ဤဂဏန်းဂြိုဟ်တွင် နှစ်နှင့်ချီ၍ မည်သို့ တာဝန်ထမ်းဆောင်ရပါ မည်နည်း။ ယခုကပင် ထွက်ပြေးချင်စိတ်တွေ ပေါက်နေရလေပြီ။ သို့ရာတွင် သံတမန်တို့ ဝတ္တရားအတိုင်း မျက်နှာ မပျက်အောင်ထားကာ ကျွေ့ဆည် နေရပေ၏။ ထိုသို့ ကျွေ့ကြီးတစ်ခွဲသား လုပ်နေရခြင်းကပင် သူ့ခေါင်းကို ပို၍မူးနောက်စေပါသည်။

"သင်တို့၏ ခေါင်းဆောင်ကြီးကော ကဗ္ဗာရုံအမှတ် ၁ နှင့် ပြည့်စုံပါ ၏လော"

"ကဗ္ဗာရုံအမှတ် ၁ ဆိုတာ ကျန်းမာတာကိုပြောတာပါ၊ သံအမတ် ကြီး။ သံအမတ်ကြီးတို့ ကမ္ဘာပေါ်က ခေါင်းဆောင်ကြီး ကျန်းမာရဲ့လားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



စကားပြန်မလေးက ဝင်၍ ဘာသာပြန်ပေးရှာသည်။

"ခေါင်းဆောင်ကြီးဆိုတာ ဘယ်သူ့ကို ပြောတာလဲကွယ်။ ကျုပ်တို့ကမ္ဘာက ဒီဂြိုဟ်ထက် အများကြီး,ကြီးတော့ တိုင်းနိုင်ငံတွေ ၃၀၀ ကျော် ရှိပါတယ်။ ဒီမှာလို ဂြိုဟ်တစ်ခုလုံးကို ခေါင်းဆောင်တစ်ယောက်တည်းက အုပ်ချုပ်နေခြင်း မဟုတ်ပါ"

"ဟုတ်တာပေါ့နော်။ အမှတ် ၁ ခေါင်းဆောင်ကြီးရှင့်၊ သံအမတ်ကြီးက ပြောနေပါတယ်။ သူတို့ကမ္ဘာဂြိုဟ်မှာ နိုင်ငံပေါင်း ၃၀၀ ကျော်ရှိပါတယ်တဲ့။ ခေါင်းဆောင်တွေကလည်း တစ်နိုင်ငံတစ်ယောက်ရှိမှာပါရှင့်"

"အလို ... အံ့သြစရာပါလား။ သံအမတ်ကြီးကို မေးလိုက်ပါ။ သံအမတ်ကြီးကကော အမှတ်ဘယ်လောက်နိုင်ငံကလဲလို့"

"ကျုပ်တို့ဆီမှာ နိုင်ငံတွေကို အမှတ်နဲ့ ခွဲခြားမထားပါ။ နာမည်ပေးထားပါတယ်။ ကျုပ်ရဲ့ဇာတိနိုင်ငံနာမည်က မြန်မာနိုင်ငံပါ"

ဦးနေလရတနာသည် အမေးအဖြေပြုလုပ်ရင်းမှ မျက်စိတွေ ဝေဝါးလာလေသည်။ အဘိဓာန်စာအုပ်ကို အကြိမ်ကြိမ်ငုံ့ကြည့်ရသဖြင့် စာအုပ်ထဲမှ စာသားတွေကိုလည်း မမြင်ရတော့။ ဝါးတားတားဖြစ်လာသည်။

အမှတ် ၁ ခေါင်းဆောင်ကြီးက သူသိလိုသည့်အချက်များကို ဆက်၍ မေးမြန်းနေဆဲဖြစ်သည်။

"သင်တို့ကမ္ဘာဂြိုဟ်ပေါ်မှာ ဂြိုဟ်သားဦးရေ အဘယ်မျှ ရှိပါသလဲ"

"နောက်ဆုံးစာရင်းအရ ကုဋေပေါင်းရှစ်သိန်းကျော် ရှိပါတယ် ခင်ဗျာ"

"ကုဋေရှစ်သိန်းဆိုတော့ အတော်များပေတာပဲ။ သင်က ဂြိုဟ်သားထဲမှာ နံပါတ်ဘယ်လောက်ဖြစ်ပါသလဲ"

"ကျုပ်တို့ဆီမှာ လူတွေကို ဂဏန်းနဲ့ အမှတ်အသားမပြုပါ။ နာမည်ခေါ်၍သာ အသိအမှတ်ပြုကြပါတယ်။ ကျုပ်ရဲ့အမှတ်စဉ်ဟာ ဘယ်လောက်ဆိုတာ မသိနိုင်ပါ။ ဒါလောက် များပြားတဲ့လူတွေကို အမှတ်စဉ်မှတ်ဖို့ ဆိုတာလည်း မဖြစ်နိုင်ပါ"

"အို ... ဒီနေရာမှာတော့ ကမ္ဘာသားတွေဟာ တော်တော်ညံ့ပေတာ ပဲ ညည်းစနစ်မရှိဘူး။ ကျုပ်တို့ဂြိုဟ်မှာလို လူကို ဂဏန်းစဉ်သတ်မှတ်ထားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် နောက်ဆုံးမွေးတဲ့ကလေးရဲ့ နံပါတ်ကိုကြည့်လိုက်တာနဲ့ ဂြိုဟ်ပေါ်မှာ ဂြိုဟ်သားဦးရေ ဘယ်လောက်ရှိပြီဆိုတာ သိနိုင်တာပေါ့။ ခုလိုဆိုရင် လူဦးရေစာရင်း အတိအကျသိချင်တဲ့အခါ တစ်အိမ်တက်ဆင်းလိုက်ပြီး ရေတွက်နေရမှာပေါ့။ အင်း ... အတော်ညံ့ဖျင်းတဲ့ ကမ္ဘာဂြိုဟ်သားတွေပဲ။ သနားစရာကောင်းလိုက်ပါဘိ''

ဦးနေလရတနာသည် မိမိကမ္ဘာကို ထိခိုက်ပြောလိုက်သည့်အတွက် စိတ်တိုသွားလေသည်။ သို့သော် ကိုယ်က သံတမန်တစ်ယောက်မို့ သံတမန်ကျင့်ဝတ်နှင့်အညီ စိတ်ခံစားမှုကိုမပြဘဲ ထိန်းချုပ်လိုက်ရ၏။ သူ့ခေါင်းတွေကတော့ အဆမတန် မူးဝေကိုက်ခဲလာလေပြီ။ အခမ်းအနား ဘယ်တော့ပြီးမှာပါလိမ့်။ မြန်မြန်စပြီး မြန်မြန်ပြီးပါတော့။ သူသည် အိမ်အမြန်ပြန်၍ အနားယူချင်လှပေပြီ။

''သင်တို့ဆီတွင် လူဦးရေသိပ်များသည်ဆိုတော့ လူဦးရေကို ထိန်းချုပ်မှု ရှိပါသလား''

''ရှိပါတယ် အမှတ် ၁ ခေါင်းဆောင်ကြီး။ လင်မယားတစ်စုံတွဲဟာ ကလေးတစ်ယောက်တည်းသာ မွေးဖွားဖို့ တစ်ကမ္ဘာလုံးကို ကန့်သတ်ထားပါတယ်''

''အို ... ဒီလိုဆိုရင် ခက်ကုန်မှာပေါ့။ သက်ရှိတို့ရဲ့ အခွင့်အရေးကို ပိတ်ပင်ရာမကျဘူးလား။ သင်တို့ဆီမှာ အဖိုအမကွဲပြားမှုရှိသည်မဟုတ်လော''

''ရှိပါတယ်''

''ကလေးတစ်ယောက်တည်းသာ မွေးရမယ်ဆိုရင် အိမ်ထောင်သည်တစ်စုံတွဲဟာ ယောကျ်ားလေး၊ မိန်းကလေးရယ်လို့ သားသမီးအစုံအလင် ဘယ်ရနိုင်တော့မလဲ။ သား၊ သို့မဟုတ် သမီးတစ်ယောက်တည်းနဲ့ ကျေနပ်နေရတော့မှာပေါ့''

''အမှတ် ၁ ခေါင်းဆောင်ကြီးပြောတာ မှန်ပါတယ်ခင်ဗျ။ သို့သော် ကမ္ဘာပေါ်မှာ လူဦးရေတွေ အဆမတန်တိုးပွားလာတဲ့အတွက် လူဦးရေ ပေါက်ကွဲမှုမဖြစ်အောင် ထိန်းချုပ်ကန့်သတ်ထားရခြင်းဖြစ်ပါတယ်။ ၂၅ ရာစုစလို့ ကမ္ဘာကြီးဟာ''

''ဘာကွယ့်၊ ဘာ့ ... ဘာရာစု''

''၂၅ ရာစုပါ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဘာအဓိပ္ပာယ်တုံး"

ဦးနေလရတနာသည် လူဦးရေကိစ္စကို ရှင်းပြလို့မပြီးခင်မှာပင် ရာစုသတ်မှတ်ပုံကို ရှင်းပြရပြန်လေ၏။ သည်နေရာမှာ စကားပြန်မလေးကို အားကိုးလို့လည်း မရချေ။ စကားပြန်မလေးလည်း ဒါတွေကို နားလည်မည်မဟုတ်ချေ။

"ခုနှစ်သက္ကရာဇ်ကို သတ်မှတ်ရာမှာ"

ဦးနေလရတနာက ခရစ်သက္ကရာဇ် သတ်မှတ်ပုံမှစ၍ ရှင်းပြရန်အစချီလိုက်သည်။ သူ့ခေါင်းမှာ မခံမရပ်နိုင်အောင် ကိုက်ခဲမှုးနောက်လာလေပြီ။

ဦးနေလရတနာက အံကိုခဲရင်း ရှင်းပြရန်ကြိုးစား၏။

"ကမ္ဘာကြီး စတင်တည်ရှိလာတာကတော့ နှစ်ပေါင်း သန်းနဲ့ချီပြီး ကြာခဲ့ပါပြီ ခင်ဗျ။ လူတွေ အသိဉာဏ် ဖွံ့ဖြိုးလာတဲ့အချိန်မှာ နှစ်ကာလကို အရေအတွက် သတ်မှတ်ဖို့ စဉ်းစားကြပါတယ်။ ကမ္ဘာကြီးဟာ နေကို တစ်ပတ်လည်မိဖို့ ရက်ပေါင်း ၃၆၅ ရက် ကြာတာကြောင့်"

ဦးနေလရတနာ၏ မျက်လုံးများသည် တရိပ်ရိပ်ဖြင့် ဝေ့ဝါးလာသည်။ သူ့ရှေ့မှ အမှတ် ၁ ခေါင်းဆောင်ကြီး၏ ပုံရိပ်သည် သူ့မျက်စိထဲ၌ ပျောက်သွားလိုက် ပေါ်လာလိုက် ဖြစ်နေ၏။

"နေကိုတစ်ပတ်ပတ်မိချိန် ၃၆၅ ရက်ကို နှစ်တစ်နှစ်လို့ သတ်မှတ်ပါတယ်။ အဲ ...အဲ ..."

ဦးနေလရတနာသည် မည်သို့မျှ ဟန်မဆောင်နိုင်တော့ချေ။ ခေါင်းများ တစစ်စစ်ကိုက်ခဲလာကာ သတိလက်လွတ်ဖြစ်ပြီး ထိုင်နေရာမှ ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားလေ၏။ အဘိဓာန်စာအုပ်ကြီးကို ချိုင်းကြား ညှပ်ထားရင်းမှ လဲကျသွားခြင်းဖြစ်လေသည်။

"ဟော ...သူသတိလစ်သွားပြီ"

အမှတ် ၁ ခေါင်းဆောင်ကြီးက ပြောလိုက်သည်။

အမှတ် ၁ ခေါင်းဆောင်ကြီးသည် ဦးနေလရတနာ သတိလစ်လဲကျသွားသည်ကို တွေ့သော်လည်း မည်သို့မှ ခံစားရပုံမပေါ်ချေ။ သည်အတိုင်း [illegible]ပင် ထိုင်ကြည့်နေလေသည်။

အခြားသောခေါင်းဆောင်များကလည်း ဦးနေလရတနာ၏အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မဆန်းပြားသည့် ဖြစ်ရိုးဖြစ်စဉ်သဖွယ် ဣန္ဒြေမပျက် ထိုင်ကြည့်နေကြလေ၏။

အမှန်တကယ်လည်း သူတို့အတွက် မဆန်းပြားသော ဖြစ်ရိုးဖြစ်စဉ် တစ်ခုသာ ဖြစ်လေသည်။

"ကမ္ဘာဂြိုဟ်သားက မဆိုးပါဘူး။ ကျုပ်တို့နဲ့ ဆယ်မိနစ်တိတိ စကား ထိုင်ပြောနိုင်သေးတယ်။ တခြားဂြိုဟ်သားတွေဆို ၃ မိနစ်ထက် ပိုမပြောနိုင် ဘူး။ ၃ မိနစ်မပြည့်ခင် မူးမေ့လဲကျ သွားတာချည်းပဲ။ ကဲ . . . ကဲ . . . သူ သတိပြန်ရလာမှ အခမ်းအနားစကြတာပေါ့"

အမှတ် ၁ ခေါင်းဆောင်ကြီးက အေးအေးဆေးဆေးပင် ပြောလေ သည်။

"၂-၉-၈-၉-၆-၁ နဲ့ ၅-၉-၆-၈-၄ သံအမတ်ကြီးကို လာသယ် ကြ"

တစ်ယောက်က အခန်းအပြင်သို့ လှမ်းအော်၍ ပြောလိုက်သည့် အခါ အခန်းထဲသို့ ကျန်းမာရေးဝန်ထမ်းဝတ်စုံများ ဝတ်ထားသည့် ဂြိုဟ်သား နှစ်ဦး ဝင်ရောက်လာလေသည်။

ထိုနှစ်ယောက်က သတိလစ်နေသော ဦးနေလရတနာကို ထမ်းစင် ပေါ် တင်ကာ အခန်းအပြင်သို့ ခေါ်ဆောင်သွားကြလေသည်။ သတိလစ်နေ သော ဦးနေလရတနာသည် အဘိဓာန်စာအုပ်ကို ချိုင်းကြားညှပ်ထားရင်းမှပင် ထမ်းစင်ပေါ်ပါသွားလေ၏။


"သူ့ကို အဆောက်အအုံအမှတ် ၁ ရဲ့ သုံးထပ်မြောက်က အခန်း နံပါတ် ၈၈ ကိုပို့ပေးပြီး ပြုစုလိုက်ကြပါ။ အမှတ် ၆ ဆေးထိုးပေးပြီး နာခေါင်းမှာ အမှတ် ၄၃ ရှူဆေးလေးအုပ်ပေးလိုက်ရင် သူ မကြာခင် သတိရလာမှာပါ။ သတိရလာရင်သာ အားရှိအောင် အမှတ် ၉ ဓာတ်စာလေး ကျွေးလိုက်။ လန်းလန်းဆန်းဆန်းဖြစ်ရင် ဒီကိုပြန်ခေါ်ခဲ့။ သူနဲ့အရေးကြီးတဲ့ အမှတ် ၁၃ ကိစ္စတွေ၊ ဂြိုဟ်အချင်းချင်း ချစ်ကြည်ရေးအမှတ် ၆၅ ကိစ္စတွေ ဆွေးနွေးရဦးမယ်။ ကဲ . . . ကဲ . . . ကျုပ်တို့လည်း အမှတ် ၆ ဖျော်ရည်လေး သောက်ရင်း ကမ္ဘာဂြိုဟ်က သံအမတ်ကြီး သတိရလာတဲ့အထိ စောင့်ကြစို့"

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဇူလိုင်လ ၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com

# မိတ္တူကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com

## မိတ္တူကမ္ဘာ

ကမ္ဘာပေါ်မှ အာကာသသိပ္ပံပညာရှင်များသည် စကြဝဠာအတွင်း၌ ဂြိုဟ်အသစ်တစ်လုံးကို ရှာဖွေတွေ့ရှိခဲ့လေသည်။ ၎င်းဂြိုဟ်သည် ကမ္ဘာမှ ကီလိုမီတာသန်းပေါင်း ၇၄ ဒသမ ၆၅ သိန်းအကွာ၌ တည်ရှိနေသော ဂြိုဟ်ငယ်လေးတစ်ခု ဖြစ်လေသည်။ ထူးခြားသည်မှာ ထိုဂြိုဟ်ငယ်နှင့် ကမ္ဘာတို့ကြားတွင် အခြားမည်သည့် ကြယ်တာရာဂြိုဟ်နက္ခတ်မှ ကြားခံရှိမနေဘဲ ကမ္ဘာနှင့်အသစ်တွေ့ရှိသော ဂြိုဟ်ငယ်လေးမှာ တန်းလျက်ရှိနေခြင်းပင်။

သိပ္ပံပညာရှင်များသည် ကြားခံအဟန့်အတားမရှိဘဲ ယခင်က ထိုဂြိုဟ်ငယ်ကိုမတွေ့ရှိခဲ့ကြသဖြင့် အံ့အားသင့်ခဲ့ရလေသည်။ ဂြိုဟ်ငယ်သည် ယခုမှပေါ်ပေါက်လာသော ဂြိုဟ်ငယ်လေးတစ်လုံးလော၊ သို့မဟုတ် ဥက္ကာပျံအပိုင်းအစတစ်ခုလော သိရှိနိုင်ရန် လေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့ကြလေသည်။

ထိုအခါ ပို၍ထူးဆန်းအံ့ဩဖွယ်ကောင်းသော အချက်အလက်များကို တွေ့ရှိရပြန်လေသည်။ ဂြိုဟ်ငယ်ပေါ်မှ တောတောင်ရေမြေ အနေအထားများမှာ ကမ္ဘာဂြိုဟ်နှင့် ပုံစံတူထပ်တူထပ်မျှ ရှိနေခြင်းပင်။ အားကောင်းသော နက္ခတ်တာရာကြည့်မှန်ပြောင်းများဖြင့် ကြည့်ရှုရာမှ ဖမ်းယူရရှိသော ပုံရိပ်များတွင် ဂြိုဟ်ငယ်ပေါ်ရှိ ရေမြေဒေသ၊ တောတောင်အနေအထား၊ ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်းအင်းအိုင်များ တည်နေပုံမှာ ကမ္ဘာနှင့်တင်းသပ်တည်း ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာရှင်များသည် လေ့လာတွေ့ရှိမှုများကို ကမ္ဘာသို့ ထုတ်ပြန်ကြေညာလိုက်သည်။ ဂြိုဟ်ငယ်လေး၏ပုံရိပ်ကိုလည်း ရုပ်မြင်သံကြားများမှတစ်ဆင့် ကမ္ဘာလူထုသို့ အသိပေးတင်ပြလိုက်လေသည်။ ကမ္ဘာသူကမ္ဘာသားအားလုံးတို့သည် မိမိတို့ကမ္ဘာဂြိုဟ်နှင့် ပုံစံတူသော ဂြိုဟ်ငယ်လေးကို စိတ်ဝင်စားခဲ့ကြလေ၏။ နောက်ဆုံး ရေပန်းအစားဆုံးသတင်းတစ်ခု ဖြစ်သွားခဲ့လေသည်။

သိပ္ပံပညာရှင်တို့သည် ပို၍အားကောင်းသော မှန်ပြောင်းများကိုအသုံးပြုကာ နက္ခတ်တာရာကြည့်မျှော်စင်များ၊ အာကာသထဲတွင် လွှင့်တင်ထားသော အာကာသစခန်းများ၊ ဂြိုဟ်တုများမှတစ်ဆင့် ဂြိုဟ်ငယ်အားအနီးကပ်၍ ထပ်မံလေ့လာခဲ့လေသည်။

ထိုအခါ ထိုဂြိုဟ်ငယ်လေးပေါ်၌ ရေထုကသုံးပုံနှစ်ပုံ၊ မြေသားထုသုံးပုံတစ်ပုံ ရှိနေပုံသည်လည်းကောင်း၊ တိုက်ကြီးခြောက်တိုက် တည်ရှိနေပုံသည် လည်းကောင်း၊ ရေမြေတောတောင်များ တည်နေပုံသည်လည်းကောင်း၊ မြစ်ချောင်းအင်းအိုင်များစီးဆင်းနေပုံနှင့် ပင်လယ်သမုဒ္ဒရာများ တည်ရှိနေပုံသည်လည်းကောင်း ကမ္ဘာပေါ်မှအနေအထားနှင့် ထပ်တူထပ်မျှတူညီနေသည်ကို တွေ့ရှိလာရပြန်လေသည်။

ကီလိုမီတာသန်းပေါင်း ၇၄ သိန်းကျော်ကွာဝေးသော ဂြိုဟ်ငယ်လေးပေါ်မှ အနေအထားသည် ကမ္ဘာဂြိုဟ်နှင့်အဘယ်ကြောင့် ဤမျှထိ သွားရောက်ဆင်တူနေရပါသနည်း။ ထူးဆန်း၍ အံ့ဩဖွယ်ကောင်းသော ကိစ္စတစ်ရပ်ဖြစ်လေသည်။

ထိုဂြိုဟ်ငယ်အကြောင်းကို စိတ်ကူးယဉ်မှန်းဆ ရေးသားကြသောဆောင်ပါးများမှာ ထွက်သမျှမဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ၌ ပလူပျံအောင်ပါလာခဲ့လေသည်။ စာရေးဆရာအချို့က ထိုဂြိုဟ်ငယ်ကို ကမ္ဘာငယ်လေး Small Earth ဟု ကင်ပွန်းတပ်ခေါ်ဝေါ်ကြလေ၏။

မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များသည် ထိုသတင်းကို ဦးစားပေးရေးသားကြကာ သတင်းစာများ၌လည်း အသစ်တွေ့ရှိမှုများကို နေ့စဉ်နှင့်အမျှဖော်ပြခဲ့ကြလေသည်။ သိပ္ပံပညာရှင်များကလည်း လေ့လာတွေ့ရှိချက်အားလုံးကို ကမ္ဘာသို့မခြွင်းမချန် ထုတ်ပြန်ပေးလျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ အနီးကပ်လေ့လာချက်များအရ ဂြိုဟ်ငယ်ပေါ်တွင် အဆောက်အအုံများ၊ သက်ရှိတို့ဖောက်လုပ်ထားသော လမ်းများ, တံတားများ၊ မြေပြင်တွင်သွားလာနေသော ယာဉ်များ၊ ရေပြင်၌ သွားလာနေသောယာဉ်များ၊ လေထုထဲတွင် ဝဲပျံနိုင်သောယာဉ်ပျံများ၊ သဘာဝအလျောက်မဟုတ်ဘဲ သက်ရှိတို့ ဖောက်လုပ်ထားသည့် တူးမြောင်းများ စသည်တို့ကို တွေ့ရှိလာရပြန်လေသည်။

အဆောက်အအုံများ၊ ယာဉ်ရထားများ တည်ရှိနေသည်ကိုထောက်၍ ထိုဂြိုဟ်ငယ်ပေါ်၌ သက်ရှိများရှိနေသည်မှာ ထင်ရှားလေပြီ။

စိတ်ကူးယဉ်တတ်သူတို့က ထိုဂြိုဟ်ပေါ်မှလူသားများသည် တစ်ချိန်က ကမ္ဘာဂြိုဟ်ပေါ်သို့ တိတ်တဆိတ်ရောက်လာကာ ကမ္ဘာပေါ်မှ ဗိသုကာလက်ရာများ၊ စက်မှုနည်းပညာများကို အတုခိုး၍ ၎င်းတို့ဂြိုဟ်ပေါ်တွင် ကမ္ဘာပေါ်ကအတိုင်း ပြန်လည်တည်ဆောက်ဖန်တီးထားကြခြင်း ဖြစ်မည်ဟု ဆိုကြလေသည်။ အဆိုပါစိတ်ကူးသည် ဖြစ်နိုင်ကောင်းသောမှန်းဆချက်တစ်ခု ဖြစ်သော်လည်း ခြွင်းချက်များရှိနေပေ၏။ ဗိသုကာလက်ရာများနှင့် စက်မှုနည်းပညာများကို အတုခိုးဖန်တီးနိုင်သည်ထားဦး၊ ရေမြေဒေသအနေအထားနှင့် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်သမုဒ္ဒရာ၊ သစ်တော၊ တောင်တန်းတို့မှာ အတုလုပ် တည်ဆောက်လို့ ရနိုင်ကောင်းသောအရာများ မဟုတ်ချေ။

ဂြိုဟ်ငယ်ပေါ်တွင် ကမ္ဘာပေါ်ကပုံစံအတိုင်း ဂျပန်နိုင်ငံမှ ဖူဂျီတောင်ကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။ ကျွန်းစုများနှင့်အတိပြီးသော ကမ္ဘာပေါ်မှ ဂျပန်နိုင်ငံနှင့်ပုံစံတူ နိုင်ငံတစ်နိုင်ငံကိုလည်း တွေ့ခဲ့သည်။ သဲကန္တာရကြီးများနှင့် ယင်းတို့အပေါ်မှ ပိရမစ်ကြီးများကိုလည်း တွေ့ရသည်။ အိန္ဒိယနိုင်ငံနှင့် ပုံစံတူနိုင်ငံတစ်နိုင်ငံနှင့်တကွ တပ်ဂျ်မဟာအဆောက်အအုံကြီးလည်း ရှိနေသည်။ စေတီပုထိုးများနှင့် အတိပြီးသော ပုဂံမြေနှင့် ပုံစံတူဒေသတစ်ခုသည်လည်း ကမ္ဘာပေါ်မှအတိုင်းရှိနေ၏။ ထိုဂြိုဟ်ပေါ်၌ ရွှေတိဂုံစေတီကိုတွေ့ရသလို နိုင်းမြစ်ကိုလည်း တွေ့ရသည်။ ရောဝတီသည်လည်း ပုံစံတူစီးဆင်းလျက်ရှိသည်။ ဝေရက်တောင်၊ အမေဇုံသစ်တော၊ ပစိဖိတ်သမုဒ္ဒရာ၊ ပင်လယ်နီ၊ ဆာဟာရသဲကန္တာရ အားလုံး ... အားလုံးသောအရာများမှာ ကမ္ဘာပေါ်က အတိုင်း တစ်သဝေမတိမ်း တူညီစွာရှိနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုပါလျှင် ထိုဂြိုဟ်ပေါ်မှသက်ရှိများသည်လည်း ကမ္ဘာပေါ်မှ လူတို့ကဲ့သို့ပင် ခြေနှစ်ဖက်၊ လက်နှစ်ဖက်ရှိ၍ မြေပေါ်တွင် မတ်မတ်လျှောက်သော လူသားများပင် ဖြစ်ပေလိမ့်မည်။ ကမ္ဘာပေါ်မှ လူသားများကဲ့သို့ အသိဉာဏ်ပညာ၊ သိပ္ပံပညာများတွင် တန်းတူရှိသော လူသားများပင် ဖြစ်လိမ့်မည်။

စကြဝဠာအတွင်းတွင် သက်ရှိများပေါ်ပေါက်ထွန်းကားလျက်ရှိသော ဂြိုဟ်ပေါင်းမြောက်များစွာရှိပါ၏။ သက်ရှိများနေထိုင်သော ဂြိုဟ်ပေါင်းများစွာကို ရှာဖွေတွေ့ရှိခဲ့ပြီးရုံမက သက်ရှိအချင်းချင်းလည်း ကူးလူးဆက်သွယ်ဆက်ဆံမှုများ ရှိနေခဲ့ပြီးဖြစ်သည်။

သို့ရာတွင် စကြဝဠာအနန္တအတွင်းမှ ဂြိုဟ်တိုင်းမှာ ရေမြေဒေသ၊ တည်ရှိပုံပထဝီအနေအထား၊ ရာသီဥတုမတူညီကြချေ။ သက်ရှိတို့၏ ပုံပန်းသဏ္ဌာန်များသည်လည်း သူ့ဂြိုဟ်နှင့်သူ အနေအထား၊ အရွယ်အစား၊ ပုံစံများတွင် ကွဲပြားစွာတည်ရှိနေကြခြင်းဖြစ်၏။ ဂြိုဟ်သားများ၏ ဓလေ့စရိုက်၊ ဦးနှောက်ဉာဏ်ရည်၊ ယဉ်ကျေးမှုများမှာလည်း မတူညီကြချေ။

ယခုကဲ့သို့ ကီလိုပေါင်းသန်းပေါင်းသိန်းဂဏန်းနှင့် ချီ၍ကွာဝေးသော အရပ်မှဂြိုဟ်နှစ်ခုတို့ အားလုံးချွတ်စွပ် တူညီနေကြသည်ဆိုခြင်းမှာ မဖြစ်နိုင်ကောင်းသောအရာသာ ဖြစ်လေသည်။ မည်သို့ပင်ဆိုစေ မဖြစ်နိုင်ကောင်းသော အရာသည် လက်တွေ့တွင် လာ၍ဖြစ်နေပေပြီ။

ကမ္ဘာနှင့်ချွတ်စွပ်တူညီသော ဂြိုဟ်တစ်လုံးသည် မိုင်ပေါင်းသန်းချီကွာဝေးသောအရပ်၌ အဘယ်ကြောင့် ရှိနေရသနည်း။

ဤအတိုင်းဆိုလျှင် ကမ္ဘာပေါ်၌ ဟစ်တလာရှိခဲ့သလို ၎င်းဂြိုဟ်ပေါ်၌လည်း ဟစ်တလာတစ်ယောက် ရှိနေမည်ပင်။ ကမ္ဘာပေါ်၌ အနော်ရထာရှိသလို အနော်ရထာနောက်တစ်ယောက်သည် ထိုဂြိုဟ်ငယ်ပေါ်၌ ရှိနေနိုင်ပေသည်။ ကမ္ဘာပေါ်က နပိုလီယံ၏ကိုယ်ပွားသည်လည်း ထိုဂြိုဟ်ငယ်ပေါ်တွင် ရှိနေလိမ့်မည်။ ကလီယိုပါထရာနောက် တစ်ယောက်သည်လည်းကောင်း၊ [illegible] ကိန္နရီ၊ မဒီ၊ သမ္ဗူလမည်သော မိန်းမမြတ်များသည်လည်းကောင်း ထိုဂြိုဟ်ပေါ်၌ ပေါ်ထွန်းခဲ့ပြီးဖြစ်ပေလိမ့်မည်။ ထိုဂြိုဟ်ပေါ်မှရှိသမျှ သက်ရှိလူသားများအားလုံးမှာ ကမ္ဘာပေါ်ရှိလူသားများ၏ ပုံတူကိုယ်ပွားများ ဖြစ်နေကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာရှင်တို့သည် နေ့မအားညမအား လေ့လာစူးစမ်းမှုများကို ပိုမို၍ ပြုလုပ်လာကြလေ၏။

ကမ္ဘာနှင့်ချတ်စွပ်တူသော ဂြိုဟ်ငယ်၏အရွယ်အစားမှာ အမှန်စင်စစ် ကမ္ဘာ၏အပုံတစ်ရာပုံတစ်ပုံသာ ရှိလေသည်။ ကမ္ဘာထက် အဆတစ်ရာ ငယ်သော်လည်း ကမ္ဘာပေါ်တွင်ရှိသည့် အရာအားလုံး ထိုဂြိုဟ်ပေါ်တွင် ရှိနေ၏။ အရာအားလုံးတို့သည် အဆတစ်ရာသေးငယ်နေ၍သာ အချိုးတကျ တည်ရှိနေခြင်းဖြစ်လေသည်။

သို့ဆိုပါလျှင် ထိုဂြိုဟ်ပေါ်မှ သက်ရှိလူသားများသည်လည်း ကမ္ဘာ့လူသားများထက် အဆတစ်ရာပို၍သေးငယ်သော လူသေးသေးလေးတွေ ဖြစ်ပေလိမ့်မည်။ ထူးဆန်းလှပေစွ။

ဆက်လက်၍ အနီးကပ်လေ့လာမှုများအရ ထိုဂြိုဟ်ပေါ်တွင် လတ်တလော၌ စစ်ပွဲကြီးများဖြစ်ပွားနေပုံကို တွေ့ရှိရလေသည်။ လေယာဉ်ပျံများဖြင့် ဂြိုဟ်အနှံ့ဗုံးများကြဲချနေပုံများ၊ ကုန်းကြောင်းရေကြောင်းဖြင့် စစ်ချီနေပုံများ စစ်လက်နက်တို့ ပေါက်ကွဲမှုများကို ဖမ်းယူရရှိနေလေသည်။

ဗဟုသုတပြည့်စုံသူများ၏အဆိုအရ ယင်းဂြိုဟ်ငယ်ပေါ်၌ ဖြစ်ပွားနေသောစစ်သည် ကမ္ဘာပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၁၆၀ ကဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီးနှင့် တူညီနေသည်ဟု ဆိုကြလေသည်။ သုတေသီတို့သည် သက်တမ်းရင့် စာကြည့်တိုက်ကြီးများသို့ သွားရောက်ကာ ဒုတိယကမ္ဘာစစ်၏ မှတ်တမ်းများကို ပြန်လည်ရှာဖွေခဲ့လေသည်။ ဓာတ်ပုံမှတ်တမ်း အထောက်အထားများ၊ စာပေဖြင့် မှတ်တမ်းတင်ထားသော သတင်းဆောင်းပါးများအရ ဂြိုဟ်ငယ်ပေါ်၌ လက်ရှိဖြစ်ပွားနေသောစစ်ပွဲသည် ကမ္ဘာပေါ်မှ ဒုတိယကမ္ဘာစစ်ကြီးပင်ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ယင်းသို့ဖြင့် ဂြိုဟ်ငယ်သည် အနေအထားအရသာလျှင် ကမ္ဘာနှင့်တူသည်မဟုတ်။ ဖြစ်စဉ်များမှာလည်း ကမ္ဘာ့ရာဇဝင်အတိုင်း လိုက်၍ဖြစ်ပျက်နေသည်ဟု ကောက်ချက်ချရလေတော့သည်။ ယင်းသို့ ကမ္ဘာ့ရာဇဝင်ဖြစ်စဉ်များအတိုင်း လိုက်၍ဖြစ်ပျက်ပုံမှာလည်း ကမ္ဘာပေါ်မှအဖြစ်များထက် နှစ်ပေါင်း ၁၆၀ နောက်ကျပြီး ဖြစ်ပျက်နေခြင်းဖြစ်လေသည်။

ထိုမှန်းဆချက်ကို အတည်ပြုပေးလိုက်သော အဖြစ်အပျက်ကြီး တစ်ရပ်သည် မကြာခင်မှာပင် ဂြိုဟ်ငယ်ပေါ်၌ဖြစ်ပွားခဲ့လေ၏။

www.burmeseclassic.com



တစ်နေ့သ၌ ဂြိုဟ်ငယ်၌ ကျွန်းစုများဖြင့် ဖွဲ့စည်းထားသော နိုင်ငံတစ်နိုင်ငံ၏ကျွန်းပေါ်၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့လေသည်။ ပေါက်ကွဲမှုသည် လွန်စွာပြင်းထန်ပြီး ကောင်းကင်သို့မှိုပွင့်ကြီးများ သဏ္ဌာန်အခိုးအငွေ့များ ထိုးတက်လာကာ ဂြိုဟ်တစ်ခုလုံးကို မမြင်ရတော့သည်ထိ အချိန်ကြာမြင့်စွာ အခိုးအငွေ့များ ဖုံးလွှမ်းနေခဲ့လေသည်။

ပေါက်ကွဲမှုဖြစ်သည့်နေရာမှာ ကျွန်းစုများဖြင့်အတိပြီးသော နေရာတစ်ခုဖြစ်၍ ကမ္ဘာပေါ်မှ ဂျပန်နိုင်ငံနှင့် ထပ်တူထပ်မျှ တူညီသောနေရာပင် ဖြစ်လေသည်။ သို့ဖြစ်၍ ပြင်းထန်သောဗုံးပေါက်ကွဲမှုမှာ အဏုမြူဗုံးပေါက်ကွဲမှု ဖြစ်ကြောင်း ခြေရာခံနိုင်ခဲ့လေသည်။ ဂြိုဟ်ငယ်ပေါ်ရှိ ဟီရိုရှီးမားမြို့ပေါ်တွင် ပေါက်ကွဲခဲ့သောအဏုမြူဗုံးပင် ဖြစ်ပါလေ၏။ အချိန်ကာလသည်လည်း ကမ္ဘာပေါ်တွင် ဒုတိယကမ္ဘာစစ်ဖြစ်စဉ်ကကဲ့သို့ ဂြိုဟ်အနှံ့စစ်ပွဲများ ဖြစ်ပွားနေသည့် အချိန် ဖြစ်လေရာ ထိုပေါက်ကွဲမှုသည်လည်း ဒုတိယကမ္ဘာစစ်အတွင်းက ကမ္ဘာပေါ်တွင် ကြုံချခံခဲ့ရသော အဏုမြူဗုံးပေါက်ကွဲမှုအတိုင်း ထပ်တူထပ်မျှ ဖြစ်လာခြင်းပင် ဖြစ်လေသည်။

သို့ဖြစ်၍ ဂြိုဟ်ငယ်သည် ပုံသဏ္ဌာန်တွင် ကမ္ဘာနှင့် အရာရာတူညီနေရုံမက ဖြစ်စဉ်ဖြစ်ရပ်များသည်လည်း ကမ္ဘာပေါ်ကအတိုင်း ဖြစ်နေကြောင်းကို ထင်ရှားစွာတွေ့ရှိနေရလေပြီ။

ဗုံးပေါက်ကွဲမှုပြီးသည့်နောက်ပိုင်း ဂြိုဟ်ငယ်ပေါ်တွင် အစစအရာရာ အေးချမ်းငြိမ်သက်သွားခဲ့လေသည်။ စစ်ပွဲများထပ်မံဖြစ်ပွားသည်ကို မတွေ့ရသေးချေ။ ကမ္ဘာပေါ်၌လည်း ဟီရိုရှီးမား၌ အဏုမြူဗုံးကြုံချခံရပြီး နောက်ပိုင်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည် မဟုတ်ပါလော။

ဂြိုဟ်ငယ်သည် ကမ္ဘာနှင့်တူရုံမက ကမ္ဘာ့ဖြစ်ရပ်များအတိုင်း နှစ်ပေါင်း ၁၆ဝ နောက်ကျကာ လိုက်၍ဖြစ်ပေါ်နေကြောင်း ထင်ရှားလေပြီ။

သိပ္ပံပညာရှင်များသည် အချိန်ကာလနှင့် အကွာအဝေးကိုလည်း ချင့်ချိန်ထားကြချေ။

ဂြိုဟ်ငယ်ပေါ်၌ ယခုတွေ့ရှိနေရသော အဖြစ်များမှာ ကမ္ဘာထက် နှစ်ပေါင်း ၁၆ဝ နောက်ကျဖြစ်ပေါ်နေသည်ဆိုခြင်းမှာ အချိန်ကာလနှင့် အကွာအဝေးကို မတွက်ချက်တတ်သော သာမန်လူများ၌ အထင်အမြင်သာ မြင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာရှင်တို့က ဂြိုဟ်ငယ်နှင့် ကမ္ဘာ၏အကွာအဝေးကို ထောက်ဆကာ အချိန်ကာလကို တွက်ချက်တင်ပြခဲ့လေ၏။

အလင်း၏အလျင်သည် တစ်စက္ကန့်လျှင် ကီလိုမီတာသုံးသောင်း ပြေးပါ၏။ ကမ္ဘာနှင့်ဂြိုဟ်ငယ်သည် ကီလိုမီတာသန်းပေါင်း ၇၄ သိန်း ကွာဝေးလေရာ ဂြိုဟ်ငယ်ထံမှပုံရိပ်များ ဤကမ္ဘာသို့ရောက်ရှိရန် နှစ်ပေါင်း ၈၀ ကြာမြင့်ပါသည်။

မည်သည့်နေရာမှ ပုံရိပ်များကိုမဆို အလင်းဓာတ်ဖြင့်သာ ပို့ဆောင်ပေးရမြဲဖြစ်ပါ၏။ ကမ္ဘာပေါ်ရှိ ရုပ်မြင်သံကြားများ၊ အင်တာနက်များ၊ အခြားသော ဆက်သွယ်ရေးကိရိယာများအားလုံးမှာ အလင်းဓာတ်ကို အသုံးပြု၍ ပို့ဆောင်ပေးနေသော စက်ကိရိယာများ ဖြစ်ပါသည်။ အလင်းအလျင်သည် တစ်စက္ကန့်ကီလိုသုံးသောင်းဖြင့် လျင်မြန်စွာပြေးနေရာ ကမ္ဘာပေါ်မှ ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို ကမ္ဘာပေါ်ရှိ ရုပ်မြင်သံကြားစက်များမှ ချက်ချင်းဖမ်းယူရရှိနေခြင်းဖြစ်ပါ၏။

အလွန်ဝေးကွာသောအရပ် (သို့မဟုတ်) အလင်းအလျင်ဖြင့် လိုက်မမီအောင် ကွာဝေးသောအရပ်မှ ပုံရိပ်များကို မြင်ရစေရန်မှာမူ အချိန်ကာလစောင့်ဆိုင်းရပါ၏။

ဥပမာ- ကျွန်ုပ်တို့ ယခုမြင်နေရသော ကောင်းကင်မှကြယ်တစ်လုံးသည် အလင်းဓာတ်ရောက်ရှိရန် နှစ်ပေါင်း ၁၀၀ ကြာသောအရပ်တွင် ရှိသည်ဆိုပါစို့။ ကျွန်ုပ်တို့မြင်နေရသော အမြင်သည် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာက ယင်းကြယ်၏ပုံရိပ်ကို မြင်နေရခြင်းဖြစ်ပါသည်။ အကြောင်းမှာ ယင်းကြယ်ဆီမှအလင်းဓာတ်သည် ကျွန်ုပ်တို့ကမ္ဘာသို့ ရောက်ရှိရန် နှစ် ၁၀၀ ကြာမြင့်သောကြောင့်ဖြစ်ပါ၏။ အဆိုပါကြယ်သည် ယခုအချိန်တွင် ကြွေမွပျက်စီးကာ အမှုန်တကယ် မရှိတော့သည့်တိုင် ကျွန်ုပ်တို့ကား နှစ်ပေါင်းတစ်ရာကြာသည်ထိ ယင်းကြယ်၏ပုံရိပ်ကို မြင်တွေ့နေရမည်သာ ဖြစ်သည်။ ကြယ်ရှိခဲ့စဉ်က ကြယ်၏ပုံရိပ်သည် ကျွန်ုပ်တို့ကမ္ဘာကို အနှစ်တစ်ရာကြာသည်ထိ လာရောက်နေမြဲဖြစ်သောကြောင့် ဖြစ်လေသည်။ ကြယ်ကြီးပျက်စီးသွားပြီး နှစ် ၁၀၀ ကြာမှသာ ကြယ်၏ပုံရိပ်သည် ကျွန်ုပ်တို့အမြင်မှ ပျောက်ကွယ်သွားမည် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဥပမာအတိုင်း ဂြိုဟ်ငယ်ပေါ်မှပုံရိပ်များ ဖြစ်ပျက်ခဲ့သည့်ကာလကို တွက်ချက်ရပေမည်။ ဂြိုဟ်ငယ်သည် ကမ္ဘာမှ ကီလိုသန်းပေါင်း ၇၄ သိန်းကျော်ကွာဝေးသည့်အတွက် အလင်းဓာတ်ရောက်ရှိရန် နှစ်ပေါင်း ၈၀ ကြာမြင့်မည်ဖြစ်ပါ၏။

ထိုကြောင့် ဂြိုဟ်ငယ်ပေါ်တွင် ယခုဖြစ်ပျက်သယောင် မြင်တွေ့နေရသောစစ်ပွဲများ၊ လှုပ်ရှားမှုများသည် အမှန်တကယ်တွင် ယခုလောလောဆတ်လတ် ဖြစ်နေခြင်းမဟုတ်။ လွန်ခဲ့သောနှစ်ပေါင်း ၈၀ က ဖြစ်ပျက်ခဲ့သော အဖြစ်များသာ ဖြစ်လေသည်။

သိပ္ပံပညာရှင်များ တွက်ချက်တင်ပြမှုအရ ဂြိုဟ်ငယ်ပေါ်မှ အဖြစ်များသည် လွန်ခဲ့သောနှစ် ၈၀ က အဖြစ်များကို မြင်တွေ့နေရခြင်းဖြစ်ကြောင်း သိလိုက်ရလေသည်။ သို့ဆိုလျှင် ကမ္ဘာပေါ်မှဖြစ်ရပ်များထက်



ဂြိုဟ်ငယ်ပေါ်သို့ ကမ္ဘာမှ သတင်းပေးပို့ရမည့်ကိစ္စမှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။ ကမ္ဘာ့ဖြစ်စဉ်အတိုင်း တစ်သဝေမတိမ်း လိုက်ဖြစ်နေသော ဂြိုဟ်ငယ်ပေါ်တွင် အာကာသ သိပ္ပံပညာရှင်များ ထွန်းကားမည် မဟုတ်သေးချေ။



www.burmeseclassic.com

www.burmeseclassic.com



နှစ် ၁၆၀ နောက်ကျပြီး ပုံမှန်ဖြစ်ပျက်နေသည်ဆိုသော ထင်မြင်ချက်မှာလည်း မှားယွင်းနေလေ၏။ တကယ်တော့ ဂြိုဟ်ငယ်ပေါ်မှ ဖြစ်ရပ်များသည် ကမ္ဘာထက် နှစ် ၈၀ နောက်ကျပြီးဖြစ်ပေါ်နေခြင်းသာ အမှန်ဖြစ်လေသည်။

ယင်းသို့ဖြင့် ဂြိုဟ်ငယ်နှင့်ပတ်သက်၍ တစ်စတစ်စနားလည်လာရသော ကမ္ဘာ့လူထုသည် ဂြိုဟ်ငယ်အပေါ်တွင် တဖြည်းဖြည်း စိတ်ဝင်စားမှုပိုကာ သံယောဇဉ်တွယ်ငြိလာကြလေသည်။ ဂြိုဟ်ငယ်ကို သက်ရှိလူသားတစ်ယောက်သဖွယ် ချစ်ခင်သံယောဇဉ်ငြိတွယ်မိခြင်းမှာလည်း မဆန်း။ သိပ္ပံပညာရှင်များ၏ ထုတ်ပြန်ချက်များအရ ဂြိုဟ်ငယ်သည် ကမ္ဘာ၏ကိုယ်ပွားသဖွယ် အဖြစ်အပျက်များက နှစ် ၈၀ နောက်ကျဖြစ်ပေါ်နေလေရာ ဂြိုဟ်ပေါ်ရှိ သက်ရှိလူသားများမှာလည်း မိမိတို့ကိုယ်ပွားများဖြစ်မည်ကို ယုံကြည်မိသောကြောင့် ဖြစ်လေသည်။

သူသူငါငါ လူအားလုံးတို့သည် တစ်နေ့သ၌ မိမိ၏ပုံတူကိုယ်ပွားသည် ဂြိုဟ်ငယ်ပေါ်၌ သက်ရှင် ရပ်တည်လာမည်ဟု ယုံကြည်ကြလေသည်။

စိတ်ကူးဉာဏ်ကွန့်မြူးတတ်သူများက ကမ္ဘာပေါ်မှ လူများသည် ကွယ်လွန်ပြီးသည့်အခါ ဂြိုဟ်ငယ်ပေါ်၌ လူသားအဖြစ် ဆက်လက်ရပ်တည်ခွင့်ရကြသည်။ သို့ဖြစ်၍သာ ဂြိုဟ်ငယ်သည် ဤကမ္ဘာမှ ကွယ်လွန်သေဆုံးပြီးရောက်ရှိသွားကြသည့်လူများက ကမ္ဘာပေါ်ကအတိုင်း ဆက်လက်လုပ်ဆောင်နေကြသောကြောင့် ဂြိုဟ်ငယ်နှင့်ကမ္ဘာသည် အရာရာထပ်တူညီနေခြင်းဖြစ်သည်ဟု စိတ်ကူးယဉ်ကြလေသည်။ ဂြိုဟ်ငယ်သည် ကမ္ဘာ့လူသားများ၏ သေဆုံးပြီးနောက် လားရာဂတိဖြစ်သည်ဟု ကောက်ချက်ချကြလေ၏။

ထိုအဆိုကို လက်ခံသူရှိသလို မယုံကြည်သူ၊ လက်မခံသူများလည်း ရှိလေသည်။

မည်သို့ဆိုစေ ဂြိုဟ်ငယ်အပေါ် စိတ်ဝင်စားမှုများက လျော့ပါးမသွားခဲ့ချေ။ ဂြိုဟ်ငယ်ကို စက္ကန့်မလပ် အကဲခတ်ကြည့်ရှုနေခဲ့သည်။ ဂြိုဟ်ငယ်ပေါ်မှ ဖြစ်ရပ်များကိုလည်း ဂြိုဟ်တုများမှဖမ်းယူရရှိသည့်အတိုင်း မပြတ်တမ်းထုတ်လွှင့်ပေးလျက်ရှိလေသည်။

ယင်းသို့ စောင့်၍ကြည့်ရှုနေစဉ်မှာပင် ဂြိုဟ်ငယ်အတွက် စိုးရိမ်မကင်းစရာ ထိတ်လန့်ဖွယ်အဖြစ်ဆိုးတစ်ခုကို မြင်တွေ့ခဲ့ရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကား ...

သိပ္ပံပညာရှင်တို့သည် ဂြိုဟ်ငယ်ကိုသာမက ဂြိုဟ်ငယ်၏ပတ်ဝန်းကျင် အာကာသတွင်းသို့လည်း စောင့်ကြည့်နေခဲ့ခြင်းဖြစ်သည်။

တစ်နေ့သ၌ ဂြိုဟ်ငယ်နှင့် ကီလိုမီတာသန်းပေါင်းကိုးထောင်ခန့်ကွာဝေးသောအရပ်ဆီမှ ဂြိုဟ်ငယ်ဆီသို့ ဦးတည်၍ပျံသန်းလာနေသော အရာတစ်ခုကို တွေ့ရှိခဲ့လေသည်။

ထိုအရာသည် ဥက္ကာပျံအပိုင်းအစတစ်ခုဖြစ်ပြီး အရွယ်အစားအားဖြင့် ဂြိုဟ်ငယ်ထက် ၂ ဆခန့်ပိုကြီးလေသည်။ ဥက္ကာပျံသည် ဂြိုဟ်ငယ်ဆီသို့ တစ်စက္ကန့်လျှင် ကီလိုတစ်သောင်းနှုန်းဖြင့် တည့်တည့်ကြီး ပျံသန်းလာနေခြင်းဖြစ်၏။ ကြယ်တစ်ခုမှ ပဲ့ကြွေလာသော အပိုင်းအစတစ်ခုဖြစ်ကာ ဤနှုန်းအတိုင်းသာ ပျံသန်းလာနေပါက နောက်ဆယ်ရက်အကြာတွင် ဥက္ကာပျံသည် ဂြိုဟ်ငယ်အား ပြင်းထန်စွာ ဝင်တိုက်မိမည်ဖြစ်ပေသည်။

ကမ္ဘာ့လူထုသည် ထိုသတင်းကိုကြားသိရပြီး ဖြစ်ရပ်ကို ရုပ်မြင်သံကြားများမှတစ်ဆင့် မြင်တွေ့လိုက်ရသည့်အခါ ထိတ်လန့်ချောက်ချားကုန်ကြလေသည်။ မိမိတို့နှင့် သဏ္ဍာန်တူကမ္ဘာတစ်ခု ပျက်စီးတော့မည့်ဖြစ်ရပ်ကို ကြည့်သူမတုန်လှုပ်ဘဲ ရှိပါမည်နည်း။

ဥက္ကာပျံအပိုင်းအစကြီးမှာလည်း ဂြိုဟ်ငယ်ဆီသို့ လမ်းကြောင်းဦးတည်ကာ အရှိန်မပျက်ပျံသန်းလာလျက်ပင် ရှိလေ၏။

ဂြိုဟ်ငယ်ပေါ်မှ လူသားများသည် ဥက္ကာပျံကြီး ၎င်းတို့ဂြိုဟ်ဆီသို့ရောက်မလာအောင် လမ်းကြောင်းလွှဲပြောင်းရန် တတ်နိုင်ပါမည်လား။ ဥက္ကာပျံကြီး ဦးတည်ပျံသန်းလာနေသည်ကိုပင် သိမှသိကြရဲ့လား။

ကမ္ဘာ့လူထုက ထိုအဖြစ်ကို ဂြိုဟ်ငယ်ပေါ်မှလူများ သိရှိရန်အကြောင်းကြား သတိပေးလိုကြပေသည်။ သိပ္ပံပညာရှင်များအား ပူဆာတိုက်တွန်းကြလေသည်။

ဂြိုဟ်ငယ်ပေါ်သို့ ကမ္ဘာမှ သတင်းပေးပို့ရမည့်ကိစ္စမှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ ကမ္ဘာ့ဖြစ်စဉ်အတိုင်း တစ်သဝေမတိမ်းလိုက်ဖြစ်နေသော ဂြိုဟ်ငယ်ပေါ်တွင် အာကာသသိပ္ပံပညာရပ်များ ထွန်းကားမည် မဟုတ်သေး။ ကမ္ဘာပေါ်၌လည်း ဒုတိယကမ္ဘာစစ်ပြီးစက သိပ္ပံပညာများ ယခုလောက်ထွန်းကားသေးသည့်အတွက် ဖြစ်ပါ၏။ ဂြိုဟ်ငယ်ပေါ်၌လည်း ယခုမှ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာစစ်ပြီးစအချိန်သို့ ရောက်သေးသည်မဟုတ်ပါလား။ ကမ္ဘာမှ ပေးပို့လိုက်သော သတင်းအချက်အလက်များကို ဂြိုဟ်ငယ်ပေါ်မှ လူသားများ ဖမ်းယူတတ်မည်မဟုတ်ပေ။ ထို့အပြင် ပို့လွှတ်လိုက်သောသတင်းသည် နောက်နှစ် ၈၀ ကြာမှ ဂြိုဟ်ငယ်သို့ရောက်ရှိမည်ဖြစ်ရာ လက်ရှိကြုံနေရသော အန္တရာယ်အတွက် အချိန်မီသတိပေးနိုင်ခွင့် မရတော့ချေ။

ဂြိုဟ်ငယ်ပေါ်သို့ လူသားများကိုယ်တိုင် သွားရောက်၍သတိပေးရန်မှာလည်း မဖြစ်နိုင်သောအရာသာဖြစ်ပေ၏။ ကီလိုသန်းပေါင်း ၇၀ ကျော်ဝေးသောအရပ်သို့ သွားရောက်ရမည့်ကာလမှာ နှစ်ပေါင်းရာနှင့်ချီ၍ ကြာနိုင်ပေသည်။ လူ့သက်တမ်းမှာ ထိုမျှမရှိသည့်အတွက် လမ်းခရီး၌ပင် သေဆုံးကုန်ကြမည်ဖြစ်၏။

လူသားများ နောက်ဆုံးတီထွင်ထားသော ဒုံးယာဉ်သည် တစ်စက္ကန့်လျှင် ကီလို ၅၀၀၀ ပြေးသည့်အတွက် အလွန်လျင်မြန်သည့်နှုန်းပင် ဖြစ်လေသည်။ ထိုဒုံးယာဉ်နှင့်သွားလျှင်ပင် ဂြိုဟ်ငယ်ဆီရောက်ဖို့ နှစ်ပေါင်း ၅၀၀ နီးပါးကြာနိုင်ပါ၏။ လူသားမျိုးဆက် ရှစ်ဆက်ခန့်သွားရောက်ရမည့်ခရီး ဖြစ်ပေသည်။

ဂြိုဟ်ငယ်ပေါ်သို့ လူသားများစေလွှတ်မည်ဆိုလျှင် လင်မယားစုံတွဲလေးစုံတွဲလောက်ကို ဒုံးယာဉ်ပေါ်သို့ တင်လွှတ်လိုက်ရမည်ဖြစ်၏။ သို့မှသာ ထိုလေးစုံတွဲမှ မျိုးဆက်များပွားများကာ ပွားများလာသော မျိုးဆက်အချင်းချင်း ဒုံးယာဉ်ပေါ်၌ပင် အိမ်ထောင်ပြုကြ၍ နောက်ထပ်မျိုးဆက်ထပ်ပွားရင်း မျိုးဆက် ၈ ဆက်ပျံ့ပွားပြီးအချိန်တွင် ဂြိုဟ်ငယ်ပေါ်သို့ ရောက်ရှိမည် ဖြစ်ပေသည်။ နောက်ဆုံးမျိုးဆက်သည်သာ ဂြိုဟ်ငယ်ပေါ်သို့ ရောက်နိုင်ပြီး ရှေ့ပိုင်းမျိုးဆက်များမှာ လမ်းခရီး၌ပင် သေဆုံးကုန်မည်ဖြစ်ပေ၏။

ဤငင်းတွက်ချက်မှုမှာ ခရီးအကွာအဝေးအရ ဂြိုဟ်ငယ်ပေါ် ရောက်နိုင်သော အချိန်ကာလကို တွက်ချက်မှုသာဖြစ်လေသည်။ အမှန်တကယ် လူသားများ သွားရောက်ဖို့မှာ အခက်အခဲရှိပေ၏။ ခရီးသည်လူသားများ နှစ်ပေါင်း ၅၀၀ အတွင်း လမ်းခရီး၌ စားသောက်ရန်ရိက္ခာကို ဘယ်ကရမည်နည်း။ လမ်းခရီး၌ လောင်စာကုန်ခန်းသွားလျှင် မည်သို့ဖြည့်တင်းမည်နည်း။ ဂြိုဟ်ငယ်ပေါ်သို့ လူသားများကိုယ်တိုင် သွားရောက်ရမည့်ကိစ္စမှာ မည်သို့မျှ မဖြစ်နိုင်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာပျံကြီး ဂြိုဟ်ငယ်ဆီသို့ ပျံသန်းလာနေသည့်အကြောင်းကို ဂြိုဟ်ငယ်ပေါ်မှလူများသိရှိရန် အကြောင်းကြားဖို့ကိစ္စမှာ မည်သို့မျှ မဖြစ်နိုင်ပါချေ။

ထိုအခါ စိတ်မကောင်းရုံမှလွဲ၍ မည်သို့မျှ မတတ်နိုင်ကြတော့ချေ။

စိတ်မနိုင်သူတို့သည် ဂြိုဟ်ငယ်ပေါ်မှ မျိုးတူလူသားတို့၏ ကံကြမ္မာအတွက် ငိုကြွေးကြရလေ၏။

မိမိကိုးကွယ်ရာဘာသာအလျောက် ဆုတောင်းပွဲများလည်း ပြုလုပ်ကြလေသည်။

ဥက္ကာပျံကြီးသည် လမ်းကြောင်းလွဲ၍ ဂြိုဟ်ငယ်ဆီမရောက်ဘဲ လမ်းကြောင်း သွေဖည်သွားပါစေသတည်း။

မည်မျှစိုးရိမ်ကြောင့်ကြရှိနေစေ အဖြစ်အပျက်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်းကို ကမ္ဘာ့လူထု သတိချပ်သင့်ပေသည်။

ဂြိုဟ်ငယ်ဆီမှ အချက်အလက်များကို နှစ် ၈၀ နောက်ကျပြီးမှ သက်ခံရရှိခြင်းဖြစ်လေရာ ဂြိုဟ်ငယ်သည် အကယ်၍ ဥက္ကာပျံကြီးနှင့် တိုက်မိကာ ပျက်စီးသွားသည်ဆိုပါက ယခုအချိန်၌ ပျက်စီးခဲ့သည်မှာပင် နှစ် ၈၀ ရှိပေရောမည်။ ဥက္ကာပျံသည် လမ်းကြောင်းလွဲသွားပါကလည်း အဖြစ်အပျက်မှာ ပြီးဆုံးခဲ့ပြီဖြစ်လေသည်။

သို့ရာတွင် လူသားများဖြစ်သည့်အတိုင်း ကမ္ဘာ့လူထုမှာ သံယောဇဉ်တွယ်ငြိနေသော ဂြိုဟ်ငယ်အတွက် စိုးရိမ်ကြောင့်ကြမှုဖြစ်လျက်သာ ရှိပေ၏။ ဥက္ကာပျံနှင့်လမ်းကြောင်းလွဲကာ ဂြိုဟ်ငယ်လေး ယခုထိတိုင် တည်တံ့နေစေချင်သည့် ဆန္ဒက လူသားအားလုံးရင်မှာ ရှိနေကြလေသည်။

ဖြစ်ပြီးသည့်ဖြစ်ရပ်ပင် ဖြစ်လင့်ကစား အဖြေကိုမသိရသေးသည့်အတွက် စိုးရိမ်ကြောင့်ကြစွာ စောင့်မျှော်နေကြလေသည်။ စာရေးဆရာက ဝတ္ထုတစ်ပုဒ်ကို ဇာတ်သိမ်းအထိ အစအဆုံးစီရင် ရေးသားပြီးဖြစ်သော်လည်း စာဖတ်သူက ဇာတ်သိမ်းပိုင်းမသိရမီတွင် မည်သို့နိဂုံးချုပ်မည်ကို အသည်းအထိတ်ထိတ်ဖြင့် ရင်ဖိုလှိုက်မောခံစားရသည်နှင့်တူပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအားလုံး ၁ည် ရုပ်မြင်သံကြားမှ မပြတ်ထုတ်လွှင့်ပေးနေသော သတင်းကို စောင့်ကြည့်နေကြလေ၏။

ငိုကြွေးသူကလည်း ငိုကြွေးဆဲ ...

ဆုတောင်းသူကလည်း ဆုတောင်းဆဲ ...

☗

ကမ္ဘာသူကမ္ဘာသားအားလုံးတို့သည် ဂြိုဟ်ငယ်၏ကံကြမ္မာကို ရုပ်မြင်သံကြား ထုတ်လွှင့်ချက်မှတစ်ဆင့် စောင့်ကြည့်နေကြလေသည်။

ဥက္ကာပျံကြီးကား ကြီးမားသောအရှိန်အဟုန်ဖြင့် ဂြိုဟ်ငယ်ဆီသို့ ပျံဝဲလာနေဆဲပင် ...

လူသားများသည် ဥက္ကာပျံကြီးလမ်းကြောင်းလွဲသွားစေရန် ဆုတောင်းနေဆဲမှာပင် ဆယ်ရက်မြောက်သောနေ့၌ ဂြိုဟ်ငယ်အား ဥက္ကာပျံကြီး ဝင်ရောက်တိုက်မိသွားသည့်ပုံကို မြင်တွေ့လိုက်ရလေတော့၏။

ဂြိုဟ်ငယ်ကွဲအက်ကြေမွကာ အစိတ်စိတ်အမြွာမြွာ ပျံ့ကြဲလွင့်စဉ် သွားပုံကိုကြည့်၍ လူသားအားလုံး စူးစူးဝါးဝါးအော်ဟစ်လိုက်မိလေသည် စိတ်မခိုင်သူတို့ကား ဂြိုဟ်ပေါ်မှ လူသားတို့ကံကြမ္မာအတွက် ငိုကြွေးကြလေ

ဂြိုဟ်ငယ်ကား သူ့ထက် ၂ ဆကြီးသောဥက္ကာပျံကြီး၏ အရှိန်ပြင်း စွာ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အစအနရှာမရအောင် ပျက်စီးပျောက်ကွယ် သွားပေပြီ။

ဂြိုဟ်ငယ်အား အာကာသအတွင်း ရှာဖွေတွေ့ရှိပြီး တစ်နှစ်အကြာ တွင် ပေါက်ကွဲပျက်စီးသွားခဲ့ခြင်း ဖြစ်လေသည်။

ဂြိုဟ်ငယ်အပေါ် သံယောဇဉ်တွယ်နေသော လူသားများအ ဝမ်းနည်းကြေကွဲစရာ အဖြစ်ကြီးပင်ဖြစ်လေ၏။ ကမ္ဘာနှင့်ပုံသဏ္ဍာန် ထပ် ထပ်မျှတူရုံမက ကမ္ဘာပေါ်ကလူသားများကဲ့သို့ လူများအသက်ရှင် နေထိုင် ကမ္ဘာငယ်လေးပျက်စီးသွားရခြင်းမှာ မိမိတို့ကမ္ဘာ ပျက်စီးသည်နှင့်မခြားပါ

လူအမျာသည် အနက်ရောင်ဝတ်စုံများဝတ်ဆင်ကာ ဂြိုဟ်င ပျက်စီးခြင်းအတွက် ဝမ်းနည်းကြေကွဲမှု အထိမ်းအမှတ်ကို ပြသကြလေသည်

ကမ္ဘာနိုင်ငံအသီးသီးကလည်း တစ်ပတ်တိတိ နိုင်ငံတော်အလံ ကို တိုင်တစ်ဝက်လွှင့်ထူကာ ဂြိုဟ်ငယ်အတွက်ဝမ်းနည်းကြောင်း တင်ခဲ့လေသည်။

ဆုပြည့်စုံတွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်များကား ပြီးဆုံးခဲ့ပေပြီ။

ကမ္ဘာ့လူသားများအဖို့မှာကား တစ်ချိန်က စကြဝဠာအတွင်းတွင် ပုံစံတူကမ္ဘာတစ်ခု ရှိခဲ့ဖူးသည်ကို တွေးတောရင်း ကြိုဟ်ငယ်လေးအား လွမ်းဆွတ်နေကြဆဲ ဖြစ်လေသည်။

၆

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး ၁၀ နှစ်တိတိကြာမြင့်ချိန်တွင် စကြဝဠာအတွင်းမှ ကီလိုမီတာသန်းပေါင်း ၇၄ သိန်းအကွာတွင် တစ်ချိန်က ပေါ်ထွန်းခဲ့သော ကြိုဟ်ငယ်လေးနှင့်ပတ်သက်သည့် အချက်အလက် အမှန်များကို လူသားတို့သိရှိခဲ့ရလေသည်။

ကြိုဟ်ငယ်မှ ပေါက်ကွဲလွင့်စင်လာသော အပိုင်းအစအချို့သည် ကမ္ဘာမှ လွှင့်တင်ထားသောအာကာသစခန်းများသို့ ရောက်ရှိလာလေရာ ကြိုဟ်အပိုင်းအစများကို ခွဲခြမ်းစိတ်ဖြာကြည့်ရှုရာမှ အဖြစ်မှန်ကို သိရှိခဲ့ရခြင်းဖြစ်ပေသည်။

အမှန်ကားကြိုဟ်ငယ်သည် ကြိုဟ်စစ်စစ်တစ်လုံးမဟုတ်ပေ။ မြေသား၊ ရေထု၊ ကျောက်သားများဖြင့် ဖွဲ့စည်းထားသော အစိုင်အခဲတစ်ခုလည်း မဟုတ်ပေ။

လွန်ခဲ့သော နှစ်တစ်ထောင်ကျော်ကာလကပင် စကြဝဠာအတွင်းရှိ ကြယ်တစ်လုံးပေါက်ကွဲရာမှ လွင့်စင်လာသောအပိုင်းအစတစ်ခုသာ ဖြစ်လေသည်။ ပေါက်ကွဲသွားသောကြယ်သည် ဖန်သားများဖြင့် ဖွဲ့စည်းထားသော ဖန်သားပြင်ကြီးတစ်ခုဖြစ်ပြီး လွင့်စဉ်လာသော အပိုင်းအစတစ်ခုသည် နေအနီးသို့ရောက်ရှိကာ နေကိုဗဟိုပြု၍ လည်ပတ်နေခဲ့ခြင်းဖြစ်သည်။

ပျော်ဝင်နေသောဖန်ရည်များသည် ကမ္ဘာနှင့် ကီလိုသန်းပေါင်း ၇၄ သိန်းအကွာတွင် အေးခဲသွားခဲ့ပြီး လုံးဝန်းသောသဏ္ဍာန်ဖြင့် လည်ပတ်နေခြင်းဖြစ်လေသည်။ ထိုကြိုဟ်ငယ်ပုံစံအပိုင်းအစသည် အပြင်ဘက်တွင် ဖန်သားများဖြင့် ဖွဲ့စည်းထားပြီး အတွင်းဘက်တွင် လေဟာနယ်ဖြစ်နေသော အခေါင်းပွတစ်ခုသာ ဖြစ်လေသည်။ ဖန်ဘောလုံးတစ်လုံးနှင့် သဏ္ဍာန်တူပေ၏။

အဆိုပါ ဖန်လုံးကြီးသည် ကမ္ဘာနှင့်တည့်တည့်အရပ်၌ တည်နေသောကြောင့်မည့်သည့်အရာမှ ကြားခံမရှိဘဲ ရပ်တည်နေခဲ့ခြင်းဖြစ်လေ၏။ ဖန်သားဆို၏ သဘောသဘာဝအတိုင်း မှန်ကဲ့သို့ပုံရိပ်များ ထင်ဟပ်သည့်အစွမ်းသတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ရှိပေရာ ကမ္ဘာနှင့် ဖန်လုံးကြီးကြားတွင် မည်သည့်အရာမှ ကြားခံမရှိသည့်အတွက် ကမ္ဘာ၏ပုံရိပ်များသည် ယင်းဖန်လုံးကြီးတွင် မှန်သဖွယ် သွားရောက်ထင်ဟပ်နေခြင်းဖြစ်လေသည်။

အကွာအဝေးအရ ကမ္ဘာ၏ပုံရိပ်များသည် ဖန်လုံးဆီရောက်ရှိဖို့ အနှစ် ၈၀ ကြာပေရာ ကမ္ဘာ့ပုံရိပ်များသည် အနှစ် ၈၀ နောက်ကျပြီး ဖန်လုံးမျက်နှာပြင်၌ ထင်ဟပ်နေခဲ့၏။ ထိုပုံရိပ်များကိုပင် ကမ္ဘာမှ ပြန်လည်ဖမ်းယူရရှိရန် အနှစ် ၈၀ ထပ်၍ကြာလေရာ လွန်ခဲ့သောနှစ် ၁၆၀ က အဖြစ်များကို ဖန်လုံးပေါ်၌ မြင်နေရခြင်းဖြစ်ပေ၏။

ကြိုဟ်ငယ်သည် အမှန်စင်စစ် ကမ္ဘာကြီးအား မှန်တစ်ချပ်သဖွယ် ထင်ဟပ်ပြနေသော ဖန်လုံးကြီးတစ်လုံးသာ ဖြစ်ပါလေသတည်း။

လူသားများကား မိမိတို့ကမ္ဘာကအတိုင်း တစ်သဝေမတိမ်း လိုက်၍ ထင်ဟပ်ဖြစ်ပေါ်နေသော ပုံရိပ်ယောင်များကိုကြည့်ကာ မိမိတို့ကမ္ဘာ၏ ကိုယ်ပွားကမ္ဘာလေးအဖြစ် ထင်မှတ်ခဲ့ကြခြင်းဖြစ်လေသည်။

သိပ္ပံပညာရှင်များက အဖြစ်မှန်ကိုထုတ်ပြန်လိုက်သည့်အခါ မိမိတို့သည် အမှန်မဟုတ်သော ပုံရိပ်ယောင်တစ်ခုကို စွဲလမ်းငြိတွယ်ခဲ့မိခြင်းဖြစ်ကြောင်း ကမ္ဘာ့လူသားများ သိလိုက်ရလေ၏။

မည်သို့ပင်ဆိုစေ ခံစားတတ်သောနှလုံးသားပိုင်ရှင် လူသားတို့သည် တစ်ချိန်က အာကာသအတွင်း တည်ရှိခဲ့သော ပုံစံတူကမ္ဘာငယ်လေး အကြောင်းကို လွမ်းဆွတ်တမ်းတစွာ ပြောဆိုနေကြဆဲပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မနုဿတိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com

## မနုဿတိရစ္ဆာန်

*"ထူးဆန်းသောတိရစ္ဆာန်တစ်ကောင် ဖမ်းဆီးရမိခြင်း"*

*"တိရစ္ဆာန်ရုံ၌ တိရစ္ဆာန်အမျိုးအစားသစ် တစ်ကောင်အား ပြသထားခြင်း"*

*"ဂြိုဟ်တစ်လုံးပေါ်မှ ဖမ်းဆီးရမိခဲ့သော ထူးခြားသည့် တိရစ္ဆာန်တစ်ကောင်"*

*"ထူးဆန်းသောတိရစ္ဆာန်တစ်ကောင်အား တိရစ္ဆာန်ရုံ၌ ကြည့်ရှုနိုင်ပြီ"*

အထက်ပါသတင်းများသည် ဘုမ္မိဂြိုဟ်ထုတ်သတင်းစာများ၌ သတင်းထူးအဖြစ် တစ်ပြိုင်တည်း ပါလာလေသည်။ ဘုမ္မိဂြိုဟ်သည် ကိစ္စထူးထွေ များပြားလှသော ဂြိုဟ်တစ်လုံးမဟုတ်သည့် အားလျော်စွာ အထက်ပါသတင်းလေးသည်ပင် ဂြိုဟ်တစ်ခုလုံးအား အုံးအုံးကျွက်ကျွက် ဖြစ်သွားစေပါ၏။ ဘုမ္မိဂြိုဟ်သည် ထူးခြားဆန်းသစ်သောအဖြစ်များ ဖြစ်လေ့ဖြစ်ထမရှိသည့် ဂြိုဟ်သေးသေးလေးတစ်လုံး ဖြစ်ရုံမက အသက်ရှင်နေထိုင်ကြသော ဂြိုဟ်သားများလည်း နည်းပါးလှသည့် ဂြိုဟ်ငယ်လေးတစ်လုံး ဖြစ်လေသည်။ ဂြိုဟ်သားများအတွက် အထက်ပါကဲ့သို့သော အကြောင်းအရာလေးသည်ပင် ထူးခြားဆန်းကြယ်လှ၍ စိတ်ဝင်စားဖွယ်ဖြစ်နေကြလေ၏။

သတင်းစာများ၌ ဂြိုဟ်တစ်လုံးမှ ဖမ်းဆီးရမိခဲ့သည် ဆိုသော တိရစ္ဆာန်ကြီး၏ပုံကိုလည်း မျက်နှာဖုံး၌ပင် ဖော်ပြထားလေသည်။ ဓာတ်ပုံထဲမှ

www.burmeseclassic.com




ထိုတိရစ္ဆာန်ကြီးမှာ ဂြိုဟ်သားများအမြင်တွင် အလွန်ပင်ဆန်းကြယ်နေပါသည်။ ဂြိုဟ်သားများအဖို့ ဤသို့သောအသွင်သဏ္ဍာန်ရှိသည့် သက်ရှိသတ္တဝါမျိုးကို မမြင်ဖူးရုံမက စိတ်ကူးပင် ယဉ်မကြည့်ခဲ့ဖူးပါပေ။ သတ္တဝါကြီးမှာ ဆန်းကြယ်လှလေသည်။ သတ္တဝါကြီးတွင် ခြေနှစ်ဖက်ရှိ၍ ထိုခြေနှစ်ဖက်နှင့် မြေပေါ်တွင် မတ်တတ်ရပ်နေနိုင်သည်ကို တွေ့ရပေ၏။ ထို့အပြင် လက်နှစ်ဖက်လည်း ပါလိုက်သေးသည်။ သတ္တဝါကြီး၏သွင်ပြင်သည် ဘုမ္မိဂြိုဟ်သားများအဖို့ ဆန်းကြယ်ရုံမက ရယ်စရာလည်း ကောင်းလှလေသည်။

သတ္တဝါကြီးမှာ ကိုယ်လုံးနှင့်တွဲလျက် ခြေလက်များပါသည့်အပြင် ဦးခေါင်းမှာ ကိုယ်လုံး၏အထက်ပိုင်းတွင် သီးခြားပေါက်နေပေ၏။ ထိုအဖြစ်သည်ပင် ဘုမ္မိဂြိုဟ်သားများအဖို့ ရယ်စရာကောင်းနေခြင်းဖြစ်ပါသည်။

သတ္တဝါကြီးသည် ဘုမ္မိဂြိုဟ်သားများနှင့် သွင်ပြင်ကွဲပြားပုံမှာလည်း စာဖွဲ့လောက်ပါသည်။

ဘုမ္မိဂြိုဟ်သားများ၏ပုံသဏ္ဍာန်မှာ ရှုပ်ထွေးမှုမရှိ။ အလွန်ရှင်းလင်းလှပေ၏။ ဘုမ္မိဂြိုဟ်သားတို့၏ ကိုယ်လုံးကိုယ်ထည်မှာ လုံးဝန်းဝိုင်းစက်သော အဖြူရောင် အလုံးတစ်လုံးဖြစ်သည်။ ထိုအလုံးပေါ်၌ပင် သူတို့၏မျက်စိနှစ်လုံး အပေါက်ရာသာပါသော နှာခေါင်းပေါက်နှစ်ပေါက်နှင့် ပါးစပ်တစ်ပေါက်တို့ ရှိကြလေသည်။ လုံးဝန်းသော အဖြူရောင်အလုံးကြီးမှာ သူတို့၏မျက်နှာဖြစ်သလို သူတို့၏ကိုယ်လုံးကိုယ်ထည်လည်း ဖြစ်ပါပေသည်။ သူတို့၏ လက်နှစ်ဖက်နှင့်ခြေနှစ်ဖက်မှာ ထိုအလုံးကြီးထဲမှ အတက်များသဖွယ် ဖြာထွက်နေပေ၏။ အမွေးအမျှင် ပေါက်ရောက်မှုမရှိပါ။



ဘုမ္မိဂြိုဟ်သား

ဘုမ္မိဂြိုဟ်သားများတွင် အဖိုအမလိင်ကွဲပြားမှုရှိသော်လည်း လိင်အင်္ဂါသည် အလုံးကြီး၏ အောက်တည့်တည့်တွင်ရှိပြီး မမြင်ရချေ။ လိင်ဆက်ဆံရန် စိတ်ဆန္ဒရှိသည့်အခါမှ ပေါ်ထွက်လာလေ့ရှိ၏။ ထို့ကြောင့် အရှက်ကို ဖုံးအုပ်ထားရန်မလိုအပ်သဖြင့် ဘုမ္မိဂြိုဟ်သားများသည် အဝတ်အစားဝတ်ဆင်ခြင်း မရှိကြပါပေ။ အဝတ်အစားဆိုသည်ကိုလည်း နားမလည်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အညစ်အကြေးစွန့်ထုတ်သည့်အခါ၌ အလုံးကြီး၏ နောက်ဘက်တည့်တည့်အပေါက်ဆီမှ စွန့်ထုတ်ကြလေသည်။ သူတို့စားသော အစားအစာမှာလည်း မြေဆီမြေနှစ်များနှင့် အပင်မှထွက်သည့် အသီး၊ အရွက်၊ သစ်ဥ၊ သစ်ဖုများသာဖြစ်သည်။ ဘုမ္မိဂြိုဟ်ပေါ်တွင် ဂြိုဟ်သားများမှ တစ်ပါး အခြားတိရစ္ဆာန်များ၊ ကျေးငှက်များ၊ ပိုးမွှားများ ရှင်သန်ခြင်းမရှိပါ၍ တိရစ္ဆာန်တို့၏အသားကို စားသောက်သည့်ဓလေ့ မရှိပါချေ။

သူတို့သည် သိပ္ပံပညာအရာတွင် အခြားသောစကြဝဠာသားများ ထက်စောကာ ထူးချွန်တတ်မြောက်ကြသည့်အတွက် ဘုမ္မိဂြိုဟ်မှအပဖြစ်သော စကြဝဠာအတွင်းမှ အခြားသောဂြိုဟ်များသို့ သွားရောက်နိုင်ကြလေသည်။ အခြားသောဂြိုဟ်များမှ သူတို့နှင့် အသွင်မတူသော သက်ရှိသတ္တဝါများကို တိရစ္ဆာန်များအဖြစ် သတ်မှတ်ကြသည်။ ဘုမ္မိဂြိုဟ်ပေါ်သို့ ဖမ်းဆီးခေါ်ဆောင်ကာ သူတို့၏တိရစ္ဆာန်ရုံအတွင်း၌ လှောင်ထားပြီး အများပြည်သူကြည့်ရှုရန် ပြသထားတတ်လေ၏။

ယခုနောက်ဆုံးဖမ်းမိခဲ့သော ဂြိုဟ်သားမှာ ဘုမ္မိဂြိုဟ်နှင့် အလွန်ဝေးလံသော ကမ္ဘာအမည်ရှိသည့် ဂြိုဟ်တစ်လုံးမှ ဖမ်းဆီးလာခဲ့ခြင်း ဖြစ်လေသည်။ ဖမ်းမိခဲ့သော သတ္တဝါမှာ သူတို့ဘုမ္မိဂြိုဟ်သားများနှင့် အသွင်သဏ္ဌာန် အလွန်ကွဲပြားသည့်အတွက် သူတို့အတွက် ရယ်စရာကြီး ဖြစ်နေလေသည်။

သတင်းစာများ၌ တိရစ္ဆာန်အသစ်တစ်ကောင် ဖမ်းဆီးရမိကြောင်း သတင်းပါလာသည့်ညတွင်ပင် ရုပ်မြင်သံကြား၌ ထိုသတင်းကို ထုတ်လွှင့်ခဲ့လေ၏။ ဂြိုဟ်သားများသည် ထူးဆန်းသောတိရစ္ဆာန်ကြီး၏ပုံကို ရုပ်မြင်သံကြားမှတစ်ဆင့် လှုပ်ရှားပုံကိုပါ မြင်တွေ့ခွင့်ရကြလေ၏။

"ကျွန်မတို့ရဲ့ တိရစ္ဆာန်ဖမ်းဆီးရေးအဖွဲ့ဟာ ထူးခြားတဲ့တိရစ္ဆာန်များကို စကြဝဠာအတွင်းရှိ ဂြိုဟ်များအနှံ့ လိုက်လံဖမ်းဆီးရာမှ ယနေ့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်ပါတယ်ရှင်။ တိရစ္ဆာန်ဖမ်းဆီးရေး အာကာသယာဉ်ဟာ ကျွန်မတို့ ဘုမ္မိဂြိုဟ်နဲ့ အလွန်တရာဝေးလံတဲ့ ဂြိုဟ်တစ်ခုကို ရောက်ရှိခဲ့ပြီး အာကာသခရီးစဉ်ရဲ့ သမိုင်းစာမျက်နှာသစ်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်ရှင်။ ယခုရောက်ရှိခဲ့တဲ့ဂြိုဟ်ဟာ အပြာရောင်အဆင်းရှိပြီး ရေမြေတောတောင်



www.burmeseclassic.com

www.burmeseclassic.com



သဘာဝသစ်တောများနှင့် ပြည့်စုံတဲ့ သာယာလှပသော ဂြိုဟ်တစ်လုံးဖြစ်ပါတယ်ရှင်''

ရုပ်မြင်သံကြားဖန်သားပြင်၌ ကမ္ဘာဂြိုဟ်၏ရုပ်ပုံ ပေါ်လာလေသည်။ ဘုမ္မိဂြိုဟ်သားများ အာကာသယာဉ်ပေါ်မှ ရိုက်ကူးထားသည့် ဓာတ်ပုံဖြစ်ပြီး တဖြည်းဖြည်း အနီးကပ်၍ ရိုက်ပြထားပေ၏။

''ဘုမ္မိဂြိုဟ်သား တိရစ္ဆာန်ဖမ်းဆီးရေးအဖွဲ့ဟာ ကမ္ဘာအမည်ရှိတဲ့ ဂြိုဟ်ပေါ်ကိုရောက်ရှိပြီး လှည့်လည်စုံစမ်းခဲ့ရာမှာ ကမ္ဘာဂြိုဟ်ပေါ်မှာ တိရစ္ဆာန် အမျိုးပေါင်း မြောက်မြားစွာ ရှင်သန်ပေါက်ဖွားနေတာကို တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်ရှင်။ ယခုအခေါက်မှာတော့ လူလို့ခေါ်တွင်တဲ့ တိရစ္ဆာန်တစ်ကောင်ကိုသာ ဖမ်းဆီးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ နောက်အခေါက်များမှာသည့်ထက် ပိုမိုထူးဆန်းတဲ့ တိရစ္ဆာန်များကို ကမ္ဘာဂြိုဟ်ပေါ်မှ သွားရောက်ဖမ်းဆီးဦးမှာ ဖြစ်ပါတယ်''

''ယခုဖမ်းဆီးလာတဲ့ လူအမည်ရှိတိရစ္ဆာန်ကြီးဟာ အလွန်ပဲထူးခြားလှပြီး အသွင်သဏ္ဌာန်အားဖြင့်လည်း ဆန်းကြယ်လှတာကို မြင်တွေ့နိုင်ပါတယ်ရှင်''

ရုပ်မြင်သံကြားဖန်သားပြင်၌ တိရစ္ဆာန်ကြီး၏ပုံ ပေါ်လာလေသည်။ တကယ်တော့ ဘုမ္မိဂြိုဟ်သားများက တိရစ္ဆာန်အဖြစ် ခေါ်ဝေါ်သတ်မှတ်ထားကြသော သတ္တဝါမှာ ကမ္ဘာပေါ်မှလူတစ်ယောက်သာ ဖြစ်ပါသည်။

ဘုမ္မိဂြိုဟ်သားများ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရသောလူသားကြီးသည် အဝတ်အစားများကင်းမဲ့ကာ ကိုယ်လုံးတီးဖြစ်နေပါ၏။ ဖမ်းဆီးခဲ့စဉ်က သူ့အပေါ်တွင် အဝတ်အစားများ လွှမ်းခြုံထားသော်လည်း ဖမ်းဆီးရေးအဖွဲ့သားများက ဖုံးကွယ်ထားသော အဝတ်အစားများကို ရှုပ်ထွေးသည်ဟုဆိုကာ ဆွဲချွတ်၍ ဆုတ်ဖြဲပစ်လိုက်ကြခြင်းဖြစ်သည်။ သူတို့သည် လူသားတိရစ္ဆာန်ကြီးတို့ အရှိအတိုင်း မြင်ရစေရန် ပြုလုပ်ခဲ့ခြင်းဖြစ်၏။

လူသားကြီးသည် သူ့ပတ်ဝန်းကျင်ရှိအရာများကို နားမလည်သလို ကြည့်လျက် ရှိပြီး စိတ်ရှုပ်ထွေးဟန်ပေါက်နေပေသည်။

''ဟော . . . ဟော . . . ကြည့်စမ်း။ သူ့ကိုယ်လုံးကြီးက လေးထောင့်ဆိုလို ရှည်မျောမျောပုံကြီးတော့''

''ကြည့်ပါဦး၊ ကိုယ်လုံးကသပ်သပ်၊ ခေါင်းကသပ်သပ်နော်။ ဆိပ်ထူးဆန်းတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရဲ-ါစရာရော မကောင်းဘူးလားဟေ့။ ကိုယ်လုံးက သပ်သပ်ဆို တော့ သူဟာ အစာ ခံတော်တော်စားမယ့်ပုံပဲနော်"

ရုပ်မြင်သံကြားကြည့်ပရိသတ်သည် ဖန်သားပြင်ပေါ်မှ လူသားကြီး ပုံကို ကြည့်ကာ အမျိုးမျိုးဝေဖန်လျက် ရှိကြလေသည်။

"ကြည့်ပါဦးတော်၊ ခေါင်းနဲ့ကိုယ်နဲ့ဆက်ထားတဲ့ အသားချောင်း တစ်ချောင်း အလယ်မှာရှိသေးသတော့။ လောကကြီးမှာ ဒီလိုသတ္တဝါမျိုးလည်း ရှိသေးသနော်။ အံ့ရော ... အံ့ရော"

"အမွေးတွေပေါက်နေပုံလည်း ကြည့်ပါဦး။ ကြည့်ရတာ အသည်း ယားလိုက်တာ"

"ဘယ်လိုသတ္တဝါမျိုးပါလိမ့်၊ ဆန်းတော့ တော်တော်ဆန်းသဟေ့"

ရုပ်မြင်သံကြားကင်မရာသည် လူသားကြီး၏ကိုယ်လုံးတီးပုံကို ဘက်ပေါင်းစုံမှရိုက်ပြကာ ဆန်းပြားသော တိရစ္ဆာန်ကြီးအကြောင်းကို ရှင်းပြ နေပေသည်။

"တိရစ္ဆာန်ကြီးမှာ ခြေနှစ်ဖက် လက်နှစ်ဖက်ပါပုံကတော့ ကျွန်မတို့ ဘုမ္မိဂြိုဟ်သားများနဲ့ တူညီကြပါတယ်ရှင်။ ဒါပေမဲ့ သူ့ရဲ့ခြေလက်များဟာ ကြီးမားတုတ်ခိုင်လှတာကို တွေ့ရမှာပါ။ အရုပ်အမောင်းဟာလည်း ကျွန်မတို့ ဂြိုဟ်သားများရဲ့ နှစ်ဆဖြစ်နေတာကို တွေ့နိုင်ပါတယ်။ တိရစ္ဆာန်ကြီးဟာ အထီးတစ်ကောင်ဖြစ်ကြောင်း သိရပါတယ်။ ဖမ်းဆီးရေးအဖွဲ့ဟာ အထီးအမ တစ်စုံကိုဖမ်းယူရန် ကြိုးစားခဲ့သော်လည်း အချိန်မရတဲ့အတွက်ကြောင့် နောင်အခေါက်များမှ အမတစ်ကောင်ကိုရရှိအောင် ဖမ်းဆီးမှာဖြစ်ပါတယ်"

"ရုပ်မြင်သံကြားပရိသတ်များရှင်၊ ယခုတွေ့ရှိနေရတဲ့ ကိရစ္ဆာန်ဟာ အထီးဖြစ်ပါတယ်။ သူတို့ရဲ့ အထီးအမကွဲပြားတဲ့ လိင်အင်္ဂါဟာ ကျွန်မတို့ ဂြိုဟ်သားများကဲ့သို့ လုံခြုံမှုမရှိဘဲ အပြင်ပမှာ မြင်သာအောင် တည်ရှိနေပါ တယ်ရှင်"

ကင်မရာက လူသားကြီး၏ပေါင်ခွကြားကို အနီးကပ်ရိုက်ပြလေ သည်။

လူသားကြီးသည် သူ့လိင်အင်္ဂါကို ကင်မရာဖြင့် အနီးကပ်ရိုက်ပြနေ သည်ကို သိလိုက်သည့်အခါ လက်ဝါးဖြင့် သူ့ပစ္စည်းသူ အုပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဘာလုပ်ကြတာလဲ။ မင်းတို့ တော်တော်ရိုင်းတဲ့ဟာတွေပဲ"

လူသားကြီးက စိတ်တိုစွာ အော်ဟစ်ပစ်လိုက်လေသည်။

သတင်းပြောသူ ဂြိုဟ်သူမက ဆက်၍ပြောလေသည်။

"တွေ့မြင်ရတဲ့အတိုင်း တိရစ္ဆာန်ကြီးဟာ ထူးဆန်းတဲ့အသံများစွာကို လည်း ပြုလုပ်တတ်တာတွေ့ရပါတယ်ရှင်။ သူတို့တိရစ္ဆာန်များဘာသာဘာဝ အော်ဟစ်ခြင်း ဖြစ်ပုံရပါတယ်"

ဂြိုဟ်သားများသည် တိရစ္ဆာန်ကြီး၏ ပါးစပ်မှထွက်လာသော အသံများကို ကြားလိုက်ရ၍ အံ့သြသွားကြလေသည်။

"ဒီကောင်ကြီး အသံထွက်တတ်သားပဲ။ သူ့ကို စကားသင်ပေးလို့ ရနိုင်တယ်၊ သိလား"

ပရိသတ်ထဲမှ ဂြိုဟ်သားတစ်ယောက်က ပြောလိုက်သည်။

"အို . . . သူထွက်တဲ့အသံတွေက ပေါက်ကရတွေပါတော်။ ကျုပ်တို့လို အဆင့်မြင့်တဲ့ ဂြိုဟ်သားတွေရဲ့စကားကို ဘယ်သင်လို့ရမှာတုံး"

"ဟုတ်ပါတယ်လေ၊ တိရစ္ဆာန်ဆိုတော့ ဦးနှောက်က ဘယ်ဉာဏ် မှီပါ့မလဲ"

ရုပ်မြင်သံကြားက တိရစ္ဆာန်ကြီးကို ဖမ်းဆီးရေးအဖွဲ့က ဖမ်းဆီးလာ ပုံအား ဆက်လက်ပြသနေလေသည်။ ကမ္ဘာပေါ်မှဖမ်းဆီးခဲ့စဉ်က မှတ်တမ်း တင် ရိုက်ကူးထားသောဖလင်ကို ပြန်ပြနေခြင်းဖြစ်သည်။

"လူဆိုတဲ့ တိရစ္ဆာန်များဟာ တဏှာရမ္မက်ကြီးသူများ ဖြစ်ပါတယ် ရှင်။ ဒီအချက်ကိုသိတဲ့ ကျွန်မတို့ရဲ့ ဖမ်းဆီးရေးအဖွဲ့ဝင်များဟာ တိရစ္ဆာန် ထီးကြီးကို တိရစ္ဆာန်အမတစ်ကောင် ပုံစံပြုလုပ်ထားတဲ့ အရုပ်ကြီးနဲ့ မျှားပြီး ဖမ်းဆီးခေါ်ယူခဲ့ခြင်း ဖြစ်ပါတယ်"

တီဗီမြင်ကွင်း၌ ကမ္ဘာပေါ်မှ တိရစ္ဆာန်ကြီးကို ဖမ်းဆီးလာစဉ်ကပုံကို ပြသနေပေသည်။

မြင်ကွင်းထဲ၌ တိရစ္ဆာန်ထီးကြီးသည် လက်ထဲ၌ လက်နက်ကိရိယာ တစ်မျိုးကိုကိုင်ကာ သစ်ပင်ကြီးတစ်ပင်ကို ထုနှက်နေသည်ကို မြင်ကြရလေသည်။ တိရစ္ဆာန်ကြီးက ထိုလက်နက်ဖြင့် ထုလိုက်သည့်အခါတိုင်း သစ်ပင်၏အသားစ များသည် မြေပေါ်သို့ ဖွာခနဲလွင့်စဉ်ကျသွားသည်ကို မြင်ကြရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာဝ ပ်နေတာလဲ မသိဘူးနော်"

"အသိဉာဏ်ကောင်းမဲ့တဲ့ တိရစ္ဆာန်ဆိုတော့လည်း ရည်ရွယ်ချက်မရှိဘဲ လုပ်မိလုပ်ရာ လုပ်နေတာဖြစ်မှာပေါ့"

"ဟုတ်မှာပါ"

ဖမ်းဆီးမခံရမီက တိရစ္ဆာန်ကြီးသည် သူ့အရှက်ကို ဖုံးအုပ်စေသည့် အဝတ်စတစ်စကို ခါး၌ပတ်ထားပေ၏။ ဘုမ္မိဗြိုဟ်သားများအဖို့ ထိုအရာကို နားမလည်ကြပေ။

"သူ့ကိုယ်လုံးအောက်နားမှာ ဘာကြီးကပ်နေလဲ မသိဘူးနော်"

ဖန်သားပြင်ပေါ်၌ ဘုမ္မိဗြိုဟ်သားဖမ်းဆီးရေးအဖွဲ့ဝင်များ၏ လုပ်ဆောင်မှု ပုံများပေါ်လာလေသည်။

တိရစ္ဆာန်ဖမ်းဆီးရေးအဖွဲ့ဝင်များ၏ အာကာသယာဉ်သည် တိရစ္ဆာန်ကြီး မမြင်သာသည့် တောတန်းလေး၏အကွယ်တွင် ရပ်နားထားသည်ကို တွေ့ရ၏။ ထို့နောက် သူတို့က လူသားမိန်းမ၏ပုံစံအတိုင်းအတု ပြုလုပ်ထားသော စက်ရုပ်ကို လူသားတိရစ္ဆာန်ထီးကြီး မြင်သာသည့်နေရာတွင် ချထားလိုက်လေသည်။ ထိုမိန်းမရုပ်ကို ဘုမ္မိဗြိုဟ်သားများက လူသားများအား တိတ်တခိုးလေ့လာကာ အာကာသယာဉ်ထဲ၌ တီထွင်ဖန်တီးခဲ့ကြခြင်း ဖြစ်လေသည်။

ဖမ်းဆီးရေးအဖွဲ့သားများ ထောင်ချောက်ဆင်လိုက်သည့်အတိုင်း ဖြစ်လာခဲ့လေသည်။

အဖွဲ့သားတစ်ယောက်က အဝေးထိန်းခလုတ်ဖြင့်နှိပ်၍ အချက်ပေးလိုက်သည့်အခါ မိန်းမရုပ်ထံမှ အသံထွက်ပေါ်လာလေ၏။

"ဟေး ..."

မိန်းမရုပ်၏အော်သံသည် လူသားထီးကြီးကို နားဝင်ပီယံ ဖြစ်သွားစေပုံရပါသည်။

လူသားကြီးက အသံထွက်လာရာသို့ လှည့်ကြည့်လိုက်ရာ မိန်းမရုပ်ကို မြင်သွားလေသည်။ တိရစ္ဆာန်ဖြစ်သည့်အားလျော်စွာ ထောင်ချောက်ဆင်ထားသော စက်ရုပ်ဖြစ်ကြောင်း မရိပ်မိရှာချေ။

လူသားထီးကြီးက မိန်းမရုပ်ရှိရာသို့ လျှောက်လာလေ၏။





စက်ရုပ်ထိန်းသူက အဝေးထိန်းခလုတ်ဖြင့် မိန်းမရုပ်ကို နောက်ပြန်လှည့်ကာ အာကာသယာဉ်ရှိရာ တောတန်းအကွယ်သို့ မျှားခေါ်သွားလေသည်။ မိန်းမရုပ်သည် ကန္တဲ့ကလျဖြင့် တင်ပါးများကို နိမ့်ချည်မြင့်ချည်လှုပ်ကာ လျှောက်သွားလျက် ရှိလေသည်။

"တဏှာရမ္မက်ကြီးတဲ့ တိရစ္ဆာန်များဖြစ်တဲ့အတွက် တိရစ္ဆာန်အမ ခေါ်ဆောင်ရာကို တိရစ္ဆာန်ထီးက နောက်မှလိုက်ပါသွားတာကို တွေ့မြင်နိုင်ပါတယ်ရှင်"

စက်ရုပ်မိန်းမသည် နောက်သို့တစ်ချက်တစ်ချက် လှည့်ကြည့်ရင်း မျှားခေါ်သွားရာ အာကာသယာဉ်ရှိရာသို့ ရောက်ရှိသွားလေ၏။

အာကာသယာဉ်ကို မြင်လိုက်သည့်အခါ တိရစ္ဆာန်ထီးကြီးသည် တစ်ချက်တွန့်ဆုတ်သွားလေ၏။

စက်ရုပ်ထိန်းသူက မိန်းမရုပ်ကို အာကာသယာဉ်ပေါ်သို့ တက်စေတာ နောက်ပြန်လှည့်၍ လက်ယပ်ခေါ်စေလိုက်၏။

လူသားထီးကြီးသည် ဘာမျှစဉ်းစားမနေတော့ဘဲ မိန်းမရုပ် တက်သွားသည့် အာကာသယာဉ်ပေါ်သို့ လိုက်တက်သွားလေ၏။

ဘုမ္မိဗြိုဟ်သားဖမ်းဆီးရေးအဖွဲ့က ချုံပုတ်များအတွင်း ပုန်းအောင်းနေရာမှ ယာဉ်ပေါ်သို့ လျင်မြန်စွာတက်လိုက်ကာ ယာဉ်တံခါးကို ပိတ်လိုက်လေ၏။ ထို့နောက် သယ်ယူသွားလျှင် လေးလံမည်စိုးသည့်အတွက် မိန်းမရုပ်ကို ပြတင်းပေါက်မှ ပစ်ချလိုက်လေသည်။

တိရစ္ဆာန်ကြီးသည် အဖြစ်အပျက်ကို နားမလည်သည့်သဖွယ် မျက်လုံးအကြောင်သား ငေးကြည့်နေလေ၏။

အာကာသယာဉ်မှူးက အာကာသယာဉ်ကို မောင်းထွက်လိုက်ရာ လျင်မြန်သောအရှိန်ကြောင့် တစ်မုဟုတ်ချင်းပင် အာကာသထဲသို့ ရောက်ရှိသွားလေ၏။

ယခု မြင်တွေ့ခဲ့ရပုံများကတော့ ကျွန်မတို့ရဲ့ တိရစ္ဆာန်ဖမ်းဆီးရေးအဖွဲ့က လူဆိုတဲ့တိရစ္ဆာန်ကြီးကို လက်ရဖမ်းဆီးခေါ်ဆောင်ခဲ့ပုံများ ဖြစ်ပါတယ်ရှင်။ အဖွဲ့ဝင်များဟာ လူသားတိရစ္ဆာန်များရဲ့ ရမ္မက်ဆန္ဒကို နားလည်သဘောပေါက်တဲ့အတွက် အလွယ်တကူ ထောင်ချောက်ဆင်ဖမ်းဆီးနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



စက်ရုပ်ထိန်းသူက 'အဝေးထိန်းခလုတ်ဖြင့် မိန်းမရုပ်ကို နောက်ပြန်လှည့်ကာ အာကာသယာဉ်ရှိရာ တောတန်းအကွယ်သို့ မျှားခေါ်သွားလေသည်။ မိန်းမရုပ်သည် ကန့်ကလျှဖြင့် တင်ပါးများကို နိမ့်ချည်မြင့်ချည်လှုပ်ကာ လျှောက်သွားလျက် ရှိလေသည်။

"တဏှာရမ္မက်ကြီးတဲ့ တိရစ္ဆာန်များဖြစ်တဲ့အတွက် တိရစ္ဆာန်အမခေါ်ဆောင်ရာကို တိရစ္ဆာန်ထီးက နောက်မှလိုက်ပါသွားတာကို တွေ့မြင်နိုင်ပါတယ်ရှင်"

စက်ရုပ်မိန်းမသည် နောက်သို့တစ်ချက်တစ်ချက် လှည့်ကြည့်ရင်း မျှားခေါ်သွားရာ အာကာသယာဉ်ရှိရာသို့ ရောက်ရှိသွားလေ၏။

အာကာသယာဉ်ကို မြင်လိုက်သည့်အခါ တိရစ္ဆာန်ထီးကြီးသည် တစ်ချက်တွန့်ဆုတ်သွားလေ၏။

စက်ရုပ်ထိန်းသူက မိန်းမရုပ်ကို အာကာသယာဉ်ပေါ်သို့ တက်စေကာ နောက်ပြန်လှည့်၍ လက်ယပ်ခေါ်စေလိုက်၏။

လူသားထီးကြီးသည် ဘာမျှစဉ်းစားမနေတော့ဘဲ မိန်းမရုပ်တက်သွားသည့် အာကာသယာဉ်ပေါ်သို့ လိုက်တက်သွားလေ၏။

ဘုမ္မိဂြိုဟ်သားဖမ်းဆီးရေးအဖွဲ့က ချုံပုတ်များအတွင်း ပုန်းအောင်းနေရာမှ ယာဉ်ပေါ်သို့ လျင်မြန်စွာတက်လိုက်ကာ ယာဉ်တံခါးကို ပိတ်လိုက်လေ၏။ ထို့နောက် သယ်ယူသွားလျှင် လေးလံမည်စိုးသည့်အတွက် မိန်းမရုပ်ကို ပြုတင်းပေါက်မှ ပစ်ချလိုက်လေသည်။

တိရစ္ဆာန်ကြီးသည် အဖြစ်အပျက်ကို နားမလည်သည့်သဖွယ် မျက်လုံးအကြောင်သား ငေးကြည့်နေလေ၏။

အာကာသယာဉ်မှူးက အာကာသယာဉ်ကို မောင်းထွက်လိုက်ရာ လျင်မြန်သောအရှိန်ကြောင့် တစ်မုဟုတ်ချင်းပင် အာကာသထဲသို့ ရောက်ရှိသွားလေ၏။

ယခု မြင်တွေ့ခဲ့ရပုံများကတော့ ကျွန်မတို့ရဲ့ တိရစ္ဆာန်ဖမ်းဆီးရေးအဖွဲ့က လူဆိုတဲ့တိရစ္ဆာန်ကြီးကို လက်ရဖမ်းဆီးခေါ်ဆောင်ခဲ့ပုံများ ဖြစ်ပါတယ်ရှင်။ အဖွဲ့ဝင်များဟာ လူသားတိရစ္ဆာန်များရဲ့ ရမ္မက်ဆန္ဒကို နားလည်သဘောပေါက်တဲ့အတွက် အလွယ်တကူ ထောင်ချောက်ဆင်ဖမ်းဆီးနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပဲ ဖြစ်ပါတယ်။ လူသားတိရစ္ဆာန်ကြီးဟာ အခုဆိုရင် ကျွန်မတို့ ဂြိုဟ်ပေါ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ တိရစ္ဆာန်ရုံအတွင်းမှာ နောက်တစ်နေ့ တစလို့ အများပြည်သူကြည့်ရှုနိုင်အောင် ပြသထားမှာဖြစ်ပါတယ်ရှင်။ လူသားအမည်ရှိ တိရစ္ဆာန်ဟာ ကျွန်မတို့ ဘုမ္မိဂြိုဟ်ကဖမ်းဆီးမိတဲ့ အမှတ် ၈၄ မြောက် တိရစ္ဆာန်တစ်ကောင်ပဲ ဖြစ်ပါတယ်ရှင်"

"တယ်ဟုတ်ပါလားဟေ့ ဒီပုံအတိုင်းဆို အကြီးအကဲတွေက ဖမ်းဆီးရေးအဖွဲ့သားတွေကို ဆုကောင်းကောင်းချီးမြှင့်ဦးမှာ မြင်ယောင်သေးသဟေ့"

"ချီးမြှင့်သင့်ပါတယ်တော်။ သူတို့တော်လို့ ကျုပ်လို့လည်း ထူးထူးဆန်းဆန်း တိရစ္ဆာန်တစ်ကောင် ကြည့်ခွင့်ရတာပေါ့"

"ဖေဖေ . . . ဖေဖေ၊ အဲဒီအကောင်ကြီးကြည့်ရအောင် သားသားတို့ကို တိရစ္ဆာန်ရုံ လိုက်ပြရမယ်နော်"

"လိုက်ပြမှာပေါ့ သားတို့ရယ်"

"တိရစ္ဆာန်ရုံတော့ စည်ကားမှာမြင်ယောင်သေးသဟေ့"

❀

ဘုမ္မိဂြိုဟ်သားများ လူသားကို ဖမ်းဆီးခေါ်ဆောင်သွားသည့် အချိန်ကာလမှာ ကမ္ဘာမြေပေါ်၌ ၇ ရာစုကာလသာ ရှိပါသေးသည်။

ကမ္ဘာမြေ၌ ၇ ရာစုကာလသည် သိပ္ပံပညာများ၊ သိပ္ပံအတွေးအခေါ်များ မပေါ်ထွန်းသေးသည့် ကာလဖြစ်လေသည်။ ဖမ်းဆီးခံရသော လူသားကြီးမှာ တောတွင်းနေ ကျေးတောသားကြီးတစ်ယောက်ဖြစ်ပြီး သူသည် စာပေကိုလည်း သင်ယူဖူးခြင်းမရှိရုံမက မြို့ကြီးပြကြီးများသို့လည်း မရောက်ဖူးသော လူရိုးကြီးတစ်ယောက်သာ ဖြစ်လေသည်။

သူသည် တဲအိမ်ကလေး ၅ လုံးသာရှိသော တောင်ခြေရွာကလေးတွင် နေထိုင်ကာ ထင်းခုတ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး မိသားစုကို လုပ်ကိုင်ကျွေးမွေးနေသည့် အိမ်ထောင်သည် ယောကျ်ားကြီးတစ်ယောက် ဖြစ်လေသည်။

သူသည် ပုဂံနေပြည်တော်၏တစ်ဖက်ကမ်း ဧရာဝတီမြစ် အနောက်ဘက်ရှိ တောတန်းတစ်ခုတွင်နေထိုင်သော ရိုးသားဆင်းရဲသည့် တောသားကြီးတစ်ယောက်သာ ဖြစ်လေသည်။ ပုဂံနေပြည်တော်ကိုလည်း သူ မရောက်ဖူးပါ။ သူနေသည့်နိုင်ငံကို အုပ်ချုပ်မင်းလုပ်နေသည့်ဘုရင်မှာ မည်သူဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ မသိပါ။ သူသည် အိမ်ခြေကျဲပါးသော ရွာကလေးတွင်ပင် မွေးဖွား ခဲ့ကာ မိဘလက်ငုတ်လက်ရင်း ထင်းခုတ်သည့်အလုပ်ကိုလုပ်ရင်း လူလား မြောက်လာခဲ့သည်။ အချိန်တန်သည့်အခါ ရွာထဲမှ သူနှင့် ရွယ်တူမိန်းမ တစ်ယောက်နှင့်အိမ်ထောင်ကျခဲ့သည်။ သူသည် သူ့မယားကို ထင်းခုတ် ကျွေးမွေးခဲ့သည်။ ခုတ်ယူရရှိသောထင်းများကို မြစ်ကမ်းစပ်တွင် ဆိုက်ကပ် လာသော ထင်းလှေကြီးများသို့ ပို့ပေးခြင်းဖြင့် သူတို့စားရန် ဆန်၊ ဆီ၊ ငါးပိ စသည်များနှင့် လဲလှယ်ကြသည်။

ဤသို့ သိပ္ပံအတွေးအမြင်များ မပေါ်ထွန်းသေးသည့် ရှေးဟောင်း ကာလဖြစ်ရုံမက တောရွာဇနပုဒ်မှာပင် တစ်သက်လုံးနေထိုင်လာခဲ့သော တောသားကြီးသည် သူကြုံတွေ့နေရသောအဖြစ်အပျက်ကို မည်သို့မျှ နားမလည်နိုင်ခဲ့ချေ။

အဖမ်းဆီးခံရသောနေ့က ပြေည့်သင်သည် နေ့စဉ်အလုပ်ဖြစ်သော ထင်းခုတ်ရန်အတွက် တောထဲသို့ထွက်ခဲ့လေသည်။ မနေ့ကတစ်ဝက် ခုတ်ထစ် ထားခဲ့သော သစ်ပင်ကြီးကို အပြီးသတ် ဆက်၍ခုတ်လှဲနေခဲ့သည်။

ထိုစဉ်မှာပင် သူ့နားထဲ၌ မိန်းမသူတစ်ယောက်၏ သာယာသော အသံတစ်သံကို ကြားလိုက်ရလေသည်။ ပြေည့်သင်က အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ ချောမောလှပသော မိန်းမသူတစ်ယောက်ကို တွေ့မြင် လိုက်ရလေ၏။ မိန်းမသူကို မြင်လိုက်သည့်အခါ ပြေည့်သင်သည် အံ့ဩသွား မိကာ စိတ်တွင်း၌ ကြည်နူးချမ်းမြေ့၍လည်း သွားခဲ့လေသည်။ မိန်းမသူသည် နန်းတွင်းသူများကဲ့သို့ ဝတ်စားဆင်ယင်ထားကာ နှစ်လိုဖွယ်အဆင်းနှင့် ပြည့်စုံ သည်။ ပြေည့်သင်က မိန်းမသူကိုကြည့်၍ တောစောင့်နတ်သမီးများ ကိုယ်ထင် ပြလေသလောဟု ထင်မိလေသည်။

နတ်သမီးလေးက သူ့ကိုလိုက်ခဲ့ရန်ခေါ်၍ နောက်ပြန်လှည့်သွားသည့် အခါ ပြေည့်သင်သည် လက်ထဲမှပုဆိန်ကိုပစ်ချကာ မိန်းမသူနောက်သို့ လိုက် ပါခဲ့လေသည်။

နတ်သမီးကဲ့သို့သော မိန်းမသူသည် နောက်ပြန်လှည့်ကြည့်ရင်း ကြည့်ရင်းဖြင့် သူ့ကိုခေါ်ငင်သွားခဲ့ရာ မည်သည့်အရာမှန်းမသိသော အရာကြီး တစ်ခုသို့ တက်ရောက်သွားသည်အထိပင်။ ထိုအရာကြီးသည် နေရောင်အောက် တွင် ပြောင်ချောဝင်းလက်နေကာ ပြားပြားဝိုင်းဝိုင်းသဏ္ဍာန်မျိုး ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



(အခြားသောဂြိုဟ်သားများ စီးနင်းလာသည့် ပန်းကန်ပြားပျံဆိုသော ယာဉ်မျိုးဖြစ်ကြောင်းကို ပြေည့်သင်၏ဉာဏ်ရည်ဖြင့် မတွေးခေါ်နိုင်ခဲ့ချေ။)

ထိုအခါမှပင် ပြေည့်သင်သည် သတိတရားဝင်လာကာ ဆင်ခြင်ကြည့်မိလေတော့၏။ မိန်းမသူသည် လူစင်စစ်မှဟုတ်ပါ၏လော၊ မကောင်းဆိုးဝါးများ လူယောင်ဖန်ဆင်းထားခြင်းလော။ တောင်၏ပရိယာယ်ကား နက်ရှိုင်းလှသည် မဟုတ်ပါလား။

မိန်းမသူကလေးက သူမ တက်ရောက်သွားသောအရာကြီးပေါ်မှ သူ့အား လက်ယပ်၍ခေါ်နေပေသည်။ ထိုအခါ သူသည် ဘာမျှစဉ်းစားမနေအားတော့ဘဲ ဆွဲဆောင်မှုရှိသော မိန်းမသူလေး တက်ရောက်သွားသည့် အရာကြီးပေါ်သို့ လိုက်၍တက်သွားမိလေတော့သည်။

ထိုအချိန်မှစ၍ သူသည် ထောင်ချောက်ထဲသို့ ကျရောက်သွားခြင်းဖြစ်ကြောင်း နောင်မှသိရလေတော့သည်။

၅

မိန်းမသူ တက်ရောက်သွားသောအပေါ်သို့ ပြေည့်သင်ရောက်သည်နှင့် အတွင်းသို့ ထူးဆန်းသောသတ္တဝါငယ်လေးများ ဝင်ရောက်လာကြလေသည်။

ထိုသတ္တဝါလေးများကို မြင်သည်နှင့် သူသည်ရွံရှာစက်ဆုပ်ခြင်းနှင့်အတူ အသည်းတုန်အူတုန် ခံစားလိုက်ရလေသည်။ သတ္တဝါလေးများသည် သူ၏တစ်ဝက်ခန့်သာ ကြီးမားကာ သူတို့သဏ္ဌာန်သည် ကြက်ဥကိုတုတ်ချောင်းလေးချောင်းတပ်ထားသည့် ပုံစံမျိုးဖြစ်ပေ၏။ ကြက်ဥလို ဖြူဖြူအလုံးကြီးပေါ်မှ ပါးစပ်၊ မျက်လုံးနှင့် နှာခေါင်းပေါက်များကို ကြည့်ရသည်မှာ အသည်းယားဖွယ်၊ အော်ဂလီဆန်ဖွယ် ကောင်းလှပေသည်။ မှင်စာလေးများပါတကား။

ပြေည့်သင်က အဖြစ်အပျက်ကို နားမလည်နိုင်စွာ မှင်တက်မိနေခိုက်တွင် မှင်စာလေးများသည် တံခါးကိုပိတ်လိုက်ကာ လှုပ်ရှားမှုကင်းမဲ့ပြီး သက်မဲ့အရုပ်လိုဖြစ်နေသော မိန်းမသူကို ပြတင်းမှပစ်ချလိုက်ကြလေ၏။

"ဘာလဲ ... ဘာလဲ၊ ဘာဖြစ်တာလဲ။ မင်းတို့က ဘယ်သူတွေလဲ အလို ..."



www.burmeseclassic.com

www.burmeseclassic.com



မှင်စာလေးများက သူ့အမေးကို ပြန်မဖြေဘဲ သူ့တစ်ကိုယ်လုံးကို ဝါယာကြိုးသေးမျှင်မျှင်လေးဖြင့် ရစ်ပတ်လိုက်ကြလေသည်။ သူသည် ခဏချင်းမှာပင် မလှုပ်နိုင်အောင် တုပ်နှောင်ခံရပြီး ဖြစ်သွားလေ၏။

တစ်ပြိုင်တည်းမှာပင် သူရောက်ရှိနေသောအရာကြီးမှာ လှုပ်ခနဲဖြစ်သွားပြီး မြေပြင်ပေါ်မှ ကြွတက်သွားသည်ကို တွေ့လိုက်ရလေ၏။ ထိုအရာကြီးသည် လျင်မြန်သောအရှိန်ဖြင့် မြေပေါ်မှကြွတက်လိုက်ရာ ခဏချင်းမှာပင် မိုးကောင်းကင်ပေါ်သို့ ရောက်ရှိသွားလေ၏။



သို့ရာတွင် လျောင်ချိုင့်သည်လေးဇတ် လေးတာန်မှ ကြည့်လို့ရအောင် သံဆန်ခါ အနှ့ တာထားလေရာ တစ်ယောတ်တာ လျှာနှင့် လိုတ်တို့၍ ပြေည့်သင်တာ တစ်ဇတ်ဆောင့်သို့ တဝ်ဖြီး ရှောင်နေလျှင် နောတ်တစ်ယောတ်တာ ရှောင်သည့်ဘတ်သို့ လိုတ်လာတာ လျှာဖြင့်တို့ဖြန်သည်။

ပြေည့်သင်က အသည်းတအေးအေး ရင်တဖိုဖို ခံစားလိုက်ရလေသည်။

ပြေည့်သင်သည် ယာဉ်ပြတင်းပေါက်မှ မြင်နေရသော မြင်ကွင်းအရ သူနေထိုင်ရာ တောတန်းသည် သူ့အောက်ဘက်ဆီတွင် ဝေး၍ဝေး၍ ကျန်ခဲ့သည်ကို တွေ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဟင် . . . ဘယ်လိုဖြစ်တာလဲ။ သင်တို့က ခုနက မိန်းမသူကို မြေပေါ် ဘာကြောင့်ပစ်ချလိုက်တာလဲဟင်။ သင်တို့ ရက်စက်လှချည်လား။ သူ့ခမျာ နာကျင်သွားမှာပေါ့"

သူမေးသည်များကို မှင်စာကောင်လေးများက ပြန်မဖြေကြချေ။ သူ့ကိုကြည့်၍ ရယ်မောနေကြလေ၏။

ဟုတ်သည်။ ရယ်မောနေခြင်းပဲ ဖြစ်လိမ့်မည်။ တကွဲကွဲအသံလေးများ ထွက်ကာ ပါးစပ်များဖြဲလျက် ကိုယ်လုံးကိုလှုပ်ယမ်းရင်း ရှင်မြူးနေကြပုံမှာ ရယ်မောနေသည့်သဏ္ဌာန်မျိုးပဲ ဖြစ်သည်။

မှင်စာလေးများက သူ့ကိုကြည့်၍ စကားတွေတစ်ယောက်တစ်ပေါက် ဝိုင်းပြောကြရာ ပြေည့်သင်နားထဲတွင် ကွိကွိကွကွ–ကွက်ကွက်ကွတ်ကွတ်ဆိုသောအသံကိုသာ ကြားရလေသည်။

"သင်တို့ကား အသူများနည်း။ အကျွန်ုပ်ကို ဘာကြောင့် ဖမ်းဆီးခေါ်ဆောင်လာသနည်း။ အသင်တို့သည် မကောင်းဆိုးဝါးနာနာဘာဝများမဟုတ်လော"

သူမေးသည့်စကားများကို မည်သူကမျှ နားလည်ပုံမရပါချေ။

ယာဉ်သည်လျှင်မြန်စွာ ရွေ့လျားနေရာ သူနေထိုင်ခဲ့ရာ မြေကမ္ဘာကြီးကို မြင်တွေ့နိုင်ခြင်းပင် မရှိတော့ချေ။

သည်အခါတွင် ပြေည့်သင်က တွေးမိလေ၏။

သူ့ကို ဆောင်ယူလာသောအရာကြီးမှာ ယာဉ်ပျံကြီးတစ်စီးဖြစ်ကြောင်း သိလိုက်သည်။ ယာဉ်ပျံကြီးသည် မိုးကောင်းကင်အထက်သို့ ဦးတည်ရွေ့လျားနေသည်ကိုလည်း တွေ့နေရသည်။ ထိုအခါ သူ့ကို ကောင်းကင်ဘုံအထက်မှ နတ်ပြည်သို့ ခေါ်ဆောင်သွားနေခြင်းဖြစ်မည်ဟု သူကတွေးမိလေ၏။ အထက်ကောင်းကင်တွင် နတ်ပြည်ရှိသည်ဟု ဘုန်းတော်ကြီးများက ဟောကြားထားသည် မဟုတ်လော။

သူသည် ကောင်းမှုကုသိုလ် မည်မည်ရရမလုပ်ရဘဲနှင့် နတ်ပြည်ကိုလားရပေတော့မည်။ နတ်ပြည်သို့ခေါ်ဆောင်သောယာဉ်မှာလည်း ဘုန်းတော်ကြီးများ ဟောကြားသည့်အတိုင်းလည်းမဟုတ်။ ဘုရားကျောင်းဆောင်များတွင် ရေးဆွဲထားသည့်ပုံများနှင့်လည်းမတူ။ တန်တော့ ဘုန်းတော်ကြီးများပန်းချီအရုပ်ဖြင့် သရုပ်ဖော်သူများသည် နတ်ပြည်ကို တကယ်မရောက်ဖူးဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဟောကြားသရုပ်ဖော်နေကြခြင်းသာ ဖြစ်လေမည်။ ယခု နတ်ပြည်သို့ ခေါ်ဆောင်ခံနေရသောသူသည် နတ်ပြည်သို့သွားသောယာဉ်မှာ ပန်းချီကားထဲမှ ပန်းရထားကဲ့သို့မဟုတ်ကြောင်း မျက်ဝါးထင်ထင်တွေ့နေရလေပြီ။ ဒါကို လူတွေသိအောင် သူကပြောပြချင်လှ၏။

သူ့ကို ပန်းရထားနှင့်မတူသော နတ်ပြည်သွားယာဉ်ဖြင့် ခေါ်ဆောင်လာသော သူများသည် စင်စစ် နာနာဘာဝများမဟုတ်ပေ။ နတ်ပြက်ကလေးတွေ၊ နတ်သေးသေးလေးတွေ ဖြစ်လိမ့်မည်။ မာတလိဆိုတဲ့ နတ်ကလေးတွေ ထင်ပါရဲ့ဟု ပြေည့်သင်က တွေးမိလေ၏။

နတ်ပြည်ကို ရောက်ရတော့မည်ဆိုသည့်အခါ ပြေည့်သင်သည် အိမ်မှာ ကျန်ရစ်ခဲ့သောဇနီးသည် အိုချစ်ဆုံကို သတိရမိလေသည်။ အိုချစ်ဆုံ တစ်ယောက် ယခုအချိန်ဆိုလျှင် ထမင်းတောင်းလေးကိုရွက်၍ သူ့ကို ထမင်းလာပို့နေပေရော့မည်။ တောတန်းထဲတွင် သူ့ကိုရှာမတွေ့လျှင် မယားသည် အိုချစ်ဆုံ ငိုယို၍များနေရှာလေမလား။ အိုချစ်ဆုံရေ၊ မင်းလင်တော်မောင် အရှင်လတ်လတ် နတ်ပြည်ရောက်ရတဲ့အတွက် ဝမ်းသာလိုက်ပါတော့ရှင်မရေ။

သူ နတ်ပြည်ရောက်နေကြောင်းကို အိုချစ်ဆုံသိအောင် အိပ်မက်ပေး၍ ပြောရဦးမည်။ အိပ်မက်ပေးသည့်အခါ နတ်ပြည်သွားယာဉ်သည် ပန်းချီကားထဲကပန်းရထားနှင့် မတူကြောင်းကိုလည်း ထည့်ပြောရမည်။ သူနှင့် အိုချစ်ဆုံ ညားကြသည်မှာ မကြာသေး။ သားသမီးများလည်း မထွန်းကားသေးချေ။ အိုချစ်ဆုံအသက်မှာ ငယ်ငယ်ပဲရှိသေးသည်။ သူ နတ်ဖြစ်သွားတဲ့နောက်ပိုင်း နောက်အိမ်ထောင်ပြုချင်လည်းပြုပါဟု အိပ်မက်ပေးရင်း ပြောလိုက်ဦးမည်။ သူ့အတွက်ကတော့ နတ်သမီးတွေ အယောက်တစ်ထောင်ထောင် နတ်ပြည်ကစောင့်နေမှာဆိုတော့ အကြောင်းမဟုတ်။ နတ်ပြည်မှာ နတ်သမီး တစ်ဖက်ငါးရာနဲ့ စံစားရတာဆိုတော့ အယောက်တစ်ထောင်တောင် ပဲပေါ့။ အိုချစ်ဆုံကို သဝန်တိုမနေတော့ပါ။ ကိုယ်က နတ်သမီးတစ်ထောင်နဲ့ ပျော်ပါးနေချိန်မှာ သူလည်း လင်တစ်ယောက်တော့ ထပ်ယူပါစေတော့။ အိပ်မက်ပေးရင်း နောက်လင်ယူဖို့ခွင့်ပြုကြောင်း ထည့်ပြောလိုက်တော့မည်။

သူက ထိုသို့တွေးတောနေသော်လည်း နတ်ပြည်သို့ သူ့ကိုဆောင်သွားနေသည့် နတ်ပြက်ကလေးများက သူ့ကို နတ်သားလောင်းလျာ တစ်ယောက်လို မဆက်ဆံသည့်အတွက်မူ သူ အံ့သြရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၊ နတ်ပြက်ကလေးများက သူ့ကို ကြိုးသေးသေးလေးနှင့် ချုပ်နှောင်ထားသည်၊ အစာကျွေးတော့လည်း သူတို့စားသည့် အနက်ရောင် ဖျော့တွဲ့တွဲ့ အတုံးလေးတစ်တုံးကိုပဲ ကျွေးသည်။ ထိုအရာသည် နတ်သုဒ္ဓါတော့ မဖြစ်နိုင်ချေ။ သူ့ပါးစပ်ထဲ၌ ဘာအရသာမျှ ရှာမတွေ့ဘဲ လျှောဝင်သွားလေ သည်။ ဆာလောင်မှု လျော့ပါးသွားတာတော့သေချာ၏။ နတ်ပြက်ကလေး တစ်ယောက်က ထိုမည်းမည်းအတုံးလေးကို သူ့လက်သေးသေးလေးဖြင့် ကိုင် ကာ သူ့ပါးစပ်ထဲသို့ ထိုးသွင်းပေး၍စားရခြင်း ဖြစ်သည်။

နတ်ပြက်ကလေးတွေ စားပုံသောက်ပုံကိုလည်း ကြည့်ပါဦး။ သူတို့၏ လျှာများသည် သေးမျှင်၍ ရှည်လျားလှသောလျှာများ ဖြစ်လေသည်။ လျှာကို အစွမ်းကုန်ထုတ်လိုက်လျှင် လျှာသည် သူတို့အရပ်ထက်ပင် ပို၍ရှည်သည်ကို တွေ့ရပေ၏။ သူတို့က အစာတုံးမည်းမည်းကို လျှာရှည်ရှည်ဖြင့် ရစ်ပတ်ကာ လျှာကိုပါးစပ်ထဲ ပြန်ထည့်၍ မျိုသွင်းကြခြင်းဖြစ်သည်။ ကပ်စေးစေး ပျစ်ချွဲချွဲ လျှာ ရှည်မျော့မျော့လေးများကို ကြည့်၍ ပြည့်သင် အသည်းယားနေမိသည်။ နတ်ပြက်ကလေးများကို ကြည့်ရသည်မှာ အသည်းယားစရာ အော်ဂလီဆန် စရာ ကောင်းလှလေသည်။ သူ့လက်များသာ လွတ်လပ်နေပါက နတ်ပြက် ကလေးများကို စိတ်ရှိလက်ရှိ ဆုပ်ညှစ်ထုနှက်ပစ်မိမှာ သေချာလေသည်။ သူ၏သန်မာသောလက်ကြီးများနှင့်သာ ရိုက်နှက်ဖွဲ့ချေပစ်လိုက်လျှင် နတ်ပြက် ကလေးတွေ တစ်စစီကြေမွပွဲကြေသွားမှာလည်း သေချာလေသည်။ ဒါကြောင့် လည်း သူတို့က သူ့ကို ကြိုးဖြင့်ချုပ်နှောင်ထားခြင်း ဖြစ်လိမ့်မည်။

နတ်ပြည်ရောက်ရင်တော့ နတ်ပြက်ကလေးများ ဆိုးဝါးပုံကို တင်ပြ ၍ တိုင်တန်းရပေလိမ့်မည်။ ဟိုမှာရှိတဲ့ အကြီးဆုံး နတ်အကြီးအကဲကြီးကိုပေါ့။

ပန်းရထားမဟုတ်သော နတ်ပြည်သွားယာဉ်သည် တစ်ရက်ပြီး တစ်ရက် အချိန်များစွာကုန်လွန်ကာ လျင်မြန်သောအရှိန်အဟုန်ဖြင့် နတ်ပြည် သို့ သွားလျက်ရှိလေသည်။ ပြည့်သင်သည် ပြင်ပမှတိမ်တိုက်များ မြူခိုးများကို ရိပ်ခနဲ–ရိပ်ခနဲမြင်နေရသည်။ အခြားမြင်ရသော ဂြိုဟ်နက္ခတ်တာရာများ၊ ကြယ်များ၊ အာကာသတွင်းနက်ကြီးများကိုမူ မည်သည့်အရာများဖြစ်ကြောင်း သူနားမလည်ပေ။

သူနေထိုင်ခဲ့ရာ ကမ္ဘာမြေကြီးကိုပင် လုံးဝန်းသော အရာကြီးတစ်ခု ဖြစ်ကြောင်း မသိရှာသော ပြည့်သင်သည် အာကာသထဲမှ ထိုအရာများကို



www.burmeseclassic.com

www.burmeseclassic.com



နားမလည်သည်မှာ မဆန်းလှပေ။ သူသာမဟုတ်။ သူနှင့်အတူ ကမ္ဘာပေါ်တွင် နေထိုင်ခဲ့သော လူသားများအားလုံးပင် ကမ္ဘာကြီး လုံးကြောင်းကို မသိသေးသည့်အချိန် ဖြစ်ပေသည်။ စကြဝဠာအတွင်းရှိ အခြားသောဂြိုဟ်များ၌ လူကဲ့သို့သော သက်ရှိသတ္တဝါများ နေထိုင်လျက်ရှိကြောင်းကိုလည်း မည်သည့်လူသားမှ စိတ်ကူးဖြင့်ပင် ယဉ်မကြည့်ဖူးကြသေးပေ။

ဇ ရာစုလူသားပြေည့်သင်သည် သူ့ကို လူသားများထက်စောပြီး သိပ္ပံပညာထွန်းကားသော အခြားဂြိုဟ်မှဂြိုဟ်သားများက တိရစ္ဆာန်တစ်ကောင်အဖြစ် သတ်မှတ်ကာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း လုံးလုံးမသိရှာပေ။ သူက ခရီးစဉ်ဆုံးသည်နှင့် နတ်ပြည်သို့ရောက်ရှိကာ နတ်စည်းစိမ်ကို ခံစားရတော့မည်ဟုပင် ထင်နေရှာလေသည်။

ခရီးဆုံးသို့ရောက်သည့်အခါ သူ၏အထင်အမြင်များသည် တက်တက်စင်အောင်လွဲနေမှန်း ပြေည့်သင်သိလိုက်ရလေ၏။

ခရီးဆုံး၌ ယာဉ်ပေါ်မှဆင်းသည်နှင့် နတ်စုတ်နတ်ပြက်ကလေးများက သူ့ကို ယခင်ကထက်ပင် ပို၍ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံကြလေသည်။ သူတို့သည် အထူးသတိထားကာ ပြေည့်သင်နှင့် ခပ်လှမ်းလှမ်းမှနေ၍ ပြေည့်သင်အား ချည်နှောင်ထားသည့်ကြိုးဖြင့် ဆွဲခေါ်သွားကြလေသည်။

မြေပြင်ပေါ်၌ နတ်ပြက်ကလေးများနှင့်ပုံစံတူ ဂြိုဟ်သားများကို တစ်စုတစ်ဝေးတည်း တွေ့လိုက်ရလေသည်။ ပြေည့်သင်သည် ချောမောလှပသော ကြင်ယာတော် နတ်သမီးလေးများက ပန်းစည်းပန်းခြင်းများဖြင့် ဆောင်းသောင်းဖျဖျ ကြိုဆိုကြမည်အထင်နှင့် နတ်သမီးများကို ရှာကြည့်သော်လည်း မမြင်ရချေ။ ကြည့်လေရာရာမှာ ကြက်ဥကို တုတ်ချောင်းတပ်ထားသည့် သေတ္တာရာသတ္တဝါများကိုသာ မြင်နေရလေသည်။

ထိုသတ္တဝါများက ယာဉ်ပေါ်မှ ဆွဲချခံလာရသည့် သူ့ကိုကြည့်ကာ အံ့သြနေကြ၏။

သတင်းထောက်များက သူ့ကို ရုပ်ရှင်ရုပ်သေ ကင်မရာများဖြင့် ရိုက်ယူကြသည့်အခါ ပြေည့်သင်သည် အဖြစ်အပျက်ကိုနားမလည်နိုင်သေး။

သူ့ကိုခေါ်ဆောင်သွားရာ လမ်းတစ်လျှောက်မှ ခမ်းနားသော ဆိုက်တာ အိမ်ခြေများကို ကြည့်၍အံ့သြမိသည်။ မော်တော်ကားကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ဆွဲသည့် ကျွဲနွားမရှိဘဲ လမ်းပေါ်ပြေးသွားသည်ကိုကြည့်၍ အံ့ဩသည်။ သူ မြင်တွေ့နေရသောအရာများထဲမှ ရုပ်မြင်သံကြားများ၊ အသံဖမ်းစက်များ၊ ကွန်ပျူတာများ၊ ကင်မရာများ စသည်တို့မှာ သူ့အတွက် နားမလည်နိုင်သော ပစ္စည်းများသာ ဖြစ်လေသည်။ ကမ္ဘာပေါ်တွင် ထိုပစ္စည်းများ တီထွင်ရန် စိတ်ကူးပင် မရှိသေးသည့်ကာလဖြစ်ပေရာ ကမ္ဘာထက်များစွာစော၍ ခေတ်မီ တိုးတက်နေသော ဂြိုဟ်တစ်ခုဖြစ်ကြောင်းကိုလည်း သူမသိရှာ။

ဤနေရာသည် သူ မျှော်လင့်ထားသည့် နတ်ပြည်မဟုတ်တာက တော့ သေချာသွားလေပြီ။

ယာဉ်ပေါ်ရောက်ကတည်းက အရှက်လုံအောင် ခါးတောင်းကျိုက် ထားသော ပုဆိုးလေးကို သတ္တဝါလေးများက ဆွဲချွတ်ဆုတ်ဖြဲပစ်လိုက်၍ သူသည် ကိုယ်လုံးတီးဖြစ်နေလေသည်။ မိမိနှင့်မျိုးတူ လူတစ်ယောက်မျှ မရှိသော်လည်း ကိုယ်တုံးလုံးချွတ်ကြီးဖြစ်နေ၍ သူသည် မနေတတ်မထိုင် တတ်ဘဲ ရှက်နေလေ၏။

သတ္တဝါငယ်များကတော့ မည်သူမျှ အဝတ်အစား ဝတ်မထားကြ ပါပေ။

ဘုရားရေ၊ ဒါဟာ အသူရကာယ်ဘုံများလား၊ ပြိတ္တာဘုံများလား၊ မှင်စာတို့၏တိုင်းပြည်လား။

ငရဲတော့မဟုတ်တန်ရာ။ ငရဲဆိုလျှင် မြေအောက်နက်ရှိုင်းသော နေရာ၌ ရှိရမည်။ သူ့ကိုယာဉ်ပျံကြီးနှင့် ခေါ်ဆောင်လာသော့နေရာမှာ အမြင့်တစ်နေရာဖြစ်၍ ငရဲမဟုတ်နိုင်။

သို့ရာတွင် ငရဲမဟုတ်သောနေရာ၌ ငရဲကျသကဲ့သို့ စိတ်ပျက်တုန် လှုပ်စရာများကို မကြာခင်မှာပင် သူ ကြုံရလေ၏။

ဘုမ္မိဂြိုဟ်သားများက သတင်းစာရှင်းလင်းပွဲ ပြီးသည်နှင့် သူ့ကို တိရစ္ဆာန်ရုံထဲသို့ ပို့လိုက်ကြလေသည်။

နောက်တစ်နေ့တွင် တိရစ္ဆာန်ရုံသို့ ဘုမ္မိဂြိုဟ်သား အရွယ်အစား ပေါင်းစုံ ရောက်ရှိလာကာ လူဆိုသောတိရစ္ဆာန်ကြီးကို ကြိတ်ကြိတ်တိုးလာ၍ ကြည့်ကြလေသည်။





တိရစ္ဆာန်ရုံသို့ လာရောက်သည့်ပရိသတ် များပြားလွန်းသည့်အတွက် လက်မှတ်ရုံပေါက်တွင် တန်းစီစောင့်ကြရလေသည်။ တန်းစီစောင့်နေသူ များလွန်းလှပေရာ တိရစ္ဆာန်အသစ်ကြီးကို နာရီဝက်လျှင် တစ်သုတ်စီသာ ကြည့်ခွင့်ပေးပြီး လူသားကြီးလှောင်ထားရာ လှောင်ချိုင့်ရှေ့မှ မနည်းမောင်း ထုတ်ရလေသည်။

ဒါတောင်မှပင် လူတိရစ္ဆာန်ကြီးကို ကြည့်ရှုလိုသူများ စုပြုံ၍ ရောက်ရှိလာရာ လက်မှတ်ရုံကို ပိတ်ပစ်လိုက်ရလေ၏။ မကြုံစဖူး လက်မှတ် မှောင်ခိုများပင် ပေါ်ပေါက်ခဲ့ရလေသည်။ တိရစ္ဆာန်ရုံသို့ လာရောက်သူအားလုံး မှာ အခြားတိရစ္ဆာန်များ၏ လှောင်အိမ်များအနီးသို့ မသွားကြ။ ထိုတိရစ္ဆာန်များ မှာ သူတို့အတွက် ကြည့်ရတာရိုးနေပြီ။ လူဆိုသော အကောင်အသစ်ကြီး ကိုသာ သူတို့ စိတ်ဝင်စားကြသည်။

လူအကောင်ကြီးမှာ သူတို့ဂြိုဟ်သားများထက် ၂ ဆပိုကြီးမားပြီး သန်လည်းသန်မာကြ၍ သံဆန်ခါနှစ်ထပ်ကာ၍ ထားကြလေသည်။ ဂြိုဟ်သား တစ်ယောက်ယောက်ကို လက်နှင့်ဖမ်းဆုပ်မိပါက လူကောင်ကြီး ချေမွပစ်လိုက်တာနှင့် ကြေမွသွားနိုင်သောကြောင့် လူကောင်ကြီး လက်လှမ်း မမီနိုင်စေရန် သံဆန်ခါနှစ်ထပ်ဖြင့် လှောင်ချိုင့်ကို စီမံထားရခြင်း ဖြစ်လေ သည်။

လူကောင်ကြီးက စိတ်ပျက်လက်ပျက်အမူအရာဖြင့် လှောင်ချိုင့်ထဲ တွင် ထိုင်နေသည့်အခါ ကလေးများကမချင့်မရဲ ဖြစ်လာကြသည်။ ထိုအခါ လူကောင်ကြီးဆီသို့ ခဲများနှင့် ပစ်ပေါက်ကြလေ၏။

"သင်တို့ ရိုင်းပျလှပါချေကလား။ အကျွန်ုပ်မှာ ဘာအပြစ်ရှိ၍ ခဲနှင့် ပေါက်သနည်း။ အဘယ်ကြောင့် အကျွန်ုပ်ကို ဖမ်းချုပ်ထားကြသနည်း"

လူကောင်ကြီးက စိတ်ဆိုးမာန်ဆိုးအော်ဟစ်လိုက်သည့်အခါ ဂြိုဟ် သား ကလေးငယ်များ သဘောကျသွားကြလေသည်။

"လူကောင်ကြီး အော်တယ်ဟေ့ ... အော်တယ်"

"သူထပ်အော်အောင် ခဲနဲ့ ထပ်ပစ်ကြရအောင်ဟေ့"

ကလေးများက လူကောင်ကြီးအား ခဲများဖြင့် အဆက်မပြတ် ပေါက်ကြလေသည်။ တုတ်ချောင်းများဖြင့် ပစ်ပေါက်ကြသည်။ တုတ်ချောင်း ရှည်များဖြင့် သူ့ကိုယ်လုံးကို ထိုးဆွကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်ရုံသို့ လာရောက်သည့်ပရိသတ် များပြားလွန်းသည့်အတွက် လက်မှတ်ရုံပေါက်တွင် တန်းစီစောင့်ကြရလေသည်။ တန်းစီစောင့်နေသူများလွန်းလှပေရာ တိရစ္ဆာန်အသစ်ကြီးကို နာရီဝက်လျှင် တစ်သုတ်စီသာ ကြည့်ခွင့်ပေးပြီး လူသားကြီးလှောင်ထားရာ လှောင်ချိုင့်ရှေ့မှ မနည်းမောင်း ထုတ်ရလေသည်။

ဒါတောင်မှပင် လူတိရစ္ဆာန်ကြီးကို ကြည့်ရှုလိုသူများ စုပြုံ၍ ရောက်ရှိလာရာ လက်မှတ်ရုံကို ပိတ်ပစ်လိုက်ရလေ၏။ မကြုံစဖူး လက်မှတ် မှောင်ခိုများပင် ပေါ်ပေါက်ခဲ့ရလေသည်။ တိရစ္ဆာန်ရုံသို့ လာရောက်သူအားလုံး မှာ အခြားတိရစ္ဆာန်များ၏ လှောင်အိမ်များအနီးသို့ မသွားကြ။ ထိုတိရစ္ဆာန်များ မှာ သူတို့အတွက် ကြည့်ရတာရိုးနေပြီ။ လူဆိုသော အကောင်အသစ်ကြီး ကိုသာ သူတို့ စိတ်ဝင်စားကြသည်။

လူအကောင်ကြီးမှာ သူတို့ဂြိုဟ်သားများထက် ၂ ဆပိုကြီးမားပြီး သန်လည်းသန်မာကြ၍ သံဆန်ခါနှစ်ထပ်ကာ၍ ထားကြလေသည်။ ဂြိုဟ်သား တစ်ယောက်ယောက်ကို လက်နှင့်ဖမ်းဆုပ်မိပါက လူကောင်ကြီး ချေမွပစ်လိုက်တာနှင့် ကြေမွသွားနိုင်သောကြောင့် လူကောင်ကြီး လက်လှမ်း မမီနိုင်စေရန် သံဆန်ခါနှစ်ထပ်ဖြင့် လှောင်ချိုင့်ကို စီမံထားရခြင်း ဖြစ်လေ သည်။

လူကောင်ကြီးက စိတ်ပျက်လက်ပျက်အမူအရာဖြင့် လှောင်ချိုင့်ထဲ တွင် ထိုင်နေသည့်အခါ ကလေးများကမချင့်မရဲ ဖြစ်လာကြသည်။ ထိုအခါ လူကောင်ကြီးဆီသို့ ခဲများနှင့် ပစ်ပေါက်ကြလေ၏။

"သင်တို့ ရိုင်းပျလှပါချေကလား။ အကျွန်ုပ်မှာ ဘာအပြစ်ရှိ၍ ခဲနှင့် ပေါက်သနည်း။ အဘယ်ကြောင့် အကျွန်ုပ်ကို ဖမ်းချုပ်ထားကြသနည်း"

လူကောင်ကြီးက စိတ်ဆိုးမာန်ဆိုးအော်ဟစ်လိုက်သည့်အခါ ဂြိုဟ် သား ကလေးငယ်များ သဘောကျသွားကြလေသည်။

"လူကောင်ကြီး အော်တယ်ဟေ့ ... အော်တယ်"

"သူထပ်အော်အောင် ခဲနဲ့ ထပ်ပစ်ကြရအောင်ဟေ့"

ကလေးများက လူကောင်ကြီးအား ခဲများဖြင့် အဆက်မပြတ် ပစ်ခတ်ကြလေသည်။ တုတ်ချောင်းများဖြင့် ပစ်ပေါက်ကြသည်။ ဓားတံချောင်း ရှည်များဖြင့် သူ့ကိုယ်လုံးကို ထိုးဆွကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . မိမဆုံးမ ဖမဆုံးမကလေးတွေ၊ တိရစ္ဆာန်တွေ၊ အောက်တန်းစားတွေ"

လူကောင်ကြီးကလည်း သည်းမခံနိုင်သည့်အဆုံး သူ့ဘာသာဖြင့် ဆဲရေးတိုင်းထွာလေသည်။

ဂြိုဟ်သားများကလည်း ဆဲလို့ဆဲမှန်းမသိ။ လူကောင်ကြီး ဒေါသူပုန်ထ၍ အော်သည်ကို သဘောကျကာ ခဲများနှင့်ထပ်ပစ်ကြပြန်သည်။ တုတ်များဖြင့် ထိုးကြပြန်သည်။

တိရစ္ဆာန်ရုံသည် လူကောင်ကြီးကြောင့် စည်ကားသိုက်မြိုက်နေလေ၏။

ပြေည့်သင်သည် သူ့အဖြစ်သူ ယခုထိပင် နားမလည်နိုင်အောင် ဖြစ်နေလေသည်။

သူ့ကိုဖမ်းဆီးခေါ်ဆောင်လာသူများက ဘာအပြစ်ကြောင့် ဖမ်းဆီးလာကြသနည်း။ သူရောက်နေသောဘုံဌာနသည် မည်သို့သောနေရာနည်း။

သူ့ကို သံဆန်ခါနှစ်ထပ်ကာထားသော လှောင်ချိုင့်ထဲ၌ထားသည်။ သံလှောင်ချိုင့်သည်ခိုင်ခန့်လှပြီး လေးဘက်လေးတန်မှ မြင်သာအောင် လုပ်ထားလေသည်။

မနက်မိုးလင်းသည်နှင့် သူရှိသောနေရာသို့ နတ်ပြက်ကလေးများဟု သူထင်ထားသော သတ္တဝါငယ်လေးများရောက်လာကာ သူ့ကို ဝိုင်းဝန်းကြည့်ရှုကြလေသည်။

သူ့ကိုထားသည့်လှောင်ချိုင့်သည် တောင်ကုန်းကလေးထိပ်တွင်ရှိပြီး သူသည် အခြားသောလှောင်ချိုင့်များကိုလည်း သူ့လှောင်ချိုင့်ထဲမှ မြင်တွေ့နေရလေ၏။ လှောင်ချိုင့်များထဲတွင် ဘာမှန်းမသိသော အရွယ်အစားစုံ၊ အမျိုးအစား ကွဲပြားသောသတ္တဝါများကို သူ မြင်နေရပါ၏။ ထိုသတ္တဝါများကိုလည်း သူ ယခင်က မမြင်ဖူးခဲ့ပါချေ။

သူ့လှောင်ချိုင့်၏ ညာဘက်ဘေးလှောင်ချိုင့်ထဲတွင် ခေါင်းသုံးလုံးနှင့် ခြေလေးချောင်းပါသော သတ္တဝါကြီးတစ်ကောင်ကို တွေ့ရသည်။ ဘယ်ဘက်ခပ်လှမ်းလှမ်းတွင် မြွေကြီးတစ်ကောင်ကို တွေ့ရ၏။ သို့ရာတွင် ၎င်းအကောင်ကြီးကို မြွေဟုလည်း ပြောလို့မရချေ။ သူ့မှာ ခြေထောက်များပါနေသည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖြစ်ပါ၏။ သူနှင့်ခပ်လှမ်းလှမ်း၌ ကြီးမားသောလှောင်ချိုင့်ကြီး ရှိနေကာ ထိုအထဲ၌ အတောင်ပံပါ၍ ပျံနိုင်သောသတ္တဝါပေါင်းစုံ ထည့်လှောင်ထားသည်ကို တွေ့ရလေသည်။ လှောင်ချိုင့်ထဲမှ သတ္တဝါများမှာ အတောင်ပံပါ၍ ငှက်ဟု ဆိုနိုင်သော်လည်း သူတွေ့ဖူးသော ငှက်မျိုးများ မဟုတ်ပါပေ။

ပြည့်သင် စိတ်အဝင်စားမိဆုံးမှာ သူ့မျက်စိတစ်ဆုံးခန့်တွင် ရှိနေသော လှောင်ချိုင့်တစ်ခု ဖြစ်ပါသည်။ ထိုလှောင်ချိုင့်ထဲတွင် သူကဲ့သို့ လူသုံးယောက်ကို ထည့်လှောင်ထားသည်ကို မြင်နေရသည့်အတွက် ဖြစ်ပါသည်။ သို့ရာတွင် ထိုလူများမှာ လက်လေးဖက်ရှိနေပါ၏။ မည်သို့ဆိုစေ သူတို့သည် မိမိနှင့် သွင်ပြင်သဏ္ဌာန်အတူဆုံး သတ္တဝါများဖြစ်လေသည်။ သူတို့ကလည်း မိမိကို စိတ်ဝင်စားစွာ လှမ်းကြည့်အကဲခတ်နေသည်ကို ပြည့်သင် တွေ့ရသည်။ ညပိုင်းများတွင် ထိုလူသုံးယောက်ထံမှ အသံများကြားရသည်။ ပြည့်သင် စိတ်အထင် သူ့ကို လှမ်း၍စကားပြောနေသည်ဟု ထင်မိ၏။ သို့သော် သူတို့ လှမ်းအော်ပြောသောစကားများကို ပြည့်သင် နားမလည်ပါ။

ပြည့်သင်ကလည်း "အကျွန်ုပ်ဟာ လူတစ်ယောက်ဖြစ်ပါတယ်။ ဒီကအကောင်တွေက အကျွန်ုပ်ကို ဖမ်းဆီးလာခြင်းဖြစ်ပါတယ်။ သင်တို့ အကျွန်ုပ်ကို ကယ်နိုင်ပါမည်လား။ သင်တို့သည်ကော မည်သူများ ဖြစ်ကြပါသလဲ" ဟု လှမ်းအော်ကာ အကြိမ်ကြိမ် မေးမြန်း ဆက်သွယ်ကြည့်ဖူးလေသည်။ သို့သော် သူတို့သည်လည်း ပြည့်သင်စကားကို နားလည်ပုံမရ။ လှောင်ချိုင့်ချင်း နီးလျှင်ဖြင့် နီးစပ်သောသတ္တဝါအချင်းချင်း အမူအရာပြကာ ဆက်သွယ်နိုင်ကြမည်ဟု ထင်မိလေသည်။

သို့ရာတွင် မိမိတို့အားလုံးသည် ဖမ်းဆီးချုပ်နှောင်ခံထားရသော အကျဉ်းသားများချည်းဖြစ်နေ၍ လှောင်ချိုင့်ထဲမှလည်း ထွက်ခွင့်မရ၊ ဆက်သွယ်ခွင့်လည်းမကြုံ၊ တစ်ယောက်နှင့်တစ်ယောက် လှမ်းကြည့်ရင်းသာ အချိန်များကုန်လွန်လာရလေသည်။

ဂြိုဟ်သားများက ပြည့်သင်အား သူတို့စားသည့် အစားအစာမျိုး ကိုပင် ကျွေးမွေးခဲ့ကြလေသည်။ ယာဉ်ပျံပေါ်တွင်စားခဲ့ရသည့် ပျဉ်းတဲ့ခွံနှင့် အနက်ရောင်အခဲမျိုးပင် ဖြစ်သည်။ အချိန်တန်လျှင် တိရစ္ဆာန်ရုံစောင့်ဝန်ထမ်း သည် ထိုအစာတုံးတစ်တုံးကို သံချွန်ထိပ်တွင်ထိုးကာ သံချွန်ကို သူ့အနား



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်ထိ ထိုး[illegible]ပြီး အစာကျွေးတတ်သည်။ ပြည့်သင်သည် အစပိုင်းတွင် အရသာကင်းမဲ့သောထိုအစာကို မစားဘဲထားခဲ့သော်လည်း စားစရာမရှိသည့်အခါ ထိုအရာကိုပဲကိုက်ဝါးရင်းမှ ယခုအခါ ကျင့်သားရနေပေပြီ။

ပြည့်သင် ဂူအထဲရောက်ပြီး အချိန်ကြာလာသည့်အခါ ငြိုဟ်သားကလေးငယ်များက သူ့အားကြည့်ရုံ၊ ခဲနှင့်ပေါက်ရုံ၊ တုတ်နှင့်ထိုးရုံနှင့် အားမရတော့ဘဲ အမျိုးမျိုး စကြနောက်ကြရာ သူတို့အတွက် ပြည့်သင် မခံချင်အောင် ကလိလို့ရသည့် နည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိသွားကြလေတော့သည်။

သူတို့၏လျှာများမှာ အတော်ပင်ရှည်လျားကြရာ သူတို့အရပ်ထက်ပင် ပိုရှည်ကြလေ၏။ သူတို့သည် အစားအစာကို လျှာဖြင့်ရစ်ပတ်ပြီးမှ ပါးစပ်ထဲသွင်းကြသည်ကို ယာဉ်ပျံပေါ်မှာကတည်းက ပြည့်သင် တွေ့ရှိခဲ့ပြီးဖြစ်သည်။

သူတို့သည် အလိုရှိလျှင် သူတို့အရပ်ထက် သုံးပြန်လောက်အထိ ရှည်ထွက်လာအောင် လျှာကိုဆွဲထုတ်နိုင်စွမ်း ရှိကြလေသည်။ လျှာများမှာ သေးမျှင်၍ ချွဲကျိနေလေသည်။

ငြိုဟ်သားကလေးငယ်များသည် သူ့ကိုတုတ်နှင့်ထိုး၍ စကြသည်ကို အားမရဘဲ သူတို့၏လျှာများကို အစွမ်းကုန်ထုတ်ကာ ပြည့်သင်၏ကိုယ်အနှံ့ကို လိုက်၍တို့ကြလေသည်။ ပြည့်သင်သည် အသည်းယားဖွယ်ကောင်းလှသော သေးမျှင်၍ချွဲကျိသည့် လျှာသေးသေးလေးများဖြင့် သူ့ကိုယ်ကို လာထိသည်ကို မခံနိုင်ချေ။ လျှာများရန်မှ ကင်းလွတ်ရန် လှောင်ချိုင့်ထောင့်တွင် ကပ်နေရ၏။

သို့ရာတွင် လှောင်ချိုင့်သည် လေးဖက်လေးတန်မှ ကြည့်လို့ရအောင် သံဆန်ခါ အနှံ့ကာထားလေရာ တစ်ယောက်က လျှာနှင့်လိုက်တို့၍ ပြည့်သင်က တစ်ဖက်ထောင့်သို့ကပ်ပြီး ရှောင်နေလျှင် နောက်တစ်ယောက်က ရှောင်သည့်ဘက်သို့ လိုက်လာကာ လျှာဖြင့်တို့ပြန်သည်။ သည်လိုနှင့် ပြည့်သင်သည် လှောင်ချိုင့်အနှံ့ ပတ်၍ပြေးနေရလေ၏။ ပြေးရလွန်း၍ မောသည့်အခါ မတတ်နိုင်တော့ဘဲ လှောင်ချိုင့်အလယ်၌ ထိုင်နေလျှင် ကလေးများက စိမ်ပြေနပြေ သူ့ခန္ဓာကိုယ်အနှံ့ကို လျှာဖြင့်တို့ကာ ကလိကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သင်သည် စိတ်တိုတိုဖြင့် လျှာများကိုဆွဲကိုင်ကာ ဖြတ်တောက်ပစ်ဖို့ ကြိုးစားကြည့်သေးသော်လည်း သေးမျှင်လွန်းရုံမက ပျစ်ချွဲချွဲအရည်များဖြင့် ပြည့်နေသောလျှာများကို ကိုင်လို့မရပေ။ သူတို့၏လျှာများသည်လည်း လျင်မြန်လွန်းလှကာ ပြည့်သင်က ကိုင်မည်ကြံလိုက်သည်နှင့် ပါးစပ်ထဲသို့ ရှုတ်ခနဲ လျင်မြန်စွာပြန်ဝင် သွားကြလေသည်။

သည်လိုနှင့် လျှာများဖြင့်တို့၍ စကြနောက်ကြရင်းမှ တစ်ကြိမ်တွင် လျှာတစ်ချောင်းသည် ပြည့်သင်၏ ချိုင်းကြားအောက်တည့်တည့်သို့ ရောက်သွားလေ၏။ လူတို့၏ချိုင်းကြားသည် ထိလျှင်ယားတတ်ပေရာ ပျစ်ချွဲသော လျှာဖျားလေး၏ အထိအတွေ့ကြောင့် ပြည့်သင် ထွန့်ထွန့်လူးအောင် ယားယံသွားလေသည်။ သဘာဝအတိုင်းပင် မထိန်းနိုင်ဘဲ ရယ်မောလိုက်လေ၏။ ထိုအဖြစ်ကိုတွေ့ရသော ဂြိုဟ်သားကလေးငယ်သည် သဘောကျကာ ပြည့်သင်၏ ချိုင်းကြားထဲသို့ လျှာဖြင့်ထိုးဆွကာ ရယ်အောင်ပြုလုပ်လေတော့၏။

ပြည့်သင်သည် မထိန်းနိုင်အောင်ရယ်မောရင်း ကြမ်းပြင်ပေါ်၌ လူးလိမ့်နေတော့သည်။

ထိုအဖြစ်ကို တွေ့သွားသောကလေးများသည် နောင်တွင် ပြည့်သင်၏ ချိုင်းကြားနှစ်ဖက်ဆီသို့ရောက်အောင် လျှာများဖြင့်ထိုးဆွကာ ရယ်အောင် ပြုလုပ်ကြတော့သည်။

ထိုအခါမှစ၍ ပြည့်သင်သည် နေ့စဉ် ကလေးများစွာ၏ ကလိထိုးခြင်းကို ခံနေရကာ အူတက်မတတ်ရယ်မောရင်း ပျော်တော်ဆက်နေရလေတော့၏။

ချိုင်းကြားမှ နုသောအသားကို ထိုးဆွခံရ၍ သဘာဝအရ ရယ်မောနေရသော်လည်း ပြည့်သင်သည် စော်ကားခံရ၍ စိတ်တိုနေလေသည်။

ပြည့်သင်သည် အယုတ္တ၊ အနတ္တပေါင်းစုံဖြင့် ကလေးများကို ဆဲဆိုအော်ဟစ်ပစ်လိုက်သည်။ ကလေးများသည် ဆဲလို့ဆဲမှန်းမသိ၊ လူကောင်ကြီး ဒေါသထွက်နေသည်ကိုလည်း ဂရုမထား။ ဆဲဆို ဒေါသူပုန်ထနေသည်ကို ကြည့်ကာ ပို၍ပင်သဘောကျနေကြလေ၏။

ပို၍လည်း ကလိထိုးနှိပ်စက်ကြပြန်သည်။ ပြည့်သင်သည်လည်း စိတ်တိုသည့်ကြားမှ အူတက်မတတ်ရယ်မောရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုမိတ် ဒုစ်နေသော်လည်း လူကတော့ ရယ်မောနေရသည့်ဘ၀။ မည်မျှ အခံရခက်လိုက်ပါသနည်း။ တစ်ခါတစ်ရံတွင် သူသည် အူတက်မတတ်ရယ်မောရလွန်း၍ အမောဆို့ကာ အသက်ထွက်တော့မလိုပင် ဖြစ်ရလေသည်။

တိရစ္ဆာန်ရုံစောင့်ဝန်ထမ်းက ကလေးများကို လာလာဟန့်တား၍သာတော်တော့သည်။

☙

သည်လိုနှင့် ဘုမ္ဘိဂြိုဟ်သားများဖမ်းဆီးကာ တိရစ္ဆာန်အဖြစ်လှောင်ချိုင့်သွင်း ပြသခံခဲ့ရသောလူသားကြီးသည် တဖြည်းဖြည်း အချိန်ကာလ ရွေ့လျောလာသည်နှင့်အမျှ အိုမင်းရင့်ရော်လာခဲ့သည်။

လှောင်ချိုင့်အတွင်း၌လည်း သူ စွန့်ထုတ်ထားသည့်မစင်များဖြင့်ပေရေညစ်ပတ်နေလေသည်။ အစားအစာမှာ အနံ့အရသာမရှိ၍လားမသိ၊ မစင်များကလည်း နံ့စော်ခြင်းမရှိ၍ တော်ပေသေးသည်။ ရေမိုးချိုး သန့်စင်ရခြင်း မရှိ၍ သူ့တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသည်။ ဆံပင်များမှာ ရှည်လျားကာ ကျောလယ်အထိ ရှုပ်ထွေးပွေလီမ်စွာ ပြန့်ကျနေ၏။ သူသည် တိရစ္ဆာန်တစ်ကောင်နှင့် ယခုမှတူလာလေသည်။

ယခုဆိုလျှင် သူသည် သူနေထိုင်ခဲ့ရာ လူ့ပြည်လူ့ဘဝကိုလည်း သတိမရတော့။ သူ့ကိုယ်သူ ဘယ်လိုဘဝရောက်၍ ဘာဖြစ်နေသည်ကိုလည်း မဆန်းစစ်တတ်ရှာ။ လွတ်မြောက်ရာလမ်းစလည်း မရှိ။ လက်ရှိနေရာတွင်လည်း ပျော်ပိုက်ခြင်းမရှိဘဲ တကယ့်တိရစ္ဆာန်တစ်ကောင်သဖွယ် ဘဝကိုကုန်ဆုံးလွန်မြောက်ခဲ့ရလေ၏။

သူသည် မသေမချင်း ဘုမ္ဘိဂြိုဟ်သားများ စိတ်ပျော်ရွှင်မှုအတွက် ပျော်တော်ဆက်ပေးရင်းဖြင့် သေဆုံးသည်အထိ တိရစ္ဆာန်ရုံထဲ၌ပင် နေထိုင်သွားရပေတော့မည်။

☙

www.burmeseclassic.com

www.burmeseclassic.com

# စက်ရုပ်တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com

## စက်ရုပ်တစ္ဆေ

စိန်သူဌေးဦးဘိုဘိုစိန်သည် ယနေ့မနက်တွင် ကလေးတစ်ယောက်ကို ကောက်ရလာခဲ့သည်။ယနေ့မနက် သူ၏ စိန်အရောင်းခန်းမသို့ အလုပ်ဆင်းရန် အိမ်မှထွက်အလာတွင် လမ်းထိပ်အရောက်၌ ပလက်ဖောင်းပေါ်တွင် ငိုယိုနေသော အသက် ၂ နှစ်အရွယ် ကလေးလေးတစ်ယောက်ကို တွေ့ရလေသည်။ ကလေးလေးမှာ ဖြူဖြူစင်စင်နှင့် ချစ်စဖွယ်ကလေးဖြစ်ပြီး လူအများက ကလေးကို ဝိုင်းကြည့်နေကြ၏။ ကလေးချစ်တတ်ပြီး သားသမီး မရှိသောကြောင့် ကလေးရှူး ရှူးနေသူ ဦးဘိုဘိုစိန်သည် ကားကိုရပ်ကာ စုံစမ်းကြည့်ခဲ့သည်။

မနက်ခင်းစောစောကတည်းက ထိုကလေးလေးမှာ လမ်းဘေး၌ ငိုယိုနေသည်ကို တွေ့ရကြောင်း၊ မိဘများက စွန့်ပစ်ခဲ့ဟန်တူကြောင်း၊ လူသွားလူလာ ရှင်းလင်းသည့်နေရာဖြစ်၍ ကလေးမျက်စိလည်ပြီး မိဘနှင့် ကွဲသွားခြင်းမျိုး မဖြစ်နိုင်ကြောင်း ဘေးလူများက ပြောပြလေသည်။

ကလေးလေးမှာ ယောကျ်ားလေးဖြစ်ပြီး ပါးဖောင်းဖောင်း၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်နှင့် ဆံပင်လိမ်ကောက်ကောက်လေးများက ခေါင်းပေါ်ဝဲနေသော ကစားစရာအရုပ်ကလေးနှင့် တူလှလေသည်။

“ဒီလောက်သန့်ပြန့်ပြီး ချစ်စရာကောင်းတဲ့ ကလေးတစ်ယောက်ကို ဘယ်လိုမိဘမျိုးကများ စွန့်ပစ်သွားပါလိမ့်”



www.burmeseclassic.com

www.burmeseclassic.com



စိန်သူဌေးဦးဘိုဘိုစိန်က တွေးကာ ကားပေါ်မှဆင်းပြီး ကလေးကို ပွေ့ချီလိုက်သည်။

"သားသား။ သားသားမိဘတွေ ဘယ်သူလဲ"

စိန်သူဌေး ဦးဘိုဘိုစိန်က မေးကြည့်သည်။

"မသိဘူး"

"သူ စကားကောင်းကောင်း ပြောတတ်နေပြီပဲ။ သားသား ဘယ်က လာသလဲ"

"သားသား မသိဘူး"

သူ့ကို သားသား-သားသားဟု ဦးဘိုဘိုစိန်က ခေါ်သည့်အတွက် နောက်ဆုံး ပြန်ဖြေသည့်အဖြေတွင် သားသားဟု ထည့်ပြောလာသည်။

"သားသားနာမည် ဘယ်လိုခေါ်သလဲ"

"သားသားနာမည် သားသား"

ကလေးက မျက်ရည်များကို လက်ခုံနှင့် သုတ်ပစ်ရင်း ပြောလိုက်သည်။

"ခက်တာပဲ"

စိန်သူဌေးဦးဘိုဘိုစိန်က ခေါင်းကိုကုတ်လိုက်သည်။ သူချီထားသော ကလေးကို စေ့စေ့ပြန်ကြည့်လိုက်သည်။ ကလေးလေးက ချစ်စရာလေး။ [illegible]လည်း သနပ်ပြန့်ပုံရသည်။ ဘယ်လိုဖြစ်ပြီး ဒီနေရာကို တစ်ယောက်တည်း ရောက်နေပါလိမ့်။

စိန်သူဌေးဦးဘိုဘိုစိန်က ဆုံးဖြတ်ချက်ချလိုက်သည်။ ဘေးရှိလူများ ကို ပြောလိုက်သည်။

"ဒီကလေးကို လောလောဆယ် ကျွန်တော့်အိမ်ခေါ်သွားမယ်ဗျာ။ သူ့မိဘတွေ ပြန်တွေ့တဲ့အထိ ကျွန်တော် ထိန်းသိမ်းထားပါ့မယ်"

"ကောင်းပါတယ် သူဌေးမင်း၊ သူဌေးမင်းကိုယ်တိုင် တာဝန်ယူထား [illegible] စိတ်ချရတာပေါ့"

"အေးဗျာ၊ ကလေးလေးက ချစ်စရာလေးဆိုတော့ ကျုပ်လည်း [illegible] တွယ်သွားပြီ။ ကျွန်တော် ကောင်းကောင်းမွန်မွန် ထိန်းသိမ်းထား [illegible] ခင်ဗျားတို့က သက်သေပေါ့။ ပိုပြီးသေချာအောင် ဟိုလက်မှတ်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ ကျွန်တော် မှာထားခဲ့မယ်။ သူ့မိဘတွေလာစုံစမ်းရင် ကျွန်တော့်ဆီကို လမ်းညွှန်နိုင်တာပေါ့"

စိန်သူဌေးဦးဘိုဘိုစိန်က လက်ဖက်ရည်ဆိုင်ရှင်ကို တွေ့ဆုံကာ မှာကြားလိုက်၏။

"ကျွန်တော် စိန်သူဌေးဦးဘိုဘိုစိန်ပါ။ ဒီလမ်းကြားထဲက စိန်ရတနာ ခြံကြီးကပါ။ ဒီကလေးကို ကျွန်တော်ခေါ်သွားပြီး ထိန်းသိမ်းထားမလို့၊ သူ့ မိဘတွေလာစုံစမ်းရင် ကျွန်တော့်တိုက်ကြီးကိုသာ လမ်းညွှန်လိုက်ပါဗျာ"

"ဟုတ်ကဲ့ပါ သူဌေးမင်း။ သူဌေးမင်းကို ကျွန်တော် သိပါတယ်။ သူဌေးမင်းကိုယ်တိုင် ထိန်းသိမ်းထားမယ်ဆိုတော့ ကလေးအတွက် စိတ်ချရတာပေါ့။ ကလေးက မနက်လင်းကတည်းက လမ်းပေါ်မှာ ငိုနေတာခင်ဗျ"

ဒီလိုနှင့် စိန်သူဌေးဦးဘိုဘိုစိန်သည် စိန်အရောင်းခန်းမသို့ မသွားတော့ဘဲ ကလေးငယ်ကို အိမ်သို့ အားရဝမ်းသာ ခေါ်သွားလေတော့သည်။

❦

အိမ်ရောက်တော့ စိန်သူဌေးကတော် ဒေါ်ခင်မိမိစိန်ကလည်း ဆွေ့ဆွေ့ခုန်အောင် ပျော်နေလေသည်။ သူတို့လင်မယားမှာ အိမ်ထောင်သက်ကြာသည့်တိုင် ကလေးမရခဲ့ချေ။ တတ်ကျွမ်းသည့်ဆရာဝန်များ၊ ပါရဂူများကို ပြသပြီး အမျိုးမျိုး ကြိုးစားခဲ့သော်လည်း မထူးခြားခဲ့ချေ။

စိန်သူဌေးဦးဘိုဘိုစိန်နှင့် သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့မှာ စိန်လုပ်ငန်းဖြင့် ကျိကျိတက်အောင် ချမ်းသာကြွယ်ဝနကြသူများဖြစ်သည်။ သားသမီးမရှိ၍ အမွေပေးရန် အခက်ကြုံနေကြသည်။ အမျိုးတွေက သူတို့ သားသမီးများကို မွေးစားဖို့လာပေးသော်လည်း စိန်သူဌေး ဦးဘိုဘိုစိန်တို့ လင်မယားက လက်မခံချေ။ အကြောင်းသိနေသော အမျိုးများကို မမွေးစား လို။ သူတို့မွေးစားချင်တဲ့ ကလေးမျိုးက မျိုးရိုးလည်း သန့်ရမည်။ နောက်ကြောင်းလည်း ရှင်းရမည်။ လိမ္မာရေးခြားလည်း ရှိရမည်။ ဉာဏ်လည်း ကောင်းရမည်။ ကျေးဇူးလည်း သိတတ်ရမည်။ သူတို့ကိုလည်း မိရင်းဖရင်း သဖွယ် ချစ်ခင်တွယ်တာရမည်။ လိုချင်တဲ့အချက်တွေက များလွန်းတော့ မွေးစားရမယ့် စိတ်ကြိုက်ကလေး ရှာလို့မတွေ့။

ယခုကောက်ရလာသော ကလေးကတော့ ရုပ်ရည်သန့်ပြန့်သည်။ မျက်နှာထားချိုသည်။ ချစ်ဖို့ကောင်းသည်။ မျိုးရိုးကို မသိရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးကောင်းရိုးကောင်းထဲက ဖြစ်ပုံရသည်။ ဒါတွေထက် အရေးကြီးတဲ့ အချက်ကတော့ လင်မယားနှစ်ယောက်စလုံး ကလေးလေးကို မြင်မြင်ချင်းချစ်ကြခြင်းဖြစ်လေသည်။ ဒါ့ထက် အရေးကြီးတဲ့အချက် ဘာရှိတော့မှာလဲ။

ကလေးလေးကို သူတို့ကိုယ်ပိုင်ကလေးအဖြစ် မွေးစားတော့မည်ဟု ဆုံးဖြတ်ကြသည်။ မိဘရင်းတွေပေါ်မလာကြပါစေနဲ့ဟုပင် ဆုတောင်းမိကြသည်။

ကြည့်ပါဦး။ ကလေးလေးကလည်း ချစ်စရာကောင်းလိုက်တာ၊ သွက်လိုက်တာ။

"သားသား။ ဒီအိမ်မှာနေမလား" ဟု မေးတော့ ...

"သားသား ဒီအိမ်မှာနေမယ်" ဟု ပြန်ဖြေသည်။

"ဟောဒါက ဖေဖေကြီး။ ဟောဒါက မေမေကြီး မှတ်ထားနော်" ဟု သင်ပေးရာ ဦးဘိုဘိုစိန်နှင့် ဒေါ်ခင်မိမိစိန်တို့၏ ရင်ဘတ်များကို သူ့လက်ကလေးနှင့် ပုတ်ရင်း ...

"ဒါက သားသားဖေဖေကြီး။ ဒါက သားသားမေမေကြီး" ဟု ပြန်ပြောလေသည်။

"ကြည့်ပါဦး ကိုကိုစိန်ရယ်။ သားသားလေးက လိမ္မာလိုက်တာ"

"ကိုကိုစိန်တို့နဲ့ထိုက်လို့ ကိုကိုစိန်တို့ လက်ထဲရောက်လာတာပဲ မိမိစိန်။ မင်း ဝမ်းမသာဘူးလား မိမိစိန်"

"ဝမ်းသာတာပေါ့ ကိုကိုစိန်ရယ်။ ဘုရားသိကြားမလို့ သူ့မိဘအရင်းတွေ ပေါ်မလာကြပါစေနဲ့တော်"

ထိုနေ့က စိန်သူဌေးဦးဘိုးစိန်သည် မြို့ထဲရှိ စိန်အရောင်းဆိုင်မကိုပင် သွားဖြစ်တော့ပေ။ လင်မယားနှစ်ယောက် ကလေးကို အရိပ်တကြည့်ကြည့်နှင့် ရှုနေမိကြသည်။

"သားသားလေး ဆာနေပလားမသိဘူး မိမိစိန်ရယ်။ သားသားလေးကို စားစရာကျွေးပါဦး။ သားသား ဆာနေပလားကွ"

"သားသားဆာနေပြီ ဖေဖေကြီး"

စိန်သူဌေးဦးဘိုဘိုစိန် မေးသည့်အတိုင်း ကလေးကလည်း မဆိုင်းမတွ ပြန်ဖြေလေသည်။

"သားသား ဘာမုန့်ကြိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားသား ဘာမုန့်ကြိုက်တယ်"

"ဟင် ‥"

"အို ‥‥ ကဲ့ကိုစိန်ကလည်း ကလေးက ဘာပြောတတ်မှာလဲ။ သားသားအတွက် ကလေးစားတဲ့ အကောင်းဆုံးမုန့်တွေ ဒရိုင်ဘာကို သွားဝယ်ခိုင်းလိုက်မယ်။ ဟော ‥‥ ကိုကိုစိန် သားသားလေးမှာ နှပ်ချေးတွေထွက်နေပြီ သုတ်ပေးလိုက်ဦး။ ကျွန်မ ဒရိုင်ဘာကို ဈေးလွှတ်လိုက်ဦးမယ်"

"နှပ်ချေးတင်မဟုတ်ဘူးကွ၊ သေးတွေပါ ပေါက်ချနေပြီ"

"ဟင် ‥‥ ဒီလိုဆို အိမ်ဖော်မလေးကို လုပ်ခိုင်းမှပဲ။ ကျွန်မ ကောင်မလေးကို လွှတ်လိုက်မယ်နော်"

လင်မယားနှစ်ယောက် ကလေးဗာဟီရတွေအတွက် အလုပ်များနေကြသည်။ သို့သော် လင်မယားနှစ်ယောက်စလုံး ပျော်နေကြ၏။

မုန့်ကျွေးတော့လည်း ပလုတ်ပလောင်း အားရပါးရစားနေပုံကို ကြည့်ကာ ပီတိတွေ ဖြစ်နေကြသည်။

"သားသားလေးကို နာမည်မှည့်ဖို့ စဉ်းစားပါဦး ကိုကိုစိန်"

"ကိုယ်က စိန်သူဌေး၊ ကိုယ်တို့နှစ်ယောက်နာမည်မှာလည်း စိန်ပါတော့ သားသားနာမည်ကိုလည်း စိန်ပါအောင်မှည့်ရမှာပေါ့ မိမိစိန်"

"အို ‥‥ ဒါပေမဲ့ ကိုယ့်စိတ်ကူးနဲ့ကိုယ် မှည့်လို့မဖြစ်သေးပါဘူး ကိုကိုစိန်ရယ်။ တတ်ကျွမ်းနားလည်တဲ့ ဗေဒင်ဆရာကို မေးမြန်းတွက်ချက်ခိုင်းပြီး မှည့်မှဖြစ်မယ်။ ကျွန်မသားလေးကို အပြစ်ကင်းတဲ့နာမည်ပဲ ပေးချင်တယ်"

"ဟုတ်တာပေါ့ မိမိစိန်"

"အို ‥‥ ဒါနဲ့ သားသားလေးမှာ နာမည်ရှိပြီးသားဖြစ်မှာပေါ့ ကိုကိုစိန်။ သူ့နာမည်ကို သူ မှတ်မိချင်မှတ်မိမှာ"

"ဟုတ်သားပဲ။ မေးကြည့်ဦးမှ။ သားသားရေ ဖေဖေကြီးကို ပြောပါဦးကွယ်။ သားသားနာမည် ဘယ်လိုခေါ်သလဲ"

"သားသားနာမည် သားသားပါ ဖေဖေကြီး"

"ဟိုက် ‥‥"



www.burmeseclassic.com

www.burmeseclassic.com



စိန်သူဌေးဦးဘိုဘိုစိန်နှင့် သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့ လင်မယားမှာ ကလေးတစ်ယောက်နှင့် အလုပ်များနေကြသည်။ စီးပွားရေး လုပ်ငန်းများကိုပင် လှည့်မကြည့်ဖြစ်တော့။ မန်နေဂျာနှင့် လွှဲထားလိုက်သည်။

တတိယနေ့တွင် သားသားလေး နှာရည်တရွှဲရွှဲဖြစ်နေပြီး နှာစေးလေရာ လင်မယားနှစ်ယောက်လုံး ပျာပျာသလဲ ဖြစ်သွားကြသည်။

"ကိုကိုစိန်၊ အဲဒါ ရှင် အဲယားကွန်းကြီးကို တစ်ညလုံးဖွင့်ထားလို့ ဖြစ်ရတာ။ ကျွန်မသားလေး တစ်ခုခုဖြစ်သွားလို့ကတော့ ရှင်နဲ့ကျွန်မနဲ့ အတွေ့ပဲ"

"အိမ်ဖော်မလေးနဲ့ ခြံထဲမှာကစားတုန်းက သားသားမှာ ရေတွေ စိုကုန်တယ်ကွ။ အဲဒါ အိမ်ဖော်မလေးကြောင့်ပဲ"

အိမ်ဖော်မလေးကိုခေါ်ကာ ဆူပြောပစ်လိုက်သည်။

"မဖြစ်ဘူး ... မဖြစ်ဘူး၊ သားလေးကို မျက်စိအောက်က အပျောက်ခံလို့ မဖြစ်ဘူး"

နောက်တော့ ကလေးဝေယျာဝစ္စတွေကို သူဌေးကတော် ဒေါ်ခင်မိမိစိန်က သူကိုယ်တိုင် လုပ်တော့သည်။

ကလေးကို ကိုယ်တိုင် ထမင်းကျွေးသည်။ ချေးသေးကအစ ကိုယ်တိုင်သုတ်သင်သန့်ရှင်းပေးသည်။ သည်ကလေးကို သူတို့အတွက် ဘုရားပေးတဲ့ ကလေးဟု မှတ်ယူကြ၏။

ကလေးကလည်း ချစ်စဖွယ်ကောင်းလွန်းလှသည်။ တီတီတာတာ စကားလေးတွေ ပြောသည်။ လူကြီးတွေပြောသမျှစကားကို နောက်မှ လိုက်နှင်း၍ ပြောတတ်သည်။

"သားသားလေးကို အဝတ်အစားအသစ်တွေ ဝယ်ပေးဦးမှပါပဲ"

"သားသားကို အဝတ်အစားအသစ်တွေ ဝယ်ပေးပါ ဖေဖေကြီး"

"ကစားစရာလေးတွေလည်း သူ့စိတ်ကြိုက်ရွေးနိုင်အောင် အရုပ်ဆိုင်ကို ခေါ်သွားရဦးမယ်"

"ကစားစရာလေးတွေ သားသား စိတ်ကြိုက်ရွေးနိုင်အောင် အရုပ်ဆိုင်ကို ခေါ်သွားပါ"

"သူ့မိဘတွေ ပေါ်မလာပါစေနဲ့"

"သားသားမိဘတွေ ပေါ်မလာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ရှကြီးလေးတစ်ယောက်သဖွယ် စကားများကို လိုက်ပြောတတ်လေ၏။

စိန်သူဌေး ဦးဘိုဘိုစိန်နှင့်သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့သည် ကလေးကို တစ်နေ့တခြား အချစ်ပိုလာကြလေသည်။

တစ်ပတ်ပြည့်သည့်အချိန်တွင် လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို သွားစုံစမ်းလိုက်သည်။ ကလေးနှင့် ပတ်သက်၍ ဘယ်သူမျှ လာမမေးကြဘူးတဲ့။

ဒီလိုနှင့် တရားရုံးကိုသွားကာ မိဘမဲ့ကလေးကို တရားဝင်စာချုပ်စာတမ်းဖြင့် မွေးစားလိုက်ကြလေ၏။

စိန်သူဌေးဦးဘိုဘိုစိန်၏ စိန်ရတနာခြံကြီးမှာ ကြီးမားလှသည်။ ခြံထဲက သုံးထပ်တိုက်ကြီးမှာလည်း ဟီန်းနေသည်။

ခြံကြီးအိမ်ကြီးကြီးမားသလို အလုပ်သမားတွေ၊ အိမ်ဖော်တွေလည်း အများအပြား ရှိလေ၏။

စိန်သူဌေးဦးဘိုဘိုစိန်နှင့် သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့က ကလေး အပေါ် သဲသဲလှုပ်နေသော်လည်း အလုပ်သမားများ၊ အိမ်ဖော်များက ကလေးကို သံသယဝင်နေကြသည်။

ကလေးနှင့်ပတ်သက်၍ သက်ာမကင်းဖြစ်စရာအကြောင်းကို ပထမဆုံး သတင်းပေးသူမှာ အိမ်ဖော်မလေး ဖြစ်သည်။

"ညတုန်းက သန်းခေါင်အချိန်ကြီးမှာ သားသားကို မီးဖိုခန်းထဲမှာ တွေ့ရတယ် အန်တီ။ သားသားက မီးဖိုထဲက အိုးခွက်တွေကို လိုက်လှန်ကြည့်နေတယ်"

"မဖြစ်နိုင်တာအေ။ အသက် ၂ နှစ်အရွယ်ကလေးလေးက ညသန်းခေါင်ကြီး မီးဖိုထဲရောက်ပါ့မလား။ အပေါ်ထပ်မှာ ငါတို့နဲ့အတူတူ အိပ်နေတာအေ့။ ညည်း အိပ်မက်မက်တာ ဖြစ်ပါလိမ့်မယ်"

ခြံညစောင့်အလုပ်သမားကြီးကလည်း တစ်မနက်တွင် စိန်သူဌေးဦးဘိုဘိုစိန်ကို ပြောပြန်သည်။

"ညက ကျွန်တော် ကင်းလိုက်စစ်ရင်း အိမ်အမိုးပေါ်ကို ကြည့်လိုက်တော့ သားသားရယ် အိမ်အမိုးပေါ်မှာ လျှောက်သွားနေတာ တွေ့လိုက်တယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြဲကြဲဖန်ဖန်ကွာ၊ သားသားက အိမ်အမိုးအမြင့်ကြီးပေါ် ဘယ်လို တက်မှာလဲ။ အမိုးပေါ်ကို တက်တဲ့တံခါးသော့က ငါ့ဆီမှာကွ"

"တကယ်ပါဆရာ၊ ကျွန်တော်က ခါတ်မီးနဲ့ထိုးပြီး လှမ်းအော်လိုက် တော့ သူက အမိုးအစွန်းကို လက်ထောက်ပြီး ကျွန်တော့်ကို ငုံ့ကြည့်သေး တယ်။ ကျွန်တော့်မှာ ကလေးပြုတ်ကျမှာစိုးလို့ ရင်ထိတ်လိုက်ရတာ"

"ဟော့ . . . ဟော့ မင်းအရက်မူးမူးနဲ့ ထင်မိထင်ရာ လျှောက်မြင်တာ တွေ လာပြောမနေနဲ့။ မင်း ညတိုင်း ဒီလိုရှုးကြောင်မူးကြောင် ဖြစ်နေရင် မင်းကို အလုပ်ဖြုတ်ပစ်မယ်"

ညစောင့်ဒရဝမ်မှာ ဆက်မပြောရဲတော့ချေ။

မာလီကြီးကလည်း တစ်ညတွင် ကလေးက သူ့တဲလေးထဲသို့ ဝင်လာ ကာ သူအလုပ်လုပ်သည့် ပစ္စည်းများကိုကိုင်တွယ်ကြည့်နေတာကို အိပ်ရာမှနိုးမှား ခြင်း လှမ်းမြင်လိုက်ရသည်။ သူ အိပ်ရာက ထ၍ကြည့်လိုက်သည့်အခါ ကလေး ဟာ ထွက်ပြေးသွားလေသည်။

ထိုအကြောင်းကို ညစောင့်ကောင်လေးအားပြောပြတော့ ညစောင့် က သူ အဆူခံရသည့် အကြောင်းကို ပြန်ပြောပြသည်။ မာလီကြီးလည်း သူ့အတွေ့အကြုံကို ပြန်မပြောရဲတော့ပေ။ ဒီအတိုင်းနေလိုက်သည်။

၆

ညသန်းခေါင်အချိန်။

သုံးထပ်တိုက်၏ အလယ်ထပ်၌ စိန်သူဌေးဦးဘိုဘိုစိန်၊ သူဌေး ကတော် ဒေါ်ခင်မိမိစိန်တို့ အိပ်မောကျနေကြသည်။ စိန်သူဌေးဦးဘိုဘိုစိန်နှင့် သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့က တစ်ခုတင်၊ သားသားလေးက သူတို့ဘေး တွင် ခုတင်သေးသေးလေးဖြင့် အိပ်နေ၏။

နာရီကြီးသည် ည ၂ နာရီရောက်၍ ဒင်ခနဲ ဒင်ခနဲ ထိုးလိုက်သည့် အခါ သားသားလေးသည် ငေါက်ခနဲ ထထိုင်လိုက်လေ၏။ ထို့နောက် သားသားလေးက သူ့ခုတင်ပေါ်မှ ဖျတ်လတ်စွာ ခုန်ဆင်းလိုက်လေသည်။

သားသားလေးသည် စိန်သူဌေးဦးဘိုဘိုစိန်၊ သူဌေးကတော် ဒေါ်ခင် မိမိစိန်တို့ အိပ်နေသည်ကို လှမ်းကြည့်လိုက်လေသည်။

ထို့နောက်စိန်သူဌေးဦးဘိုဘိုစိန်၊ သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့ အနီးသို့ကပ်သွားကာ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်လေသည်။ လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



မှ လက်ညှိုးများဖြင့် စိန်သူဌေးဦးဘိုဘိုစိန်၊ သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့ထံ ချိန်ရွယ်လိုက်လေသည်။ သားသားလေး၏ လက်ညှိုးနှစ်ချောင်းဆီမှ အခိုးအငွေ့များ ထွက်လာလေသည်။ ဘယ်ဘက်လက်ညှိုးမှ ထွက်လာသော အခိုးအငွေ့များက စိန်သူဌေးဦးဘိုဘိုစိန်၏ နှာခေါင်းပေါက်တည့်တည့်သို့ ဝင်သွားလေသည်။ ညာဘက်လက်ညှိုးမှ ထွက်လာသော အခိုးအငွေ့များက သူဌေးကတော် ဒေါ်ခင်မိမိစိန်၏ နှာခေါင်းပေါက်တည့်တည့်သို့ ဝင်သွားလေသည်။

စိန်သူဌေးဦးဘိုဘိုစိန်၊ သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့သည် အိပ်ပျော်နေသည်ထက် ပိုမိုအိပ်ပျော်သွားကာ ဟောက်သံများပင်ထွက်၍ နှစ်နှစ်ခြိုက်ခြိုက်ကြီး ဆက်လက်အိပ်မောကျနေကြလေ၏။

သားသားလေးက စိတ်ချလက်ချဖြစ်သွားဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်၏။

ထို့နောက် သားသားလေးသည် မီးခလုတ်ရှိရာသို့ သွားလေသည်။ မီးခလုတ်ခုံရှေ့တွင် ရပ်လိုက်ပြီးနောက် သူ့ပါးစပ်ထဲမှ တစ်စုံတစ်ခုကို အန်ထုတ်လိုက်လေသည်။

---

"စက်ရုပ်တို့ အကြောင်းပြုပြီး ငါ့ အိမ်ထဲဝင်နိုင်ပေမဲ့ တချို့ဆီက စိန်တွေကို တော့ ခင်ဗျားတို့ မရနိုင်ဘူးဗျ။ ဘာဖြစ်လို့ လဲဆိုတော့ စိန်တွေက အရောင်းခန်းထဲမှာ ပဲရှိတာ။ ကျန်တဲ့ စိန်တွေကိုတော့ တချို့က လုံခြုံအောင် ဘဏ်မှာအပ်ထားတယ်လေ"

---





www.burmeseclassic.com

www.burmeseclassic.com



သားသားလေးပါးစပ်ထဲမှ တစ်တောင်ခန့်ရှည်လျားသော ဝါယာကြိုးခွေကြီး ထွက်လာလေသည်။ ဝါယာကြိုး၏ထိပ်တွင် ပလပ်ခေါင်းတစ်ခုကို တွေ့ရလေသည်။ ထိုးရန်အချောင်းနှစ်ချောင်းပါသော တူးပင်ပလပ်ခေါင်းတစ်ခု ဖြစ်သည်။ ဝါယာကြိုး၏ အခုံးပိုင်းကတော့ သားသားလေး၏ ပါးစပ်ထဲမှာပင် ရှိနေ၏။

သားသားလေးသည် ပလပ်ခေါင်းကိုကိုင်ကာ မီးခလုတ်ခုံမှ တူးပင်ပလပ်ပေါက်ဆီသို့ သူ့ပါးစပ်ထဲမှ ထွက်နေသော ဝါယာကြိုး၏ထိပ်ပိုင်းမှ ပလပ်ခေါင်းနှင့် ထိုးလိုက်လေ၏။

ပလပ်ပေါက်ထဲသို့ ပလပ်ခေါင်းထိုးလိုက်သည်နှင့် သားသားလေး၏ မျက်လုံးနှစ်လုံးဆီမှ မီးရောင်များ ဖျတ်ခနဲ ဖျတ်ခနဲ ဝင်းတောက်စွာ ပေါ်လာလေ၏။ သားသားလေး၏ဆံပင်များသည် ထောင်တက်ကုန်ကာ မြွေများသဖွယ် ယိမ်းထိုးလှုပ်ရှားနေကြလေသည်။ သားသားလေး၏ တစ်ကိုယ်လုံးဆီမှ သည်း အလင်း ဓာတ်များ ထွက်လာလေသည်။

သားသားလေးသည် ထိုအတိုင်း နာရီဝက်တိတိ သူ့ကိုယ်ကို ပါးစပ်ထဲမှ ထွက်လာသော ဝါယာကြိုးမှတစ်ဆင့် ဓာတ်အားများ သွင်းယူနေလေ၏။

နာရီဝက်ပြည့်သည်နှင့် ရပ်နားလိုက်ကာ ပလပ်ခေါင်းကို ဖြုတ်လိုက်လေသည်။ ပလပ်ခေါင်းပါသော ဝါယာကြိုးကို ပါးစပ်ထဲသို့ ပြန်မျိုချလိုက်သည်။

ထို့နောက် သားသားလေးသည် အခန်းထိပ်ရှိ မီးခံသေတ္တာဆီသို့ လျှောက်ကာ မီးခံသေတ္တာကို လျှို့ဝှက်နံပါတ်များအတိုင်း ကျွမ်းကျင်စွာ ဖွင့်လိုက်လေသည်။

ပြီးနောက် မီးခံသေတ္တာထဲမှ စာရွက်စာတမ်းများကို ထုတ်ယူကာ ဖတ်ရှုနေလေတော့သည်။

သားသားလေး ရောက်လာပြီး တစ်လတိတိပြည့်သည့်နေ့။

စိန်သူဌေးဦးဘိုဘိုစိန်နှင့် သူဌေးကတော်ဒေါ်ခင်မိမိစိန်တို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ လန့်နိုးလာကြသည်။ သူတို့၏ပါးများကို အတင်းရိုက်ပုတ်ကာ အနှိုးခံရသည့်အတွက် နိုးလာကြခြင်း ဖြစ်ပါသည်။

မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ သူတို့သည် ခုတင်ပေါ်တွင် အိပ်စက်နေခြင်း မဟုတ်တော့ဘဲ ကြမ်းပြင်ပေါ်၌ ရောက်နေကာ ခြေလက်များကို ကြိုးဖြင့် အတုပ်နှောင်ခံထားရတာကို တွေ့မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့တွင် လူစိမ်းသုံးဦးက မတ်တတ်ရပ်နေကာ ထိုသူများအားလုံးခေါင်း၌ အဝတ်နက်ကိုယ်စီစွပ်ထားတာကို တွေ့ရလေ၏။ ခေါင်းဆောင်ဖြစ်သူ၏ လက်ထဲ၌ ပစ္စတိုသေနတ်တစ်လက်ကို တွေ့ရလေသည်။ ဘယ်လိုတွေ ဖြစ်သွားတာလဲ။

ဒီလောက်လုံခြုံတဲ့အိမ်ထဲကို လူဆိုးသုံးယောက် ဘယ်လိုဝင်လာတာလဲ။ သူတို့ကိုလည်း ကြိုးဖြင့် ဘယ်အချိန်က တုပ်နှောင်လိုက်တာလဲ။

ထူးဆန်းသည်မှာ လူဆိုးသုံးဦးနှင့်အတူ သူတို့မွေးစားထားသည့် သားသားလေးကိုပါ အတူမတ်တတ်ရပ်နေတာကို တွေ့ရခြင်း ဖြစ်လေသည်။

အိပ်ချင်မူးတူးဖြင့် နိုးထလာသည့် စိန်သူဌေးဦးဘိုဘိုစိန်နှင့် သူဌေးကတော် ဒေါ်ခင်မိမိစိန်တို့ကိုကြည့်ကာ လူဆိုးခေါင်းဆောင်က ရယ်လိုက်လေသည်။

"မင်းတို့ ဘယ်သူတွေလဲ"

"ကျုပ်တို့က စိန်ခိုးပြတွေပဲ။ စိန်ကို သီးသန့်ခိုးပြတိုက်တဲ့အဖွဲ့ပေါ့။ ခင်ဗျားဆီက စိန်တွေကို ခိုးပြတိုက်ဖို့ လာတာပါ ဦးဘိုဘိုစိန်"

"မင်းတို့ ဒါလောက်လုံခြုံတဲ့ အိမ်ထဲကို ဘယ်လိုဝင်လာကြတာလဲ"

"ဟဲ ... ဟဲ ... ဟဲ ... ဒီမှာလေဗျာ ကျုပ်တို့ ကြိုတင်လွှတ်ထားတဲ့ ရှေ့ပြေးအထောက်တော်လေ။ ဟား ... ဟား ... ဟား"

လူဆိုးက သားသားလေးကို လက်ညှိုးထိုးပြကာ လှောင်ပြောင်ရယ်မောလိုက်၏။

"ဘာ ... သားသားက မင်းတို့ အထောက်တော်၊ မဖြစ်နိုင်ဘူး"

"ဟေ့ ... ချာတိတ်၊ မင်း မွေးစားအဖေနဲ့အမေကို ပြောပြလိုက်စမ်းကွာ"

"ဟုတ်ပါတယ် ဖေဖေကြီးနဲ့ မေမေကြီး၊ ဒီအိမ်က သတင်းတွေကို သူတို့ဆီ သားသား ပို့ထားတာပါ။ ဒီညလည်း တစ်အိမ်လုံး အိပ်ပျော်သွားအောင် အစားအသောက်တွေထဲမှာ အိပ်ဆေးတွေ သားသား ခပ်ထားတာပါ။ ပိုစိတ်ချရအောင် တစ်အိမ်လုံးသုံးတဲ့ အမိုးပေါ်က ရေတိုင်ကီထဲမှာလည်း အိပ်ဆေးတွေကို မနေ့က ညကတည်းက ကြိုထည့်ထားခဲ့ပါတယ် ဖေဖေကြီး မေမေကြီး"

"အမယ်လေး သားရယ်၊ သားသားရယ်၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကတော်ဒေါ်ခင်မိမိစိန်က အော်ငိုရင်း မေးလိုက်သည်။

စိန်သူဌေးဦးဘိုဘိုစိန်က အသက် ၂ နှစ်အရွယ်ကလေး တစ်ယောက်၏ လုပ်ဆောင်မှုကို တွေးကြည့်ရင်း အံ့သြနေလေသည်။

"ခင်ဗျားတို့ သားလေး ဒါတွေလုပ်နိုင်တာကို ခင်ဗျားတို့ အံ့သြနေတယ် မဟုတ်လား။ ဟဲ ... ဟဲ ... တကယ်တော့ ဒီချာတိတ်ဟာ လူမဟုတ်ဘူး။ စက်ရုပ်တစ်ရုပ်ပဲ"

"ဘာ ..."

"ဟုတ်တယ်၊ ဒါဟာ စက်ရုပ်တစ်ရုပ်ပဲ။ ကျုပ်တို့ကတော့ သိပ္ပံပညာ ထတ်ကျွမ်းတဲ့ အဆင့်မြင့်စီနီမားပြုတွေပေါ့။ ခင်ဗျားတို့လင်မယား ကလေးရှူးနေတာသိလို့ ကလေးအရုပ်ကလေးကို လမ်းထိပ်မှာချပြီး ထောင်ချောက်ဆင်ထားတာလေ ဟဲ ... ဟဲ၊ မယုံရင်ကြည့်ပါလား။ ဟောဒီမှာ ..."

စိန်ခါးပြခေါင်းဆောင်က သားသား၏ဦးခေါင်းကို ကိုင်ရင်း ဆွဲလိုက်ရာ ဦးခေါင်းသည် လည်ပင်းကို ဆုံလည်ထားကာ အပတ်ပေါင်းများစွာ လည်၍သွားလေသည်။ လည်ပင်းတွင် စုပ်ထားသော ဝက်အူရစ်ကုန်သွားသည့်အခါ သားသား၏ဦးခေါင်းသည် လူဆိုးလက်ထဲပါသွားကာ ကိုယ်လုံးသည်းသက်သက် မတ်တတ်ရပ်လျက်သားလေး ကျန်နေလေ၏။ ဦးခေါင်းနှင့် ကိုယ်ထည်ကို လည်ပင်း၌ ဝက်အူဖြင့် စုပ်ထားခြင်းဖြစ်လေသည်။

"ဟဲ ... ဟဲ ... အံ့သြနေပြီ မဟုတ်လား။ ဒီအရုပ်ကို တကယ့်လူသား ကလေးလေးလို့ ခင်ဗျားတို့ယုံလာအောင် ကျုပ်တို့က လူနဲ့မခြားအောင် ဖန်တီးထားတာလေ။ အရုပ်ဟာ အစားအသောက်လည်း စားတတ်တယ်။ အညစ်အကြေးလည်း စွန့်တတ်တယ်။ သာမန်လူတွေလို သဘာဝဘေးဒဏ်နဲ့ ကြုံရင် ရောဂါဘယလည်း ဖြစ်နိုင်သေးတယ်၊ စကားတတ်တာတော့ ခင်ဗျားတို့ သတ်တွေ့ကြုံပြီးပြီပဲ။ သူက ကလေးလေးအယောင်ဆောင်ပြီး ကျုပ်တို့ နိုင်းသမျှ လုပ်ပေးခဲ့တာလေ"

လူဆိုးခေါင်းဆောင်က ရှင်းပြပြီး ဦးခေါင်းကို သားသားလေးကိုယ်လုံးတွင် ပြန်တပ်ပေးလိုက်သည်။

ကလေးစက်ရုပ်ကလေးသည် အသက်ပြန်ဝင်လာကာ ဦးဘိုဘိုစိန်နှင့် ဒေါ်ခင်မိမိစိန်အား ပြောလိုက်လေသည်။

"ဟုတ်ပါတယ် ဖေဖေကြီးနဲ့ မေမေကြီး။ သားသားဟာ စက်ရုပ်တစ်ရုပ်ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပက်ရစ်သားသားလေးသည် ပါးစပ်ထဲမှ ဝါယာကြိုးခွေကို အန်ထုတ်ပြလိုက်လေ၏။

"ညနစ်နာရီဆို ဟောဒီပလပ်ကို မီးပလပ်ခုံမှာတပ်ပြီး သားသား ဓာတ်အားသွင်းရပါတယ် ဖေဖေကြီးနဲ့ မေမေကြီး"

ဦးဘိုဘိုစိန်နှင့် ဒေါ်ခင်မိမိစိန် ကြက်သေ,သေနေကြလေသည်။ သူတို့ချစ်လွန်း၍ မွေးစားထားသော ကလေးလေးမှာ အရုပ်တစ်ရုပ်သာ ဖြစ်ကြောင်း သိလိုက်ရ၍ မခံချိမခံသာ ဖြစ်နေကြ၏။ သားသားလေးကို ကြည့်၍ ရင်ထဲမှာနာနေကြသည်။

"တောက် ..."

ဦးဘိုဘိုစိန်က တောက်ခေါက်လိုက်သည်။

"စက်ရုပ်ကို အကြောင်းပြုပြီး ငါ့အိမ်ထဲဝင်နိုင်ပေမဲ့ ကျုပ်ဆီက စိန်တွေကိုတော့ ခင်ဗျားတို့ မရနိုင်ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ စိန်တွေက အရောင်းခန်းမထဲမှာပဲရှိတာ။ ကျန်တဲ့ စိန်တွေကိုတော့ ကျုပ်က လုံခြုံအောင် ဘဏ်မှာအပ်ထားတယ်လေ"

"ဟဲ ... ဟဲ ... ဒါလည်း မခက်ပါဘူးဗျာ။ ခင်ဗျားပြောတာတွေ မှန်မမှန် ခင်ဗျားတို့ မွေးစားထားတဲ့ သားသားလေးက ပြောပြပါလိမ့်မယ်။ ဟေ့ ... ချာတိတ်၊ သူ ပြောတာအမှန်ပဲလား။ စိန်တွေ ဘယ်နားမှာရှိသလဲ"

"သူပြောတာ မမှန်ပါဘူး။ စိန်တွေ မြေအောက်ခန်းထဲမှာ ရှိပါတယ်"

"အို ..."

"စိန်သူဌေးကြီးဦးဘိုဘိုစိန်ရဲ့ စာရွက်စာတမ်းတွေအားလုံးကို ကျွန်တော် ဖတ်ပြီးပါပြီ။ စိန်တွေကို မြေအောက်ခန်းမှာ ထားပါတယ်။ ဒီအိမ်မှာ မြေအောက်ခန်းရှိကြောင်းကို အိမ်ဖော်တွေ အလုပ်သမားတွေတောင် မသိပါဘူး။ မြေအောက်ခန်းကို လျှို့ဝှက်နံပါတ်တွေ၊ စကားဝှက်တွေနဲ့ ဖွင့်ရပါတယ်"

"အို ... သားသားရယ်၊ မိုက်လှချေလားကွယ်"

ဒေါ်ခင်မိမိစိန်က ကြေကွဲစွာ ရေရွတ်လိုက်သည်။

ဦးဘိုဘိုစိန်က အံကိုကြိတ်ထား၏။

"ကဲ ... ကြားပြီမဟုတ်လား စိန်သူဌေးကြီးဦးဘိုဘိုစိန်၊ ကျုပ်တို့က အဆင့်မြင့် သိပ္ပံပညာရှင် တွေပြတွေဗျ။ ကျုပ်တို့ကို ညာလို့မရဘူး။ ဒါပေမဲ့ ကျုပ်တို့က ခင်ဗျားကို နှိပ်စက်ညှဥ်းပန်းနေမှာ မဟုတ်ပါဘူးလေ။ စိန်တွေရင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ အေးအေးဆေးဆေး ပြန်ထွက်သွားမှာပါ။ မြေအောက်ခန်းဖွင့်တဲ့ စကားဝှက်တွေ လျှို့ဝှက်နံပါတ်တွေကိုလည်း ခင်ဗျားကို ညွှန်ပြီး ပေးနေမှာ မဟုတ်ပါဘူး။ ခင်ဗျားတို့ မွေးစားသားလေးက မှတ်သားထားပြီးသား ဖြစ်မှာပါ။ ဟုတ်တယ် မဟုတ်လားဟေ့ ချာတိတ်"

"ဟုတ်ပါတယ် ခင်ဗျာ။ စကားဝှက်ရော လျှို့ဝှက်နံပါတ်ရော ကျွန်တော် သိပြီးပါပြီ။ စကားဝှက်က 'ပိုးထိုးလောက်ကိုက်ခပ်မိုက်မိုက်' တဲ့။ မြေအောက်ခန်းတံခါးရှေ့မှာ အဲဒီစကားလုံးကို သုံးခါတိတိ ရွတ်ရပါတယ်။ ပြီးရင် သံမဏိတံခါးကြီးပေါ်က လျှို့ဝှက်နံပါတ်တွေကို လှည့်ရပါတယ်။ လျှို့ဝှက်နံပါတ် ၁,၂,၃,၄,၅ ပါ"

"ကျေးဇူးပဲ ချာတိတ်ရေ။ ငါတို့တီထွင်ထားတဲ့ စက်ရုပ်က ငါတို့ကို အတယ်အကျိုးပြုတာပဲဟေ့။ ကဲ ... ကဲ ... စကားဝှက်တွေ၊ ကုတ်နံပါတ်တွေအတိုင်း မြေအောက်ခန်းတံခါးကို ဖွင့်ကြစို့"

လူဆိုးများက ကလေးစက်ရုပ်ဆီမှ သိရသော လျှို့ဝှက်နံပါတ်များဖြင့် မြေအောက်ခန်းတံခါးကို ဖွင့်လိုက်လေသည်။ တံခါးကြီးပွင့်သွားသည့်အခါ မြေအောက်ခန်းထဲသို့ အားရဝမ်းသာဝင်သွားပြီး "ငါတို့တော့ ချမ်းသာပြီကွ၊ ချမ်းသာပြီ" ဟု အော်သွားလေသည်။

"ကျုပ်တို့တော့ ဆင်းရဲပါပြီတော်၊ ဆင်းရဲပါပြီ"

သူဌေးကတော် ဒေါ်ခင်မိမိစိန်က အော်ငိုရင်း ပြောလိုက်လေသည်။

"တရားနဲ့ဖြေပါ မိမိစိန်ရယ်"

စိန်သူဌေးဦးဘိုဘိုစိန်က ချော့မော့လိုက်သည်။ ဒေါ်ခင်မိမိစိန်ကို ချော့မော့ပြောလိုက်သော်လည်း ဦးဘိုဘိုစိန်ကိုယ်တိုင်ပင် အသံများ တုန်နေလေသည်။

မြေအောက်ခန်းတံခါးဝမှာ ရပ်ကျန်ခဲ့သော စက်ရုပ်သားသားလေးသည် နှုတ်မှ တစ်စုံတစ်ခုကို ရွတ်ဆိုလိုက်လေ၏။ ထိုအခါ မြေအောက်ခန်းသို့ ဆင်းသက်သော တံခါးကြီးမှာ ပိတ်သွားလေသည်။

ထိုအခါမှပင် ဦးဘိုဘိုစိန်က မြေအောက်ခန်းတံခါးကို ပိတ်သည့် လျှို့ဝှက်နံပါတ်ရှိသေးကြောင်း သတိရမိတော့သည်။ လူဆိုးများသည်လည်း မြေအောက်ခန်းထဲမှ ပြန်ထွက်သည့်အခါ လျှို့ဝှက်နံပါတ်တစ်ခုကို ရွတ်ဆိုမှသာ



www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ခန်းတံခါး ပြန်ပွင့်ပြီး မြေအောက်ခန်းမှ ထွက်နိုင်မည် ဖြစ်လေ၏။ သားသားလေးက မြေအောက်ခန်းတံခါးကို ပိတ်လိုက်ရာ လူဆိုးများ ပြန်ထွက်ဖို့ မဖြစ်နိုင်တော့ပေ။

သားသားလေးသည် မြေအောက်ခန်းကို ပြန်ဖွင့်သည့် စကားဝှက်နှင့် လျှို့ဝှက်နံပါတ်ကို လူဆိုးများအား ပြောမပြလိုက်ပေ။ လူဆိုးများကလည်း မြေအောက်ခန်းကို ဝင်ခွင့်ရပြီးလျှင် ထွက်လိုက အလွယ်တကူ ထွက်နိုင်သည်ဟု ထင်ကာ အားရဝမ်းသာ ဝင်သွားကြခြင်း ဖြစ်ပါ၏။

ဒီအတိုင်းဆိုလျှင် အပြင်မှ ဖွင့်မပေးမချင်း လူဆိုးများ မြေအောက်ခန်းမှ ထွက်လို့ရတော့မည် မဟုတ်ပေ။

မြေအောက်ခန်းတံခါးကို ပိတ်ပြီးသည့်အခါ သားသားလေးက စိန်သူဌေးဦးဘိုဘိုစိန်နှင့် သူဌေးကတော်ဒေါ်ခင်မိမိစိန်ဘက်သို့ လှည့်လိုက်လေသည်။

ဦးဘိုဘိုစိန်နှင့် ဒေါ်ခင်မိမိစိန်က သူတို့ချစ်သော သားသားလေးကို ငေးကြည့်နေကြလေ၏။ သားသားလေးမှာ အရုပ်ဖြစ်နေသည့်အတွက် အပြစ်ပြောလို့လည်း မဖြစ်နိုင်ပေ။

"ဖေဖေကြီးနဲ့ မေမေကြီး စိတ်မပူပါနဲ့ခင်ဗျာ"

သားသားလေးက ပြောပြီးနောက် တယ်လီဖုန်းရှိရာသို့ သွားလေသည်။

တယ်လီဖုန်းမှ ရဲဌာနဖုန်းနံပါတ်ကို လှည့်လေသည်။

"ဟဲလို ရဲစခန်းလားခင်ဗျာ။ စိန်ရတနာခြံကြီးထဲကို ဓားပြတွေ ဝင်နေပါတယ်။ ဓားပြတွေဟာ မြေအောက်ခန်းမှာ ပိတ်မိနေတယ်။ အမြန် လာဖမ်းကြပါ ခင်ဗျာ"

ထို့နောက် သားသားလေးက ဦးဘိုဘိုစိန်နှင့် ဒေါ်ခင်မိမိစိန်တို့ ချုပ်နှောင်ခံထားရသည့် နေရာသို့ လျှောက်လာကာ ချည်ထားသော ကြိုးများကို ဖြေပေးလေ၏။

"စိတ်မပူပါနဲ့ ဖေဖေကြီးနဲ့မေမေကြီး။ သားသား ရဲစခန်းကို ဖုန်းဆက်လိုက်ပါပြီ။ ရဲတွေ ရောက်လာရင် လူဆိုးတွေကို ဖမ်းခေါ်သွားမှာပါ"

ဦးဘိုဘိုစိန်နှင့် ဒေါ်ခင်မိမိစိန် အချုပ်အနှောင်မှ လွတ်မြောက်သွားသည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့မှ ရဲကား၏ဥသြသံကို ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုဘိုစိန်နှင့် အိမ်ရှေ့သို့ ပြေးထွက်သွားကာ တံခါးကို ဖွင့်ပေးလိုက်လေသည်။

အိမ်ဖော်နှင့် အလုပ်သမားများကား အိပ်ဆေးတန်ခိုးဖြင့် အိပ်ပျော်နေကြဆဲ ဖြစ်၏။

ရဲများအိမ်ထဲသို့ ရောက်သည်နှင့် စက်ရုပ်သားသားလေးက မြေအောက်ခန်း တံခါးရှေ့တွင်ရပ်ကာ ...

'ပိုးထိုးလောက်ကိုက်ခပ်မိုက်မိုက်'ဟု သုံးကြိမ်အော်လိုက်လေသည်။

ထို့နောက် '၁,၂,၃,၄,၅' ဟု လျှို့ဝှက်နံပါတ်များကို နှိပ်လိုက်လေသည်။

မြေအောက်ခန်းတံခါးကြီး ပွင့်သွားလေသည်။

ရဲများသည် မြေအောက်ခန်းမှ လူဆိုးများကို အလွယ်တကူ ဖမ်းချုပ်လိုက်လေ၏။

လူဆိုးများသည် မြေအောက်ခန်းမှာ စိန်များကို တွေ့ရသော်လည်း ယူဆောင်နိုင်ခြင်း မရှိတော့ချေ။

ရဲများ ပြန်ထွက်အသွားတွင် စိန်သူဌေးဦးဘိုဘိုစိန်က စက်ရုပ်သားသားလေးအား မေးလိုက်လေသည်။

"သားသား မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ။ မင်းဟာ သူတို့ဖန်တီးထားတဲ့ အရုပ်တစ်ခု မဟုတ်လား။ သူတို့ကို ဒုက္ခပြန်ရောက်အောင် ဘာဖြစ်လို့ လုပ်ရတာလဲ"

ဦးဘိုဘိုစိန်က သားသားလေး၏ အပြုအမူကို အံ့သြစွာဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"ဖေဖေကြီးနဲ့ မေမေကြီး၊ သားသားဟာ စက်ရုပ်တစ်ခုဖြစ်တာမှန်ပါတယ်။ သူတို့ဟာ သားသားကို တကယ့်လူနဲ့တူအောင် ဖန်တီးခဲ့ပါတယ်။ ဖေဖေကြီးနဲ့ မေမေကြီးက တကယ့်လူလို့ လက်ခံလာအောင် အစားအသောက်စားတာ၊ ဝမ်းသွားတာ၊ ဆီးသွားတာ၊ နေမကောင်းဖြစ်တာတွေပါဖြစ်အောင် ဖန်တီးထားခဲ့ပါတယ်။ သူတို့ အဲဒီလို တကယ့်လူနဲ့တူအောင် ဖန်တီးခဲ့တဲ့အတွက်ပဲ သားသားဟာ တကယ့်လူသားတစ်ယောက်ရဲ့စိတ်တွေ ဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ သားသားဟာ တကယ့်လူတစ်ယောက်လို ခံစားတတ်တဲ့ နှလုံးသားလည်း အလိုလိုရှိလာခဲ့ပါတယ်။ ကျေးဇူးတရားကို ထောက်ထားရမယ်ဆိုတာလည်း သားသား နားလည်လာပါတယ်။ ဖေဖေကြီးနဲ့ မေမေကြီး သားသားကို ချစ်တယ်ဆိုတာ သားသား သိပါတယ်။ သားသားကလည်း ဖေဖေကြီးနဲ့ မေမေကြီးကို ချစ်ပါတယ်။ အဲဒါကြောင့် ဖေဖေကြီးနဲ့ မေမေကြီးတို့ရဲ့ ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ သားသားက ဖေဖေကြီးနဲ့ မေမေကြီး အကျိုးမယုတ်အောင် ကူညီလိုက်တာပါ"

"သားသားရယ်၊ သားသားလေးရယ်၊ မင်းဟာ အရုပ်ကလေးတစ်ခုဖြစ်ပေမဲ့ ကျေးဇူးသိတတ်လှချည်လား မေမေ့သားသားလေးရယ်"

သူဌေးကတော်ဒေါ်ခင်မိမိစိန်က သားသားလေးကို ပွေ့ဖက်ကာ ပြောလိုက်သည်။

"မိမိစိန်ရေ ဒါဟာ တို့ရဲ့စေတနာမေတ္တာတွေ ရောင်ပြန်ဟပ်တာပဲကွ။ စက်ရုပ်ဖြစ်တဲ့ သားသားလေးကတောင် တို့ကျေးဇူးကို သိတတ်တယ်။ သားသားရယ် မင်းကို ဖေဖေကြီးတို့က တကယ့်သားအရင်းလို တစ်သက်လုံး မွေးထားပါတော့မယ်။ လိမ္မာတဲ့ သားသားလေးရယ်"

စိန်သူဌေး ဦးဘိုဘိုစိန်က စက်ရုပ်သားသွားလေးကို ရင်ခွင်ထဲထည့်ကာ နမ်းရှုပ်ရင်း ပြောလိုက်ပြန်သည်။

"ဝမ်းနည်းပါတယ် ဖေဖေကြီးနဲ့ မေမေကြီး။ သားသားရဲ့ သက်တမ်းဟာ ကုန်ပါပြီ။ သူတို့က သားသားကို ဒီနေ့နောက်ဆုံးထားပြီး ဖန်တီးထားတာပါ။ သားသား သွားရပါတော့မယ်။ သားသား ဖေဖေကြီးနဲ့ မေမေကြီးကို နှုတ်ဆက်ခဲ့ပါတယ်"

သားသားလေး၏ စကားဆုံးသည်နှင့် စိန်သူဌေးဦးဘိုဘိုစိန် ရင်ခွင်ထဲမှ သားသားလေး၏ ခန္ဓာကိုယ်သည် တစ်စစီ ပြုတ်ထွက်ကုန်လေသည်။

စပရိန်များ၊ ဝက်အူများ၊ နပ်များ၊ ဝါယာကြိုးများ၊ စက်ဆီများ၊ အရောင်မျိုးစုံ ရှိသည့် အရည်များ၊ သံတိုသံစများ၊ ရာဘာစများသည် ကြမ်းပြင်အနှံ့ တစ်စစီ ပြန့်ကျဲသွားလေတော့သည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း။ နိုဝင်ဘာလ ၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com

# ခေတ်သစ်စုန်းမ



www.burmeseclassic.com

www.burmeseclassic.com

## ခေတ်သစ်စုန်းမ

အပြည်ပြည်ဆိုင်ရာတရားရုံးအထိ တက်လာသော ထူးခြား ဆန်းကြယ်လှသည့် အမှုတွဲအတွက် အပြည်ပြည်ဆိုင်ရာ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ မစ္စတာဝေါလေ့စ်တစ်ယောက် အကြီးအကျယ် ဦးနှောက်ခြောက်နေရလေသည်။ မစ္စတာဝေါလေ့စ်တစ်ဦးတည်းသာ မဟုတ်၊ တရားသူကြီးအဖွဲ့ဝင်အားလုံးနှင့် တရားရုံးဝန်ထမ်းများအားလုံးပင် မကြုံစဖူးထူးကဲလှသော ဆန်းကြယ်သည့်အမှုတွဲအတွက် ရင်ခုန်ထိတ်လန့်လျက် ရှိပေသည်။

အမှုတွဲကို ကုလသမဂ္ဂအဖွဲ့အစည်းကြီးနှင့်တကွ ကမ္ဘာ့အဆင့်ရှိအဖွဲ့အစည်းများ၊ သမ္မတ၊ ဝန်ကြီးချုပ်ကဲ့သို့သော နိုင်ငံအသီးသီးမှ ခေါင်းဆောင်များအားလုံးကလည်း စိတ်ဝင်စားလျက်ရှိပေသည်။ အပြည်ပြည်ဆိုင်ရာ တရားသူကြီးအဖွဲ့အနေဖြင့် ယင်းအမှုတွဲကို မည်သို့အမိန့်ချမှတ်မည်ကိုလည်း ကမ္ဘာ့လူထုတစ်ရပ်လုံးက မျက်လုံးဒေါက်ထောက် ကြည့်နေကြ၏။

အမှုတွဲမှာ အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ရောက်လာရာတွင် လာရိုးလာစဉ်အတိုင်းမဟုတ်ဘဲ ကုလသမဂ္ဂအဖွဲ့ကြီး၏ အဆင့်မြင့် ပညာသည်များအဖွဲ့မှ တရားခံကို အမျိုးမျိုးစမ်းသပ်စစ်ဆေးပြီးမှ တရားရုံးသို့ လွှဲအပ်လိုက်ခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ မစ္စတာဝေါလေ့စ်အနေဖြင့် တရားခံအား အပြစ်ပေးရာတွင် လက်လွတ်စပယ်ပြုလုပ်၍ ရမည်မဟုတ်ပေ။ မိမိ၏ အဖွဲ့ဝင်များနှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးကာ တရားမျှတ၍ ကမ္ဘာ့လူထုတစ်ခုလုံး လက်ခံနိုင်သော ပြစ်ဒဏ်မျိုးကိုချမှတ်မှသာ သင့်လျော်ပေလိမ့်မည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com



ဥက္ကဋ္ဌမစ္စတာဝေါလေ့စ်ခေါင်းဆောင်သော အပြည်ပြည်ဆိုင်ရာ တရားသူကြီးအဖွဲ့သည် အကိုးအကားအဖြစ် စီရင်ထုံးများ၊ ကျမ်းကိုးများကို မရရအောင် ရှာဖွေခဲ့ရသည်။ ယခုကြုံတွေ့နေရသော အမှုတွဲမျိုးမှာ နှစ်ပေါင်း ငါးရာအတွင်း၌ ပေါ်ပေါက်ဖူးခြင်းမရှိပါ၍ ကျမ်းကိုးပြုစရာ အချက်အလက်များကို ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပါပေ။

ယင်းသို့ဖြင့် အမှုတွဲမှာ မပြတ်ဘဲ သုံးနှစ်ခန့်ကြာသွားရလေသည်။

နိုင်ငံပေါင်းစုံ၏ တရားစီရင်မှုသမိုင်းကြောင်းကို နှစ်ပေါင်းတစ်ထောင်အထိ နောက်ကြောင်းပြန် လေ့လာသည့်အခါမှပင် ၁၈ ရာစုမှ ၂၀ ရာစုအတွင်း ပေါ်ပေါက်ခဲ့သော အမှုတွဲအချို့တွင် အလားတူအမှုမျိုးကို တွေ့ရှိရသတော့သည်။

ထိုခေတ်ဟောင်းကာလများတုန်းက ယခုကဲ့သို့သောတရားခံမျိုးအား အများလူထုရှေ့မှောက်တွင် မီးရှို့သတ်ဖြတ်ခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးကို မြေတွင်မြှုပ်ကာ ဦးခေါင်းတစ်ခုသာဖော်ထားလျက် လူအများက သေသည်အထိ ဦးခေါင်းအား ခဲများဖြင့် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခြင်း စသည်ဖြင့် အပြစ်ပေးခဲ့ကြောင်းကို တွေ့ရလေသည်။

ထိုအပြစ်ပေးနည်းများမှာ အနောက်နိုင်ငံများမှ အပြစ်ပေးနည်းများဖြစ်ပြီး အရှေ့တိုင်းနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံ၌မူ ညင်သာပျော့ပျောင်းသောနည်းဖြင့်သာ အပြစ်ပေးခဲ့ကြောင်း တွေ့ရလေသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ပြစ်မှုမျိုးကို ကျူးလွန်သည်ဟု ယူဆရသူများအား လူနေရပ်ရွာ၏ ပြင်ပသို့နှင်ထုတ်ခြင်းဖြင့် ပြစ်ဒဏ်ခတ်ခဲ့ကြလေသည်။ (ကျေးလက်တောရွာများ၌ ရွာထဲတွင် မနေထိုင်စေဘဲ ရွာပြင်နှင်ထုတ်ကာ အပြစ်ပေးခြင်းမျိုး၊ တရားခံအား မခေါ်မပြော မဆက်ဆံဘဲ ပ,ထားခြင်းမျိုး ဖြစ်ပေသည်။)

သာမန်အားဖြင့်ကြည့်လျှင် ပြစ်ဒဏ်မှာ ပျော့ပျောင်းသည်ဟု ယူဆရသော်။ တကယ်တမ်းတွင် လူ့အဖွဲ့အစည်းမှ ဖယ်ကျဉ်ခံရပြီး လူ့အသိုင်းအဝိုင်းသို့ ဝင်ခွင့်ပိတ်ပင်ခံရခြင်းမှာ ကာယကံရှင်၏စိတ်ဓာတ်အား အကြီးအကျယ် ညှိုးနွမ်းစေပါသည်။ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေပါသည်။ အဆိုပါနည်းဖြင့် အပြစ်ပေးအရေးယူခံရသူသည် စိတ်ဓာတ်ညှိုးနွမ်းကာ [illegible]ခြင်း လုံးပါးပါး သေဆုံးရဖွယ်သာရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အနောက်နိုင်ငံမှ ရက်စက်စွာသတ်ဖြတ်အပြစ်ပေးခြင်းထက် ပို၍ထိရောက်သော ပြစ်ဒဏ်ခတ်မှုမျိုးပင် ဖြစ်ပေတော့သည်။

၂၀ ရာစုအစပိုင်း မြန်မာနိုင်ငံတွင် **'စုန်း'**အဖြစ် ယိုးစွပ်ခံရသူများအား အထက်ပါနည်းအတိုင်း ရပ်ရွာမှအပြစ်ပေးခဲ့ကြသည်ကို လေ့လာတွေ့ရှိရပေသည်။

မှန်ပေသည်။ ယခုကြုံတွေ့နေရသော ထူးဆန်းသောတရားခံ **'ဒေါ်မိုးထက်ထက် ဂွက်ထော်'**သည်လည်း **'စုန်းမ'**အဖြစ် ယိုးစွပ်ခံထားရသူ ဖြစ်သည်။ ထို့ပြင် တိုက်ဆိုင်စွာဖြင့် မြန်မာနိုင်ငံမှ မြန်မာလူမျိုး တစ်ယောက်လည်း ဖြစ်နေပါသေးသည်။

☗

ဒေါ်မိုးထက်ထက်ဂွက်ထော်သည် သာမန်အရပ်သူတစ်ယောက်သာ ဖြစ်သည်။ အသက် ၅၀ အရွယ်ရှိနေပြီဖြစ်သော မြန်မာမိန်းမတစ်ယောက် ဖြစ်သည်။ သားသမီးမရှိသော မုဆိုးမတစ်ဦးလည်း ဖြစ်လေသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်တွင် ဝမ်းတွင်းပါ စုန်းအတတ်ပညာများ ရှိနေကြောင်းကို လွန်ခဲ့သည့်နှစ်အနည်းငယ်မှစတင်၍ သဲလွန်စရခဲ့ကြပေသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်သည် စက္ကူများပေါ်တွင် စာရေးလေ့ရှိသူ ဖြစ်၏။ ထိုအချက်ကပင် အများတကာထက်တစ်မူထူးသော အလေ့အထတစ်ခု ဖြစ်နေခဲ့ပေသည်။ စက္ကူဆိုသည်မှာ ရှေးခေတ်ဟောင်းက ဆက်သွယ်ရေး ပညာရေး၊ လူမှုရေးနှင့် မီဒီယာကိစ္စများတွင် အသုံးပြုခဲ့သည့် ကြားခံပစ္စည်း တစ်ခု ဖြစ်ပေသည်။ သစ်တောများပြုန်းတီးမှုအား ကန့်သတ်ပြီးသည့်နောက် ကမ္ဘာပေါ်တွင် စက္ကူထုတ်လုပ်မှု ရပ်ဆိုင်းသွားခဲ့သည်။ စက္ကူကို ရှေးဟောင်း အမှတ်တရပစ္စည်းတစ်ခုအဖြစ် အနည်းငယ်သာထုတ်လုပ်ကာ ရှေးဟောင်း ပစ္စည်းအရောင်းဆိုင်များ၌ ရောင်းချတော့သည်။

ခေတ်ကာလအနေအထားအရ လူထုဆက်သွယ်ရေးလုပ်ငန်းတွင် တစ်ကမ္ဘာလုံး လူတစ်ကိုယ် ကွန်ပျူတာတစ်လုံး ကိုင်နေကြပြီဖြစ်သည်။ မည်သည့်ကိစ္စအတွက်မဆို လူတိုင်း ကိုယ်ပိုင်ကွန်ပျူတာကိုသာ အသုံးပြု ကြသည်။ ကိုယ်ပိုင်သုံးကွန်ပျူတာဆိုသည်မှာလည်း ကြီးကြီးမားမားမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဝါးအရွယ် မြင်ကွင်းပါသည့် သုံးလက်မထုသော စက်ပြားပြားလေး တစ်လုံးသာ ဖြစ်လေသည်။

လူအဖြစ်မွေးဖွားလာသည်နှင့် မည်သည့်နိုင်ငံ၊ မည်သည့်နေရာတွင် မွေးမွေး ကွန်ပျူတာတစ်လုံး ပိုင်ဆိုင်ခွင့်ရှိကြသည်။ မွေးလာသောကလေး အတွက် ကွန်ပျူတာကို သက်ဆိုင်ရာဌာနမှ ထုတ်ပေးကြသည်။ မွေးစာရင်း ပြရုံနှင့် ကွန်ပျူတာတစ်လုံး အလွယ်တကူ ထုတ်ယူလို့ရပေသည်။ အခကြေးငွေ ပေးစရာမလို၊ အခမဲ့ရနိုင်ခြင်းဖြစ်သည်။

လူတစ်ယောက်သည် ထိုကွန်ပျူတာဖြင့် စာသင်နိုင်သည်။ လိုအပ် သမျှ လေ့လာနိုင်သည်။ ရုပ်ရှင်ကြည့်နိုင်သည်။ တေးဂီတနားဆင်နိုင်သည်။ ဝတ္ထုဖတ်နိုင်သည်။ စာပေးစာယူပြုလုပ်နိုင်သည်။ ရည်းစားထားနိုင်သည်။ ဒူးစာရှာကြင်ယာရှာနိုင်သည်။ အင်တာနက်မှတစ်ဆင့် လိုအပ်သည်များ အားလုံးကို ဆက်သွယ်နိုင်သည်။ ကိုယ်ပိုင်ကွန်ပျူတာတစ်လုံးရှိရုံနှင့် လူတစ် ယောက်အတွက် လိုအပ်ချက်အားလုံး ပြည့်စုံနိုင်လေ၏။ မိမိအသုံးပြုနေသော ကွန်ပျူတာ ပျက်စီးသွားပါကလည်း အဟောင်းကိုပြန်အပ်၍ အသစ်တစ်လုံး အခမဲ့ ထုတ်ယူနိုင်သေးသည်။

သာမန်လူတစ်ယောက်အသုံးပြုသည့် အဆင့်အနိမ့်ဆုံး ကွန်ပျူတာ တစ်လုံးသည် လုံးချင်းဝတ္ထုပုဒ်ရေတစ်ထောင်၊ သီချင်းပုဒ်ရေသုံးသောင်း၊ ရုပ်ရှင်ဇာတ်ကားကြီးငါးရာ၊ ပန်းချီကားချပ်နှစ်သောင်းကို တစ်ပြိုင်တည်း သိုလှောင်ထားလို့ရပေသည်။ ထို့ကြောင့် သာမန်ကွန်ပျူတာတစ်လုံးရှိရုံဖြင့် လူတစ်ယောက်အတွက် စိတ်အပန်းပြေမှုအားလုံး ပြီးပြည့်စုံနေပေတော့သည်။

ကွန်ပျူတာထုတ်လုပ်မှုမှာ စာရွက်စက္ကူထုတ်လုပ်မှုထက် ယခုအခါ တွင် များစွာဈေးသက်သာနေပေသည်။ သစ်တောပြုန်းတီးမှုကိုလည်း မဖြစ် ခေါ်စေပေ။ စက္ကူထက် ထုတ်လုပ်ခသက်သာရုံမက လုပ်ငန်းတွင်ကျယ်မှုတွင် စက္ကူထက် အဆပေါင်းများစွာ သာလွန်နေသည့်အတွက် စက္ကူဆိုသည်မှာ အသုံးပြုရန် မလိုအပ်တော့သော ပစ္စည်းတစ်ခုဖြစ်နေပေပြီ။

ဤလိုအချိန်အခါမျိုးဝယ် ဒေါ်မိုးထက်ထက်ဝွက်ထော်သည် စက္ကူ များကို ဈေးကြီးပေးဝယ်ယူကာ စက္ကူများပေါ်တွင် ကလောင်တံဖြင့် ရေးခြစ် ခြင်း တွက်ချက်ခြင်းများပြုလုပ်နေသည့်အခါ လူအများအနေဖြင့် နားမလည် နိုင်အောင် ရှိခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးထက်ထက်ဂွက်ထော် စက္ကူများပေါ်တွင် ရေးသားသော စာများမှာ ဂဏန်းသချာများ ဖြစ်နေပေ၏။

ဒေါ်မိုးထက်ထက်ဂွက်ထော်၏ မှုမမှန်ပုံကို စတိုးဆိုင်တစ်ဆိုင်တွင် ဈေးဝယ်စဉ်မှ စတင်၍ အကဲခတ်မိခဲ့ကြလေသည်။

၆

ဒေါ်မိုးထက်ထက်ဂွက်ထော်သည် ဈေးဝယ်ရန်အတွက် ကုန်မျိုးစုံ ရောင်းသော စူပါမားကက်တစ်ခုအတွင်းသို့ ရောက်လာလေသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်က လိုအပ်သောပစ္စည်းများကို ဆိုင်တွင် အသင့်ထားပေးသော လက်တွန်းလှည်းလေးထဲသို့ တစ်ခုပြီးတစ်ခု ရွေးထည့်သွားကာ တွန်းလှည်းကို ငွေရှင်းကောင်တာဆီသို့ တွန်းယူခဲ့လေသည်။

ကောင်တာမှအရောင်းစာရေးမလေးက ဒေါ်မိုးထက်ထက်ဂွက်ထော် ယူလာသောပစ္စည်းများကို ရေတွက်ကာ ကျသင့်ငွေကို ကွန်ပျူတာဖြင့် တွက်ချက်လေ၏။

"ပေါင်မုန့်က ၆ လုံး၊ တစ်လုံးကို သုံးကျပ် ..."

စာရေးမလေးက ကွန်ပျူတာပေါ်မှ ၆ ဂဏန်းနှင့် ၃ ဂဏန်းများကို နှိပ်ကာ တွက်ချက်ရန်ပြင်ဆင်၏။

"၃ ကျပ်တန် ၆ လုံးဆိုတော့ ၃×၆ လီ ၁၈၊ ၁၈ကျပ်ပေါ့သမီးရယ်"

ဒေါ်မိုးထက်ထက်ဂွက်ထော်က နှုတ်ဖြင့်တွက်ပြလိုက်ရာ ကွန်ပျူတာကို နှိပ်ရန်ပြင်နေဆဲ စာရေးမလေးမှာ အံ့အားသင့်သွားလေ၏။

"ကြည့်စမ်း၊ အန်တီက ကွန်ပျူတာမပါဘဲ တွက်နိုင်တယ်နော်"

"အန်တီမှာ ကွန်ပျူတာပါပါတယ်။ ဟောဒီမှာလေ ... ဒါလောက်လေးကတော့ ကွန်ပျူတာထုတ်ပြီး နှိပ်နေစရာမလိုဘူးလေ သမီးရဲ့၊ လက်တန်း တွက်လို့ရနေတာကိုး။ ကဲ ... အန်တီပဲတွက်ပြမယ်"

ဒေါ်မိုးထက်ထက်ဂွက်ထော်က သူဝယ်ယူသည့်ပစ္စည်းများ၏ ကုန်ကျစရိတ်ကို ဒိုးဒိုးဒေါက်ဒေါက် တွက်ပြလိုက်လေသည်။

"ယိုဘူးက တစ်ဘူး ၄ ကျပ်နဲ့ ၂ ဘူးဆိုတော့ လေးနှစ်လီ ၈ ကျပ်၊ အာလူးက တစ်ပိဿာတစ်ဆယ်ဈေးမဟုတ်လား။ အန်တီယူလာတာ အစိတ်သားထုပ်ဆိုတော့ ၂ ကျပ်ခွဲကွယ်။ တစ်စည်း တစ်ကျပ်တန် ဟင်းနုနွယ်ရွက်က ၃ စည်းဆိုတော့ ၃ ကျပ်၊ အမဲသားဘူးက တစ်ဘူး ၅ ကျပ်တန်



www.burmeseclassic.com

www.burmeseclassic.com



၂ ဘူးဆိုတော့ တစ်ဆယ်ပေါ့ကွယ်။ ကဲ . . . အားလုံးပေါင်းမယ်၊ ၁၈ ကျပ်ရယ် ၈ ကျပ်ရယ်က ၂၆ ကျပ်။ အားလူး ၂ ကျပ်ခွဲဖိုးနဲ့ ကန်းစွန်းရွက် ၃ ကျပ်ဖိုးပေါင်းတော့ ၅ ကျပ်ခွဲ၊ ခုန ၂၆ ကျပ်နဲ့ပေါင်းတော့ ၃၁ ကျပ်ခွဲမနေလား။ အမဲသား ၂ ဘူးက တစ်ဆယ်နဲ့ စုစုပေါင်း ၄၁ ကျပ်ခွဲကျတာပေါ့”

အရောင်းစာရေးမလေးသည် ဒေါ်မိုးထက်ထက်ဂွက်ထော် တွက်ပြသည်များကို နားထောင်ကာ ပါးစပ်အဟောင်းသားဖြင့် အသက်ပင်မရှူမိဘဲ ငေးနေသည်။ ထို့နောက် စာရေးမလေးက ကွန်ပျူတာခလုတ်များကိုနှိပ်ကာ ကုန်ကျစရိတ်ကို တွက်ကြည့်လိုက်၏။ ထွက်လာသည့်အဖြေမှာ ဒေါ်မိုးထက်ထက်ဂွက်ထော် ထုတ်လိုက်သည့်အဖြေအတိုင်း ကွက်တိဖြစ်နေလေသည်။ ကွန်ပျူတာထက်ပင် မြန်ဆန်စွာ အဖြေထုတ်နိုင်သော ဒေါ်မိုးထက်ထက်ဂွက်ထော်ကို စာရေးမလေးက အထူးအဆန်းသဖွယ် ငေးကြည့်နေမိသည်။ အနီးတွင် ရပ်နေသူများကလည်း စိတ်ဝင်စားစွာ ရပ်ကြည့်နေကြလေ၏။

“အန်တီက ကွက်တိမှန်အောင် တွက်နိုင်တယ်နော်။ အိမ်က ထွက်လာကတည်းက ဒီပစ္စည်းတွေဝယ်မယ်လို့ဆုံးဖြတ်ပြီး အန်တီ့ကွန်ပျူတာနဲ့ တစ်ခါတည်းတွက်လာခဲ့တာလား အန်တီ”

“ကြဲကြဲဖန်ဖန်ကွယ်၊ အန်တီ့ဟာအန်တီ စိတ်တွက်နဲ့ တွက်လိုက်တာပါ။ တကယ်တော့ ဒါမခက်ပါဘူးကွယ့်”

ဒေါ်မိုးထက်ထက်ဂွက်ထော်က ကျသင့်ငွေကိုရှင်းပေးပြီး ပစ္စည်းများကို ယူကာ ဆိုင်ထဲမှထွက်သွားလေတော့သည်။

အရောင်းစာရေးမလေးသည် မန်နေဂျာအခန်းသို့ အပြေးသွားကာ ကြုံတွေ့ခဲ့ရသော ထူးဆန်းအံ့သြဖွယ်အဖြစ်ကို အစီရင်ခံတင်ပြလိုက်လေသည်။

“ကုန်ကျစရိတ်တွေကို ကွန်ပျူတာမသုံးဘဲ စိတ်နဲ့တွက်တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ မင်း နေကောင်းရဲ့လား”

မန်နေဂျာက အရောင်းစာရေးမလေးကို မယုံသင်္ကာဖြင့် မေးမြန်းလိုက်လေသည်။

“ကျွန်မက မျက်မြင်ကြုံခဲ့တာပါ ဆရာ။ မယုံရင် မှတ်တမ်းရုပ်သံမှာ ပြန်ကြည့်လို့ရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက ကွန်ပျူတာထိန်းချုပ်ဌာနသို့ လွန်ခဲ့သည့်ဆယ်မိနစ်က အရောင်းကောင်တာရှေ့မှ ရုပ်မြင်သံကြားမှတ်တမ်းကို သူ့အခန်းထဲသို့ လွှင့်ပေးရန် ဖုန်းဖြင့် အမိန့်ပေးလိုက်လေသည်။

စူပါမားကက်၏ ထောင့်တိုင်း၊ နေရာတိုင်းတွင် ရုပ်သံကင်မရာများ တပ်ဆင်ထားကာ ဈေးရောင်းဈေးဝယ်မြင်ကွင်းများကို စက္ကန့်မလပ် မှတ်တမ်းတင်ထားလျက် ရှိပါသည်။ ဝယ်သူများ ဝယ်ယူသည့်ပစ္စည်းကို အငြင်းမပွားစေရန်၊ ပစ္စည်းများ အခိုးခံရမှုမှကာကွယ်ရန် တပ်ဆင်မှတ်တမ်းတင်ထားခြင်းပင် ဖြစ်ပါသည်။

ကွန်ပျူတာထိန်းချုပ်ဌာနမှ လွှင့်ပေးလိုက်သည့် လွန်ခဲ့သော ဆယ်မိနစ်က အရောင်းကောင်တာရှေ့မှ ရုပ်သံမှတ်တမ်းသည် စက္ကန့်ပိုင်းအတွင်း မန်နေဂျာအခန်းထဲမှ တီဗီစက်တွင် ထင်ဟပ်လာလေသည်။

အရောင်းစာရေးမလေးနှင့် ဒေါ်မိုးထက်ထက်ဝွက်ထော်တို့ ပြောဆိုနေပုံ၊ ဒေါ်မိုးထက်ထက်ဝွက်ထော်က ပစ္စည်းကုန်ကျစရိတ်ကို လျင်မြန်စွာ နှုတ်တိုက်တွက်ချက်ပြပုံများကို မန်နေဂျာ မြင်တွေ့နေရ၏။

"ဘုရား ... ဘုရား၊ ထူးဆန်းလှချည်လား။ သူ ကွန်ပျူတာကို တစ်ချက်မနှိပ်ဘဲနဲ့ ဂဏန်းသင်္ချာတွေကို တွက်တတ်တယ်။ သူ့အဖြေတွေရော မှန်ရဲ့လား ... မှန်း ..."

မန်နေဂျာက ဒေါ်မိုးထက်ထက်ဝွက်ထော်ဝယ်ယူသည့် ပစ္စည်းများကို ဈေးနှုန်းနှင့် အရေအတွက်များ ကွန်ပျူတာထဲတွင် ရိုက်ထည့်ကာ တွက်ချက်ကြည့်လိုက်လေသည်။

"ဟိုက် ... ကွက်တိပါလား"

မန်နေဂျာက အံ့သြတကြီးရေရွတ်လိုက်လေသည်။

"အဲဒါကြောင့် ပြောတာပေါ့ ဆရာ။ ထူးဆန်းလွန်းလို့ သမီး ဆရာ့ဆီ လာသတင်းပို့တာပါ"

"ဟုတ်တယ်ဟေ့။ ဒီမိန်းမဟာ သာမန်မိန်းမတစ်ယောက် မဟုတ်ဘူး"

"သိပ်တော်တဲ့မိန်းမတစ်ယောက်လို့ ဆိုလိုတာလား ဆရာ"

"မဟုတ်ဘူး။ သူ့မှာ လျှို့ဝှက်တဲ့ အတတ်ပညာတစ်ခုခုတော့ ရှိမယ်။ လူစင်စစ်မှ ဟုတ်ရဲ့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ်သရဲ ထူးဆန်းလှသည့် အစွမ်းအစကိုကြည့်ရင်း မန်နေဂျာက မှတ်ချက်ချလိုက်လေသည်။

၆

ဒေါ်မိုးထက်ထက်ဝွက်ထော်သည် အသက် ၄၀ အထိ အစိုးရဘက်ဆိုင်ရာ ရုံးတစ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ပေသည်။ အသက် ၄၀ ပြည့်သည်တွင် ပင်စင်ယူ၍ သက်သောင့်သက်သာနေထိုင်ခဲ့၏။ သူမသည် အိမ်ထောင်မရှိသူ အပျိုကြီးတစ်ဦးဖြစ်သည်။

အလုပ်မှအနားယူပြီးသည့်အချိန်တွင် ဒေါ်မိုးထက်ထက်ဝွက်ထော်မှာ အားလပ်နေခဲ့သည်။ အသက်ကလည်း ကြီးလှသည်မဟုတ်သေး။ ကျန်းမာရေးကလည်း ကောင်းနေသေးသူဖြစ်ရာ ဒေါ်မိုးထက်ထက်ဝွက်ထော်သည် ကျောင်းနေစဉ်ကနှင့် လုပ်ငန်းခွင်အတွင်းတွင် မလေ့လာခဲ့ရသည့် ပညာရပ်များကို လေ့လာခဲ့လေ၏။

သူမသည် အတွက်အချက်ဝါသနာပါသူဖြစ်ရာ ဂဏန်းသချာ်ဘာသာရပ်ကို ကိုယ်တိုင်လေ့လာခဲ့လေသည်။

ယခုကာလတွင် အစစအရာရာ တိုးတက်နေပြီဖြစ်ရာ လူတို့သည် အတွက်အချက်ကို အပင်ပန်းခံ၍ တွက်ချက်မနေတော့ပေ။ ဂဏန်းသချာ် အပေါင်းအနှုတ်တစ်ခုကို တစ်လုံးစီချရေး၍ ပေါင်းနှုတ်မြှောက်စားသည့်ခေတ်မှာ နှစ်ပေါင်းလေးရာခန့် နောက်ကျကျန်ရစ်ခဲ့ပြီဖြစ်သည်။ ဘယ်အချက်အလက်ကိုပဲ သိချင်သိချင် ကွန်ပျူတာခလုတ်ကလေးကို နှိပ်ရုံဖြင့် စက္ကန့်ပိုင်းအတွင်း သိရှိနေနိုင်ပေရာ မည်သူကမျှလည်း အပင်ပန်းခံ တွက်ချက်မနေတော့ပေ။ သိလိုသမျှ ကွန်ပျူတာခလုတ်နှိပ်၍ အဖြေရှာခိုင်းလိုက်ရုံသာဖြစ်ပေ၏။

ရာစုနှစ်ပေါင်းများစွာ ကွန်ပျူတာကို အရိုးစွဲအောင် သုံးလာကြပြီးဖြစ်သည့် ကမ္ဘာ့လူသားတို့သည် အခြေခံအတွက်အချက်ပညာကို မတတ်ကျွမ်းကြတော့ပေ။ ၁ နှင့် ၂ ပေါင်းပါက မည်မျှရသည်ကိုပင် ခေါင်းရှုပ်ခံ၍ စဉ်းစားမနေကြတော့။ ကွန်ပျူတာ၏ ဂဏန်း ၁ ခလုတ်၊ အပေါင်းလက္ခဏာ ခလုတ်နှင့် ဂဏန်း ၂ ခလုတ်တို့ကို အစဉ်အတိုင်းနှိပ်၍ အသင့်ပေါ်လာသော အဖြေကို ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် မွေးကတည်းကပင် ဂဏန်းသင်္ချာ အတွက်အချက်နှင့် ပတ်သက်၍ စဉ်းစားတွေးခေါ်သည့် အလေ့အကျင့်မရှိသည့်အတွက် ဦးနှောက်များ တုံးနေကြပြီဖြစ်သည်။ ကျောင်းများ၌လည်း သင်ကြားခြင်းမပြုတော့ပါ။ ပုစ္ဆာတစ်ပုဒ်၏အဖြေကို သိလိုပါက ကွန်ပျူတာခလုတ်များကို မည်သို့ မှန်ကန်စွာ နှိပ်ရမည့်နည်းကိုသာ သင်ကြားပို့ချပေးကြသည်။

ဂဏန်းမတွက်တတ်၍လည်း မည်သည့်လူသားမှ ဒုက္ခရောက်မသွားကြပါချေ။ ရှေးအထက်ကာရီက သိပ္ပံပညာရှင်လူသားများက လက်ရှိခေတ်လူသားများအတွက် ကွန်ပျူတာများကို ပြီးပြည့်စုံအောင် တီထွင်ပေးသွားပြီးဖြစ်သည်။

ထို့ကြောင့် အများတကာထက် တစ်ယောက်တည်းထူးကဲ၍ ဂဏန်းသင်္ချာပညာကို လေ့လာနေသော ဒေါ်မိုးထက်ထက်ဂွက်ထော်သည် အများထဲမှာ ကွက်၍ တစ်မူထူးခြားနေခြင်းပင် ဖြစ်တော့သည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်သည် လေ့လာဆည်းပူးသည့် အားလျော်စွာ ဂဏန်းများကို ကိုယ်တိုင်ချရေး၍ တွက်ချက်တတ်လာသည်။ ၁ နှင့် ၂ ပေါင်းလျှင် ၃ ရကြောင်းကို ကွန်ပျူတာနှိပ်မှ သိရသည်မဟုတ်။ တုတ်ချောင်းလေးတစ်ချောင်းနှင့် နောက်ထပ်တုတ်ချောင်းလေး ၂ ချောင်းကိုချ၊ ရေတွက်ကြည့်လျှင် ၃ ဆိုသည့်အဖြေကို ရနိုင်ပါသည်။ ဤနည်းဖြင့် ဒေါ်မိုးထက်ထက်ဂွက်ထော်သည် အပေါင်းအနှုတ်အချို့ကို တွက်တတ်လာသည်။ တစ်ဆင့်တက်၍ အမြှောက်အစားများကိုပါ တတ်မြောက်လာခဲ့သည်။

စင်စစ် ဒေါ်မိုးထက်ထက်ဂွက်ထော် ရှာဖွေတွေ့ရှိသည့် ဂဏန်းတွက်နည်းများမှာ ရှေးခေတ်က မူလတန်းကလေးများကို သင်ကြားသည့် အခြေခံအတွက် အချက်ပညာများသာ ဖြစ်ပါသည်။ သို့ရာတွင် လက်ရှိအသက်ရှင်နေသူ လူသားမှန်သမျှသည် ထိုအခြေခံတွက်နည်းများကို မသင်ကြားဖူး၍ လုံးဝမသိကြချေ။ လက်ရှိအသက်ရှင်နေသော လူသားများသည် ကိန်းဂဏန်းတစ်ခုကို သိလိုပါက ကွန်ပျူတာတွင်နှိပ်၍ အဖြေရှာရမည်ဟုသာ သိကြသည်။ ကွန်ပျူတာမှ ဖော်ပြသောအဖြေသည် မည်သို့မည်ပုံ အဆင့်ဆင့်တွက်ချက်ရာမှ ရရှိလာကြောင်းကို မသိကြချေ။

ထိုအခါ ဒေါ်မိုးထက်ထက်ဂွက်ထော်တစ်ယောက် ဂဏန်းသင်္ချာများကို နှုတ်တိုက်သော်လည်းကောင်း၊ လက်တန်းသော်လည်းကောင်း၊ စာရွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ချရေး၍သော်လည်းကောင်း တွက်ချက်တတ်မြောက်နေခြင်းသည် အားလုံးအတွက် အဆန်းတကြယ် ဖြစ်နေကြတော့သည်။

ဒေါ်မိုးထက်ထက်ဝွက်ထော်ကလည်း ဂဏန်းသင်္ချာနှင့်ပတ်သက်၍ ရှေးခေတ် သမိုင်းကြောင်းကိုပါမကျန် စာကြည့်တိုက်များ ပြတိုက်များအထိ သွားရောက်ကာ လှန်လှောလေ့လာရှာဖွေခဲ့ရာ တစ်ခါတော့ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်က ဗလာစာအုပ်တစ်အုပ်ကို ပြတိုက်တစ်ခု၌ တွေ့ရှိခဲ့လေသည်။ စာအုပ်မှာ နှစ်ငါးရာကျော်သက်တမ်းရှိပြီးမို့ ကြွပ်ရွကာ ကြေကျလုမတတ်ရှိနေလေပြီ။ ဒေါ်မိုးထက်ထက်ဝွက်ထော်က ပြတိုက်မှူးထံ ခွင့်တောင်းကာ ထိုဗလာစာအုပ်ကို တစ်အုပ်လုံး မိတ္တူကူးယူခဲ့လေသည်။

ဗလာစာအုပ်မှာ ၂၀ ရာစုကာလက နှစ်တန်းကျောင်းသားတစ်ယောက် အသုံးပြုခဲ့သောစာအုပ် ဖြစ်လေသည်။ ဒေါ်မိုးထက်ထက်ဝွက်ထော်သည် စာအုပ်နောက်ကျောမှ အလီတိုင်ဇယားကို တွေ့ရှိခဲ့လေသည်။ အစပိုင်းတွင် ဒေါ်မိုးထက်ထက်ဝွက်ထော် နားမလည်မိ။ သေချာလေ့လာကြည့်ပါမှ အလီတိုင်ဇယားဆိုသည်မှာ ကိန်းဂဏန်းတစ်ခုနှင့် အခြားကိန်းဂဏန်းတစ်ခုတို့ မြှောက်ခြင်းမှရသော ရလဒ်များကို တန်းစီဖော်ပြထားသည့် ဇယားဖြစ်နေတာကို သတိပြုမိတော့သည်။ ကိန်းဂဏန်းတစ်ခုနှင့်တစ်ခု မြှောက်ခြင်းကို ဂဏန်းစဉ်အတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

ဒေါ်မိုးထက်ထက်ဝွက်ထော်က အလီတိုင်ဇယားကို အရကျက်မှတ်ခဲ့ရာ တစ်နှစ်ကြာချိန်တွင် ၁ အလီမှ ၉ အလီအထိ အလွတ်ရသွားခဲ့လေသည်။

ဒေါ်မိုးထက်ထက်ဝွက်ထော်က သူ လေ့လာတွေ့ရှိသော ဂဏန်းသင်္ချာပညာရပ်အတွက် အလွန်ပင်ဂုဏ်ယူခဲ့လေသည်။ အလျဉ်းသင့်သည့်အခါတိုင်းလည်း သူမတတ်ကျွမ်းသော သင်္ချာပညာကို လူတောထဲတွင် အသုံးချခဲ့လေ၏။

တစ်ခါက ဘတ်စ်ကားဖြင့် တစ်နေရာသို့သွားခဲ့ရာ မှတ်တိုင်တစ်ခုတွင် ကျောင်းသူ ၆ ယောက် ကားပေါ်တက်လာလေသည်။ ကျောင်းသူများက သွတ်တော်အဆောက်အအုံထိစီးလျှင် ဘယ်လောက်ကျမည်လဲဟု စပယ်ယာကို မေးလေသည်။ စပယ်ယာက တစ်ဦးလျှင် ၁၅ ပြားကျကြောင်း ပြန်ပြော၍ ကျောင်းသူတစ်ဦးက ၆ ယောက်အတွက် ငွေထုတ်ပေးရန် သူ့အဖော်များအား "ဘယ်လောက်ကျသလဲ တွက်ကြပါဦး"ဟုဆိုကာ သူကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ထဲမှ ကွန်ပျူတာလေးကိုထုတ်ကာ တွက်ရန်ပြင်လေသည်။ ကျန်ကျောင်း သူများကလည်း မိမိတို့ကွန်ပျူတာများကို အသီးသီးထုတ်လိုက်ကြ၏။ ဘတ်စ် ကားစပယ်ယာကလည်း သူ၏ လွယ်အိတ်ထဲမှကွန်ပျူတာကို ထုတ်လိုက်လေသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်သည် မနေသာတော့ဘဲ ဝင်ပြောလေတော့သည်။

"ဒါလောက်က ကွန်ပျူတာထုတ် တွက်နေစရာ မလိုပါဘူးကွယ်။ လွယ်ပါတယ်။ တစ်ယောက် ၁၅ ပြား၊ ၆ ယောက်အတွက်ဆိုတော့ ၁၅ ကို ၆နဲ့မြှောက်၊ ဆယ့်ငါးခြောက်လီ ၉၀၊ ပြားကိုးဆယ်ပေါ့ကွယ့်"

ဒေါ်မိုးထက်ထက်ဂွက်ထော်က ဒိုးဒိုးဒေါက်ဒေါက်တွက်ပြလိုက်ရာ ကြားရသူအပေါင်း အံ့အားသင့်သွားကြလေသည်။ စပယ်ယာရော၊ ကျောင်းသူ ၆ ယောက်လုံးပါ သူတို့ကွန်ပျူတာများဖြင့် အမြန်တွက်ချက်အဖြေရှာလိုက်ရာ ဒေါ်မိုးထက်ထက်ဂွက်ထော်ပြောသော အဖြေအတိုင်း ဖြစ်နေသည်ကို တွေ့ရလေ၏။ အခြားသော ဘတ်စ်ကားစီးခရီးသည်များကလည်း ဒေါ်မိုးထက်ထက်ဂွက်ထော် လျင်မြန်စွာ ပြောလိုက်သောအဖြေသည် အမှန်ဟုတ်မဟုတ်ကို သူတို့၏ ကိုယ်ပိုင်ကွန်ပျူတာများကိုထုတ်ကာ တွက်ချက်ကြည့်ကြလေ၏။

အံ့သြသောမျက်လုံးအကြည့်များက ဒေါ်မိုးထက်ထက်ဂွက်ထော်ထံ စုပြုံကျရောက်လာလေတော့သည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်သည် သူမတတ်ကျွမ်းထားသည့်ပညာကို အလျဉ်းသင့်တိုင်း ထုတ်သုံးခဲ့ပေသည်။

ရပ်ကွက်စည်းဝေးပွဲတစ်ခုတွင် ဖြစ်သည်။ ပျက်စီးနေသော လမ်းမကြီးအား အသစ်ပြုပြင်ခင်းကျင်းရန်အတွက် စည်းဝေးပွဲခေါ်ယူခဲ့ရာ ကုန်ကျစရိတ်နှင့် အတိုင်းအထွာများတွက် ချက်ရန်လိုအပ်သဖြင့် လူအားလုံး မိမိတို့ ကွန်ပျူတာအသီးသီးကို လက်ထဲမှာ အသင့်ထုတ်ကိုင်ထားလျက် ရှိကြလေသည်။

"ကျွန်တော်တို့ ပြုပြင်ရမယ့်လမ်းအရှည်ဟာ ပေ ၈၀၀ တိတိ ရှိပါတယ်။ လမ်းတစ်ခုလုံးကို အသစ်ပြန်ပြီး ခင်းမှာဖြစ်တဲ့အတွက် ကုန်ကျ



www.burmeseclassic.com

www.burmeseclassic.com



ဇရိုတ်က တော်တော်များသွားပါလိမ့်မယ်။ လမ်းခင်းရမယ့်ဧရိယာကကို မနည်းပါဘူး။ လမ်းအရှည်က ပေ၈၀၀၊ လမ်းအကျယ်က ပေ ၃၀ ဆိုတော့•••"

ရပ်ကွက်ဥက္ကဋ္ဌက သူ၏ကွန်ပျူတာကိုထုတ်ကာ ပြုပြင်ရမည့်ဧရိယာအကျယ်အဝန်းကို တွက်ချက်ရန်ပြင်နေဆဲမှာပင် ဒေါ်မိုးထက်ထက်ဂွက်ထော်က ဝင်ပြောလိုက်လေသည်။

"ပေ ၈၀၀ နဲ့ ပေ ၃၀ ဆိုတော့ စတုရန်းပေနှစ်သောင်းလေးထောင်ပေါ့ ဥက္ကဋ္ဌကြီးရဲ့"

ဥက္ကဋ္ဌက ဒေါ်မိုးထက်ထက်ဂွက်ထော်ကို မျက်လုံးပြူးကြည့်လိုက်လေသည်။ ကွန်ပျူတာကို နှိပ်ကြည့်ရာတွင်လည်း ဒေါ်မိုးထက်ထက်ဂွက်ထော်ပြောသည့်အဖြေသာ ထွက်လာသည့်အတွက် အံ့ဩသွားလေသည်။

"တွက်တတ်ရင် ရှာအလီ ထောင်အသီတွေ ရစရာမလိုဘူးရှင့်။ ကျွန်မတွက်နည်းက ဒီလို။ ပြောက်မယ့်ကိန်းဂဏန်း ၂ ခုကို အထက်အောက် ချရေးလိုက်တယ်။ ပြောက်တော့ တစ်လုံးချင်းပြောက်တယ်။ ထွက်လာတဲ့အဖြေ ၂ တန်းကိုပြန်ပေါင်းတာပဲ။



ဆုပြည့်စုံတွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်၁ ရပ်ကွက်သားအားလုံးကလည်း ကိုယ်ပိုင် ကွန်ပျူတာများဖြင့် ၈၀၀ နှင့် ၃၀ ကိုမြှောက်ကြည့်ရာ ၂၄၀၀၀ အဖြေထွက်သည်ကို တွေ့လိုက်ရလေသည်။

"ခင်ဗျားဘယ်လိုတွက်လိုက်တာလဲ ဒေါ်မိုးထက်ထက်ဂွက်ထော်။ ခင်ဗျား ကွန်ပျူတာနှိပ်တာလည်း မတွေ့ပါလား"

"ကျွန်မ စိတ်တွက်နဲ့တွက်လိုက်တာပါ ဉက္ကဌကြီး"

"စိတ်တွက်၊ ဒါလောက်ကြီးမားတဲ့ ရာဂဏာန်းအတွက်အချက်ကို ကွန်ပျူတာမသုံးဘဲ တွက်ချက်တယ်ဆိုတာ မဖြစ်နိုင်ဘူး"

"ဘာခက်လို့လဲ ဉက္ကဌကြီးရဲ့။ ၈ နဲ့ ၃ နဲ့မြှောက်ရုံပဲလေ။ ရလဒ်မှာ နောက်က သုညသုံးလုံးထည့်လိုက်ရုံပေါ့။ ကျွန်မ ၈ အလီရတယ်ရှင့်"

"အလီ"

"ဟုတ်ကဲ့၊ ဂဏန်းဂဏာန်းတစ်လုံးနဲ့တစ်လုံးမြှောက်ရင် ဘယ်လောက်ရတယ်ဆိုတာကို ကျွန်မက အလွတ်ကျက်ထားတာပါ"

လူအားလုံးက တီးတိုးတီးတိုးပြောကုန်ကြသည်။ ဒေါ်မိုးထက်ထက်ဂွက်ထော်၏အစွမ်းအစမှာ အံ့ဖွယ်သရဲဖြစ်နေပေရာ လူအားလုံး မယုံကြည်နိုင်အောင်ဖြစ်နေကြ၏။

အစည်းအဝေးပွဲတွင် လိုအပ်သောအတွက်အချက် ဂဏန်းဂဏာန်းအားလုံးကို လူတွေ ကွန်ပျူတာနှိပ်မပြီးခင် ဒေါ်မိုးထက်ထက်ဂွက်ထော်က စိတ်ဖြင့်တွက်ကာ အဖြေထုတ်ပြီး ဖြစ်နေလေသည်။

တစ်စတုရန်းပေလျှင် ငွေ ၁၂၀ ကုန်ကျမည့်အတွက် လမ်းတစ်ခုလုံး ခင်းခ ၂၈ သိန်း ၈ သောင်းကုန်ကျမည်ကိုလည်းကောင်း၊ ကုန်ကျငွေကို အိမ်ခြေ ၁၀၀ က စိုက်ထုတ်ကျခံရမည်ဖြစ်သည့်အတွက် တစ်အိမ်လျှင် နှစ်သောင်းရှစ်ထောင့်ရှစ်ရာ ကျသင့်မည်ကိုလည်းကောင်း အခြားသူများ ကွန်ပျူတာနှိပ်နေဆဲ ဒေါ်မိုးထက်ထက်ဂွက်ထော်က အဖြေထုတ်ပေးပြီး ဖြစ်နေလေသည်။

တစ်ရပ်ကွက်လုံးတက်ရောက်သော အစည်းအဝေးတွင် ဒေါ်မိုးထက်ထက်ဂွက်ထော် အစွမ်းပြလိုက်ခြင်းဖြစ်ရာ သူမ၏ ထူးခြားသောစွမ်းရည်ကို ပို၍လူသိများသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးထက်ထက်ဂွက်ထော် ဂဏန်းသင်္ချာများကို ကွန်ပျူတာ အသုံးမပြုဘဲ တွက်တတ်နေခြင်းမှာ ယခုခေတ်တွင် အလွန်ထူးဆန်းနေပေ၏။ ကွန်ပျူတာများ ပေါ်ပေါ်လိုင်လိုင် အသုံးမပြုနိုင်သေးသည့် ၂၀ ရာစုနှင့် ၂၁ ရာစုလို လွန်ခဲ့သော နှစ်ပေါင်းလေးငါးရာတုန်းကဆိုလျှင် ဤကိစ္စသည် ထူးဆန်းမည်မဟုတ်။ ဒေါ်မိုးထက်ထက်ဂွက်ထော် တတ်ကျွမ်းနေသောပညာရပ်မှာ ယခုခေတ်အမြင်ဖြင့်ကြည့်လျှင် ရှေးဟောင်းအတတ်ပညာတစ်ခုသာဖြစ်သည်။ ဂမ္ဘီရဆန်သော ဂန္ဓာရီအတတ်ပညာတစ်ခုဟု အများကယူဆလေသည်။

ထို့ပြင် ရှေးဟောင်းပညာများကို လေ့လာလိုက်စားနေသော ဒေါ်မိုးထက်ထက်ဂွက်ထော်ကိုလည်း ကြောက်ရွံ့ထိတ်လန့်လာကြလေသည်။ စက္ကူများပေါ်တွင် ကလောင်တံဖြင့် စာရေးခြင်း၊ ကိန်းဂဏန်းများအား စက္ကူပေါ် ရေးချတွက်ချက်ခြင်းများကို ကြည့်၍ ထူးဆန်းသောအပြုအမူအတွက် စိုးရိမ်ကြောင့်ကြစိတ်များ ဝင်လာကြလေသည်။ လူတစ်ယောက် စက္ကူပေါ်တွင် စာရေးသည့်မြင်ကွင်းကို ရှေးခေတ်ဟောင်း အရုပ်ကားချပ်များ၊ ဓာတ်ပုံများဟောင်းနွမ်းဆွေးမြည့်နေသော ရုပ်ရှင်ကားအဟောင်းများတွင်သာ မြင်ဖူးကြသည်။ ရှေးရိုးဆန်လှစွာ စာရွက်ပေါ်တွင် ရေးခြစ်တွက်ချက်နေသည့် မြင်ကွင်းကို ကြည့်၍ အများပြည်သူကို မကောင်းကြံစည်နေသည် (သို့မဟုတ်) ပြစ်မှုကျူးလွန် ကြံစည်နေသည်ဟု ယူဆလာကြလေ၏။

ယင်းသို့ဖြင့် ဒေါ်မိုးထက်ထက်ဂွက်ထော်အား ဝမ်းတွင်းစုန်းဟု ယိုးစွပ်သူများ ရှိလာခဲ့လေသည်။

လူထုအများစု၏ ထင်မြင်ချက်နှင့် စွပ်စွဲချက်များကို မျက်ကွယ်ပြု၍ မရသော အာဏာပိုင်များသည် ဒေါ်မိုးထက်ထက်ဂွက်ထော်အား ခေါ်ယူစစ်ဆေးရလေတော့သည်။

မြို့နယ်အာဏာပိုင်များ စစ်ဆေးပြီးသည့်အခါ ဒေါ်မိုးထက်ထက်ဂွက်ထော်အား အစိုးရက ခေါ်ယူစစ်ဆေးပြန်သည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်ကလည်း ရိုးသားစွာပင် သူမတတ်ကျွမ်းထားသမျှကို တင်ပြခဲ့ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ဂဏန်းသင်္ချာတွေကို ဘာကြောင့် လက်တန်းတွက် တတ်နေသလဲ"

"ကျွန်မ လေ့လာထားလို့ပါ။ အားလုံးကို လက်တန်းမတွက်တတ် ပါဘူး။ ခုဂဏန်းနဲ့ ဆယ်ဂဏန်းလောက်ကိုသာ စိတ်နဲ့တွက်နိုင်တာပါ။ ဂဏန်း သုံးလုံးထက်ပိုရင်တော့ စာရွက်ပေါ်မှာချရေးပြီး တွက်ချက်မှရပါတယ်ရှင့်"

"ခင်ဗျားဟာ ခက်ခဲနက်နဲတဲ့ ဒီပညာတွေကို ဘာကြောင့်လေ့လာ နေတာလဲ။ ကွန်ပျူတာတစ်ချက်နှိပ်ရုံနဲ့ အဖြေရနိုင်တဲ့ပုစ္ဆာတွေကို စက္ကူဖိုးတွေ အကုန်အကျခံပြီး အဆင့်ဆင့်တွက်ချက်နေတာ ဘာသဘောနဲ့လဲ"

"ကျွန်မ သင်္ချာတွက်ရတာ ပျော်လို့ပါရှင်"

"ခင်ဗျားဟာ လူအများ ကွန်ပျူတာနှိပ်မှ အဖြေရတဲ့ ကတ်သီး ကတ်သတ် ပုစ္ဆာတွေကိုလည်း အလွယ်တကူ တွက်နိုင်တယ်လို့ သိရတယ်၊ ခင်ဗျားကို ဉာဏ်စမ်းပုစ္ဆာတချို့ မေးပါရစေလား"

"မေးပါရှင်။ ကျွန်မ ကြိုးစားဖြေကြည့်ပါ့မယ်"

"အမဲသားတစ်ပိဿာကို ၅ ကျပ်ပေးရတယ်ဗျာ။ တစ်ပိဿာနဲ့ ၂၅ ကျပ်သားဆို ဘယ်လောက်ကျမလဲ"

"တစ်ပိဿာကို ၅ ကျပ်ဆိုတော့ ပိဿာဝက်က ၂ ကျပ်ခွဲ၊ ၂၅ ကျပ်သားဆိုတာ ပိဿာဝက်ရဲ့တစ်ဝက်ဆိုတော့ ၁ ကျပ်နဲ့ ၂၅ ပြားပေါ့"

အစိုးရအရာရှိများသည် ဒေါ်မိုးထက်ထက်ဂွက်ထော် တွက်ချက် နေပုံများကို အံ့သြတကြီး စိုက်ကြည့်နေကြသည်။ ဒေါ်မိုးထက်ထက်ဂွက် ထော်၏ တွက်ပုံတွက်နည်းများကို သူတို့ လိုက်မမီကြပါချေ။

"၂၅ ကျပ်သားဖိုးက ၁ ကျပ်နဲ့ ၂၅ ပြား၊ တစ်ပိဿာဖိုး ၅ ကျပ်နဲ့ပေါင်းတော့ ၆ ကျပ်နဲ့ ၂၅ ပြားပါရှင်"

ဒေါ်မိုးထက်ထက်ဂွက်ထော်က အဖြေပေးလိုက်သည်နှင့် အစိုးရ အရာရှိမင်းများသည် ကွန်ပျူတာများကိုနှိပ်ကာ ပုစ္ဆာ၏အဖြေကိုရှာလေ၏။ အဖြေမှာ ဒေါ်မိုးထက်ထက်ဂွက်ထော် နှုတ်တိုက်တွက်၍ ပေးလိုက်သော အဖြေအတိုင်း ဖြစ်နေလေသည်။

အရာရှိများက သက်ပြင်းကိုချလိုက်သည်။ ထို့နောက် အခြားခက်ခဲ သောပုစ္ဆာများကို မေးပြန်၏။ ဒေါ်မိုးထက်ထက်ဂွက်ထော်သည် မေးသမျှကို ဖြေနိုင်သည်။ ကိန်းဂဏန်းကြီးမားသည့်အတွက် အချက်များကိုသာ စာရွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ချရေး၍ တွက်ချက်စရာလိုပေ၏။ အဖြေကို အလွယ်တကူ ထုတ်ပေးနိုင်သည်ချည်း ဖြစ်လေသည်။

"ဒေါ်မိုးထက်ထက်ဂွက်ထော် ခင်ဗျားဟာ ရာဂဏန်း ထောင်ဂဏန်းလို ကိန်းများတဲ့ပုစ္ဆာတွေကိုလည်း အလွယ်တကူတွက်နိုင်တယ်နော်။ အဲဒီလောက် ကိန်းများတဲ့ အလီတွေကိုလည်း ခင်ဗျားအလွတ်ရတာပဲလား"

"တွက်တတ်ရင် ရာအလီ ထောင်အလီတွေ ရစရာမလိုဘူးရှင့်။ ကျွန်မတွက်နည်းက ဒီလို။ မြှောက်မယ့်ကိန်းဂဏန်း ၂ ခုကို အထက်အောက်ချရေးလိုက်တယ်။ မြှောက်တော့ တစ်လုံးချင်းမြှောက်တယ်။ ထွက်လာတဲ့အဖြေ ၂ တန်းကိုပြန်ပေါင်းတာပါ။ လူကြီးမင်းကြိုက်တဲ့ ဂဏန်းတွဲသုံးလေးလုံးပါတဲ့ နံပါတ် ၂ ခုကိုပြောလိုက်ပါ။ ကျွန်မ လက်တွေ့မြှောက်ပြပါ့မယ်"

နမူနာမြှောက်ခိုင်းသည့် ၃၁၅၂ နှင့် ၂၈ တို့၏ မြှောက်လဒ်အဖြေကို ဒေါ်မိုးထက်ထက်ဂွက်ထော်က စာရွက်ပေါ်တွင် တွက်ချက်ပြလိုက်သည်။ သို့သော် ကြည့်ရှုစစ်ဆေးနေသူ လူကြီးအားလုံး လိုက်မမီပါ။ နားမလည်ပါ။

စစ်ဆေးသူလူကြီးများသည် ဒေါ်မိုးထက်ထက်ဂွက်ထော်ကို ကြည့်ရင်း ထိတ်လန့်ကြောက်ရွံ့လာကြသည်။

"ဒေါ်မိုးထက်ထက်ဂွက်ထော်၊ ခင်ဗျားဟာ သာမန်လူမဟုတ်ဘူး"

"အို ..."

"ခင်ဗျားဟာ အများစွပ်စွဲသလို စုန်းတစ်ယောက်ပဲ"

"ရှင် ..."

"ခင်ဗျားဟာ စုန်းမတစ်ကောင်ဆိုတာ ထင်ရှားနေပြီ ဒေါ်မိုးထက်ထက်ဂွက်ထော်။ ဒီတော့ နိုင်ငံအတွက်ရော၊ အများပြည်သူအတွက်ပါ အန္တရာယ်ကြီးတဲ့ခင်ဗျားကို ကျုပ်တို့ ဒီအတိုင်း လွှတ်မထားနိုင်ဘူး။ ခင်ဗျားကို ကျုပ်တို့ ဖမ်းချုပ်လိုက်ပြီ"

ဒေါ်မိုးထက်ထက်ဂွက်ထော်၏သတင်းမှာ ကမ္ဘာအနှံ့သို့ ပျံ့နှံ့သွားလေသည်။ ရှိသမျှ မီဒီယာအားလုံးမှ ထုတ်လွှင့်လိုက်သည့်အတွက် ဒေါ်မိုးထက်ထက်ဂွက်ထော်၏ ထူးဆန်းသောအစွမ်းအစကို တစ်ကမ္ဘာလုံး သိရှိသွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့များသည် ကိန်းဂဏန်းများကို ကွန်ပျူတာသုံးစရာမလိုဘဲ ဒိုးလိုမွှေရေလိုနှောက် တွက်ချက်နိုင်သည့် ဒေါ်မိုး ထက်ထက်ဂွက်ထော်၏ အစွမ်းအစကို ထိတ်လန့်သွားကြလေသည်။

အစိုးရအဖွဲ့များကိုယ်တိုင် ထိတ်လန့်ကြောက်ရွံ့ကုန်ခြင်းမှာ အကြောင်းရှိပါသည်။

ယခုကာလတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် အဏုမြူလက်နက်များကို ပိုင်ဆိုင်ထားပြီးဖြစ်ကြသည်။ မိမိတို့နိုင်ငံအား ထိပါးလာလျှင် အသုံးချနိုင်ရန် အသင့်ဆောင်ထားကြခြင်း ဖြစ်ပါ၏။ အဏုမြူလက်နက်မှာ အလွန် အန္တရာယ်ကြီးမားသည့်အတွက် လျှို့ဝှက်နက်နဲစွာဖြင့် သိမ်းဆည်းသိုဝှက်ထားရပါသည်။ အဏုမြူလက်နက်များမပေါက်ကွဲအောင် ကုတ်နံပါတ်များဖြင့် အထူးအရေးကြီး အဆင့်သတ်မှတ်ကာ လျှို့ဝှက်ထားရှိရပါသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်သည် မည်သည့်လူသားမှ မတတ်ကျွမ်းသော သင်္ချာအတွက်အချက်ပညာများကို တတ်ကျွမ်းနေလေရာ အဏုမြူလက်နက်များ၏ လျှို့ဝှက်နံပါတ်များကို တစ်ချိန်တွင် တွက်ချက်သိရှိသွားမည်ဟု မည်သူမျှ အာမ,မခံနိုင်ချေ။ အဏုမြူလက်နက် ကုတ်နံပါတ်များကိုသာ ရှာဖွေဖော်ထုတ်နိုင်ပါက နိုင်ငံတစ်ခုတည်းမဟုတ်။ တစ်ကမ္ဘာလုံး ဒုက္ခကြုံတွေ့သွားနိုင်ပေသည်။

ထို့ကြောင့် ၎င်း၏အစိုးရက ဒေါ်မိုးထက်ထက်ဂွက်ထော်အား ဖမ်းချုပ် ထိန်းသိမ်းလိုက်ရခြင်းဖြစ်လေသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်၏သတင်း ကမ္ဘာအနှံ့သို့ ပြန့်သွားသည့်အခါ ကမ္ဘာ့နိုင်ငံကြီးများမှ အစိုးရများလည်း စိုးရိမ်သောက ရောက်ခဲ့ရပြန်လေသည်။ ထိုနိုင်ငံကြီးများ၏ စိုးရိမ်ပူပန်မှုမှာ တစ်မျိုးဖြစ်သည်။ မဟာမိတ်နိုင်ငံအချင်းချင်း ပူးပေါင်းစည်းရုံးကာ ဒေါ်မိုးထက်ထက်ဂွက်ထော်အား ရန်သူနိုင်ငံများ၏ အဏုမြူလက်နက်ကုတ်နံပါတ်များကို တွက်ချက်ဖော်ထုတ်စေပြီး မိမိတို့နိုင်ငံပိုင် အဏုမြူလက်နက်များကို ဖျက်ဆီးပစ်မှာ စိုးရိမ်ကြခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် ၎င်းတို့၏ စိုးရိမ်ပူပန်ရသောအခြေအနေကို နိုင်ငံအချို့က ကုလသမဂ္ဂအဖွဲ့ကြီးအား ဖိအားပေးတင်ပြခဲ့လေသည်။ ကုလသမဂ္ဂအဖွဲ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



သည့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို အမြန်ဖွဲ့စည်းကာ ဒေါ်မိုးထက်ထက်ဝွက်ထော်အား စစ်ဆေးလေတော့သည်။

ဒေါ်မိုးထက်ထက်ဝွက်ထော်ကလည်း သူမအား စုန်းအဖြစ် စွပ်စွဲထားသည့် စွပ်စွဲချက်ကိုပျောက်ပျက်စေရန် သူမတတ်ကျွမ်းသောပညာကို စစ်ဆေးရေးအဖွဲ့ရှေ့တွင် စစ်ဆေးခံခဲ့လေသည်။ သူမ၏အထင်မှာ သူမတတ်ထားသောပညာရပ်ကို သာမန်အတွက်အချက် ပညာရပ်တစ်ခုအဖြစ် ထက်ခံသွားခြင်းဖြင့် စုန်းအဖြစ်စွပ်စွဲထားမှုကို ပြန်လည်ရုပ်သိမ်းလိမ့်မည်ဟု ထင်နေရှာလေသည်။

တကယ်တမ်းတွင် ဒေါ်မိုးထက်ထက်ဝွက်ထော်၏ အတွက်အချက်ပညာများကို အသေးစိတ်သိရှိလိုက်ရသော စုံစမ်းစစ်ဆေးရေးအဖွဲ့က သူမအား ရှေးဟောင်းဂဏ္ဍိရပညာ ကျွမ်းကျင်သော အဆင့်မြင့်စုန်းပညာရှင်တစ်ယောက်အဖြစ် အတည်ပြုလိုက်ကြလေသည်။

"တစ်ပေရဲ့လေးပုံသုံးပုံဟာ အရှည်ဘယ်လောက်ရှိသလဲ"

"၁ ပေမှာ ၁၂ လက်မဆိုတော့ လေးပုံတစ်ပုံက ၁၂ ကို ၄ နဲ့စား ၃ လက်မရှိပါတယ်။ လေးပုံသုံးပုံဆိုတော့ ၃ ကို ၃ နဲ့ထပ်မြှောက်ရမယ်။ ၃×၃ လီက ၉၊ တစ်ပေရဲ့လေးပုံသုံးပုံဟာ ကိုးလက်မရှိပါတယ်ရှင်"

ထိပ်တန်းနိုင်ငံအသီးသီးမှ လူမျိုးပေါင်းစုံပညာရှင်များပါဝင်သော စစ်ဆေးအဖွဲ့ လူကြီးများ အလုပ်ရှုပ်သွားကြသည်။ ဒေါ်မိုးထက်ထက်ဝွက်ထော်၏အဖြေ ဟုတ်မဟုတ်ကို လက်တွေ့တိုင်းတာကြည့်ကြလေ၏။ သူတို့သည် ပေတံတစ်ချောင်းကိုယူကာ လေးပိုင်း အညီအမျှပိုင်းလိုက်သည်။ ပေတံကို တစ်ဝက်တိတိပိုင်း၊ ပိုင်းထားသောအစကို နောက်ထပ်တစ်ဝက်တိတိထပ်ပိုင်းခြင်းဖြင့် လေးပုံတစ်ပုံ၏အရှည် မည်မျှရှိသည်ကို သိလိုက်ကြ၏။

ထို့နောက် လေးပိုင်းပိုင်းထားသောအပိုင်းအစများထဲမှ သုံးပိုင်းကိုဆက်ကာ အရှည်ကို တိုင်းကြည့်ကြလေသည်။ အံ့ဩဖွယ်ကောင်းစွာပင် ဒေါ်မိုးထက်ထက်ဝွက်ထော် နှုတ်တိုက်တွက်ပြလိုက်သည့်အတိုင်း ၉ လက်မ ရှည်လျားသည်ကို တွေ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မစွဂွက် ထော်ဟာ အလွန်တရာခက်ခဲနက်နဲတဲ့ တွက်နည်းတွေကို အလွယ်တကူတွက်ပ◌ြတ်နေတာပဲ။ နောက်ထပ်ကော ဘာတွေများ တတ်ကျွမ်းသေးလဲ"

"ကျွန်မ ရာခိုင်နှုန်းကိုလည်း တွက်တတ်တယ်ရှင့်"

"ရာခိုင်နှုန်းကို တွက်တတ်တယ်။ ဘုရားရေ၊ ဒါဖြင့် စစ်ပွဲတစ်ပွဲမှာ စစ်သား ၅၀၀ တိုက်ခိုက်ကြတယ်ဗျာ။ စစ်သား ၆၀ ကျဆုံးသွားတယ်ဆိုပါစို့။ ကျဆုံးသွားတဲ့ စစ်သားရာခိုင်နှုန်းဟာ ဘယ်လောက်ရှိမလဲ"

"၁၂% ပေါ့ရှင်"

ဒေါ်မိုးထက်ထက်ဂွက်ထော်က ချက်ချင်းအဖြေပေးလိုက်လေသည်။

စစ်ဆေးရေးအဖွဲ့ဝင်လူကြီးများ အလုပ်ရှုပ်သွားကြလေ၏။ အသီးသီး ကိုယ်ပိုင်ကွန်ပျူတာများဖြင့် တွက်ချက်ကြလေတော့၏။ ရာခိုင်နှုန်းရှာသောပုစ္ဆာကို ထွက်နေကြမဟုတ်၍ အတော်ကြာသွားကြသည်။ ထွက်လာသော အဖြေမှာ ဒေါ်မိုးထက်ထက်ဂွက်ထော် ပြောသည့်အတိုင်း ၁၂% ဖြစ်နေသည်။

"ခင်ဗျား ဘယ်လိုတွက်လိုက်တာလဲ မစ္စဂွက်ထော်"

"လွယ်ပါတယ်။ ရာခိုင်နှုန်းဆိုတာ ၁၀၀ ပေါ်မှာမူတည်ပြီး တွက်ရတာ မဟုတ်လားရှင့်။ ၅၀၀ မှာ ၆၀ ကျဆုံးတယ်။ ၁၀၀ မှာကျဆုံးတဲ့ အရေအတွက်သိချင်တော့ ၆၀ ကို ၁၀၀ နဲ့ မြှောက်ပြီးမှ ၅၀၀ နဲ့ စားလိုက်တာလေ"

ဒေါ်မိုးထက်ထက်ဂွက်ထော်ပြောသည့် တွက်နည်းကို စစ်ဆေးရေးအဖွဲ့ဝင်လူကြီးများ နားမလည်ကြချေ။ လိုက်မမီကြချေ။

"နောက်ထပ်ကော ခင်ဗျားဘာတွေတတ်သေးလဲ"

"ကျွန်မ နှစ်ထပ်ကိန်းရင်း ရှာတတ်တယ်ရှင့်"

စစ်ဆေးကြည့်ရာ ဒေါ်မိုးထက်ထက်ဂွက်ထော်သည် နှစ်ထပ်ကိန်းရင်းကိုလည်း မှန်ကန်စွာနှင့် မြန်ဆန်စွာတွက်ချက်တတ်ကြောင်း တွေ့ရလေသည်။ ကိန်းပြည့်နောက်မှ ဒသမများကိုပင် မှန်ကန်တိကျစွာ တွက်နိုင်လေသည်။

စစ်ဆေးရေးအဖွဲ့ဝင်လူကြီးများ ခေါင်းချင်းရိုက်သွားကြလေ၏



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးထက်ထက်ဂွက်ထော်အား ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ရှိသည့် ဦးနှောက်ပိုင်ရှင်တစ်ယောက်ဟု တညီတညွတ်တည်း သတ်မှတ် ဆုံးဖြတ်လိုက်ကြလေသည်။

သို့ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးသည် စုန်းအဖြစ်စွပ်စွဲခံရသော တရားခံ ဒေါ်မိုးထက်ထက်ဂွက်ထော်အား သူမ၏ မိခင်နိုင်ငံထံမှလွှဲယူကာ အပြည်ပြည် ဆိုင်ရာ တရားရုံးသို့ တရားစွဲဆိုတင်ပို့လိုက်လေသည်။ တရားခံကိုလည်း ခိုင်ခံ့တင်းကျပ်သော အစောင့်အရှောက်များဖြင့် ချုပ်နှောင်ထားလိုက်လေတော့ သည်။

၆

အပြည်ပြည်ဆိုင်ရာတရားရုံး၏ တရားသူကြီးအဖွဲ့ခေါင်းဆောင် မစ္စတာဝေါလေ့စ် ခေါင်းရှုပ်ဦးနှောက်ခြောက်နေရသည့်ကိစ္စမှာ အထက်ပါ ကိစ္စပင် ဖြစ်ပေတော့သည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်အား ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ရှိသူ၊ ကမ္ဘာ့ဖျက်လက်နက်များ တီထွင်ထုတ်လုပ်နိုင်သည့် ဦးနှောက် ပိုင်ရှိသူအဖြစ် မည်သည့်ပြစ်ဒဏ်မျိုးပေးရမည်ကို စဉ်းစားမရအောင် ဖြစ် နေလေသော၏။

အစိုးရိမ်ကြီး စိုးရိမ်လျက်ရှိကြသော အဏုမြူလက်နက်ပိုင် ကမ္ဘာ့ ထိပ်တန်းနိုင်ငံ အသီးသီးကလည်း ထိရောက်သောပြစ်ဒဏ်ပေးရန် မစ္စတာ ဝေါလေ့စ်ကို ဖိအားပေးလျက် ရှိပေသည်။

မစ္စတာဝေါလေ့စ်အဖို့ တရားခံအား မည်သို့သောပြစ်ဒဏ်မျိုး ပေးရ မည်ကို စဉ်းစားမရအောင်ရှိလေသည်။ များစွာသော ဥပဒေအကြံပေးများ၏ အကြံဉာဏ်ကိုရယူသည့်တိုင် ကျေနပ်လောက်သောအကြံဉာဏ်ကို မရခဲ့ချေ။

မစ္စတာဝေါလေ့စ်သည် ခေတ်ဟောင်းကာလမှ နိုင်ငံပေါင်းစုံ၏ စီရင် ထုံးများကို ပြန်လည်လေ့လာရတော့၏။ ထိုအခါ စုန်းဟုစွပ်စွဲခံရသူများအား အပြစ်ပေးပုံအမျိုးမျိုးကို တွေ့ရှိရလေတော့သည်။ ၁၉ ရာစု ၂၀ ရာစုကာလ လောက်က အနောက်နိုင်ငံများ၌ စုန်းများအား မီးရှို့သတ်ဖြတ်ခြင်းပြုကြသည်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဝေါ်လေ့စ်အဖို့ လူတစ်ယောက်အား သတ်စေအမိန့်ပေးလို့ မဖြစ်ပါပေ။ ယခုခေတ်တွင် သေမိန့်ပေးခြင်းမှာလည်း ပပျောက်သွားပေပြီ။ လူတစ်ယောက်အား သေစေခြင်းကို အလွန်တရာရိုင်းပျသော အပြုအမူအဖြစ် သတ်မှတ်ကြလေသည်။

မစ္စတာဝေါ်လေ့စ်သည် ခေတ်ဟောင်းကာလက မြန်မာနိုင်ငံတွင် စုန်းဟုယိုးစွပ်ခံရသူများအား အပြစ်ပေးပုံကို သဘောကျမိလေ၏။ မြန်မာတို့၏ စုန်းများအားအပြစ်ပေးပုံမှာ 'ရွာပြင်ထုတ်'ခြင်းပင်ဖြစ်သည်။ လူနေရပ်ရွာ လူ့အဖွဲ့အစည်းအတွင်း နေထိုင်ခွင့်မပေးဘဲ သီးခြားပ,ထားခြင်းဖြင့် အပြစ်ပေးအရေးယူခြင်းပင် ဖြစ်လေသည်။

သို့သော် ဒေါ်မိုးထက်ထက်ဂွက်ထော်အား 'ရွာပြင်ထုတ်'နည်းဖြင့် အပြစ်ပေးမည်ဆိုလျှင် မည်သည့်နေရာကို နှင်ထုတ်မည်နည်း။ စွပ်စွဲချက်များအရ ဒေါ်မိုးထက်ထက်ဂွက်ထော်သည် ကမ္ဘာ့လူသားထုအားလုံးအား အန္တရာယ်ပေးနိုင်သူ၊ လူသားထုတစ်ရပ်လုံး၏ ရန်သူဖြစ်နေ၏။ ကမ္ဘာပေါ်ရှိ မည်သည့်နေရာ၊ မည်သည့်နိုင်ငံကမျှ သူမကို လက်ခံမည်မဟုတ်ပေ။

အပြည်ပြည်ဆိုင်ရာတရားသူကြီး မစ္စတာဝေါ်လေ့စ်သည် ကုလသမဂ္ဂအဖွဲ့ကြီးကို အကူအညီတောင်းခံကာ သူ၏စိတ်ကူးကို တင်ပြရလေတော့၏။

၅

ကုလသမဂ္ဂအဖွဲ့ကြီးက ဂြိုဟ်အသီးသီးမှ ကမ္ဘာပေါ်တွင် လာရောက်တာဝန်ထမ်းဆောင်နေကြသော သံအမတ်ကြီးများကို ဖိတ်ကြား ခေါ်ယူလိုက်လေသည်။

ကမ္ဘာကြီးသည် စကြဝဠာအတွင်းရှိ သက်ရှိများနေထိုင်သော ဂြိုဟ်အချို့နှင့် အဆက်အသွယ်ရခဲ့ပြီးဖြစ်ရာ ၎င်းဂြိုဟ်များပေါ်သို့ ကမ္ဘာပေါ်မှ သံအမတ်များ ခန့်အပ်စေလွှတ်ထားပြီးဖြစ်လေသည်။ သက်ဆိုင်ရာဂြိုဟ်အသီးသီးမှလည်း ကမ္ဘာဂြိုဟ်ပေါ်သို့ ၎င်းတို့ဂြိုဟ်ဆိုင်ရာ သံအမတ်များစေလွှတ်ထားပြီး ဖြစ်လေ၏။

ကုလသမဂ္ဂအဖွဲ့ကြီးသည် လူနှင့် အသွင်သဏ္ဌာန်အနီးစပ်ဆုံး တူညီသော ဂြိုဟ်ဆယ်လုံးမှ သံအမတ်ကြီးများကို ဖိတ်ကြားလိုက်ခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံအမတ်ကြီးများအား ဒေါ်မိုးထက်ထက်ဂွက်ထော်နှင့် ပတ်သက်၍ ပြောကြားရာတွင် ပရိယာယ်ဆင်၍ အသိပေးပြောကြားခဲ့လေသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်သည် အလွန်တရာ ဦးနှောက်ဉာဏ်ရည် ထက်မြက်သည့် မိန်းမတစ်ယောက်ဖြစ်ကြောင်း၊ သူမမှာ တော်လွန်း တတ်လွန်းသောကြောင့် သူမ၏အရည်အချင်းများမှာ ကမ္ဘာ့ဂြိုဟ်နှင့် မတန်မမျှ ဖြစ်နေကြောင်း၊ သူမအား အခြားသောဂြိုဟ်တစ်ခုခုဆီသို့ စေလွှတ်လို ကြောင်း၊ သူမသည် လက်ခံမည့်ဂြိုဟ်၏ ကောင်းကျိုးများကို ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း၊ ဒေါ်မိုးထက်ထက်ဂွက်ထော်အား လက်ခံနိုင်ပါက မိမိတို့ ကုန်ကျစရိတ်ဖြင့် သက်ဆိုင်ရာဂြိုဟ်ကို လိုက်ပါပို့ဆောင်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်လေ၏။

သံအမတ်ကြီးများက အချက်အလက်များကို မှတ်သားကာ ၎င်းတို့ ၏ မိခင်ဂြိုဟ်များဆီသို့ သတင်းပို့မေးမြန်းလိုက်ကြလေသည်။

တစ်ပတ်ကြာသည့်အချိန်တွင် အားနက်စ်အမည်ရှိဂြိုဟ်မှ သံအမတ် ကြီးက အကြောင်းပြန်ကြားလေ၏။ ဒေါ်မိုးထက်ထက်ဂွက်ထော်အား မိမိတို့ ဂြိုဟ်တွင် လက်ခံမည့်အကြောင်းပင် ဖြစ်လေသည်။

အပြည်ပြည်ဆိုင်ရာတရားသူကြီး မစ္စတာဝေါလေ့စ်သည် အားရ ဝမ်းသာဖြင့် ဒေါ်မိုးထက်ထက်ဂွက်ထော်အား အားနက်စ်ဂြိုဟ်သို့ 'ဂြိုဟ်နှင် ဒဏ်' ပေးကြောင်းအမိန့်ကို ချမှတ်လိုက်လေသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်အား အားနက်စ်ဂြိုဟ်သို့ ဂြိုဟ်နှင်ဒဏ် ပေးသည့်သတင်း ထွက်ပေါ်လာသည်နှင့် ကမ္ဘာ့လူသားထုအားလုံးသည် လူ အများကို ဒုက္ခပေးမည့် စုန်းမတစ်ကောင် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားတော့ မည်ဖြစ်၍ ဝမ်းသာနေကြလေ၏။

ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအရာရှိများသည်လည်း အထူးမြူ ဆက်နက်၏ လျှို့ဝှက်နံပါတ်ကို ဖော်ထုတ်နိုင်စွမ်းရှိသူဟု ယူဆရသည့် ဒေါ်မိုး ထက်ထက်ဂွက်ထော်ကို ဂြိုဟ်နှင်ဒဏ်ပေးလိုက်သည့်အတွက် သက်ပြင်း ချိုယ်စီချကာ ကျေနပ်အားရ ရှိနေကြလေသည်။

ဒေါ်မိုးထက်ထက်ဂွက်ထော်အတွက်လည်း အားနက်စ်ဂြိုဟ်သို့ ဂြိုဟ် နှင်ဒဏ် အပေးခံရခြင်းမှာ ကံကောင်းထောက်မသည်ဟု ဆိုရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် အားနက်စ်ဂြိုဟ်သည် ကမ္ဘာနှင့် ဆွဲငင်အားချင်း တူညီပြီး၊ ရေမြေတောတောင်သဘာဝများမှာ ကမ္ဘာဂြိုဟ်အတိုင်း တည်ရှိနေသည့်အတွက်ဖြစ်သည်။ ဂြိုဟ်သားများ၏အသွင်သဏ္ဌာန်မှာလည်း ကမ္ဘာလူသားများအတိုင်း ဖြစ်ကြလေသည်။ ကမ္ဘာ့လူသားများထက် ပို၍ထူးခြားသော အချက်ဆို၍ အားနက်စ်ဂြိုဟ်သားများ၏ နားရွက်နှစ်ဖက်မှာ ပခုံးအထိ ရှည်တွဲကျနေခြင်းနှင့် သူတို့၏ နဖူးထိပ်တည့်တည့်တွင် ဦးချိုတစ်ချောင်း ပေါက်နေခြင်းတို့သာ ကွာခြားလေသည်။

ဒေါ်မိုးထက်ထက်ဝွက်ထော်အား တင်ဆောင်သွားသည့် အာကာသယာဉ်ကြီး အားနက်စ်ဂြိုဟ်သို့ထွက်ခွာသွားပုံကို တစ်ကမ္ဘာလုံးအား ရုပ်မြင်သံကြားမှ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသရာ အာကာသယာဉ်ကြီး ထွက်ခွာသွားသည်နှင့် ကမ္ဘာသားအားလုံးက ဝမ်းသာအားရ လက်ခုပ်တီးလိုက်ကြလေသည်။

ထိုအာကာသယာဉ်သည် ခရီးအကွာအဝေးအရ အားနက်စ်ဂြိုဟ်သို့ နောက်တစ်နှစ်ကြာမှ ရောက်ရှိမည်ဖြစ်၏။ မည်သို့ပင်ဆိုစေ မိမိတို့တစ်ကမ္ဘာလုံးအား ဒုက္ခပေးနိုင်သည့် စုန်းမကြီးကို ဂြိုဟ်နှင်ဒဏ်ပေး၍ နှင်ထုတ်လိုက်နိုင်ခြင်းအတွက် ကမ္ဘာသူကမ္ဘာသားအားလုံး စိတ်အေးသွားကြလေတော့သတည်း။

တကယ်တော့ ကမ္ဘာဂြိုဟ်မှ လူလည်ပညာရှင်ကြီးများသည် အားနက်စ်ဂြိုဟ်သားများကို 'နှပ်ချ'လိုက်ခြင်း ဖြစ်ပါသည်။ မိမိတို့ကမ္ဘာကို အန္တရာယ်ပေးနိုင်သည့် ဒေါ်မိုးထက်ထက်ဝွက်ထော်၏ အရည်အချင်းများအား အကောင်းဘက်သို့ဦးတည်ကာ ညာပြောခြင်းဖြင့် အားနက်စ်ဂြိုဟ်မှ လက်ခံအောင် နှပ်ချလိုက်ခြင်းပင် ဖြစ်တော့သည်။

မည်သို့ဆိုစေ ကမ္ဘာမီးလောင်သားကောင်ချနင်းဟု ဆိုပေရာ မိမိတို့ကမ္ဘာကြီး မီးလောင်ပျက်စီးမည့်အရေးမှ ကာကွယ်သည့်အနေဖြင့် လိမ်ညာနှပ်ချရခြင်းပင် ဖြစ်တော့သည်။

❦

ကမ္ဘာဂြိုဟ်သားများက သူတို့ကိုယ်သူတို့ လည်လုပြီဟုယူဆကာ အားနက်စ်ဂြိုဟ်သားများအား နှပ်ချလိုက်ခြင်းဖြစ်သော်လည်း အားနက်စ်ဂြိုဟ်သားများကမူ ကမ္ဘာသားများကို ပြန်၍ 'လှော်ပြုံး' ပြုံးနေကြောင်းကိုတော့ ကမ္ဘာသားများ မသိရှာပေ။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အားနက်စ်ဂြိုဟ်မှ သံအမတ်ကြီးသည် မီဒီယာများမှ ထုတ်လွှင့်ချက်များကြောင့် ဒေါ်မိုးထက်ထက်ဂွက်ထော်အား စုန်းမဟုစွပ်စွဲနေကြကြောင်းကို သိပြီးဖြစ်သည်။ သံအမတ်များကိုခေါ်ယူ၍ သဘောထားတောင်းခံသည့်ပွဲတွင် ဒေါ်မိုးထက်ထက်ဂွက်ထော်၏ အရည်အချင်းများကို အမွှန်းတင်ပြောနေခြင်းမှာလည်း တမင်'နှပ်ချ'လို၍ ပြောနေမှန်းသိသည်။

သို့သော် သံအမတ်ကြီးက ဒေါ်မိုးထက်ထက်ဂွက်ထော်အား သူတို့ဂြိုဟ်တွင် လက်ခံလိုက်ရန် မိခင်ဂြိုဟ်မှ အကြီးအကဲများအား တိုက်တွန်းခဲ့ပေသည်။

အဘယ်ကြောင့်နည်း။

ကမ္ဘာသားများသည် တိုးတက်မှုလွန်ကဲကာ အလွယ်လမ်း လိုက်ခဲ့သည့်အတွက် အခြေခံကျသောပညာရပ်များကို မသိနားမလည်တော့သည်အထိ ဦးနှောက်ဉာဏ်ရည်များ တုံးနေကြပြီ။ တကယ်တမ်းတွင် ဒေါ်မိုးထက်ထက်ဂွက်ထော် တတ်ကျွမ်းထားသည့်ပညာများမှာ အလွန်တန်ဖိုးရှိသောပညာများဖြစ်ကြောင်းကို အားနက်စ်ဂြိုဟ်ဆိုင်ရာသံအမတ်ကြီးက သိရှိလေသည်။

၎င်းတို့၏အားနက်စ်ဂြိုဟ်သည် ကမ္ဘာနှင့်စာလျှင် တိုးတက်မှု နှေးကွေးလျက်ရှိရာ အားနက်စ်ဂြိုဟ်၏လက်ရှိအနေအထားမှာ လွန်ခဲ့သောနှစ်တစ်ထောင်က ကမ္ဘာဂြိုဟ်၏အခြေအနေလောက်ပင် ရှိသေးသည်။ ဤသို့သော အခြေအနေတွင် အားနက်စ်ဂြိုဟ်သည် ဒေါ်မိုးထက်ထက်ဂွက်ထော်ကဲ့သို့ သင်္ချာပညာရှင်မျိုးကို လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် ကမ္ဘာသားများက နှပ်ချသည်ကို မသိချင်ယောင်ဆောင်ကာ ဒေါ်မိုးထက်ထက်ဂွက်ထော်အား မိမိတို့အားနက်စ်ဂြိုဟ်သို့ ပါအောင်ခေါ်ယူခဲ့ခြင်း ဖြစ်ပါသည်။

သူတို့ကိုယ်သူတို့ လည်လှပြီထင်နေသော ကမ္ဘာသားများကို အားနက်စ်ဂြိုဟ်သားများက ပြန်၍ လှောင်ပြုံးပြုံးသရော်နေကြသည်ကို ကမ္ဘာဂြိုဟ်သားများ မသိရှာပေ။

အားနက်စ်ဂြိုဟ်မှအကြီးအကဲများက ဒေါ်မိုးထက်ထက်ဂွက်ထော်အား သူတို့ဂြိုဟ်၏တက္ကသိုလ်ကြီးတွင် သင်္ချာပါမောက္ခအဖြစ် ခန့်ထားရန်စီစဉ်ပြီးဖြစ်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးထက်ထက်ဝ္ဂက်ထော်အား လိုက်ပါပို့ဆောင်သော အာကာသယာဉ်ကြီးသည် တစ်နှစ်ကြာမြင့်ချိန်တွင် အားနက်စ်ဂြိုဟ်ပေါ်သို့ ရောက်ရှိသွားလေ၏။

ထိုအခါ နားရွက်များရှည်လျား၍ နဖူးထိပ်တည့်တည့်၌ ဦးချိုတစ်ချောင်း ပေါက်နေသော အားနက်စ်ဂြိုဟ်သားများသည် သူမအား အိုးစည်ဗုံမောင်းများဖြင့် သောင်းသောင်းဖြဖြကြိုဆိုနေသည်ကို ဒေါ်မိုးထက်ထက်ဝ္ဂက်ထော် တွေ့ကြုံလိုက်ရလေတော့သည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဧပြီလ ၂၀၀၈။

www.burmeseclassic.com